မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၅)

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၀၅)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အာဆီယံထိပ်သီး အစည်းအဝေး တက်ရောက်ရန် စင်ကာပူသို့ သွားရောက်မည်

နေပြည်တော် မေ ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူမြို့တွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်ပါသည်။

သတင်းစဉ်

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့၏ ဒုတိယ (၁) နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

လေပွေလှိုင်းများအရှိန်ကြောင့် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၄

ယနေ့ မွန်းလွဲ ၃ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှ ရွေ့လျားလာမည့် လေပွေလှိုင်း၏ အရှိန်ကြောင့် မေ ၂၆ ရက်မှ ၃၀ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအား တွေ့ဆုံ

နေပြည်တော် မေ ၂၄

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao အား ယနေ့ညနေ ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နေအိမ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအား ၎င်း၏နေအိမ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

သတင်းစဉ်

ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (၁၅)ကြိမ်မြောက် အစည်းအဝေးကျင်းပ စာ » ၄

ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ထရန့်နှင့် ကင်၏ ထိပ်သီးအစည်းအဝေးကို လက်ခံကျင်းပရန် ကမ်းလှမ်း စာ » ၁၄

တက္ကသိုလ်ဝင်တန်း TopTen နှင့်ဘာသာစုံဂုဏ်ထူးရှင်များထွက်ရှိရာ...

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၂)

ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ကျောင်း ၁ မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

မင်္ဂလာ ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ကျောင်း ၂ အမှတ် (၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၉ ၄၀၀ ၉၈ ၈၉ ၂၀ - ၂၅

ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။

၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(မေ ၂၆)၊ ၈၊၇၊၆၊၅ တန်း (မေ ၃)၊ မူလတန်း(မေ ၂၉)စမည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံပါပြီ ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ

အဆင့်မြင့် ဘော်ဒါ

KG မှ တက္ကသိုလ်ဝင်တန်းအထိ [မေ ၂၆ ကျောင်းသူ၊ မေ ၂၈ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]

ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့် စာသင်ဝိုင်း

၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)

၁၀ တန်း [ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း] အထူးသီးသန့်ရှိသည်။

၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(မေ ၂၆)၊ ၈ တန်း(မေ ၂၈)စ,မည်။

ဝိုင်း အမှတ်(၄၄)၊ ဝိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397939

မြန်မာ့အလင်း

ကျေးလက်ပြည်သူတို့နှင့် နေရောင်ခြည်စွမ်းအင်

အရှေ့တောင်အာရှဒေသ၌ ပြည်သူသန်းပေါင်း ၁၅၀ သည် မဟာဓာတ်အားလိုင်းစနစ်မှ ကင်းလွတ်နေ၍ လျှပ်စစ်ဓာတ်အားကို သုံးစွဲခွင့်မရှိဖြစ်နေပါသည်။ မြန်မာနိုင်ငံ၌လည်း ကျေးလက်ပြည်သူတို့၏ ၁၆ ရာခိုင်နှုန်းသာ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်ကို သုံးစွဲနိုင်ကြပါသည်။ သို့ဖြစ်ပါ၍ ကျေးလက်ပြည်သူအများစုတို့သည် ညဘက်အလင်းရောင်ရရှိရေးအတွက် ရေနံဆီနှင့် ဖယောင်းတိုင်ကဲ့သို့သောစွမ်းအင်ပစ္စည်းမျိုးမှ အလင်းရောင်ရရှိရေးကို ဆောင်ရွက်ရပါသည်။ ဤကဲ့သို့သော အခြေအနေ၌ ကျေးလက်ပြည်သူအများစုတို့သည် ညဘက်အလင်းရောင်ရရှိရေးအတွက် အထက်ဖော်ပြပါ နည်းလမ်းများဖြင့် ၎င်းတို့ဝင်ငွေ၏ ငါးရာခိုင်နှုန်းခန့်ကို သုံးစွဲရပါသည်။

ရေနံဆီနှင့်ဖယောင်းတိုင်သုံးခြင်းအပါအဝင် ဒီဇယ်သုံးမီးစက်တို့သည် ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားရေးဘဝအပေါ်ကျယ်ပြန့်သော ဆိုးကျိုးတို့ကိုဖြစ်ပေါ်စေပါသည်။ သို့သော် နေရောင်ခြည်စွမ်းအင်သည် ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားရေးဘဝအပေါ် ဆိုးကျိုးသက်ရောက်စေခြင်း မရှိပါ။ ပိုမိုထင်ရှားစေရန် ရေနံဆီနှင့် ဖယောင်းတိုင်သုံးခြင်းအပါအဝင် ဒီဇယ်သုံးမီးစက်တို့ဖြင့် အလင်းရောင်ရယူခြင်း၏ ဆိုးကျိုးတို့ကို တင်ပြလိုပါသည်။ နေရောင်ခြည်စွမ်းအင်သုံးအိမ်တစ်အိမ်သည် တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၁၄၀ ကီလိုဂရမ်အထိ လျှော့ချပေးနိုင်ပါသည်။ ရေနံဆီနှင့် ဖယောင်းတိုင်အသုံးပြုခြင်းမှ ရရှိသော အရည်အသွေးနိမ့် အလင်းရောင်သည် ကျေးလက်ပြည်သူတို့၏ မျက်စိကို ထိခိုက်စေရုံသာမက တခြားသော ကျန်းမာရေးအန္တရာယ်အမျိုးမျိုးကိုလည်း ဖြစ်ပေါ်စေပါသည်။ ရေနံဆီသည် မီးလောင်လွယ်သော စွမ်းအင်ဖြစ်၍ အရှေ့တောင်အာရှဒေသ၌ ရေနံဆီအသုံးပြုမှုမှတစ်ဆင့် ဖြစ်ပွားသော မီးလောင်မှုကြောင့် နှစ်စဉ်ပြည်သူတစ်သိန်းကျော် သေဆုံး၍ သန်းချီဒဏ်ရာရလျက်ရှိပါသည်။ နေရောင်ခြည်စွမ်းအင်မှတစ်ဆင့် အလင်းရောင်ရယူမှုသည် ဤကဲ့သို့သော ဆိုးကျိုးတို့ကိုဖြစ်ပေါ်စေမည် မဟုတ်ပါ။

သို့သော် နေရောင်ခြည်စွမ်းအင်ကို ကျေးလက်အရောက်ဖော်ဆောင်ရေး၌ အဓိကအဟန့်အတားတစ်ရပ်မှာ နေရောင်ခြည်စွမ်းအင်အသုံးပြုရေးအတွက် ကနဦးရင်းနှီးမြှုပ်နှံမှုစရိတ်ကြီးမားခြင်းဖြစ်ပါသည်။ ဤအခက်အခဲကိုကျော်လွှားနိုင်ရေးအတွက် မြန်မာနိုင်ငံ၌ နေရောင်ခြည်စွမ်းအင်မှတစ်ဆင့် လျှပ်စစ်ဓာတ်ရရှိရေးကို ဆောင်ရွက်လျက်ရှိသည့် **Solar Home** ကုမ္ပဏီ၏နည်းလမ်းမှာ စိတ်ဝင်စားစရာဖြစ်ပါသည်။ **Solar Home** ကုမ္ပဏီက ကျေးလက်ဒေသအရောက် နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်ရရှိရေးဆောင်ရွက်ရာ၌ အငှားစနစ်မှသည် ကိုယ်ပိုင်ဖြစ်ရေးဆီသို့ဟူသောစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျေးလက်ပြည်သူတို့သည် တစ်လလျှင် ငွေကျပ်ငါးထောင်နှုန်းမှစ၍ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်ကို ရယူနိုင်မည်ဖြစ်ပါသည်။ **Solar Home** ကုမ္ပဏီက ဤစနစ်ကို **Pay- As- You- Go (PAYG)** ဟု ခေါ်ဝေါ်ပါသည်။ **Solar Home** ကုမ္ပဏီသည် ဤစနစ်ဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၌ အိမ်ထောင်စုပေါင်း ၆၀၀၀ ကို လျှပ်စစ်ဓာတ်ပေးနိုင်ပြီဖြစ်ပါသည်။ **Solar Home** ကုမ္ပဏီအပါအဝင် ကျေးလက်ပြည်သူတို့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်ရရှိရေးအတွက် တီထွင်ဖန်တီးသောနည်းလမ်းတို့အား အသုံးပြုသည့်ကုမ္ပဏီတိုင်းကို အားပေးကြိုဆိုရမည်ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ကျေးလက်ပြည်သူတို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်သုံးစွဲနိုင်ရေးအတွက် ကုမ္ပဏီများအပါအဝင်သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြပါရန်လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော် လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော် လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံအထူးပညာရေးအသင်းတို့ တွေ့ဆုံ

ဘားအံ ဧပြီ ၂၄

ကရင်ပြည်နယ်အတွင်း အထူးပညာရေးတစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်အတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် မြန်မာနိုင်ငံအထူးပညာရေးအသင်းမှ တာဝန်ရှိသူများသည် ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးအပေါ်ထပ် အစည်းအဝေးခန်းတွင် တွေ့ဆုံကြကြောင်း သိရသည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ဘားအံတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံအထူးပညာရေးအသင်းမှဥက္ကဋ္ဌ ဦးထာအုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံရှိ ဉာဏ်ရည်မမီသော ကလေးသူငယ်များကို သင်ကြားပေးမည့် ဆရာ ဆရာမများ မွေးထုတ်ပေးနိုင်ရေး၊ မြန်မာနိုင်ငံအထူးပညာရေး အသင်းအနေဖြင့်အင်္ဂလန်နိုင်ငံရှိ တက္ကသိုလ်များ၏ ပံ့ပိုးမှု၊လူမှုဝန်ထမ်း ဦးစီးဌာန၏ အသိအမှတ်ပြုမှုများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သာမန်ပညာရေးနည်းစနစ်ဖြင့် သင်ကြားရန်ခက်ခဲသော မျက်မမြင်၊ နားမကြား၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အားနည်းသူများ၊ ကလေးသူငယ်များအားပညာသင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများဖြင့် အသုံးပြုကာ အထူးပညာရေးဖြင့် သင်ကြားပေးခြင်းစသည် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ထင်သာမြင်သာ ပြုပြင်စရာ

သာစည်မြို့ပေါ် လမ်းဆုံမီးပွိုင့်တွင် ယာဉ်ထိန်းရဲ အမြဲရှိစေချင်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ပေါ် လမ်းဆုံမီးပွိုင့်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိကြသည့် မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်သူများကြောင့် မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

“မော်တော်ဆိုင်ကယ်စီးသူ တချို့က မီးစိမ်း၊ မီးနီကို မကြည့်ကြတော့ဘူး၊ မောင်းချင်သလို မောင်းနေကြတယ်၊ နှစ်ယောက်ထက်လည်း ပိုတင်ပြီး မောင်းနေကြတာ၊ ဆိုင်ကယ်စီးဦးထုပ်ကိုလည်း မဆောင်းကြတော့ဘူး၊ ဒါတွေဟာ သက်ဆိုင်ရာက အရေးယူမှု အားနည်းနေတယ်လို့ ထင်ပါတယ်”ဟု လမ်းဆုံမီးပွိုင့်အနီးတွင် နေထိုင်သူ ဦးကျော်သင်းက ပြောသည်။

အဆိုပါလမ်းဆုံ မီးပွိုင့်အနီးတွင် တာဝန်ကျယာဉ်ထိန်းရဲ နားနေသည့် အဆောက်အအုံရှိသော်လည်း အချိန်ပြည့်ကြီးကြပ်မှုမရှိသည့်အတွက် ယခုကဲ့သို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ဖောက်ဖျက်နေကြခြင်း ဖြစ်ကြောင်း သိရသည်။

သာစည်မြို့သည် မြို့ပေါ်ရပ်ကွက်ကြီး ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၀ ရှိ၍ ရထားလမ်းဆုံရာမြို့ဖြစ်သည့်အပြင် အိမ်ထောင်စု ပေါင်း ၄၄၉၂ ရှိပြီး လူဦးရေမှာ ၂၀၂၆၈၀ ရှိသော မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။

မောင်ကို(သာစည်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၄-၄-၂၀၁၈

ရွှေစျေးနှုန်း (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၂၆၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၈၇၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၂၆၀၀

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၈၂၀/၈၄၀ ကျပ် (လက်လီစျေး)
အောက်တိန်း ၉၂	၇၈၅/၈၀၅ ကျပ် (လက်လီစျေး)
အောက်တိန်း ၉၅	၈၃၅/၈၅၀ ကျပ် (လက်လီစျေး)
ပရီမီယံဒီဇယ်	၈၃၅/၈၅၀ ကျပ် (လက်လီစျေး)

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၂၈	·၀
ဥရောပ	တစ်ယူရို	၁၆၃၁	·၉
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၈	·၉
ဂျပန်	ယန်း (၁၀၀)	၁၂၃၃	·၁
ထိုင်း	တစ်ဘတ်	၄၂	·၃
အိန္ဒိယ	တစ်ရူပီး	၂၀	·၁
တရုတ်	တစ်ယွမ်	၂၁၀	·၉
မလေးရှား	တစ်ရင်းဂစ်	၃၄၀	·၇

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီဌေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင် နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍ အလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ် ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည် ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် မေ ၂၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.JaroslavDolecek အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.JaroslavDolecek **တို့ တွေ့ဆုံဆွေးနွေးစဉ်။**

သတင်းစဉ်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးနယ်ပယ်၌ နှစ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၂၄

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် ဟောင်ကောင် အထူးအုပ်ချုပ်ရေး ဒေသအစိုးရ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (Independence Commission Against Corruption-ICAC) မှ ကော်မရှင်နာ Mr. Simon PEH Yun LU နှင့် အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

ယင်းသို့တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် Action Plan ပါ အနာဂတ်တွင် ဆက်လက် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ၊ ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးပြီး အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးက ကော်မရှင် သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို Power Point ဖြင့် ရှင်းပြသည်။

ICAC အဖွဲ့ဝင်က ကော်မရှင်သို့ အဂတိ လိုက်စားမှုနှင့် ပတ်သက်သည့် သင်တန်းများ၊ ပညာပေးရေးအစီအစဉ်များတွင် အကူအညီပေးရေး တို့အပါအဝင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး နယ်ပယ်၌ နှစ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဦးစန်း ဝင်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်း၊ ဦးဟန်ညွှန့်၊ ဒေါ်မြတ်မြတ်စိုး၊ ဦးအောင်လွင်နှင့် ဦးမျိုးမြင့်တို့ တက်ရောက်ကြကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

❑ ရှေ့ဖုံးမှ

သို့ဖြစ်ပါ၍ အဆိုပါရက်များ အတွင်း မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါ တစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင် သည်။ **မိုး/ဇလ**

ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးစီမံကိန်း၏ ကွင်းဆင်းလေ့လာမှု အစီရင်ခံစာရှင်းလင်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လွိုင်ကော် မေ ၂၄

ကယားပြည်နယ် နမ့်တဘက်ချောင်းတွင် ရေအား လျှပ်စစ်ထုတ်ယူနိုင်ရေးစီမံကိန်း ဖြစ်မြောက်နိုင် စွမ်း အကြိုကွင်းဆင်းလေ့လာမှု (Pre Survey) တွေ့ရှိချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက်က ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် Khin Maung Nyunt Trading Co.,Ltd နှင့် တရုတ်နိုင်ငံ TEBI-AN Electric Apparatus Stock Co., Ltd (TBEA) တို့မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် နမ့်တဘက်ချောင်း ရေအား လျှပ်စစ်စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း အကြို ကွင်းဆင်းလေ့လာမှု အစီရင်ခံစာအား ရှင်းလင်း တင်ပြခဲ့မှုအပေါ် အခမ်းအနားသို့ တက်ရောက် လာသူများက သိရှိလိုသည်များအား မေးမြန်း ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဆိုပါ စီမံကိန်းအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ဒေသခံ ပြည်သူများအတွက် လက်တွေ့ကျကျ ဖော်ဆောင် ပေးနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး နှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန် အောင် ဖော်ဆောင်ပေးမည့် အခြေအနေ များအား အများပြည်သူများသိရှိစေရေး ချပြ ရှင်းလင်း ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

မြန်မာနှင့် ဗီယက်နမ်အနုပညာရှင်များ ပူးပေါင်းဖျော်ဖြေတင်ဆက်မည်

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် Cultural Cooperation Program (2017-2020) အရ မြန်မာနှင့် ဗီယက်နမ် အနုပညာရှင်များ ပူးပေါင်းတင်ဆက်မည့် “Honoring brands in cultural activities and international integration” ဖျော်ဖြေပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ မေ ၂၈ ရက် ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးတို့တွေ့ဆုံ

နေပြည်တော် မေ ၂၄

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၏ ဖိတ်ကြားချက်အရ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E.Mr.Song Tao ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E.Mr.Song Tao တို့သည် ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်တို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Yuan Zhibing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ဖလမ်းမြို့ လေဆိပ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မေ ၂၀ ရက် ညနေပိုင်းက ချင်းပြည်နယ် ဖလမ်းမြို့ တောင်ဇလပ်အစိုးရရိပ်သာတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်နှင့်အတူ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးသည် မေ ၂၁ ရက် နံနက်ပိုင်းတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဖလမ်းမြို့ ဆူရ်ဘုန်တောင်ကြောပေါ်ရှိ လေဆိပ်တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး လေယာဉ်ကွင်းပြေးလမ်း တည်ဆောက်နေမှုနှင့် လေဆိပ်ပတ်ဝန်းကျင်နှင့် လေယာဉ်ပြေးလမ်း တစ်လျှောက်တွင် မြေပြိုတိုက်စားမှုမရှိစေရန် စီမံကိန်းကာလအတွင်း ဇီဝအင်ဂျင်နီယာနည်းဖြင့် မြေထိန်းနံရံတည်ဆောက်မည့် အစီအစဉ်များအား ကြည့်ရှုစစ်ဆေးသည်။

ဆက်သွယ်ရေးလမ်းများ ဆောင်ရွက်

ဆက်လက်၍ လိုင်ဗားဆည် အမှတ်(၂) တည်ဆောက်ရန် ရွေးချယ်ထားသည့်နေရာသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ ပြည်နယ်ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူများက ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဆည်ရေဝေရေလဲဧရိယာအတွင်း သစ်တောများထိန်းသိမ်းခြင်း၊ စိုက်ခင်းများ တည်ထောင်ခြင်းများကို ကြိုတင်ဆောင်ရွက်ထားရှိရန်၊ မြေအသုံးချမှုများအား ရှင်းလင်းပြတ်သားစွာ ဆောင်ရွက်ရန်နှင့် ကျေးရွာများအတွက် ဆက်သွယ်ရေးလမ်းများ ထိခိုက်မှုမရှိအောင် ဆောင်ရွက်ထားရှိရန် ဖြည့်စွက်မှာကြား ဆွေးနွေးခဲ့သည်။

ထို့နောက် လိုင်ဗားဆည် ရှင်းလင်းဆောင်တွင် ပြည်နယ်သစ်တောဦးစီးဌာန တာဝန်ရှိသူများက လိုင်ဗားဆည် ရေဝေရေလဲဧရိယာများအပါအဝင် ဖလမ်း၊ ထန်တလန်၊ ဟားခါးမြို့နယ် သုံးခုအတွင်းရှိ တောင်ပေါ်အမြဲစိမ်းတောနှင့် တောင်ပေါ်မြက်ခင်းဂေဟစနစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်အတွက် ဇိန်မှုတောင်အမျိုးသားဥယျာဉ် တည်ထောင်ရန် လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇိန်မှုတောင်ကြောပေါ်သို့

တက်ရောက်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဇိန်မှုတောင် အမျိုးသားဥယျာဉ်မှာ ဧရိယာ ၁၉၉၃၇ ဧက ကျယ်ဝန်းမည်ဖြစ်ပြီး အမြင့်ဆုံးတောင်ထိပ်မှာ ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၈၆၀၀ ခန့် ရှိမည်ဖြစ်ပြီး ချင်းပြည်နယ်၏ တတိယမြောက် အမြင့်ဆုံးတောင်ဖြစ်ကြောင်း သိရသည်။

ကားလမ်းအဆင့်မြှင့်တင်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချင်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့်အတူ ဟားခါး-ထန်တလန်-ဆာဆီချောက်ကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကားလမ်းဘေးမြေထိန်းနံရံများ မြေပြိုတိုက်စားမှုများ ထိန်းသိမ်းကာကွယ်ခြင်း ဆောင်ရွက်နိုင်မည့် အခြေအနေများအား စစ်ဆေးကြည့်ရှုခဲ့သည်။

ညနေပိုင်းတွင် ထန်တလန်မြို့ သီကီးရ်ကျေးရွာအနီးရှိ သီကီးရ်ရေလှောင်တမံသို့ ရောက်ရှိခဲ့ရာ ရေလှောင်တမံ ရေရှည်တည်တံ့ရေးအတွက် ရေဝေရေလဲဒေသများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၂၂ ရက် နံနက်ပိုင်းတွင် သီကီးရ်ကျေးရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်စက်များနှင့် စွမ်းအားမြှင့်မီးဖိုများ ပေးအပ်သည်။

ဆက်လက်၍ သီကီးရ်ကျေးရွာ ဆုတောင်းတောင် တောင်ပေါ်မှ အိန္ဒိယ-မြန်မာ နယ်စပ်ဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် တောင်ပေါ်ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ရန်အတွက် ဖွဲ့စည်းတည်ထောင်မည့် ကျီးရီးယန်းတောင် အမျိုးသားဥယျာဉ်နေရာအား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ကျီးရီးယန်းအမျိုးသားဥယျာဉ်သည် ဧရိယာ ၇၉၄၅ ဧက ကျယ်ဝန်းမည်ဖြစ်ပြီး အမြင့်ဆုံးတောင်ထိပ်မှာ ပင်လယ်ရေမျက်နှာပြင်အမြင့် ၆၈၀၄ ပေခန့်ရှိမည်ဖြစ်ပြီး ဇီဝမျိုးစုံ မျိုးကွဲများ ပေါကြွယ်ဝသော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုရိပ်သာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်အတူ ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တွေ့ဆုံ၍ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ် သစ်တောဦးစီးဌာနရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်တွင် ပြုစုပျိုးထောင်ထားသည့် တောင်ဇလပ်ပျိုးပင်များအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ချင်းပြည်နယ် ဟားခါးခရိုင်ရှိ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၂၃ ရက် နံနက်ပိုင်းတွင် ဖလမ်း-ကလေး ကားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကားလမ်းဘေးမြေထိန်းနံရံများ မြေပြိုတိုက်စားမှုများ ထိန်းသိမ်းကာကွယ်ခြင်း ဆောင်ရွက်နိုင်မည့်အခြေအနေများအား လည်းကောင်း၊ ဖလမ်းမြို့နယ် ဒုမန်းကြိုးပြင်ကာကွယ်တောအတွင်း ဖလမ်း-ကလေးကားလမ်း မိုင်တိုင်အမှတ် ၄၆/၇ အနီး၊ ၃/၂၀၁၈ ချယ်ရီစိုက်ခင်း ၂၅ ဧကနှင့် တီးတိန်မြို့နယ်၊ လေသာ အပ တောအတွင်း၊ ဖလမ်း-ကလေးကားလမ်း မိုင်တိုင်အမှတ် ၃၀/၅ အနီး၊ ၃/၂၀၁၈ ချယ်ရီစိုက်ခင်း ဧက ၅၀ စိုက်ပျိုးတည်ထောင်မည့်နေရာများအားလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဖလမ်းမြို့နယ် ခိုင်ကမ်းကျေးရွာအတွင်းရှိ မြန်မာ့သစ်လုပ်ငန်း၊ ချင်းပြည်နယ်သစ်ထုတ်ရေးရုံးဝင်းအားလည်းကောင်း၊ သစ်တောဦးစီးဌာန၊ ကိုးမိုင်ပျိုးဥယျာဉ်စခန်းတို့အားလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလေးမြို့ သစ်တောဦးစီးဌာန၊ ရှစ်မိုင်ပျိုးဥယျာဉ်စခန်းအားကြည့်ရှုစစ်ဆေးခဲ့ပြီး ချင်းပြည်နယ်သစ်ထုတ်ရေးတာဝန်ခံ ဒုတိယအထွေထွေ မန်နေဂျာရုံးတွင် ကလေးခရိုင်အတွင်းရှိ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (၁၅)ကြိမ်မြောက် အစည်းအဝေးကျင်းပ

ဘားအံ မေ ၂၄

လက်နက်ကိုင်ပဋိပက္ခများ လျော့ကျရပ်စဲစေရန်၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထိန်းသိမ်းစောင့်ကြည့်ပေးသည့် ယန္တရားတစ်ခု အကောင်အထည်ဖော်နိုင်ရန်၊ ပဋိပက္ခဒေသများရှိ ပြည်သူလူထုကို အကာအကွယ်ပေးနိုင်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန်၊ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ဖွဲ့စည်းထားသည့် ကရင်ပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့အမှတ် ၄ ရပ်ကွက် သီရိလမ်းရှိ JMC-S ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် JMC-S (ကရင်) ဒုတိယဥက္ကဋ္ဌ (၁) စောဖောဒို၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးစောခရစ္စတိုဖာ တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက JMC ဆိုင်ရာ လုပ်ငန်းများအား ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များသည် ၁၄ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ တိုင်ကြားစာ၊ ကန့်ကွက်စာ၊ အကြောင်းကြားစာများနှင့် ဖြေရှင်းချက်များကို ရှင်းလင်းတင်ပြကြပြီး ရပ်ကွက်၊ ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့် ဒေသခံ(LCM)ဖွဲ့စည်းမှုနှင့် ပတ်သက်၍ လည်းကောင်း၊ ရုံးပိုင်းဆိုင်ရာကိစ္စရပ်များအားလည်းကောင်း ဆွေးနွေးခဲ့ကြကာ ဒုတိယဥက္ကဋ္ဌနှစ်ဦးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများတွေ့ဆုံ

ရန်ကုန် မေ ၂၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)အောက်ရှိ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲများ၏ မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားအပေါ် လိုက်နာဆောင်ရွက်ရန် ထပ်ဆင့်ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

အလားတူ မွန်းလွဲပိုင်း၌ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)အောက်ရှိ အနုပညာဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့မှ ဝန်ထမ်းများကိုလည်း တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲများ၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားအပေါ် လိုက်နာဆောင်ရွက်ရန် ထပ်ဆင့်ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေနှင့် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်ဆံရေးအခြေအနေများ၊ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရန်နှင့် နိုင်ငံတော် ကာကွယ်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းအားလုံးသည် အဂတိလိုက်စားမှုမပြုဘဲ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရိုးသားစွာဖြင့် စနစ်တကျဆောင်ရွက်သွားရန် လိုပါကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာရှိရှိနှင့် နိုင်ငံ့ဘဏ္ဍာအလေအလွင့်မရှိစေရန် ခြိုးခြံချွေတာအသုံးပြုပြီး မိမိတို့၏ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုအပ်ကြောင်း စသည်တို့ကို မှာကြားသည်။

အဆိုပါအခမ်းအနားများသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ အရာထမ်း အမှုထမ်းဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဂျာမနီဖွံ့ဖြိုးရေးဘဏ်မှ ဒုတိယအဆင့် ထောက်ပံ့ငွေပေးအပ်ခြင်းအတွက် ထောက်ပံ့ငွေစာချုပ်နှင့် ထပ်ဆင့်ချေးငွေစာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအား အားပေးမြှင့်တင်ရန် ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) မှ ဒုတိယအဆင့်ထောက်ပံ့ငွေ ယူရို ၁၀ ဒသမ ၈၅ သန်း ပေးအပ်ခြင်းအတွက် ထောက်ပံ့ငွေစာချုပ်များနှင့် ထပ်ဆင့်ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆) တွင် ကျင်းပသည်။

အဆိုပါ ထပ်ဆင့်ချေးငွေများအတွက် စည်းကမ်းချက်များမှာ လုပ်ငန်းဆောင်ရွက်မည့် ဘဏ်များသို့ ငွေထုတ်ချေးရာတွင် တစ်နှစ်လျှင် အတိုးနှုန်း ၃ ဒသမ ၅ ရာခိုင်နှုန်း (တစ်နှစ်လျှင်)၊ ဆိုင်းငံ့ကာလ ၁၂ နှစ်နှင့် ပြန်ဆပ်ကာလ သုံးနှစ်၊ စုစုပေါင်းချေးငွေသက်တမ်း ၁၅ နှစ်ဖြစ်သည်။ ၎င်းဘဏ်များမှ စီမံအုပ်ချုပ်မှုစရိတ်နှင့် ဘဏ်စရိတ်အတွက် ၅ ရာခိုင်နှုန်း ထပ်ဆောင်း၍ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသို့ တစ်နှစ်လျှင် အနည်းဆုံး အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထပ်ဆင့်ထုတ်ချေးမည်ဖြစ်သည်။

သမဝါယမဘဏ် လီမိတက်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ် လီမိတက်မှ SMEs သို့ ထုတ်ချေးမည်ဖြစ်ရာ ထပ်ဆင့်ချေးငွေစာချုပ်များအား မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် သမဝါယမဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သောဘဏ်) ကိုယ်စား ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်နော်အယ်ဖောနှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်ကိုယ်စား ဒါရိုက်တာ (ဒါရိုက်တာအဖွဲ့ဝင်) ဒေါ်သီတာမျိုးအောင်တို့က လည်းကောင်း၊ Financing Agreement (ထောက်ပံ့ငွေ) ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စား ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးနှင့် ဂျာမနီနိုင်ငံအစိုးရကိုယ်စား ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW)မှ ဒါရိုက်တာ Ms. Eva Schneider တို့က လည်းကောင်း၊ Separate Agreement ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံး၊ ဂျာမနီနိုင်ငံအစိုးရကိုယ်စား ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) မှ ဒါရိုက်တာ Ms. Eva Schneider၊ သမဝါယမဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သောဘဏ်) ကိုယ်စား ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်နော်အယ်ဖောနှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်ကိုယ်စား ဒါရိုက်တာ (ဒါရိုက်တာအဖွဲ့ဝင်) ဒေါ်သီတာမျိုးအောင်တို့က လည်းကောင်း အသီးသီးလက်မှတ်ရေးထိုးကြသည်။ **(ယာပုံ)**

မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဂျာမနီနိုင်ငံအစိုးရမှ ပထမအကြိမ်အဖြစ် ထောက်ပံ့ငွေ ယူရို ၄ ဒသမ ၄၅ သန်း ပေးအပ်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ် ထပ်မံပေးအပ်ခြင်းဖြစ်သည်။ ယင်းသို့ပေးအပ်မှုအရ SME လုပ်ငန်းများသို့ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ချေးနိုင်ပြီး SME ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြိုင်ပွဲများကျင်းပနိုင်ရန် ညှိနှိုင်း

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ကြီးမှူး၍ ၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရဲမှူးချုပ်ဝင်းနိုင်က ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြိုင်ပွဲဝင်ဦးရေ ယခင်နှစ်ကထက် ပိုမိုပါဝင်ယှဉ်ပြိုင်လာစေရေးအတွက် ကော်မတီအသီးသီးနှင့် ပညာရေးဌာနများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် ပြောကြားခဲ့သည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ယာယီရဲမှူးကြီးမြင့်ထွေးက ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများနှင့် စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသူများမှ အသီးသီးဆွေးနွေးခဲ့ကြရာ ကာတွန်း၊ ကာတွန်းအလွတ်တန်းနှင့် ပန်းချီပြိုင်ပွဲများကို ဇွန် ၂ ရက်တွင် အထက ၂ လသာတွင် လည်းကောင်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၃ ရက်တွင် လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ လည်းကောင်း၊ ယင်းနေ့မှာပင် ပိုစတာပြိုင်ပွဲကို အထက ၂ လသာတွင် လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့၊ မူးယစ်ကင်းဝေး ကျန်းမာရေး အားကစားနှင့်မြှင့်တင်ပေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့၊ လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့၊ လူသားရင်းမြစ်မျိုးဆက်သစ် မူးယစ်မှုန်သမျှ တိုက်ဖျက်ပစ်၊ ဦးစွာ နားထောင်ပါ (Listen FIRST – Listening to children and youth is the first step to help them grow healthy and safe) တို့ဖြစ်ကြောင်းနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်သူများအနေဖြင့် Software Programme ကို Coreldraw, Photoshop, Claris office ကြိုက်ရာတစ်မျိုးမျိုးဖြစ် ရေးဆွဲယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်း ထိုက်တန်သောဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) မှ အဖွဲ့ဝင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ သတင်းမီဒီယာများ စုစုပေါင်းအင်အား ၆၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

တစ်ပတ်အတွင်း နိုင်ငံတကာရေးရာ

မေနှင်းအေး

ဆီးရီးယားအရေး

ဆီးရီးယားအစိုးရသည် ဒမတ်စကတ်မြို့ ဒူမာအရပ်တွင် အရပ်သားများကို ဓာတုလက်နက်ဖြင့် ဧပြီ ၇ ရက်က တိုက်ခိုက်ခဲ့၍ အနည်းဆုံး ၄၀ ခန့် သေဆုံးခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် အမေရိကန်၊ ဗြိတိန်နှင့်ပြင်သစ် သုံးနိုင်ငံတို့က ဆီးရီးယား၏ ဓာတုလက်နက်ဆိုင်ရာ နေရာသုံးခုကို ဧပြီ ၁၄ ရက်က အချိန်ကန့်သတ်၍ လေကြောင်းမှ ဒုံးကျည် ၁၀၅ လုံးဖြင့် တိုက်ခိုက်ခဲ့သည်။ တစ်ချိန်တည်းတွင် ရုရှားနိုင်ငံကခေါ်ယူသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေး၌ ဆီးရီးယားအနေဖြင့် ကုလသမဂ္ဂဦးဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန် တောင်းဆိုပြီး အပစ်အခတ်ရပ်စဲရန် လူသားချင်းစာနာမှု အကူအညီပေးရန် ဆုံးဖြတ်ချက်မူကြမ်းကိုလည်း ထိုသုံးနိုင်ငံက တင်သွင်းခဲ့ပါသည်။ သုံးနိုင်ငံတိုက်ခိုက်မှုသည် နိုင်ငံတကာစည်းကမ်းများနှင့် မကိုက်ညီဟု ဆိုနိုင်သော်လည်း ရုရှား၏ အကာအကွယ်ပေးမှုကြောင့် ကုလသမဂ္ဂတွင် မဖြေရှင်းနိုင်သည့် ဆီးရီးယားအရေးကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းရန် ကြိုးပမ်းမှု ဖြစ်ပါသည်။ လုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေးကို ရုရှားက ခေါ်ယူခြင်းမှာ ထိုသုံးနိုင်ငံ၏ ဆီးရီးယားကို တိုက်ခိုက်မှုအား ရှုတ်ချရန်ဖြစ်သော်လည်း ထိုအဆိုမှာ ထောက်ခံမဲ သုံးမဲ၊ ကန့်ကွက်မဲ ရှစ်မဲ၊ ကြားနေ မဲ လေးမဲဖြင့် မအောင်မြင်ခဲ့ပါ။

ရုရှားသည် ဆီးရီးယားအရေးနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီတွင် ဗီတို (၁၂)ကြိမ် အသုံးပြုခဲ့ပြီး သုံးကြိမ်မှာ ဓာတုလက်နက်ကိစ္စဖြစ်ပါသည်။

ရုရှားနှင့် ဆီးရီးယားတို့ဘက်က ဒူမာအရပ်တွင် ဓာတုလက်နက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဆိုခြင်းမှာ သူပုန်တို့၏ လုပ်ကြံဝါဒဖြန့်မှုဟု ဆိုထားပြီး ထိုဒေသသို့ ဓာတုလက်နက်တားဆီးရေးအဖွဲ့ကိုလည်း ဝင်ရောက်စစ်ဆေးကြည့်ရှုခွင့် မပြုခဲ့ပါ။ ပြင်သစ်သမ္မတသည် မေလတွင် ရုရှားသို့သွားရောက်မည့် အစီအစဉ်ကို မဖျက်သိမ်းခဲ့ဘဲ ရုရှားသမ္မတနှင့်လည်း လေကြောင်းတိုက်ခိုက်မှု မစတင်မီတွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ပါသည်။ ဆီးရီးယားအား တိုက်ခိုက်မှုတွင် ဆီးရီးယားရှိ ရုရှားတပ်များကို ထိခိုက်စေမှုမရှိခြင်းသည် ရုရှားနှင့်ကြိုတင်ညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်းကြောင့်ဟု ယူဆနိုင်ပါသည်။

သုံးနိုင်ငံပူးပေါင်းလျက် အချိန်ပိုင်း တိုက်ခိုက်မှုကို အောင်မြင်သည်ဟု အမေရိကန်သမ္မတက ပြောကြားခဲ့သော်လည်း ဆီးရီးယားဘက်ကမူ ထိုတိုက်ခိုက်ခံရသော နေရာများသည် ဆေးဝါးထုတ်လုပ်သော နေရာများသာဖြစ်သည်ဟု ဆိုပြီး ဆီးရီးယားရှိ သိမ်းဆည်းရမိသော သူပုန်စခန်းတွင် ဓာတုလက်နက်များ တွေ့ရှိခြင်းကို သတင်းထုတ်ပြန်ခဲ့ပါသည်။ အမေရိကန်သည် ယခင်နှစ်ကလည်း ဆီးရီးယားအစိုးရ၏ ဓာတုဓာတ်ငွေ့ဆာရင် အသုံးပြုမှုကြောင့် ဒဏ်ခတ်သည့်အနေဖြင့် ခရုဇ်ဒုံးကျည် ၅၉ လုံးပစ်ခတ်သတိပေးခဲ့သည့်တိုင် ဆီးရီးယားသည် ယခုနှစ်တွင် ဓာတုဓာတ်ငွေ့ထပ်မံအသုံးပြုနိုင်သည်ဖြစ်၍ ယခုပစ်ခတ်ဖျက်ဆီးမှုကြောင့် ဆီးရီးယားတွင် ဓာတုလက်နက် ထပ်မံပြုလုပ်နိုင်ခြင်း ရှိ မရှိ မသိရပါ။ အမေရိကန်သည် အင်ဂျင်နီယာနှင့် ထောက်လှမ်းရေး အထောက်အကူတပ်တို့ ဆီးရီးယားသို့ စေလွှတ်ထားခြင်းရှိပြီး အခြေအနေ ကောင်းမွန်ပါက တပ်များပြန်လည်ရုပ်သိမ်းရန်ရှိရာ ယခုကဲ့သို့ လျှပ်တစ်ပြက်စစ်ဆင်ခြင်း အောင်မြင်ပါက အမေရိကန်တပ်များ ရုပ်သိမ်းရေးကိုလည်း အထောက်အကူပြုနိုင်ခြေရှိပါသည်။

ယခုတိုက်ခိုက်မှုကို တစ်ပတ်ခန့် ကြိုတင်ပြင်ဆင်ပြီး မိနစ်ပိုင်းမတိုင်မီ ကြေညာကာ သုံးနာရီခန့် နာရီပိုင်းသာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါသည်။ အိုင်အက်စ်တို့အား နှိမ်နင်းမှု အခြေအနေကောင်းလာနေသည့် အနေအထားတွင် အစ္စရေး၊ ဆော်ဒီအာရေဗျတို့က ဆီးရီးယားမှ အမေရိကန်တပ်နှင့် အထောက်အကူများ ထွက်ခွာသွားမည်ကို မလိုလားပါ။ အမေရိကန်အင်အား လျော့သွားပါက ရုရှား၊ အီရန်နှင့် တူရကီတို့က ဆီးရီးယားတွင် ပိုမိုတွင်ကျယ်လာမည် ဖြစ်ပါသည်။ ဆီးရီးယားတွင် အာဆတ်အစိုးရ တည်မြဲနေစေကာမူ နိုင်ငံ၏ အစိတ်အပိုင်းအသီးသီးတွင် နိုင်ငံခြားတိုင်းပြည်များက ဩဇာသက်ရောက်လျက်ရှိပြီး ဥပဒေမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကလည်း တားမြစ်ဟန့်တားနိုင်ခြင်း မရှိပါ။

မြောက်ကိုရီးယားနှင့် အရှေ့အာရှ

အမေရိကန်-မြောက်ကိုရီးယားထိပ်သီးအစည်းအဝေး မတိုင်မီတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် လျာထားသူ စီအိုင်အေအကြီးအကဲ မိုက်ပွန်ပီအိုသည် မြောက်ကိုရီးယားသို့ အီစတာရုံးပိတ်ရက်ကာလကသွားရောက်ကာ ကင်ဂျုံအန်းနှင့် တွေ့ဆုံခဲ့ပါသည်။ လွှတ်တော်မှ အတည်မပြုသေးသည့်တိုင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် အဆိုပြုထားသူ၏ မြောက်ကိုရီးယား ခရီးစဉ်သည် ၂၀၀၀ ပြည့်နှစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မက်ဒလင်းအောဘရိုက်၏ ပြုံယမ်းခရီးစဉ်နောက်ပိုင်း အဆင့်အမြင့်ဆုံးသွားရောက်ခြင်းဖြစ်ပြီး သံတမန်လမ်းကြောင်းကို အသုံးမပြုဘဲ ထောက်လှမ်းရေးလမ်းကြောင်းမှ အဆက်အသွယ်ဖြင့် သွားရောက်ခဲ့ခြင်းဖြစ်ရာ အမေရိကန်အနေဖြင့် ဆွေးနွေးပွဲရလဒ်ကောင်းထွက်ရန် လွန်စွာ မျှော်လင့်လျက် စွန့်စားသော အနေအထားကို တွေ့မြင်ရပါသည်။ အမေရိကန်-မြောက်ကိုရီးယား တွေ့ဆုံရန် တောင်-မြောက် ကိုရီးယားနယ်စပ်၊ ပေကျင်း၊ အူလန်ဘာတာ အပါအဝင် ငါးနေရာ လျာထားပါသည်။ အမေရိကန်သည် တောင်ကိုရီးယားဆိုင်ရာသံအမတ် မခန့်ထားရသေးဘဲ မြောက်ကိုရီးယားဆိုင်ရာ အထူးကိုယ်စားလှယ်မှာလည်း မကြာသေးခင်ကပင် ရာထူးမှ နုတ်ထွက်ထားသဖြင့် နိုင်ငံခြားရေးရုံးမပါဘဲ စီစဉ်နေခြင်းဖြစ်ပါသည်။

တောင်-မြောက်ကိုရီးယားခေါင်းဆောင်တို့ ဧပြီလ ၂၇ ရက်နေ့ တွေ့ဆုံမှုတွင် အမေရိကန် -မြောက်ကိုရီးယား တွေ့ဆုံမှုအတွက် သတင်းကောင်းတစ်ရပ် ဆောင်ကြဉ်းလာလိမ့်မည်ဟု အမေရိကန်သမ္မတက ပြောကြားထားရာ တောင်-မြောက်ကိုရီးယား စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုခြင်း ဖြစ်နိုင်သည်ဟု သိရပါသည်။ ဂျီနီဗာရှိ အမေရိကန် သံအမတ်က အမေရိကန်-မြောက်ကိုရီးယားတွေ့ဆုံမှုတွင် မြောက်ကိုရီးယားအား နျူကလီယား မစမ်းသပ်ရေးစာချုပ်တွင် ပြန်လည်ပါဝင်လာရန် စွမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ဆွေးနွေးမှု မအောင်မြင်ပါက သမ္မတထရန့်သည် ချက်ချင်းထပြန်မည့် လူစားဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် မြောက်ကိုရီးယားဘက်မှ ကိုရီးယားရှိ အမေရိကန်တပ်ရုပ်သိမ်းရေးကို တောင်းဆိုမည် မဟုတ်ကြောင်းလည်း သိရပါသည်။

ထိုအခြေအနေတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အမေရိကန်သို့ နှစ်ရက်ကြာလာရောက်၍ အမေရိကန်သမ္မတနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စများ၊ မြောက်ကိုရီးယား နျူကလီယားကိစ္စများ ဆွေးနွေးခဲ့ပါသည်။ ဂျပန်သည် အမေရိကန်၏ အမာခံမဟာမိတ်တစ်ဦးဖြစ်သည့်တိုင် ကုန်သွယ်ခွန်များ တိုးမြှင့်ရာတွင် ဂျပန်ကို ခြွင်းချက်မပေးခြင်းသည် အာဘေးအတွက် ပြည်တွင်း၌ အကျပ်အတည်းဖြစ်စေလျက်ရှိပါသည်။ အာဘေး၏ အမေရိကန်ခရီးစဉ် မတိုင်မီတွင်ပင် ထရန့်က ၎င်းသမ္မတဖြစ်ပြီးနောက် ပထမဆုံးနုတ်ထွက်ခဲ့သည့် ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်မှုမဟာမိတ်တွင် ပြန်လည်ပါဝင်လိုကြောင်းလည်း ပြောကြားခဲ့ပါသည်။ သို့သော် ဂျပန်နှင့် ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့ကမူ အလွယ်တကူ ပြန်လည်လက်ခံနိုင်မည့် အခြေအနေမရှိကြောင်း သိရပါသည်။ ဂျပန်နိုင်ငံသည် အမေရိကန်နှင့် ကုန်သွယ်ရာတွင် နှစ်နှစ်အတွင်း ပထမဆုံးအကြိမ် ၆ ရာခိုင်နှုန်း ပိုငွေ ၂ ဒသမ ၃ ထရီလီယံ ယွမ်/ ၂၃ ဘီလီယံဒေါ်လာပြသခဲ့ပြီး အမေရိကန်အနေဖြင့် ကုန်သွယ်ရေးမညီမျှမှုများကို အခွန် အကောက်တိုးမြှင့်ခြင်းဖြင့် တုံ့ပြန်နေရာ ဆွေးနွေးစရာများစွာရှိသည့် အနေအထားဖြစ်ပါသည်။

တရုတ်-ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ ဧပြီ ၁၆ ရက်က တိုကျိုမြို့၌တွေ့ဆုံရာတွင် လွတ်လပ်စွာ ကုန်သွယ်မှု အရေးကြီးပုံ၊ နိုင်ငံတကာမျှတသော ကုန်သွယ်မှုစနစ် ထွန်းကားရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။ အမေရိကန်၏အကောက်ခွန်မြှင့်တင်မှုကြောင့် တရုတ်ဘက်မှလည်း လက်တုံ့ပြန်လာပြီး တရုတ်-အမေရိကန် ကုန်သွယ်မှုစစ်ပွဲဖြစ်နိုင်ခြေကို စိုးရိမ်နေကြသည့် ကာလတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုနိုတို့ ပါဝင်လျက် စတုတ္ထအကြိမ် စီးပွားရေးဆိုင်ရာ အဆင့်မြင့်တွေ့ဆုံဆွေးနွေးပွဲကျင်းပနိုင်ခြင်းသည် ဆက်ဆံရေး တိုးတက်မှု ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ဧပြီလ ၁၈ ရက်နေ့က ထိုင်ဝမ်ရေလက်ကြားအနီးတွင် ကျည်အစစ်များ အသုံးပြု၍ ရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ပါသည်။ လွန်ခဲ့သော သီတင်းပတ်ကလည်း တပ်သား တစ်သောင်းခန့်ပါဝင်သည့် ရေတပ်လေတပ်ပူးတွဲလေ့ကျင့်မှုတစ်ခုကို ဟိုင်နန်ကျွန်းအနီးတွင် ပြုလုပ်ခဲ့ရာ သမ္မတရှီကျင့်ဖျင်ကိုယ်တိုင် တက်ရောက်အားပေးခဲ့ပါသည်။ ထိုင်ဝမ်ကလည်း အလားတူစစ်ရေးလေ့ကျင့်မှုကို အရှေ့ဘက်ကမ်းတစ်လျှောက် ကျင်းပခဲ့ရာ ယခုတရုတ်၏ စစ်ရေးလေ့ကျင့်မှုသည် ထိုင်ဝမ်ကို သတိပေးခြင်းဖြစ်နိုင်သည်ဟု ယူဆကြပါသည်။ မြောက်ကိုရီးယား-အမေရိကန် ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားအား လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှု မဖြစ်စေရန် အာမခံချက်အဖြစ် တောင်ကိုရီးယားနှင့် ဂျပန်ရှိ အမေရိကန်တပ်များကို လျှော့ချသည် ဖြစ်စေ၊ ရုပ်သိမ်းသည်ဖြစ်စေ ထိုင်ဝမ်လုံခြုံရေးကို အာမခံနိုင်မှုလည်း လျော့နည်းလာစေမည်ဖြစ်ပါသည်။ အမေရိကန်သမ္မတ ထရန့်သည် ၎င်းလက်ထက်တွင် ထိုင်ဝမ်ကို ပိုမိုအဆက်အသွယ်ပြုလာပြီး ယခုလအတွင်း ထိုင်ဝမ်အား ကိုယ်ပိုင်ရေငုပ်သင်္ဘောတည်ဆောက်ရန် နည်းပညာ ရောင်းချခွင့်ပြုခဲ့ရာ အမေရိကန်ကို သွယ်ဝိုက်၍ အင်အားပြရာလည်း ရောက်ပါသည်။

မလေးရှားရွေးကောက်ပွဲ

မလေးရှားပါလီမန်အမတ် ၂၂၂ နေရာနှင့် ပြည်နယ် ၁၃ ခုအနက် ၁၂ခုအတွက် ရွေးကောက်ပွဲများကို မေလ ၉ ရက်နေ့တွင် ကျင်းပသွားရန်ဖြစ်ပြီး စစ်တမ်းများအရ အာဏာရဝန်ကြီးချုပ် နာဂျစ်ရာဇတ်က အသာစီးရထားသည့် အခြေအနေဖြစ်ပါသည်။ ၎င်းအနေဖြင့် မဲဆန္ဒနယ်များကို ၎င်းအသာရစေရန် ပြင်ဆင်ထားခြင်း၊ အတိုက်အခံပါတီများအတွက် အကန့်အသတ်များ ပိုမိုပြုလုပ်ခြင်းတို့အပြင် ကျေးလက်ဒေသတွင် လူမှုရေးထောက်ပံ့ငွေများ တိုးမြှင့်ပေးခြင်းတို့ဖြင့် ဆွဲဆောင်လျက်ရှိပါသည်။ သို့သော်လည်း အတိုက်အခံများဘက်တွင် ယာစင်၊ အာဇ္ဇာဝါ အီဘရာဟင်၊ မဟာသီယာတို့ စုစည်းမိနေပြီး မဟာသီယာကလည်း ၎င်း၏ ပါတီသစ်ကို မှတ်ပုံတင် ယာယီဖျက်သိမ်းထားစေကာမူ လန်ကာဝီဒေသမှ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပါသည်။ မလေးရှား နိုင်ငံရေးသမိုင်းတွင် အနှစ် ၆၀ ကျော် ယူအမ်အန်အို (မလေး အမျိုးသားများ ညီညွတ်သောအဖွဲ့အစည်း)ကသာ ပါတီခေါင်းဆောင်ပြောင်းလျက် ဦးဆောင်ထားသည်ဖြစ်ရာ လက်ရှိ ယူအမ်အန်အို အကြီးအကဲ နာဂျစ်ရာဇတ်ကို ဆန့်ကျင်၍ အနိုင်ရရှိရေး ခက်ခဲနိုင်ပါသည်။ သို့သော်လည်း ၂၀၁၃ ခုနှစ်ကပင် ယူအမ်အန်အို၏ လွှမ်းမိုးနိုင်မှု လျော့ကျနေရာ ယခု ရွေးကောက်ပွဲတွင် တစ်ဖက်နှင့်တစ်ဖက် မဲမကွာဘဲဖြစ်နေပါက တည်ငြိမ်သော အစိုးရရရှိရေးကို ခက်ခဲစေနိုင်မည့် အခြေအနေကို ပိုမိုစိုးရိမ်ရန်ရှိပါသည်။

ကျူးဘားခေါင်းဆောင် အပြောင်းအလဲ

ကျူးဘားသမ္မတ ရောင်းကက်စထရိုသည် ၂၀၀၆ ခုနှစ်က အစ်ကိုဖြစ်သူ အမျိုးသားခေါင်းဆောင် ဖီဒယ်ကက်စထရိုထံမှ နိုင်ငံ့အာဏာကို လွှဲပြောင်းယူခဲ့ပြီး ယခုအခါ ဧပြီ ၁၉ ရက်နေ့က မီဂွယ် ဒိုင်းယပ်စ်ကနယ် (၅၇ နှစ်) သို့ လွှဲပြောင်းပေးခဲ့ရာ ကျူးဘားတော်လှန်ရေးနောက်ပိုင်း ပထမဆုံးအကြိမ် ကက်စထရို မိသားစုဝင် မဟုတ်သူတစ်ဦးမှ နိုင်ငံ့ခေါင်းဆောင်ဖြစ်လာခဲ့ပါသည်။ ရောင်းကက်စထရိုသည် နိုင်ငံကို ၁၂ နှစ်ကြာ ထိန်းသိမ်းပေးခဲ့ပြီး ၎င်းလက်ထက်တွင် အမေရိကန်နှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရောင်းကက်စထရိုသည် ၈၆နှစ်ရှိပြီဖြစ်၍ နောက်မျိုးဆက်သစ်သို့ လွှဲပြောင်းပေးခြင်းဖြစ်သည့်အပြင် ဒိုင်းယပ်စ်ကနယ်သည် ၂၀၁၃ ခုနှစ်မှ စတင်၍ ဒုတိယသမ္မတ(၁) တာဝန်ထမ်းဆောင်ခဲ့ရာ ၎င်းကို ပြင်ပကမ္ဘာက များစွာမသိသေးသည့်တိုင် အာဏာလွှဲပြောင်းမှုမှာ အဆင်ပြေချောမွေ့မည်ဟု ယူဆကြပါသည်။ ကျူးဘားအနေဖြင့် အမေရိကန် သမ္မတ ထရန့် လက်ထက် ဆက်ဆံရေးအခက်အခဲ၊ စားနပ်ရိက္ခာနှင့် လောင်စာဖူလုံရေး၊ ငွေကြေးစနစ် အပါအဝင် စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစသည့် အခက်အခဲများစွာကို ရင်ဆိုင်နေရချိန်ဖြစ်ရာ ခေါင်းဆောင်အပြောင်းအလဲသည် အရေးကြီးပါသည်။ ရောင်းကက်စထရိုသည် လတ်တလောတွင် ကျူးဘားကွန်မြူနစ်ပါတီခေါင်းဆောင်အဖြစ် ဆက်လက်ရှိနေမည် ဖြစ်ပါသည်။ ကျူးဘားသည် အစဉ်အလာအရ ရုရှားနှင့် ဆက်ဆံရေးကောင်းရှိပြီး နောက်ပိုင်းတွင် တရုတ်ဩဇာသက်ရောက်မှု ရှိလာခဲ့ပါသည်။ အာရှဒေသမှ ဗီယက်နမ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးသည် မတ်လက ကျူးဘားသို့ လာရောက်ခဲ့ပြီး ဗီယက်နမ်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အတုယူကာ ပူးပေါင်းဆောင်ရွက်မှုလည်း ရှိခဲ့သည်ဟု သိရပါသည်။

တူရကီရွေးကောက်ပွဲ

တူရကီတွင် ပုံမှန်အားဖြင့် ရွေးကောက်ပွဲပြုလုပ်ရန် အချိန် မဟုတ်သေးသော်လည်း နိုင်ငံကို ၁၅ နှစ်ခန့် ဦးဆောင်လျက်ရှိသည့် သမ္မတ အာဒိုဂန်က တစ်နှစ်ခွဲခန့် စော၍ ၂၀၁၈ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် သမ္မတနှင့်ပါလီမန် ရွေးကောက်ပွဲများ ကျင်းပရန် ဧပြီလ ၁၈ ရက်နေ့က ကြေညာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်အာဏာသိမ်းမှုနောက်ပိုင်း နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာထားခြင်းမှ မရုပ်သိမ်းသေးဘဲ ရွေးကောက်ပွဲကျင်းပရန်စီစဉ်ခြင်းဖြစ်၍ လွတ်လပ်သော ရွေးကောက်ပွဲ ကျင်းပနိုင်ခြေအပေါ် သံသယဝင်မှုရှိပါသည်။ ထို့အပြင် ယမန်နှစ်က လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့သော ဖွဲ့စည်းပုံပြင်ဆင်ချက်အရ ရွေးကောက်ပွဲအပြီးတွင် ဝန်ကြီးချုပ်ရုံးကို ဖျက်သိမ်း၍ သမ္မတဦးစီးသော စနစ်ဖြင့် အုပ်ချုပ်သွားမည်ဖြစ်ရာ အာဒိုဂန်အတွက် အာဏာ ပိုစုစည်းမိမည့် အခွင့်အလမ်းလည်း ဖြစ်ပါသည်။ ၂၀၀၂ ခုနှစ်က အာဏာရခဲ့သော အာဒိုဂန် အနေဖြင့် ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအရ ထပ်မံအရွေးချယ်ခံပိုင်ခွင့်ရှိပြီး အနိုင်ရပါက ၂၀၂၃ ခုနှစ်အထိ သမ္မတ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ။

ဆီးရီးယားနိုင်ငံ ဒူမာမြို့တွင် ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခံရပြီး မီးခိုးများ မြင့်တက်နေမှုကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။
ဓာတ်ပုံ - AFP

အမေရိကန်သည် ယခင်နှစ်ကလည်း ဆီးရီးယားအစိုးရ၏ ဓာတု ဓာတ်ငွေ့ ဆာရင်အသုံးပြုမှုကြောင့် ဒဏ်ခတ်သည့်အနေဖြင့် ခရုဇ် ဒုံးကျည် ၅၉ လုံး ပစ်ခတ်သတိပေးခဲ့သည့်တိုင် ဆီးရီးယားသည် ယခုနှစ်တွင် ဓာတုဓာတ်ငွေ့ ထပ်မံအသုံးပြုနိုင်သည်ဖြစ်၍ ယခု ပစ်ခတ်ဖျက်ဆီးမှုကြောင့် ဆီးရီးယားတွင် ဓာတုလက်နက် ထပ်မံပြုလုပ်နိုင်ခြင်း ရှိ မရှိ မသိရ။

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အောင်ဆန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်ပြသနိုင်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၄

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူး ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ စတုတ္ထအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် အောင်ဆန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်ပြသနိုင်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကား ပြောကြားသည်။

တန်ဖိုးထားဖွယ်ရာကောင်း

ပြည်ထောင်စုဝန်ကြီးက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်သည် မြန်မာနိုင်ငံ၏ သမိုင်းလည်းဖြစ်ပြီး တပ်မတော်၏သမိုင်းလည်း ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရခြင်းသည် အလွန်ပင် ဂုဏ်ယူဖွယ်ရာ ကောင်းသည့်၊ တန်ဖိုးထားဖွယ်ရာကောင်းသည့် အမျိုးသားရေးလုပ်ငန်း တာဝန်ကြီးတစ်ခုကို ထမ်းရွက်ရသည်ဟု ခံယူကြောင်းဖြင့် ပြောကြားသည်။

၂၀၁၉ ခုနှစ်၌ အပြီးရိုက်ကူးမည်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးရန် ဇာတ်ညွှန်းကို သမိုင်းနှင့်ကိုက်ညီမှုရှိစေရန်အတွက် မြန်မာသမိုင်းပညာရှင်အဖွဲ့က ပညာရှင်ကြီးများ စုံညီစွာ တက်ရောက်ကြကြောင်း၊ ဒါရိုက်တာ မင်းထင်ကိုကိုကြီးက ဇာတ်ညွှန်းရေးသားခြင်းကို ဇွန်လအပြီး ရေးသားပြီး ပဉ္စမအကြိမ် အစည်းအဝေးတွင် တင်ပြမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ကို ၂၀၁၉ ခုနှစ်၌ အပြီးရိုက်ကူးမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် စတင်ရုံတင်ပြသနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ထို့ကြောင့် ယင်းလုပ်ငန်းကြီး အဆင့်အတန်းမြင့်မြင့်နှင့် အောင်မြင်ပြီးမြောက်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပြီး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးလူမင်းက အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ဒါရိုက်တာ မင်းထင်ကိုကိုကြီး က ဇာတ်ညွှန်းရေးသားဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း တင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အလှူရှင်တစ်ဦးထံမှ အလှူငွေ လက်ခံရယူစဉ်။ သတင်းစဉ်

ထို့နောက် ဆပ်ကော်မတီအသီးသီးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တာဝန်ကျေအောင် ကြိုးစား

ဗိုလ်ချုပ်အောင်ဆန်းနေရာတွင် သရုပ်ဆောင်မည့် ကျော်ကျော်မျိုး က "အလွန်တာဝန်ကြီးပါတယ်၊ တာဝန်လည်း ကျေချင်တယ်၊ အစွမ်းကုန်ကြိုးစားမှာပါ၊ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး ပြင်ဆင်ထားတာတွေ ရှိပါတယ်၊ စစ်သင်တန်းလည်း တက်ထားတယ်၊ သရုပ်ဆောင်သင်တန်းတွေ တက်ထားတယ်၊ ရိုက်ကွင်းတွေကိုလည်း လေ့လာထားတယ်၊ ဗိုလ်ချုပ်စာအုပ်တော်တော်များများကိုလည်း ဖတ်နေရတယ်၊ ပထမရိုက်တုန်းက ကိုယ်အားမရတဲ့အပိုင်းတွေ တွေ့လိုက်ရပြီ၊ အခု အကောင်းဆုံးဖြစ်အောင် ပြင်ဆင်လို့ရတာပေါ့၊ စိတ်ဓာတ်ကို အမြင့်ဆုံးဖြစ်အောင် သက်ဆိုင်ရာလူကြီးတွေက စိတ်ထဲကို ရိုက်သွင်းထားတယ်လေ၊ ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုပြုမူရမယ်၊ ကောင်းကောင်း လေ့ကျင့်ပေးထားတယ်၊ အတိအကျလိုက်နာပြီး အကောင်းဆုံးကြိုးစားသွားပါမယ်၊ ဒီဇာတ်ကားက တော်တော်ကြာ ရိုက်ရမယ်ဆိုတော့ ကျွန်တော် တာဝန်ကျေအောင် ကြိုးစားသွားမှာပါ" ဟု ပြောသည်။

"ဒုတိယအကြိမ်ပြန်ရိုက်မယ်ဆိုတော့ အများကြီးကြိုးစားရမယ်၊ ဒီကြားထဲမှာ ကွာဟနေတဲ့ကာလတွေ အများကြီးရှိခဲ့တဲ့အတွက် အများကြီးကြိုးစားသွားမှာပါ၊ ဇာတ်ညွှန်းထွက်ပြီးသွားရင် ဒါရိုက်တာဘက်က လိုအပ်တဲ့အချက်အလက်တွေ ပေးမယ်၊ အဲဒါတွေကို လေ့လာရမယ်၊ ကိုယ်ကလည်း တာဝန်တစ်ဖက်နဲ့ဆိုတော့ အဲဒါတွေကို မျှပြီးလုပ်ရမှာပါ၊ ဒေါ်ခင်ကြည်က စိတ်မာတဲ့အမျိုးသမီးတစ်ယောက်ပါ၊ ရုပ်ရှင်တွေထဲမှာ သရုပ်ဆောင်လုပ်တယ်ဆိုတာက ငိုတာတို့ ရယ်တာတို့ ရှိမယ်၊ သူ့နေရာမှာ သူရဲ့ စိတ်ခံစားချက်က ဝမ်းနည်းရင်လည်း တအားကြီးငိုတတ်တဲ့ အမျိုးသမီးတစ်ယောက်မဟုတ်ဘူး၊ သူ့ယောကျ်ား ကျဆုံးတဲ့အချိန်မှာတောင် ဝမ်းနည်းမှုကို ဒီမျက်လုံး တွေနဲ့ပဲ ဖော်ပြရတာဆိုတော့ ခက်ပါတယ်၊ အများကြီး ကြိုးစားရဦးမယ်" ဟု ဒေါ်ခင်ကြည်နေရာတွင် ပါဝင်သရုပ်ဆောင်မည့် နန္ဒာခြည်လင်းက ပြောသည်။

ယင်းနောက် အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ပြသနိုင်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ အောင်ဆန်းရုပ်ရှင် ဖြစ်မြောက်ရေးအဖွဲ့က ရိုက်ကူးတင်ဆက်သည့် အောင်ဆန်းရုပ်ရှင်နမူနာ ဇာတ်လမ်းကို ပြသပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ သီရိသုဓမ္မသိင်္ဂီ ဒေါ်စမ်းစမ်းနှင့် မိသားစုက ငွေကျပ်သိန်း ၁၅၀၊ ဦးကျော်မြင့် (ခိုလုံလီရှော တိုင်းရင်းသားဥက္ကဋ္ဌ) + ဒေါ်ဝင်းမြင့် မိသားစု၊ ဒေါ်ခင်ချို ၊ ဒေါက်တာဝင်းမြင့် + သီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦးတို့က ငွေကျပ်သိန်း ၁၀၀ စီ၊ ဦးစိုင်းမောင်ထွန်းနှင့် သုဓမ္မသိင်္ဂီ ဒေါ်နန်းမြစိန်တို့က ငွေကျပ်သိန်း ၆၀ ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်စွာအောင် + ဒေါ်ပိုးဖြူတို့က ငွေကျပ်သိန်း ၃၀၊ သုဓမ္မမဏိဇောတဓရ ဦးလှုဝင်း၊ ဒေါက်တာအောင်ကျော်ဝင်း + ဒေါက်တာသက်သက်ခိုင် မိသားစု၊ ဦးဇေယျသူရမွန် + ဒေါ်ခိုင်ခိုင်မြင့်တို့က ငွေကျပ် ၂၅ သိန်းစီ၊ သက်သတ်လွတ်ချန်တက်ထန် ငါးပါးသီလအဖွဲ့၊ ဦးသက်ဆွေ+ ဒေါ်ယမင်းကိုကိုတို့က ငွေကျပ်သိန်း ၂၀ စီ၊ ဦးသိန်းဝင်းဇော်+ ဒေါ်တင်လတ်မင်း (ရွှေဗျိုင်းဖြူကုမ္ပဏီ)က ငွေကျပ် ၁၅ သိန်း၊ ဒေါက်တာလှဝင်းအောင် ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်လှလှဝေ ၊ သုဓမ္မသိင်္ဂီ ဒေါ်ဌေးဌေးရီ၊ ဦးရဲလင်း+ သုဓမ္မသိင်္ဂီ ဒေါ်အိအိခင်၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်ရင်ရွှင်တို့က ငွေကျပ် ဆယ်သိန်းစီ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းဌေး ၊ သုဓမ္မမဏိဇောတဓရ ဦးဟံရှင်း၊ သုဓမ္မသိင်္ဂီ ဒေါ်တင်လေးကြည်တို့က ငွေကျပ် ငါးသိန်းစီ၊ သုဓမ္မမဏိဇောတဓရ ဦးဟုတ်ငွေ ၊ သုဓမ္မမဏိဇောတဓရ ဦးလှဝင်းတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးခင်ကျော် (ချန်ပီယံစတိုး) ငွေကျပ် တစ်သိန်း စုစုပေါင်း ငွေကျပ်သိန်း ၇၄၀ ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးလူမင်းနှင့် ဒါရိုက်တာ မင်းထင်ကိုကိုကြီးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွဋ်

အောင်လံမြို့၌ မြဝတီဘဏ် (အောင်လံ) ဖွင့်လှစ်

ရန်ကုန် မေ ၂၄

မြဝတီဘဏ်လီမိတက်၏ ၅၇ ခုမြောက် မြဝတီဘဏ် (အောင်လံ) ဘဏ်ခွဲကို မေ ၂၄ ရက် နံနက်က မကွေးတိုင်းဒေသကြီး အောင်လံမြို့ တရော်ကုန်းရပ်ကွက် ၁၄ လမ်းနှင့် ၁၅ လမ်းကြား ပြည်လမ်းတွင်ဖွင့်လှစ်ရာ ဖွင့်ပွဲအခမ်းအနားသို့ မြဝတီဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် အသင်းဝင် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည် ။

မြဝတီဘဏ် (အောင်လံ) ဘဏ်ခွဲကို အောင်လံမြို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ စာရင်းရှင်အပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆု ဝန်ဆောင်မှုအပ်ငွေများ၊ ATM ကတ်စာရင်းအပ်ငွေများလက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်သောရင်းနှီးငွေများအတွက် မရွှေ့မပြောင်းနိုင်သောမြေနှင့် အဆောက်အအုံများကို အာမခံအဖြစ်ရယူ၍ တစ်နှစ်လျှင် အတိုး ၁၃ ရာခိုင်နှုန်းဖြင့် ချေးငွေများထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့်ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန်ငွေလွှဲပေးပို့နိုင်ခြင်းများ အပါအဝင် Modern Banking အနေဖြင့်လည်း Mobile Banking ဆိုင်ရာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကျိုက်ထီးရိုးကေဘယ်လ်ကားပြေးဆွဲမှုအခြေအနေနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

❒ *ကျောဖုံးမှ*

အဆိုပါ Sky Asia ကုမ္ပဏီမှ အမှုဆောင် ဒါရိုက်တာ ဦးအောင်သန်းက "နိုင်ငံခြားအင်ဂျင်နီယာတွေနဲ့ အားလုံးစမ်းသပ်ဆောင်ရွက်ပြီးမှ တည်ဆောက်ထားတာဖြစ်လို့ ၁၀၀ ရာခိုင်နှုန်း စိတ်ချရပါတယ်၊ ပြည်သူတွေအနေနဲ့ ယုံကြည်စိတ်ချစွာနဲ့ လိုက်ပါစီးနင်းပြီး ဆံတော်ရှင်ဘုရားကြီးကို ဖူးမြော်နိုင်ပါတယ်၊ ဒီလုပ်ငန်းလုပ်ရတဲ့ ရည်ရွယ်ချက်က အရင်တောင်တက်ကားတွေကို တောင်ပေါ်ထိ ပေးမမောင်းခဲ့ဘူး၊ ရသေ့တောင်မှာပဲ ရပ်ရပါတယ်၊ ရသေ့တောင်ကနေ ဘုရားပေါ်ကို လမ်းလျှောက်ပြီးတက်ရတယ်၊ အဲဒီအခက်အခဲကို ကင်းဝေးသွားအောင် သက်သောင့်သက်သာနဲ့ ဘုရားဖူးနိုင်အောင် Cable Car Project ကို အခုလို စီစဉ်ခဲ့တာ ဖြစ်တယ်" ဟု ပြောကြားသည်။

လက်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်၌ ပြေးဆွဲနေသော ကေဘယ်လ်ကားစီးနင်းခမှာ အသွား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀ ဖြစ်ပြီး အသွားအပြန်စီးနင်းပါက ငွေကျပ် ၆၀၀၀ ဖြစ်ကြောင်း သိရသည်။ တစ်နေ့လျှင် ခရီးသည် ၃၀၀၀ ကျော် လာရောက်စီးနင်းလျက်ရှိပြီး စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ယခုအထိ ခရီးသည် သုံးသိန်းခွဲခန့် လာရောက်စီးနင်းပြီးဖြစ်ကြောင်း သိရသည်။

"ကျိုက်ထီးရိုးဆံတော်ကို လာရောက်ဖူးတာ ဒါနဲ့ဆို သုံးခေါက်ရှိပါပြီ၊ ပထမဆုံးအကြိမ် ကေဘယ်လ်ကား စီးတာပါ၊ ပျော်ဖို့လည်းကောင်းတယ်၊ ရင်လည်းတုန်ပါတယ်၊ ပိုကောင်းတာက မြန်မြန်ဆန်ဆန်ရောက်တယ်၊ သက်ကြီးရွယ်အိုတွေအတွက် ပိုအဆင်ပြေပါတယ်" ဟု ပန်းတနော်မြို့နယ်မှ လာရောက်ဖူးမြော်သူ မကေသီအောင်က ပြောသည်။

ယခုအခါ ကေဘယ်လ်ကားပြေးဆွဲမှုကို အစီးရေ ၄၃ စီးဖြင့် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲပေးလျက်ရှိပြီး နေ့စဉ်ဘုရားဖူးခရီးသည် ၃၀၀၀ ကျော် လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရသည်။

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တောင်းဆိုမှုများနှင့် လိုအပ်ချက်များအပေါ် အကြားအလပ်မရှိ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်း

နေပြည်တော် မေ ၂၄

နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားဦးကြီးများ၏ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တောင်းဆိုမှုများနှင့် လိုအပ်ချက်များအပေါ် အကြားအလပ်မရှိဖြည့်ဆည်းပံ့ပိုးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဘက်စုံထောင့်စုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၀ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ တောင်သူများ စုစည်းညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ချက်များကို လည်းကောင်း၊ တောင်သူလယ်သမားအစုအဖွဲ့သမဝါယမလုပ်ငန်း ထူထောင်လုပ်ကိုင်နိုင်ရေးကို ဥပဒေနှင့်အညီ ထူထောင်လုပ်ကိုင်နိုင်ရန် မိမိတို့ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ တောင်သူများ လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်သုံးစွဲနိုင်မည့် နည်းလမ်းများနှင့် ခေတ်မီစိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာပြန့်ပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးနေမှုတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့နယ် တရုတ်လှမြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ **(ယာပုံ)** စီမံကိန်းတာဝန်ခံက ကရင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော တရုတ်လှ၊ ဘားကပ်၊ ဇာသပြင်၊ သံလှယ် မြစ်ရေတင်စီမံကိန်းများမှ စိုက်ပျိုးရေပေးဝေနေမှုနှင့် စီမံကိန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နွေသီးနှံစိုက်ဧက စုစုပေါင်း ၁၁၀၆ ဧကကို အကျိုးပြုလျက်ရှိမှုကို လည်းကောင်း၊ မြေအောက်ရေရရှိရေးလုပ်ငန်းအနေဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ စက်ရေတွင်း စုစုပေါင်း ၄၃ တွင်း တူးဖော်ပေးနိုင်ခဲ့သဖြင့် ဒေသသောက်သုံးရေရရှိရေးကို အကျိုးပြုလျက်ရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ဝန်ကြီးက စီမံကိန်းလုပ်ငန်းများအနေဖြင့် ဒေသအကျိုးပြုလုပ်ငန်းများဖြစ်သည်နှင့်အညီ ရေရှည်တည်တံ့အကျိုးရှိစေရေးအတွက် တာဝန်ရှိသူများနှင့် ဒေသနေပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ချက်များအား ဆွေးနွေးမှာကြားသည်။

မေ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးတို့နှင့်အတူ ဘားအံမြို့ရေပေးဝေရေး(ဘားမဲတောင်) စီမံကိန်းလုပ်ငန်းကို လည်းကောင်း၊ ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းသို့ လည်းကောင်း ရောက်ရှိကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်းအနေဖြင့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းပညာရပ်များ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်သဖြင့် တစ်ဦးချင်းဝင်ငွေတိုးပွားရေးအတွက် ကာလတိုသင်တန်းများဖြစ်သည့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာဖြစ်သော ဝါးလက်မှုထည်၊ ဂျပ်ခုတ်၊ လူသုံးကုန်အလှကုန်၊ အခြေခံသံဂဟေဆက် နှင့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သင်တန်းသူ သင်တန်းသား စုစုပေါင်း ၂၆၉ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းမှတစ်ဆင့် စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)သို့ ရောက်ရှိပြီး စာတွေ့လက်တွေ့သင်ကြားမှုဆိုင်ရာများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် တောင်သူများ နည်းပညာပြည့်ဝစွာရရှိရေးအတွက် အနီးကပ်ဆောင်ရွက်ကြရမည့် အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးရာဌာနဖြစ်သည့် စိုက်ပျိုးရေးသိပ္ပံကျောင်းများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများသာမက တောင်သူပညာပေးလုပ်ငန်းများနှင့် အကျွမ်းတဝင်ဖြစ်စေရေး၊ ဆန်းသစ်လျက်ရှိသော နိုင်ငံတကာမှ နည်းပညာသတင်းအချက်အလက်များနှင့် သုတေသနဆိုင်ရာ တွေ့ရှိချက်များကို စဉ်ဆက်မပြတ် လေ့လာတတ်စေရေးတို့အတွက်ပါ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့နယ် ဝါးဆူးကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပဆောင်ရွက်နေသော တောင်သူပညာပေးဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်လျက်ရှိကြသည့် တောင်သူလယ်သမားများအား တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော်အရေးပေါ်အစည်းအဝေးကျင်းပ

မကွေး မေ ၂၄

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၈)ကို မေ ၂၄ ရက် နံနက် ၁၀ နာရီ က မကွေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် နိုင်ငံတော်သမ္မတမှ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံ ပေးပို့လာသည့် ဝန်ကြီးဌာနအလိုက် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ဖတ်ကြားတင်ပြခဲ့ပြီး ၂၀၁၃ ခုနှစ် မကွေးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၃ အရ မကွေးတိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ချက်ကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးပို့သွားမည်ဖြစ်ပြီး ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ကြီးနှစ်ဦးဖြစ်သော ဦးဝင်းမော်ဌေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဦးမြင့်ဆွေ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၈)ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဧပြီလအတွင်း ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မေ ၂၀ ရက်က ကျင်းပခဲ့သော (၅/၂၀၁၈) အစည်းအဝေးနှင့် ပတ်သက်၍ မေ ၂၄ ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ (၅/၂၀၁၈)အစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု ခွင့်ပြုပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်းတစ်ခုနှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်းတစ်ခုတို့ဖြင့် စုစုပေါင်း လုပ်ငန်း သုံးခုတို့မှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၀၇ သန်းကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၅၇၆ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ခွင့်ပြုထားသော လုပ်ငန်းသုံးခုအနက် စက်မှုကဏ္ဍလုပ်ငန်းနှစ်ခုနှင့် အခြားဝန်ဆောင်မှုကဏ္ဍ တစ်ခုတို့ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလ အထိ ခြောက်လတာကာလအတွက် ဧပြီလအတွင်း အဆိုပါလုပ်ငန်း သုံးခုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၂၁၉ သန်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် ခြောက်လတာကာလအတွက် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၈၀၀ သန်း ခွင့်ပြုပေးခဲ့သဖြင့် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၀၁၉ သန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရှစ်ခုကို ခွင့်ပြုပေးခဲ့ပြီး လုပ်ငန်းသုံးခုကို အတည်ပြုပေးခဲ့ကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်းနှစ်ခုနှင့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်းတစ်ခုရှိသဖြင့် လုပ်ငန်းပေါင်း ၁၄ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၀၄၆ သန်း အပါအဝင် ကျပ် ၆၀၃၁၈၈၆၃ သန်း ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၂၈၅ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်း ၁၄ ခုမှာ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ လေးခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတစ်ခု၊ စက်မှုကဏ္ဍ လေးခု၊ အခြားဝန်ဆောင်မှုကဏ္ဍ သုံးခု၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတစ်ခုနှင့် လျှပ်စစ်ကဏ္ဍ တစ်ခုတို့ ပါဝင်သည်။

၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလ အထိ ခြောက်လတာကာလအတွက် ဧပြီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၁၂၆ သန်း ပါဝင်ကာ ကျပ် ၆၁၂၁၈၈၆၃ သန်း ခွင့်ပြုပြီးဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ- ထိန်လင်း

◆ *ကျောဖုံးမှ*

ပါဝင်ခဲ့ပြီး ဘုန်းသစ္စာမင်း **(ဂိုး)**၊ ကျော်သူထွန်း၊ ဝင်းမိုးကျော်၊ စိုးမိုးကျော်၊ သန်းထိုက်ဇင်၊ မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ စိုးလွင်လွင်၊ ဟိန်းထက်အောင်၊ အောင်ကောင်းမာန်၊ ဝင်းနိုင်ထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် နည်းပြဦးကြည်လွင်၏ လက်အောက်တွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ထိုင်းအသင်းကို အသာစီးမှ ကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဂိုးသွင်းခွင့်များစွာ ဖန်တီးနိုင်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အဆုံးသတ် အားနည်းခြင်း၊ ထိုင်းဂိုးသမားလက်စွမ်းပြ ကာကွယ်နေခြင်းကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်းတွင်လည်း မြန်မာအသင်း ကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၆၅ မိနစ်တွင် ဂိုးစရခဲ့သည်။ ထိုင်းအသင်းအတွက် ချေပဂိုးကို ပွဲပြီးခါနီး ၉၀+၂ မိနစ်တွင် ဆီရီမောင်းခိုက မြန်မာနောက်ခံလူများ လူကပ်ကစားပုံ အားနည်းမှုကို အခွင့်ကောင်းယူကာ သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၂၇ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဖိုးသော်ဇင်

ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၄

ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးက ပြောကြားရာတွင် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန် တွေ့ဆုံဆွေးနွေးပွဲများမှ တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြန်လည်ဖြေရှင်းပေးသည့် အချက်များမှာ အပြည့်အဝမပြီးပြတ်သေးပါသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ (Public Private Dialogue) ပြုလုပ်ကာ ဆက်လက်ဖြေရှင်းညှိနှိုင်းပေးရန် လမ်းညွှန်ချက်အရ ကျင်းပရခြင်းဖြစ်ကြောင်း၊ အချို့သောအချက်များမှာ ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ဆဲကိစ္စများဖြစ်နေရာ အသင်းအဖွဲ့ကိုးသင်းမှ ထပ်မံတင်ပြလာသော တင်ပြချက် ၁၉ ချက် ရှိပါကြောင်း၊

ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချသူများ အသင်းတို့မှ တင်ပြထားချက် ၁၂ ချက်ကို ပြေလည်သည်အထိ ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းအဖွဲ့မှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ရာ ပြည်ပကုန်သွယ်မှုအခြေအနေ တိုးတက်လာကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင်လည်း ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်အောင် ဆောင်ရွက်ရာတွင် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် လွန်စွာအရေးပါကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် မှတ်ပုံတင်ရာတွင် ဝန်ကြီးဌာနအသီးသီး၌ သီးခြားစီ ဆောင်ရွက်နေခြင်းကို အာဆီယံနိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသည့်အတိုင်း တစ်နေရာတည်းတွင် မှတ်ပုံတင်ခြင်းစနစ် (Single Registration System) မျိုး ကျင့်သုံးနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့များက ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍအလိုက် တင်ပြခြင်းနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နယ်စပ်ဒေသဖြစ်သော သက်န်းညီနောင်-မဲပလဲ-ရွှေကုက္ကိုလ်ကားလမ်းပိုင်းတစ်နေရာကို ဤသို့တွေ့ရသည်။

သက်န်းညီနောင် - မဲပလဲ - ရွှေကုက္ကိုလ်ကားလမ်း ကရင်ပြည်နယ်လမ်းဦးစီးမှ တာဝန်ယူပြုပြင်

မြဝတီ မေ ၂၄

ကရင်ပြည်နယ် မြဝတီရှိ သက်န်းညီနောင်-မဲပလဲ-ရွှေကုက္ကိုလ်ကားလမ်းသည် ကီလိုမီတာအားဖြင့် ၃၀ ဒသမ ၉၈ ကီလိုမီတာရှိပြီး ကျေးရွာချင်းဆက် မြို့တက်သောလမ်းဖြစ်သည်။

အဆိုပါလမ်းမှ ရွှေကုက္ကိုလ်အပိုင်းသည် ယခင်က နတလမှ တာဝန်ယူစီမံဆောင်ရွက်သော ကားလမ်းဖြစ်သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြဝတီမြို့နယ်လမ်းဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေဖြင့်အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့က ချပေးသောရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လမ်းတာပေါင်ချဲ့ခြင်း၊ မြှင့်တင်ခြင်း၊ လမ်းဘေးဝဲယာနှစ်ဖက်၌ ရေမြောင်းများဖောက်ခြင်း၊ လမ်းအကျယ်ချဲ့၍ ကတ္တရာခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့၍ ယခုအခါ ချောမွေ့လျက်ရှိသည်။ **ခရမ်းစိုးမြင့်**

အခွန်အများဆုံးထမ်းဆောင်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်

မန္တလေး မေ ၂၄

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသော ဝင်ငွေခွန်ထမ်း ပြည်သူ ၅၀ နှင့် ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်းလုပ်ငန်းရှင် ပြည်သူ ၅၀ အား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ထမ်းဆောင်ပြီး တစ်ပြည်လုံးအဆင့် ၉၁ နှင့် မန္တလေးတိုင်းဒေသကြီးတွင် အဆင့် ၁ ရရှိသည့် New Star Light Construction Co.,Ltd.၊ တစ်ပြည်လုံးအဆင့် ၁၄၁ နှင့် မန္တလေးတိုင်းဒေသကြီးတွင် အဆင့် ၂ ရရှိသည့် Kyaw Nyo Myat Co., Ltd.၊ တစ်ပြည်လုံးဆင့် ၂၃၈ နှင့် မန္တလေးတိုင်းဒေသကြီးတွင် အဆင့် ၃ ရရှိသည့် Jin Long Myanmar Machinery Trading Co., Ltd.၊ တစ်ပြည်လုံးအဆင့် ၂၆၁ နှင့် မန္တလေးတိုင်းဒေသကြီးတွင် အဆင့် ၄ ရရှိသည့် စွမ်းအားမြင့်ကုမ္ပဏီ၊ တစ်ပြည်လုံးအဆင့် ၃၀၇ နှင့် မန္တလေးတိုင်းဒေသကြီးတွင် အဆင့် ၅ ရရှိသည့် ဦးထွန်းဝင်းတို့ကို လည်းကောင်း။

တစ်ပြည်လုံးဝင်ငွေခွန် အဆင့် ၆၂ နှင့် မန္တလေးတိုင်းဒေသကြီးတွင် အဆင့် ၁ ရရှိသည့် New Star Light Construction Co.,Ltd.၊ တစ်ပြည်လုံးအဆင့် ၈၄ နှင့် မန္တလေးတိုင်းဒေသကြီးတွင် အဆင့် ၂ ရရှိသည့် Europe & Asia Commerical Co.,Ltd.၊ တစ်ပြည်လုံးအဆင့် ၁၅၉ နှင့် မန္တလေးတိုင်းဒေသကြီးတွင် အဆင့် ၃ ရရှိသည့် Kyaw Nyo Myat Co., Ltd.၊ တစ်ပြည်လုံးအဆင့် ၂၀၃ နှင့် မန္တလေးတိုင်းဒေသကြီးတွင် အဆင့် ၄ ရရှိသည့် Lucky Group Co., Ltd.၊ တစ်ပြည်လုံးအဆင့် ၂၆၉ နှင့် မန္တလေးတိုင်းဒေသကြီးတွင် အဆင့် ၅ ရရှိသည့် Jin Long Myanmar Machinery Trading Co., Ltd. တို့မှ လုပ်ငန်းရှင် အခွန်ထမ်းပြည်သူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်သည်။

ယင်းနောက် တစ်ပြည်လုံးနှင့် မန္တလေးတိုင်းဒေသကြီးတွင် ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်အများဆုံး ထမ်းဆောင်ခဲ့ကြသည့် ကျန်လုပ်ငန်းရှင် အခွန်ထမ်းများကို တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

နမ္မတီးမြို့သို့ ခေတ္တပြောင်းရွှေ့လာသော တိုက်ပွဲရှောင်မိသားစုဝင်များအား ထောက်ပံ့ပေး

မြစ်ကြီးနား မေ ၂၄

မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်အတွင်းရှိ ဒေသအခေါ် ကဆုန့်နှင့် ဇွပ်မိုင်ကျေးရွာများမှ နယ်မြေလုံခြုံရေး အခြေအနေအရ နမ္မတီးမြို့ရှိ ခရစ်ယာန်ဘုရားကျောင်းများတွင် ခေတ္တပြောင်းရွှေ့လာသော မိသားစုများအား မေ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များက သွားရောက်အားပေးခဲ့ကြပြီး ဆန်ရိက္ခာ၊ ဆေးဝါးနှင့် မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ခြင်းကို ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှေးဦးစွာ နမ္မတီးမြို့ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်(KBC) ဘုရားကျောင်းအတွင်းရှိ အိမ်ထောင်စု ၁၀၄ စု လူဦးရေ ၄၂၇ ဦးတို့အား သွားရောက်တွေ့ဆုံ အားပေးခဲ့ကြကာ ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၁၆၉ အိတ်နှင့် ခေါက်ဆွဲခြောက်ရိက္ခာဖာ ၄၀၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မိသားစုများအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၈၉၆၇၀၀ နှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးများနှင့် ဆေးစိမ်ခြင်ထောင်များ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှ မိသားစုဝင်များအတွက် ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် Dignity Kit ၊ Sanitary Kit၊ Kitchen Set များနှင့် ခြင်ထောင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မိသားစုဝင်များ၏ ကလေးငယ်များကို မုန့်များ လိုက်လံဝေငှ ကျွေးမွေးခဲ့ကြသည်။

အလားတူပင် တိုက်ပွဲရှောင်မိသားစုများ ခေတ္တနေထိုင်ရာ နမ္မတီးမြို့စိန်ပေါလ်ကက်သလစ်ကျောင်းဝင်းအတွင်း အိမ်ထောင်စု ၈၆ စုနှင့် လူဦးရေ ၃၁၈ ဦး၊ ကံလုကျေးရွာ မောခွေလအသင်းတော်ကျောင်းဝင်းအတွင်းရှိ အိမ်ထောင်စု ၃၅ စုနှင့် လူဦးရေ ၇၆ ဦးနှင့် မြို့ဦးရပ်ကွက် စိန်ဒေါမနစ်ကက်သလစ်ကျောင်းဝင်းအတွင်းရှိ အိမ်ထောင်စု ၄၅ စုနှင့် လူဦးရေ ၂၀၃ ဦး စုစုပေါင်း အိမ်ထောင်စု ၁၆၆ စုနှင့် လူဦးရေ ၅၉၇ ဦးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၂၁၅ အိတ်နှင့် ခေါက်ဆွဲခြောက်ရိက္ခာ ဖာ ၅၀၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး ငွေကျပ် ၁၂၅၃၇၀၀ နှင့် ဆေးဝါးနှင့် ဆေးစိမ်ခြင်ထောင်များ၊ ကြက်ခြေနီတပ်ဖွဲ့မှ မိသားစုသုံးကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

UEHRD စီမံကိန်းလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၄

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လှူဒါန်းငွေကျပ်သိန်း ၁၀၀၀ ကို ဦးတင်ထွန်းဦး၊ Vice-Chairmen Trusty E-Commerce (Trusty Family Company Limited) က ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းရာ (**ယာပုံ**) UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သိမ်းဆည်းမြေဆိုင်ရာလုပ်ငန်းစိစစ်ရေးအဖွဲ့(၃)နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့ ညှိနှိုင်းစည်းဝေး

စစ်တွေ မေ ၂၄

သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၃)နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သိမ်းဆည်းခံမြေ

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် လုပ်ကိုင်စားသောက်နေကြသူများ ဖြစ်ကြကြောင်း၊ ယခင်အစိုးရလက်ထက်မှစပြီး သိမ်းဆည်းခံမြေနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် ကော်မတီများဖွဲ့ပြီး ဆောင်ရွက်ခဲ့ကာ ယခုအစိုးရလက်ထက်တွင်လည်း လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကို ဒုတိယသမ္မတ(၂) ကိုယ်တိုင် ဦးဆောင်ဖွဲ့စည်းကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆင့်တွင်လည်း ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်နေပါကြောင်း။

ထို့ကြောင့် ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ်တွင် တာဝန်ကျေကျေဖြင့် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်ပိုင်းထက် တစ်ဦးချင်းက စေတနာထားကာ ဆောင်ရွက်မည်ဆိုလျှင် ပိုပြီးအောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် ဗဟိုကော်မတီမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြေယာအမှုတွဲများ

ထို့နောက် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၃)၏ ဒုတိယအဖွဲ့ခေါင်းဆောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ချမှတ်ထားသော မူဝါဒများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ငြိမ်းနှင့် ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများက မြေယာအမှုတွဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ကော်မတီဝင်များက ပြန်လည်ညှိနှိုင်းဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တက်ရောက်

ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၃)၏ အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်များမှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

(၆)ကြိမ်မြောက် ခမီအမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပခဲ့စဉ်က တွေ့ရစဉ်။

(၈)ကြိမ်မြောက် ခမီအမျိုးသားနေ့ ပုဏ္ဏားကျွန်းမြို့နယ်၌ စည်ကားစွာကျင်းပမည်

စစ်တွေ မေ ၂၄

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျင်တလင်းကျေးရွာ၌ (၈)ကြိမ်မြောက် ခမီအမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို မေ ၂၇ ရက် နံနက် ၇ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

"ခမီအမျိုးသားနေ့ ကျင်းပခြင်းဖြင့် ခမီတိုင်းရင်းသားများ၏ ရိုးရာအလှဓလေ့များ၊ ယဉ်ကျေးမှုများကို ဖော်ထုတ်အကောင်အထည် ဖော်နိုင်ပါတယ်၊ တခြားတိုင်းရင်းသားများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်၊ မိမိတို့လူမျိုးကို မိမိတို့ ယုံကြည်မှုရှိကာ လူမျိုးချစ် စိတ်ဓာတ်များ ပေါ်ပေါက်လာစေပြီး ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ရိုးရာ အမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များ သိရှိပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်လာစေရန်"ဟု ခမီတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးလေကျော်အောင်က ပြောသည်။ ခမီ အမျိုးသားနေ့ကို မြို့နယ်အလိုက် နှစ်စဉ် မေ ၂၇ ရက်တွင် ရိုးရာအစဉ်အလာမပျက် ကျင်းပလျက်ရှိကြောင်း ၎င်းက ပြောသည်။

ထို့ပြင် ခမီတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့မှ ရိုးရာဓလေ့များကို ဖော်ပြသည့်အနေဖြင့် ခမီတေးသရုပ်ဖော်သီချင်းများ၊ ရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

❁ ကျောဖုံးမှ

ထို့နောက် ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိရာ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များနှင့် ပြန်လည်ဝင်ရောက်လာသူများအား NV ကတ်ထုတ်ပေးရေးလုပ်ငန်း အစီအစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြကာ သတင်းမီဒီယာအဖွဲ့များက သိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိပြီး ကြားစခန်းအပြီးသတ်တည်ဆောက်နေမှုများနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်သတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့ လှဖိုးခေါင်ကြားစခန်းတွင် သတင်းရယူနေစဉ်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်ရောက်ရှိပြီး ပြန်လည်ဝင်ရောက်လာသည့် မိသားစုဝင်ငါးဦးအား သီးခြားစီတွေ့ဆုံကာ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေ့ရက်၊ ပြန်လည်ဝင်ရောက်လာသည့် အကြောင်းရင်း၊ ဝင်ရောက်ခဲ့သည့်နေရာ၊ တစ်ဖက်နိုင်ငံတွင် နေထိုင်ခဲ့သည့်နေရာ၊ လက်ရှိနေထိုင်နေမှု၊ အလုပ်အကိုင်၊ တစ်ဖက်နိုင်ငံမှ ပြန်မလာကြသူများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အမြင်၊ လက်ရှိအခြေအနေတွင် အနှောင့်အယှက်ရှိ၊ မရှိနှင့် NV ကတ်အပေါ် ၎င်းတို့၏ အမြင်များနှင့် စပ်လျဉ်း၍ မေးမြန်းသတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မိသားစုဝင် ငါးဦးအား တွေ့ဆုံသတင်းရယူစဉ်။

သတင်း-မျိုးမြင့်
ဓာတ်ပုံ-ဟန်လင်းနိုင်

ကြံခင်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပျက်စီး

ကြံခင်း မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အတွင်း မေ ၂၃ ရက် ညနေ ၄ နာရီခွဲခန့်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာ လေးအုပ်စုတွင် အိမ် ၁၅ လုံး ပြိုကျပျက်စီးခြင်း၊ ၆၁ အိမ် အမိုးလန် ပျက်စီးခဲ့ကြောင်း သိရသည်။

ပျက်စီးဆုံးရှုံးမှုများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကျေးရွာအုပ်စုများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရွှေတောင်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန် ပြိုကျပျက်စီးမှုဖြစ်

ရွှေတောင် မေ ၂၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ကျေးရွာအုပ်စု သုံးအုပ်စုမှ ကျေးရွာခွဲ ၁၀ ရွာတွင် မေ ၂၃ ရက် ညနေ ၄ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျ၊ အမိုးလန် ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် တရုတ်မှော်အုပ်စုတွင် နေအိမ်သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး ၂၉ လုံး အမိုးလန် ပျက်စီးခဲ့သည်။ လမိုင်းအုပ်စုတွင် နေအိမ် ကိုးလုံး အမိုးလန် ပျက်စီး၊ သရက်သုံးပင်အုပ်စုတွင် နေအိမ် ၁၀ လုံး အမိုးလန်ပျက်စီးနှင့် စုစုပေါင်း နေအိမ်သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး ၄၈ လုံး အမိုးလန်ပျက်စီးခဲ့ကာ လူနှင့် အိမ်မွေးတိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

ပျက်စီးနေအိမ်များအား ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းဆောက်လုပ်ပေး

မိုးညို မေ ၂၄

မိုးညိုမြို့နယ် ပေါက်ကုန်းကျေးရွာတွင် လေပြင်းတိုက်ခတ်ပြီး ပြိုကျပျက်စီးသွားသော နေအိမ်များအား မေ ၂၃ ရက်က စ၍ လေဘေးကယ်ဆယ်ရေးထောက်ပံ့ပေးသော ငွေများဖြင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီ၍ နေအိမ်သစ်များ ပြန်လည် ဆောက်လုပ်ပေးလျက်ရှိသည်။ (ဓာတ်ပုံ)

အလားတူ မိုးညိုမြို့နယ်တွင်းရှိ ဌာနဆိုင်ရာများမှလည်း တစ်ဌာနချင်း တတ်နိုင်သရွေ့ အလှူငွေများ ထည့်ဝင်လှူဒါန်းပြီး နေအိမ်များကို ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ထိုင်းနိုင်ငံ ဒွယ်လုံမြို့၌ မြန်မာနိုင်ငံသား ၁၆ ဦးနှင့် ပို့ဆောင်သူတို့ အရေးယူခံရ

ချင်းရိုင်း မေ ၂၄

ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင် ဒွယ်လုံမြို့နယ် လမ်း(၃)ခွဲ လမ်းဆုံအနီး၌ ချင်းမိုင်မြို့သို့ တရားမဝင် သွားရောက်မည့် မြန်မာနိုင်ငံသား ၁၆ ဦးနှင့် ပို့ဆောင်ပေးသူတို့ကို ဖမ်းဆီးအရေးယူခဲ့ကြောင်း ဒွယ်လုံရဲစခန်း၌ မေ ၂၄ ရက် နံနက်ပိုင်းက သတင်းထုတ်ပြန်ခဲ့ကြောင်း ချင်းရိုင်းနယူးအွန်လိုင်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂၄ ရက် နံနက် ၃ နာရီခန့်တွင် ဒွယ်လုံမြို့နယ် လမ်း(၃)ခွဲ လမ်းဆုံအနီး ယာဉ်အမှတ် (ဖက----- ချင်းရိုင်း)အား မသင်္ကာသဖြင့် တာဝန်ရှိသူများက ရပ်တန့်စစ်ဆေးခဲ့ရာ အမျိုးသား ကိုးဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၆ ဦးတို့ကို တွေ့ရှိသည်။ စစ်ဆေးချက်အရ ၎င်းတို့သည် မြန်မာနိုင်ငံသားများဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ မြောက်ပိုင်း မယ်ဆိုင်မြို့နယ်အတွင်း၌သာ အလုပ်လုပ်ကိုင်ခွင့်ရှိသည့် အထောက်အထားများရှိပြီး သတ်မှတ်ရက် ကုန်ဆုံးနေသည်ကို တွေ့ရကြောင်း၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ အလုပ်လုပ်ကိုင်ရန်အတွက် တရားမဝင် ဝင်ရောက်ခဲ့ပြီး တာဝန်ရှိသူများက ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင် မဲခေါင်မြစ်ကြောင်း လုံခြုံရေးရဲတပ်စခန်း စခန်းမှူး ဗိုလ်မှူးကြီး (ရဲ) ဝုတိချိုင်း ဖူကျရှိန်ယွတ်၊ ကျင်းရှဲန်လူဝင်မှုကြီးကြပ်ရေးရဲ ရဲဗိုလ်မှူးကြီး နတ်ချဲ့ထရစ်ပင်ပတ်နှင့် ပတ်ဝန်းရှိသူများက ခွင့်ပြုချက်မရှိ မှောင်ခိုဝင်ရောက်မှုအား ဖမ်းဆီးခဲ့ကြောင်း မေ ၂၄ ရက် နံနက်ပိုင်းက ဒွယ်လုံရဲစခန်း၌ သတင်းထုတ်ပြန်ခဲ့သည်။

အမှုမှ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအား ချင်းမိုင်သို့ ပို့ဆောင်ရန် ခေါ်ဆောင်ခဲ့သူ ထိုင်းနိုင်ငံသားနှင့် မြန်မာနိုင်ငံသား ၁၆ ဦးတို့အား ဒွယ်လုံရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

❋ ကျောဖုံးမှ

ကမ္ဘောဒီးယားကလပ် အန်ကောအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ဗီယက်နမ်ကလပ် ထန်ဟွာအသင်းနှင့် မြန်မာကလပ် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းလေးသင်းတွင် ရန်ကုန်အသင်းမှလွဲ၍ ကျန်သုံးသင်းမှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်ပြီး ယခုပွဲရလဒ်မှာ အသင်းတိုင်းအတွက် အရေးမပါတော့ပေ။ ရန်ကုန်အသင်းသည် အာဆီယံဇုန် ဆီမီးဖိုင်နယ်တွင် တွေ့ဆုံမည့်အသင်းကို အုပ်စုပွဲများပြီးဆုံးမှသာ ထွက်ပေါ်မည်ဖြစ်သည်။

ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းက "အာဆီယံဇုန် ဆီမီးဖိုင်နယ်တက်ရောက်ပြီး ဖြစ်ပေမယ့် ဒီပွဲကို အကောင်းဆုံးလူစာရင်းနဲ့ ယှဉ်ပြိုင်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပွဲပြီးရင် ပြည်တွင်းလိဂ်ပွဲအဖြစ် Southern အသင်းနဲ့ အဝေးကွင်း ယှဉ်ပြိုင်ဖို့ရှိပါတယ်၊ ပြီးရင် AFC Cup ဆီမီးဖိုင်နယ်ပွဲတွေ ကစားရမှာပါ၊ ဒါကြောင့် ဒဏ်ရာရနေတဲ့သူနဲ့ ကြံ့ခိုင်မှုမပြည့်တဲ့သူတွေကလွဲရင် အမာခံကစားသမားအားလုံး ခေါ်ဆောင်သွားတာဖြစ်ပါတယ်၊ ဒီပြိုင်ပွဲက နိုင်ငံကိုယ်စားပြုပြီး ယှဉ်ပြိုင်နေတာကြောင့် နိုင်ငံအတွက်ရော ကလပ်အသင်းအတွက်ပါ အောင်မြင်မှုရဖို့ ကြိုးစားမှာပါ" ဟု ပြောသည်။

ရန်ကုန်အသင်းသည် ပထမအကျော့အိမ်ကွင်းပွဲတွင် ထန်ဟွာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း ယာယီနည်းပြချုပ် ဦးအောင်ကျော်ထွန်းက "နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်ကို အဆုံးသတ်ခဲ့ရပေမယ့် နိုင်ငံနဲ့ ကလပ်အသင်း ဂုဏ်သိက္ခာအတွက် အကောင်းဆုံးယှဉ်ပြိုင်မှာပါ၊ ဒဏ်ရာရ ကစားသမားတွေကလွဲရင် လူစုံထုတ်ပြီး ယှဉ်ပြိုင်မှာပါ၊ နိုင်ပွဲရဖို့ ကြိုးစားမှာပါ"ဟု ပြောသည်။

ရှမ်းယူနိုက်တက်အသင်းသည် ငါးပွဲကစားအပြီးတွင် နိုင်ပွဲတစ်ပွဲသာရသေးပြီး ယင်းနိုင်ပွဲကို အန်ကောအသင်းအား အဝေးကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး ရရှိခဲ့ခြင်းဖြစ်သည်။

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - စိုးညွန့်

ယာဉ်တည်ဆောက်မှုညွှန်ကြားချက်နှင့် မညီညွတ်သည့် ဆိုင်ကယ်ဘေးတွဲများ ဖမ်းဆီးအရေးယူလျက်ရှိ

ဖျာပုံ မေ ၂၄

မော်တော်ယာဉ် နည်းဥပဒေများနှင့် မညီညွတ်သည့် ဆိုင်ကယ်ဘေးတွဲနှင့် နောက်တွဲများကို ဖျာပုံမြို့တွင် စစ်ဆေးအရေးယူလျက်ရှိရာ မေ၂၄ ရက် နံနက်က ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့ခွဲအမှတ်(၈၀)ယာဉ် ထိန်းတပ်ဖွဲ့မှ ခရိုင်ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်ဇော်နည်းထွန်းနှင့် တပ်ဖွဲ့ဝင်များသည် မြို့မရပ်ကွက်များအတွင်း မောင်းနှင်နေသည့် ဆိုင်ကယ်ဘေးတွဲ လေးစီးကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးထားကြောင်း သိရသည်။

ဆက်လက်စစ်ဆေး

ဖမ်းဆီးထားရှိသည့် ဆိုင်ကယ်ဘေးတွဲလေးစီးတွင် ဆိုင်ကယ်လိုင်စင်ရှိ သုံးစီးနှင့် ဆိုင်ကယ်လိုင်စင်မရှိသည့် တစ်စီး ပါဝင်လျက်ရှိပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားနိုင်ရန် အဆင့်ဆင့်တင်ပြထားရှိကြောင်း သိရသည်။ ဖျာပုံမြို့နယ်အတွင်း ဆိုင်ကယ်ဘေးတွဲနှင့် နောက်တွဲများကို ဆက်လက်စစ်ဆေးဖမ်းဆီးသွားမည်ဟု ရဲအုပ်ဇော်နည်းထွန်းက ပြောပြသည်။

အောင်ဝင်း(ဖျာပုံ)

တနိုင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေပေးအပ်

တနိုင်း မေ ၂၄

ကချင်ပြည်နယ် တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ၏ စီးပွားရေး တိုးတက်လာစေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှ လူဦးရေ ၁၀၅ ဦးအား ထုတ်ချေးငွေကျပ် သိန်း ၃၄၀ ကို မေ ၁၂ ရက်က ထုတ်ပေးခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးဝေထွန်းက ချေးငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြီးကြပ်ခဲ့ကြောင်း သိရသည်။

ဗထူး

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုဒ်(CO) ဓာတ်ငွေ့အန္တရာယ် ကျန်းမာရေးသတိပေး နှိုးဆော်ချက်

မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သောသာမန်ကျန်းမာရေးပြဿနာများ

၁။ ချောင်းဆိုးခြင်း၊
၂။ လည်ချောင်းယားယံခြင်း၊
၃။ မျက်စိစပ်ခြင်းနှင့် မျက်ရည်ယိုခြင်း၊
၄။ နှာစေးခြင်း၊
၅။ ခေါင်းကိုက်ခြင်း။

မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သောပြင်းထန်ကျန်းမာရေးပြဿနာများ

၁။ အသက်ရှူမြန်ခြင်း၊
၂။ ရင်ဘတ်အောင့်ခြင်း၊
၃။ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် ရင်ကျပ်ပန်းနာရောဂါ ပိုမိုဆိုးရွားစေခြင်း၊
၄။ အသက်ရှူကျပ်ခြင်း၊
၅။ ချောင်းဆိုးခြင်း၊
၆။ ပန်းနာရင်ကျပ်ထလျှင် မြည်သော ရှီရှီသံများထွက်ခြင်း။

ကာဗွန်မိုနောက်ဆိုဒ်(CO) ဓာတ်ငွေ့ကြောင့်ဖြစ်နိုင်သော ကျန်းမာရေးပြဿနာများ

၁။ ခေါင်းကိုက်ခြင်း၊
၂။ ဇက်ကြောတက်ခြင်း၊
၃။ အားနည်းခြင်း၊
၄။ အန်ခြင်း၊
၅။ ရင်ဘတ်အောင့်ခြင်း၊
၆။ စိတ်ရှုပ်ထွေးခြင်း။

(ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့အမြောက်အမြား ရှူမိပါကအသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်)

ထိခိုက်ခံစားလွယ်သောအုပ်စုများ

၁။ နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါအခံရှိသူများ၊
၂။ သက်ကြီးရွယ်အိုများ၊
၃။ ကလေးသူငယ်များ၊
၄။ ကိုယ်ဝန်ဆောင်မိခင်များ။

(ထိခိုက်ခံစားလွယ်သောအုပ်စုများတွင် ပြင်းထန်သောရောဂါလက္ခဏာများ ဖြစ်ပေါ်နိုင်ပါသည်။ မီးခိုးငွေ့ပမာဏထူထပ်လွန်းပါက ကျန်းမာသောလူများတွင်ပင် ပြင်းထန်သောရောဂါလက္ခဏာများ ခံစားရနိုင်ပါသည်။)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ညောင်လေးပင်မြို့ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်ဖောက်ထွင်းခံရ ပြစ်မှုကျူးလွန်သူများအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

ညောင်လေးပင် ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ (၄) ရပ်ကွက်၌ ဧပြီ ၂၃ ရက် ညနေ ၄ နာရီက လျှပ်စစ်ပစ္စည်းအရောင်းဆိုင်မှ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ဖောက်ထွင်းခိုးယူခံရသဖြင့် ပြစ်မှုကျူးလွန်သူများအား ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် နာရီပိုင်းအတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်၊

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၄) ရပ်ကွက် မန္တလေးလမ်းရှိ လေလှိုင်း လျှပ်စစ်ပစ္စည်းဆိုင်ပိုင်ရှင်မှ ဧပြီ ၂၂ ရက် နံနက်ပိုင်း၌ ဆိုင်ဖွင့်မည်ပြုစဉ် ဆိုင်၏ အနောက်ဘက် သံတံခါးမှာ ပွင့်နေပြီး ဖုန်းများ၊ ဖုန်းငွေဖြည့်ကတ်များ၊ ငွေစက္ကူရောရာနှင့်လျှပ်စစ်ပစ္စည်းများ ပျောက်ဆုံးနေသဖြင့်ဆိုင်ပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ညနေ ၄ နာရီခွဲခန့်တွင် မြို့မရဲစခန်း၌ ပျောက်ဆုံးပစ္စည်း စာရင်းနှင့် တိုင်ကြားခဲ့သည်။

ညောင်လေးပင်မြို့မရဲစခန်းမှစခန်းမှူး ဒုရဲမှူးဌေးဝင်း ဦးဆောင်၍ရဲတပ်ဖွဲ့ဝင်များသည်အခင်းဖြစ်နေရာအားသွားရောက်စစ်ဆေးခဲ့ရာ CCTV မှတ်တမ်းများအရ ပြစ်မှုကျူးလွန်သူနှစ်ဦး၏ပုံရိပ်များကိုတွေ့ရှိခဲ့ရပြီး ဆက်လက်စုံစမ်းရာ ဧပြီ၂၃ ရက် မွန်းလွဲပိုင်း၌ လူငယ်နှစ်ဦး ဖုန်းအသစ်များ ကိုင်တွယ်သုံးစွဲနေသည်ဆိုသော သတင်းအရ တာဝန်မှူးနှင့် နယ်ထိန်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် နေမျိုးအောင်(၁၇ နှစ်)နှင့် သန့်ဇင်အောင်(၁၆ နှစ်) ညောင်လေးပင်မြို့နယ် ကြိုးကြာကွင် ကျေးရွာနေသူတို့အား ငွေကျပ်သိန်း ၄၀ ကျော်တန်ဖိုးရှိ ဖောက်ထွင်းခိုးယူသွားသောပစ္စည်းများနှင့်အတူ လက်ဝယ်တွေ့ရှိသဖြင့် ဖမ်းဆီးနိုင်ခဲ့ပြီး ညောင်လေးပင်မြို့မရဲစခန်းက ဆက်လက်စစ်ဆေးကာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

တောင်ကြီးမြို့တွင် ကားမှန်ခွဲ၍ ပစ္စည်းခိုးယူသူအား ရဲတပ်ဖွဲ့ဝင်များက နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၄

ရှမ်းပြည်နယ် တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ တောင်ကြီးလက်ဖက်ရည်ဆိုင်တွင် ဧပြီ ၂၃ ရက် နံနက် ၇ နာရီခန့်က ကျိုင်းတုံမြို့ရပ်ကွက် (၂)နေ ဦးဇေယျာလင်း(၃၇ နှစ်)သည် လက်ဖက်ရည်သောက်ပြီး ပြန်လည်ထွက်လာစဉ် မြကန်သာပန်းခြံရှေ့၌ ရပ်ထားခဲ့သည့် 9K/-----ယာဉ်၏ဝဲဘက်ခြမ်းနောက်မှန်ဘေးတံခါးမှာ ကွဲအက်နေသည်ကို တွေ့ရှိသဖြင့် ယာဉ် အတွင်းစစ်ဆေးခဲ့ရာ ယာဉ်ရှေ့ခန်းတွင်ထားရှိသော အနက်ရောင်လက်ဆွဲအိတ်နှင့် အိတ်အတွင်းရှိ ငွေကျပ်ငါးသိန်းနှင့် ဆမ်ဆောင်းတက်ဘလက်တစ်လုံး၊ ရုံးသုံးစာရွက်စာတမ်းများမှာ ပျောက်ဆုံးနေသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ တောင်ကြီးနယ်မြေရဲစခန်း၌ အမှုဖွင့်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲမြင့်၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းခဲ့ရာ ဦးဇေယျာလင်း၏ ယာဉ်နောက်တွင် ရပ်ထားသော ယာဉ်တစ်စီး၏ ဘလက်ဘောက်မှ တစ်ဆင့်ပြစ်မှုကျူးလွန်သူ၏ မှတ်တမ်းဓာတ်ပုံများအား ရရှိခဲ့ပြီး မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်တောင်ကြီးမြို့ သစ်တောရပ်ကွက်အရှေ့မြို့ပတ်လမ်းပလက်ဖောင်းဘေးတွင် မှတ်တမ်းဓာတ်ပုံပါ မိုင်းဆန်မြို့ရပ်ကွက် (၃) နေစိုင်းအွမ် (၅၂ နှစ်) အား သက်သေခံပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ၎င်းသည် မြို့မရပ်ကွက်ရှိ တည်းခိုခန်းတစ်ခုတွင် မကြာခဏလာရောက်တည်းခိုပြီး တောင်ကြီးမြို့ပေါ်ရှိ လမ်းဘေးတွင် ရပ်ထားသည့်ယာဉ်များမှ နောက်မှန်များခွဲ၍အတွင်းရှိ ပစ္စည်းများခိုးယူကျူးလွန်လေ့ရှိကြောင်း စစ်ဆေးသိရှိရ၍ အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

တာလေမြို့ မိုင်းလင်း(အရှေ့)အုပ်စုရှိ သစ်တောအတွင်း နေထိုင်သူနှစ်ဦး အချင်းချင်းစကားများရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံး

တာလေ ဧပြီ ၂၄

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် တာလေမြို့ မိုင်းလင်း(အရှေ့) ကျေးရွာအုပ်စု နမ့်ခမ်း (၀)ကျေးရွာအနီးရှိ တောင်ပေါ်သစ်တောအတွင်း နေထိုင်သူနှစ်ဦး အချင်းချင်းစကားများရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်ပွားပြီး ဧပြီ ၂၄ ရက်နံနက်က တစ်ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၄ ရက် နံနက် ၁ နာရီခန့်က နမ့်ခမ်း(၀)ရွာနေသူ ကိုမျိုးဆိုသူက တယ်လီဖုန်းဖြင့် မိုင်းလင်းနယ်မြေရဲစခန်းသို့ အကြောင်းကြားချက်အရ မိုင်းလင်းနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်မင်းဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မိုင်းလင်း(အရှေ့) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေး ကြည့်ရှုခဲ့ရာ၊ နိုင်ထွန်း(ခ)မင်းထွန်း (၃၄ နှစ်)နှင့် အောင်မြင့်ဦး(၄၀ နှစ်)တို့ နှစ်ဦးသည် အချင်းချင်းစကားများ ရန်ဖြစ်ရာမှ နိုင်ထွန်း(ခ)မင်းထွန်းက ဓားဖြင့် ခုတ်သဖြင့်အောင်မြင့်ဦးမှာ ဒဏ်ရာများရရှိကာ တဲအတွင်း၌ ပက်လက် အနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး နိုင်ထွန်း(ခ) မင်းထွန်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

သို့ဖြစ်၍ သေဆုံးသူ အောင်မြင့်ဦး၏ အလောင်းအား တာလေမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စစ်ဆေးစေပြီး၊ မိုင်းလင်းနယ်မြေရဲစခန်းတွင် ဓားဖြင့်ခုတ်၍ ထွက်ပြေးနေသူ နိုင်ထွန်း(ခ) မင်းထွန်းအား ဖမ်းဆီးရမိရေး အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

မိုင်းယောင်း၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဆက်စပ်ပစ္စည်းများဖမ်းမိ

မိုင်းယောင်း ဧပြီ ၂၄

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ပောင်ကြန့်အုပ်စု ပုံချိုနီးကျေးရွာ၌ ဧပြီ ၂၄ ရက် နံနက် ၆ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မိုင်းယောင်းမြို့နယ် ပောင်ကြန့်အုပ်စု ပုံချိုနီးကျေးရွာရှိ မိညူး (အမျိုးသမီး)၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့သည်။

နေအိမ် တွင်မိညူးနှင့် မင်းထင် (အမျိုးသား) တို့အား တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ မင်းထင်အိပ်သည့် မီးဖိုချောင်ကြမ်းပြင်အိပ်ရာပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၂ ပြားအားလည်းကောင်း၊ မိညူး၏ အိပ်ခန်းအတွင်းရှိ အိပ်ရာဘေးကြမ်းပြင်ပေါ်မှ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းခဲ့ပြီး မိညူး (၃၆ နှစ်)၊ မင်းထင် (၂၆ နှစ်)၊ ပုံချိုနီးရွာ ပောင်ကြန့်အုပ်စု မိုင်းယောင်းမြို့နယ်နေသူတို့အား မိုင်းယောင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

တမူးမြို့ထွက် ၄ မိုင်စစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

တမူး ဧပြီ ၂၄

တမူးမြို့မူးယစ်တပ်ဖွဲ့စု ၇ မှ ရဲအုပ်သိန်းတင်ဦးနှင့်အဖွဲ့သည် သတင်းအရ တမူးမြို့အထွက် ၄ မိုင် စစ်ဆေးရေးဂိတ်ရှေ့ တမူး-ကလေးသွား ကားလမ်းမပေါ်တွင် တမူးမြို့ဘက်မှ ပန်းသာရွာဘက်သို့ အောင်နိုင်ထူး(ခ)နိုင်ထူး မောင်းနှင်လာသည့် ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ အောင်နိုင်ထူးထံ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ ပြား၊ ဘိန်းဖြူမှုန့်ဟု ယူဆရသော ဘိန်းဖြူမှုန့် ၅ ဒသမ ၂ ဂရမ်ခန့်အား ရှာဖွေတွေ့ရှိ၍ အောင်နိုင်ထူး(ခ)နိုင်ထူးအား တမူးမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူ ဆောင်ရွက်နေကြောင်း သိရသည်။

ဝင်းနိုင်(တမူး)

ရတနာပွင့်လှုကန်တော်ကြီးတွင် လူငယ်နှစ်ဦးရေနစ်သေဆုံး

တောင်တွင်းကြီး ဧပြီ ၂၄

တောင်တွင်းကြီးမြို့ မောင်းတိုင် (၁)ရပ်ကွက်ရှိ ရတနာပွင့်လှုကန်တော်ကြီးတွင် ဧပြီ ၂၃ ရက်က အမျိုးသားနှစ်ဦး ရေနစ်သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ အောင်ချိုဦး (၄၁ နှစ်) ရွှေအိုး(၂)ရပ်ကွက် တောင်တွင်းကြီးမြို့နေသူနှင့် တစ်ရပ်ကွက်တည်းနေ ချစ်စန်းဝေ(၂၅ နှစ်)၊ ကိုတူး၊ ဂျမ်းလေးလေးဦးတို့သည် ယင်းနေ့ညနေ ၄ နာရီခွဲခန့်တွင် ရတနာပွင့်လှုကန်တော်ကြီးသို့ ရောက်ရှိ၍ အရက်သေစာသောက်စားမူးယစ်ကာ ရေဆင်းချိုးခဲ့ရာမှ အောင်ချိုဦးနှင့် ချစ်စန်းဝေတို့နှစ်ဦးမှာ ကန်၏ တံတားအရှေ့ဘက်စပ် ၁၅ပေခန့်အကွာ အနက်၁၂ပေခန့်တွင် ရေနစ်သေဆုံးခဲ့ပြီး တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ

လိုင်စင်မဲ့ဆိုင်ကယ်များ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၄

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၀၃ စီး၊ သွင်းကုန် ၈၅၉ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၇၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၃ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၂၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀ ဒသမ ၈၃၂ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄ ဒသမ ၁၁၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၂၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ဘီးလင်းတိုးဂိတ်အနီး တိုယိုတာဟိုက်အေ့စ်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Harley Davidson ၊ Yamaha FZ ၊ Yespa Paggio စုစုပေါင်းမော်တော်ဆိုင်ကယ်သုံးစီးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅ ဒသမ ၂သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Harley Davidson၊ Yamaha FZ ၊ Yespa Paggio မော်တော်ဆိုင်ကယ်များနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ရန်ကုန်တိုင်းဒေသကြီး)

၉း၀၀ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ကယားပြည်နယ် လွိုင်ကော်)

၁၃း၄၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-I) (မန္တလေးမြို့)(ပထမပိုင်း)

ညပိုင်း

၁၆း၅၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၄၄)**

၁၈း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ **အချစ်သည်သာ**

၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၁၄) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)

၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ

၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ကာကွယ်ရေးဝန်ကြီးဌာန)

- **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (စစ်ကိုင်းတိုင်းဒေသကြီး)

- သုခုမရင်ခွင်အငြိမ့်သဘင် **မန္တလေးဦးပေါစိန်နှင့် အဖွဲ့အငြိမ့်** (မင်းသမီး- ဟန်ဝင့်ဝါ၊ လူရွှင်တော်- ပွင့်လင်း၊ ပေါစိန်၊ တတ်တိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

လိဒ်စ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲအတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံသို့ ခြေစမ်းပွဲလာရောက်ကစားမည့် အင်္ဂလန်ကလပ် လိဒ်စ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီအီးအို ဦးဘုန်းနိုင်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများ၊ AYA Bank မှ တာဝန်ရှိသူများ၊ လိဒ်စ်ယူနိုက်တက်အသင်း အုပ်ချုပ်မှုဒါရိုက်တာ Mr. Angus Kinnear နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ AYA Bank မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော်နှင့် လိဒ်စ်ယူနိုက်တက်အသင်း အုပ်ချုပ်မှုဒါရိုက်တာ Mr.Angus Kinnear တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ လိဒ်စ်ယူနိုက်တက်အသင်း အုပ်ချုပ်မှုဒါရိုက်တာက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် AYA Bank မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော် တို့အား လိဒ်စ်ယူနိုက်တက်အသင်း ဂျာစီအား အမှတ်တရပေးအပ်ပြီး အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက မြန်မာအသင်းဂျာစီအား ပြန်လည်ပေးအပ်သည်။ ထို့နောက် တက်ရောက်လာသောမီဒီယာများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားကြသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက "ဒီနှစ်ထဲမှာ ယှဉ်ပြိုင်ရမယ့် အာရှအားကစားပြိုင်ပွဲနဲ့ အာဆီယံဆုဇူကီး ဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ကျင်းပတာ ဖြစ်ပါတယ်၊ လိဒ်စ်ယူနိုက်တက်အသင်းနဲ့ ခြေစမ်းပွဲက ကျွန်တော်တို့အတွက် အများကြီး အကျိုးရှိမယ်လို့ ထင်ပါတယ်"ဟု ပြောကြားသည်။

AYA Bank မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော်က "မြန်မာဘောလုံး တိုးတက်ရေးကို အထောက်အကူဖြစ်အောင် ပံ့ပိုးကူညီတာဖြစ်ပါတယ်၊ လိဒ်စ်ယူနိုက်တက်အသင်းက လာရောက်ကစားတဲ့အတွက် အခကြေးငွေမယူပေမယ့် သွားလာစားသောက် တည်းခိုစရိတ်အတွက် ဒီဘက်က အကုန်အကျခံပေးရပါတယ်"ဟု ပြောကြားခဲ့သည်။

ခြေစမ်းပွဲများအဖြစ် မေ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ MNL All Star အသင်းနှင့် လိဒ်စ်ယူနိုက်တက်အသင်း၊ မေ ၁၁ ရက်တွင် မန္တလာသီရိကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် လိဒ်စ်ယူနိုက်တက်အသင်းတို့ ခြေစမ်းမည်ဖြစ်ကာ ခြေစမ်းပွဲနှစ်ပွဲစလုံးကို ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဝင်ကြေးအဖြစ် ငွေကျပ် ၄၀၀၀၊ ငွေကျပ် ၃၀၀၀၊ ငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။

သတင်း-ရဲရင့်ရှိုင်း

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကြော်ငြာအမှတ်(၁/၁၈)
(၂၀၁၈ခု ဧပြီလ ၂၄ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်အမှတ်(၁၊ ၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့်အမှတ်(၁)တပ်မတော်အသံလွှင့်တပ်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်) ဝန်ထမ်းအဖြစ်ခန့်အပ်ရန် အလိုရှိပါသည်-

(က) ရုပ်/သံ သတင်းကြေညာသူ(ပြည်တွင်း)(အမျိုးသား/အမျိုးသမီး)
(ခ) ရုပ်/သံ သတင်းကြေညာသူ/ ဘာသာပြန် (အင်္ဂလိပ်ပိုင်း) (အမျိုးသား/အမျိုးသမီး)
(ဂ) သတင်းကြေညာသူ(သဇင်FM)
(ဃ) ရုပ်/သံတည်းဖြတ်သူ
(င) ရုပ်/သံ ထုတ်လုပ်ရေးမှူး
(စ) အဆို/အက (အမျိုးသား)
(ဆ) အဆို/အက(အမျိုးသမီး)
(ဇ) မိတ်ကပ်
(ဈ) ကွန်ပျူတာဂရပ်ဖစ်
(ည) အစီအစဉ်မှူး

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၁၈ခုနှစ် မေလ ၂၁ ရက်တွင် အသက်(၂၅)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အဆောင်ခန်းတွင် နေထိုင်နိုင်ရမည်။
(ဃ) တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(င) အနည်းဆုံး ငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ် တာဝန်ထမ်းဆောင်နိုင်ရမည်။
(စ) လျှောက်ထားသူနှင့် မိဘညီအစ်ကို မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသူများဖြစ်ရမည်။

၃။ ရာထူးအသီးသီးအတွက် လိုအပ်သောအရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရုပ်/သံ သတင်းကြေညာသူရာထူး လျှောက်ထားသူများသည် ရုပ်ရည်ချောမောလှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်။
(ခ) ရုပ်/သံတည်းဖြတ်နှင့် ကွန်ပျူတာဂရပ်ဖစ်ရာထူးလျှောက်ထားသူများသည် ကွန်ပျူတာတတ်ကျွမ်းရမည်။
(ဂ) အဆို/အကလျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးဂီတများအား ကောင်းမွန်စွာ သီဆိုနိုင်ရမည်။ တစ်ဦးချင်း/ယိမ်းကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို MWD Bbtc-17 Face book Pageနှင့် အောက်ပါတပ်များတွင် ရယူနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (Myawady TV)မော်ဘီ၊ ရန်ကုန်မြို့။
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (Myawady Variety)တောင်ညို၊ နေပြည်တော်၊
(ဂ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ် (သဇင် FM ပြင်ဦးလွင်)။

၅။ လျှောက်လွှာများကို ၂၅-၄-၂၀၁၈ရက်မှ ၄-၅-၂၀၁၈ရက်အတွင်း အထက်ဖော်ပြပါတပ်များတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီရုပ်မြင်သံကြား(မော်ဘီ)တွင် ၂၀၁၈ခုနှစ်၊ မေလ ဒုတိယပတ်အတွင်းပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မော်ဘီ)(ဖုန်း-၀၃၁-၇၃၅၂၉၊ ၀၉-၇၉၉၉၁၄၂၃၄၊ ၀၉-၅၀၀၉၇၈၆)၊ မြဝတီရုပ်မြင်သံကြား(တောင်ညို) (ဖုန်း-၀၉-၉၆၇၇၁၁၅၇၀)၊ သဇင်FM(ပြင်ဦးလွင်)(ဖုန်း-၀၉-၄၄၂၃၂၂၉၇) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ မော်စီစာကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မကြည်ကြည်ဝင်းနှင့် အဋ္ဌမတန်းမှ မကြည်ကြည်သင်း တို့၏ဖခင်အမည်မှန်မှာ ဦးသန်းလင်း ၅/ဟမလ(နိုင်) ၀၆၂၃၀၈ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/8170, MAZDA BONGO SK GZT,Pick Up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင့်တင့်ထွန်း ၁၂/ဥကတ (နိုင်)၁၈၃၂၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

မြန်မာနိုင်ငံပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း
(၂၆)ကြိမ်မြောက်
နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့်
အလုပ်အမှုဆောင်သစ်ရွေးကောက်တင်မြှောက်ပွဲ

၁။ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးကောက် တင်မြှောက်ပွဲ အခမ်းအနားကို ၉-၆-၂၀၁၈ ရက် (စနေနေ့) နံနက် ၉နာရီတွင် UMFCCI ခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အလုပ်အမှုဆောင်အဖြစ် ဝင်ရောက်အရွေးချယ်ခံလိုသော အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဆိုပြုလွှာများကို အသင်းရုံးခန်းသို့ ၉-၅-၂၀၁၈ရက် နောက်ဆုံးထား၍ တင်သွင်းပေးကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

၃။ အလုပ်အမှုဆောင်သစ်ရွေးကောက်တင်မြှောက်ပွဲအခမ်းအနားတွင် ဆန္ဒမဲပေးလိုသော အသင်းသားများ အနေဖြင့်လည်း အသင်းဝင်ခြင်း၊ အသင်းသက်တမ်းတိုးခြင်းတို့ကို ၉-၅-၂၀၁၈ရက် နောက်ဆုံးထား၍ ပြုလုပ်ကြပါရန်လည်း အသိပေးနှိုးဆော်အပ်ပါသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးတိုင်းဒေသကြီး
မန္တလေးမြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ (၂၀၁၈-၂၀၁၉)ပညာသင်နှစ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မူလတန်းဆင့်သင် ကျောင်းသား/ကျောင်းသူများကို တစ်ဦးလျှင် ဗလာစာအုပ်(၆)အုပ်နှုန်းဖြင့် အခမဲ့ဖြန့်ဝေရန်အတွက် ဗလာစာအုပ်(၂၃၄၃၈၀)ဒါဇင်ကိုတင်ဒါ (အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၂၈၇၊ ၀၂-၄၀၃၃၈၆၁၊ ၀၂-၄၀၃၃၇၈၄တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

(က) **ရောင်းချရက်** - ၂၄-၄-၂၀၁၈ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၁-၅-၂၀၁၈ရက်
(ဂ) **ရောင်းချမည့်နေရာ** - မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့

ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်၊ ဂျပန်နိုင်ငံ၏ (ODA) ချေးငွေဖြင့် ဆောင်ရွက်သော တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော ဒေသထွက်ပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

တင်ဒါထုတ်ယူနိုင်သည့်ရက် - ၂၀-၄-၂၀၁၈ ရက် (သောကြာနေ့)
နောက်ဆုံးတင်သွင်းရမည့်ရက် - ၄-၅-၂၀၁၈ ရက် (သောကြာနေ့)၊ (၁၆း၀၀) နာရီ
တင်ဒါဖွင့်မည့်ရက် - ၉-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)၊ (၁၁း၀၀) နာရီ
ဆက်သွယ်ရန်တယ်လီဖုန်း - ၀၅၃-၂၈၅၃၃
တင်ဒါပေးပို့ရမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်။

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် (၂၀-၄-၂၀၁၈)ရက်မှ (၄-၅-၂၀၁၈)ရက်ထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်၊ ဂျပန်နိုင်ငံ၏ (ODA) ချေးငွေဖြင့် ဆောင်ရွက်သော တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော အဆင့်မြင့်ဒီဇယ်ဆီ (ပရီမီယံ)၊ တာယာနှင့်ကျွတ်၊ ဘက်ထရီနှင့် သံချောင်းလုံးများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

တင်ဒါထုတ်ယူနိုင်သည့်ရက် - ၂၀-၄-၂၀၁၈ ရက် (သောကြာနေ့)
နောက်ဆုံးတင်သွင်းရမည့်ရက် - ၄-၅-၂၀၁၈ ရက် (သောကြာနေ့)၊ (၁၆း၀၀) နာရီ
တင်ဒါဖွင့်မည့်ရက် - ၉-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)၊ (၁၀း၀၀) နာရီ
ဆက်သွယ်ရန်တယ်လီဖုန်း - ၀၅၃-၂၈၅၃၃
တင်ဒါပေးပို့ရမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် (၂၀-၄-၂၀၁၈)ရက်မှ (၄-၅-၂၀၁၈)ရက်ထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ)၊ မြေကွက်အမှတ်(၁၇၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၇၅/ခ)၊ သုနန္ဒာ(၁၂)လမ်း၊ (ဆ)ရပ်ကွက်၊ ဦးကိုကိုဦး (၁၂/ဥကမ(နိုင်)၀၀၀၀၉၈)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်သူ ဦးကိုကိုဦးကိုယ်တိုင်မှဂရန်ပျောက်ဆုံးကြောင်းပုဇွန်တောင်မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ်စဉ်-9-1300(18-9-17)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တင်ပြခြင်း၊ ၁၉၉၉-ခုနှစ်ဦးတင်ရွှေမှအမည်ပြောင်းလဲခြင်းမပြုရန်ကန့်ကွက်ထားခြင်းနှင့်ပတ်သက်၍ဦးတင်ရွှေမှာသင်း၏ဖခင်တော်စပ်ကြောင်း၊ ဂရန်အားပေါင်နှံခြင်း၊ ရောင်းချခြင်းများပြုလုပ်မည်စိုးသောကြောင့်ကန့်ကွက်စာတင်ပြခြင်းဖြစ်ကြောင်း၊ ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင် (၂)ထပ်ပျဉ်ထောင်(၁)လုံးရှိပြီးအိမ်ငှားထားရှိခြင်းအတွက်တာဝန်ယူကြောင်းဝန်ခံကတိပြုချက်တင်ပြ၍ဦးကိုကိုဦးမှဂရန်မိတ္တူလျှောက်ထားမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာမြိုင်လမ်း အမှတ်-၆၁၊ ၅-လွှာ(ခြောက်ခန်း)အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ရောင်းချပိုင်ခွင့်ရှိသူများထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ဤကြေညာချက်ထုတ်သည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်၍ အရောင်း အဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခိုင်မာဝင်း LL.B (စဉ်-၈၃၆၈)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၉/၁၁၊အခန်းအမှတ်-၁၀၁(အေ)၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
၀၉-၇၃၀၇၁၈၂၆၊ ၀၉-၇၇၁၈၄၆၇၇၈

အမည်မှန်

နမ့်ခမ်းမြို့နယ်၊ ဟိုပုံကျေးရွာနေ စိုင်းစိန်ရွှေ၏သား အထက(၁) တက္ကသိုလ်ဝင်တန်းမှ စိုင်းစန်လှိုင်း၏ အမည်မှန်မှာ စိုင်းစွမ်လှိုင်းဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ၁၃-၇-၂၀၀၂ ဖြစ်ပါကြောင်း။ **စိုင်းစွမ်လှိုင်း**

တစ်ဦးတည်းဖြစ်ပါကြောင်း

အနောက်ပိုင်းတက္ကသိုလ်(နောက်ဆုံးနှစ်) သမိုင်းမှ မနော်ရေဂျီနား ၁၂/တကန(နိုင်)၂၀၀၅၇၃၏ဖခင် ဦးစောကျော်ကျော်သူ ၁၂ /တကန(နိုင်)၀၂၄၉၉၇ နှင့် ဦးစောကျော်သူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစောကျော်ကျော်သူ(ခ)ဦးစောကျော်သူ

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဘထွန်း-ဒေါ်လှကြည်တို့၏သား စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ(စီမံ)ဦးစန်းလွင်နှင့် ဦးမောင် မောင်စန်းလွင် ၅/စကန(နိုင်) ၀၁၁၆၃၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ထရန့်နှင့် ကင်၏ ထိပ်သီးအစည်းအဝေးကို လက်ခံကျင်းပရန် ကမ်းလှမ်း

ဗန်ကောက် ဧပြီ ၂၄

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ ပြုလုပ်မည့် ထိပ်သီးအစည်းအဝေး ကျင်းပမည့်နေရာနှင့် ပတ်သက်၍ အမျိုးမျိုး ထင်ကြေးပေးနေကြချိန်တွင် ထိုင်းနိုင်ငံက ယင်းထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အင်္ဂါနေ့က ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲများကို လက်ခံကျင်းပပေးသွားရန် ထိုင်းနိုင်ငံက အဆင်သင့်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဒန်ပရာမတ်ဝီနိုင်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။ သို့သော်ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်သံရုံးက မှတ်ချက်ချပြောဆိုရန် ငြင်းဆန်ထားဆဲဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်သည် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် သောကြာနေ့တွင် တွေ့ဆုံရန် စီစဉ်ထားသည်။ ယင်းတွေ့ဆုံမှုဖြစ်ရပ်သည် ထရန့်နှင့် ထိပ်သီးအစည်းအဝေးကျင်းပမည့် အဓိကခြေလှမ်းတစ်ခုအဖြစ် တွေ့မြင်ရဖွယ်ရှိသည်။

ယခုလ အစောပိုင်းက ထရန့်သည် ဇွန်လအစောပိုင်းတွင် ကျင်းပနိုင်ခြေရှိသည့် ထိပ်သီးအစည်းအဝေးပွဲအတွက် တည်နေရာငါးခုကို ထည့်သွင်းစဉ်းစားလျက်ရှိကြောင်း ပြောကြားခဲ့သည်။ ယင်းထိပ်သီးအစည်းအဝေးသည် မြောက်ကိုရီးယားနှင့် နျူကလီးယားလက်နက်ဖယ်ရှားရေး သဘောတူညီမှုရလဒ်တစ်ခုကို ထွက်ပေါ်နိုင်လိမ့်မည်ဟု ထရန့်က မျှော်မှန်းထားကြောင်း သိရသည်။

သို့သော် ထရန့်အနေဖြင့် မည်သည့်နေရာဟု အတိအကျဖော်ပြခြင်း မရှိခဲ့ပေ။ လေ့လာသူများက မွန်ဂိုလီးယားမှသည် စကင်ဒီနေဗီယာနှင့် စင်ကာပူအထိ နေရာအမျိုးမျိုးဖြစ်နိုင်ကြောင်း ထင်ကြေးပေးခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒန်ပရာ မတ်ဝီနိုင်

ထိုင်းနိုင်ငံသည် အမေရိကန်နှင့် သမိုင်းဝင် မဟာမိတ်နိုင်ငံတစ်ခုဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံနှင့်လည်း သံတမန်ဆက်ဆံရေးရှိသည့် နိုင်ငံဖြစ်သည်။ လွန်ခဲ့သော ရက်ပိုင်းအတွင်းက ပြုံယမ်းသည် နျူကလီးယားစမ်းသပ်သည့် နေရာများကို ပိတ်သိမ်းမည်ဖြစ်ကြောင်းနှင့် နောက်ထပ်နျူကလီးယားစမ်းသပ်မှုများ မရှိတော့ကြောင်း ကြေညာခဲ့သည်။

အေအက်ဖ်ပီ

ဂျပန်နှင့် အမေရိကန်တို့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

တိုကျို ဧပြီ ၂၄

ဂျပန်နှင့် အမေရိကန်အာဏာပိုင် ၁၀၀ ခန့်တို့သည် အင်ဒိုပစိဖိတ်ဒေသ၌ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးရန်အတွက် စုဝေးခဲ့ကြကြောင်း သိရသည်။

နှစ်ဖက်စလုံးမှ အစိုးရအဖွဲ့နှင့် စီးပွားရေးလုပ်ငန်း အာဏာပိုင်များသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို ဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် တနင်္လာနေ့က ဝါရှင်တန်၌ ပြုလုပ်သည့် အစည်းအဝေးကို တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးသည် အင်ဒို-ပစိဖိတ်ဒေသတွင်း၌ ပေကျင်း၏ လမ်းကြောင်းနှင့် ရပ်ဝန်းအခြေခံအဆောက်အအုံ ချဲ့ထွင်ရေးကြိုးပမ်းမှုမှတစ်ဆင့် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကို ရင်ဆိုင်ဖြေရှင်းရန် ရည်ရွယ်လျက် စည်းဝေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မာနစ်ရှာဆင်းက အစိုးရအဖွဲ့များအတွင်း ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့မှုနှင့်ပတ်သက်၍ အာရုံစိုက်ကြရန်နှင့် အခြေခံအဆောက်အအုံစီမံကိန်းများအနေဖြင့် ဂျပန်နှင့် အမေရိကန်တို့ရှိ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းစုများကို အာရုံစိုက်ကြရန် အစည်းအဝေးတက်ရောက်လာကြသူများအား တိုက်တွန်းခဲ့ကြောင်း သိရသည်။ အစည်းအဝေးကျင်းပမှုအတွင်း အာဏာပိုင်များသည် ကဏ္ဍလေးခုဖြစ်သည့် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ရေပေးဝေမှုတို့တွင် မည်သို့ပူးပေါင်းဆောင်ရွက်သွားကြမည်ကို ဆွေးနွေးခဲ့ကြသည်။

အင်န်အိတ်ချ်ကေ

ဆော်ဒီဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုအတွင်း ဟူသီထိပ်တန်းခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ဟုဆို

ဆာလက် အယ်လ်ဆာမက်

ဆာနား ဧပြီ ၂၄

ယီမင်၌ ကြီးစိုးနေသည့် ဟူသီသူပုန်များသည် ယီမင်ရှိ ပင်လယ်နီဆိပ်ကမ်းမြို့ဖြစ်သည့် ဟိုဒီဒက်၌ ဆော်ဒီ ဦးဆောင်သည့် မဟာမိတ်များ၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ၎င်းတို့၏ ထိပ်တန်းအာဏာပိုင်တစ်ဦးဖြစ်သည့် အမြင့်ဆုံး နိုင်ငံရေးကောင်စီ ဥက္ကဋ္ဌ ဆာလက် အယ်လ်ဆာမက် သေဆုံး သွားခဲ့ကြောင်း တနင်္လာနေ့က ကြေညာခဲ့သည်ဟု ဟူသီတို့ ထိန်းချုပ်ထားသည့် ဆာဘာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အသက် ၃၉ နှစ်ရှိပြီဖြစ်သည့် အယ်လ်ဆာမက်သည် ဟိုဒီဒက်မြို့အတွင်း၌ ကြာသပတေးနေ့က အသတ်ခံလိုက်ရသည်ဟု ဟူသီတို့က ပြောကြားသည်။ ဟူသီတို့က ဆာမက်၏ သေဆုံးမှုအတွက် လက်တုံ့ပြန်ရန် စိုင်းပြင်းလျက်ရှိသည်ဟု ဖော်ပြထားသည်။ ၎င်းသေဆုံးရမှုနှင့်ပတ်သက်သည့် အခြားသော အသေးစိတ်အချက်အလက်များကို ဖော်ပြထားခြင်း မရှိပေ။

ဖော်ပြချက်၌ ဟူသီတို့က အမြင့်ဆုံးနိုင်ငံရေးကောင်စီ ဥက္ကဋ္ဌနေရာတွင် မက်ဒီအယ်လ်မူရှတ်ကို အသစ်ခန့်အပ်လိုက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဟူသီတို့က ယီမင်နိုင်ငံမြောက်ပိုင်းရှိ နယ်မြေအများစုကို သိမ်းပိုက်လိုက်ချိန်မှစတင်ကာ အမြင့်ဆုံးနိုင်ငံရေးကောင်စီသည် အမြင့်ဆုံးနိုင်ငံရေးဆိုင်ရာများ စီရင်ဆုံးဖြတ်သည့် အဖွဲ့အစည်းဖြစ်သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလက အယ်လ်ဆာမက်ကို သမ္မတ အဗ္ဗဒူရာဘူမန်ဆောဟာဒီ၏ သမ္မတရုံး၌ ဟူသီအုပ်စု၏ ကိုယ်စားပြု အကြံပေးအဖြစ် ခန့်အပ်ခဲ့သည်။ ငါးလကြာပြီးနောက်တွင် ဟူသီတို့သည် မြို့တော်ဆာနားကို မွှေနှောက်ခဲ့ပြီး ဟာဒီနှင့် ၎င်း၏ အစိုးရအဖွဲ့ကို နှင်ထုတ်ခဲ့သည်။ **ဆင်ဟွာ**

အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းတိုက်ခိုက်ရေးသမား၏ နေအိမ်ကို အစ္စရေးတို့ ဖျက်ဆီး

ဂျေရုဆလင် ဧပြီ ၂၄

အစ္စရေးတပ်ဖွဲ့များသည် ဇန်နဝါရီလအတွင်းက အနောက်ဘက်ကမ်းရှိ အစ္စရေးနိုင်ငံသားတစ်ဦးကို သတ်ဖြတ်ရာတွင် ပါဝင်ခဲ့သည့် ပါလက်စတိုင်းတိုက်ခိုက်ရေးသမားတစ်ဦး၏ မိသားစုနေအိမ်ကို အင်္ဂါနေ့အစောပိုင်းက ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် အနောက်ဘက်ကမ်းမြောက်ပိုင်း ဂျီနင်မြို့အတွင်းရှိ မိုဟာမက် ကိုနီဘာ၏ နေအိမ်ကို ဖြိုချဖျက်ဆီးခဲ့ကြကြောင်း အစ္စရေးတပ်မတော်က ဖော်ပြခဲ့သည်။ ကိုနီဘာသည် ပြီးခဲ့သည့် ဇန်နဝါရီအစောပိုင်းက ဟာဗက်ဂီလတ်အိမ်ရာအနီးတွင် သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည့် အုပ်စုတွင် ပါဝင်သူတစ်ဦးဖြစ်သည်ဟု အစ္စရေးတပ်ဖွဲ့က ပြောသည်။

နေအိမ်အား ဖြိုဖျက်ခဲ့စဉ်အတွင်း အစ္စရေးအင်အားစုများအား သေနတ်ဖြင့် ပစ်ခတ်မှုများနှင့် ပေါက်ကွဲပစ္စည်းများ၊ ကျောက်တုံးကျောက်ခဲများဖြင့် ပစ်ပေါက်မှုများ ရှိခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်မှုများကြောင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦး ခြေထောက်၌ ဒဏ်ရာရရှိခဲ့သည့်အတွက် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

တိုရွန်တို၌ ဗင်ကားဖြင့် တိုက်ခိုက်မှုတွင် သေဆုံးသူ ၁၀ ဦးအထိ မြင့်တက်လာ

တိုရွန်တို ဧပြီ ၂၄

ကနေဒါနိုင်ငံ တိုရွန်တိုမြောက်ပိုင်း ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ တနင်္လာနေ့က လူအုပ်ထဲသို့ ဗင်ကားဖြင့် အတင်းဝင်တိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ထိခိုက်ဒဏ်ရာရသူများပြားပြီး သေဆုံးသူအရေအတွက်မှာ ၁၀ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လတ်တလောတွင် ထိခိုက်ဒဏ်ရာရရှိသူ ၁၅ ဦးအထိရှိနေပြီး ၎င်းတို့အား မြို့ပေါ်ရှိ ဆေးရုံအသီးသီးသို့ အလျင်အမြန်ပို့ဆောင်ခဲ့ရကြောင်း တိုရွန်တိုရဲချုပ် မတ်ဆန်ဒါစ်က ပြောသည်။ ကနဦးသတင်းဖော်ပြချက်များအရ တိုက်ခိုက်မှုအတွင်း လူကိုးဦးထက်မနည်း သေဆုံးပြီး ၁၆ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သံသယရှိသူ အလက်မီနာရှန် (အသက် ၂၅ နှစ်) အား ရဲများက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၎င်းသည် တိုရွန်တိုဆင်ခြေဖုံး၌ နေထိုင်သူဖြစ်သည်ဟု ဆန်ဒါစ်က ပြောကြားခဲ့သည်။ သို့သော်လည်း တိုက်ခိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို ယခုချိန်အထိ မသိရသေးပေ။ တိုရွန်တိုရဲတပ်ဖွဲ့သည် အဆိုပါ သံသယရှိသူနှင့်ပတ်သက်သည့် မှတ်တမ်းဖိုင် မရှိကြောင်း ရဲချုပ်က ပြောခဲ့သည်။

ဗင်ကားအဖြူရောင်တစ်စီးသည် လမ်းပေါ်ရှိအတားအဆီးကို ခုန်ကျော်မောင်းနှင်လာခဲ့ပြီး လူအုပ်ထဲသို့ မောင်းဝင်လာခဲ့သည်။ ကားဒရိုင်ဘာမှာ ထွက်ပြေးသွားခဲ့သော်လည်း မကြာမီ ဖမ်းဆီးရမိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

လူခုနစ်ဦးထက်မနည်းကို အနီးအနားရှိ ဆန်နီဘရွတ်ကျန်းမာရေးဝန်ဆောင်မှုစင်တာသို့ ပို့ဆောင်ခဲ့ရကြောင်း တွစ်တာပေါ်တွင် ရေးသားဖော်ပြထားသည်။

ဂျီဆဲဗင်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပနေသည့် တိုရွန်တိုမြို့တော် အချက်အချာနေရာမှ ၂၉ ကီလိုမီတာအကွာခန့်တွင် ဗင်ကားဖြင့် ဝင်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

နိုင်ငံတကာ သတင်းတိုထွာ

တင်နက်ဆီ စားသောက်ဆိုင်၌ သေနတ်သမားများက လူလေးဦးကို သတ်ဖြတ်

ဝါရှင်တန် ဧပြီ ၂၄

အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ်တွင် ရဲများသည် နက်ရှ်ဗီလီရှိ စားသောက်ဆိုင်တစ်ဆိုင်၌ လူလေးဦးအား ပစ်သတ်ခဲ့သည့် သေနတ်သမားတစ်ဦးကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုတွင် သေဆုံးသူလေးဦးဖြစ်ပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အသက် ၂၉ နှစ်ရှိ သံသယရှိသူ သေနတ်သမားသည် တနင်္ဂနွေနေ့ နံနက်အစောပိုင်းတွင် စားသောက်ဆိုင်ဆီသို့ ကားဖြင့် မောင်းနှင်လာခဲ့ပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သေနတ်သမားသည် ပြီးခဲ့သည့် ဇူလိုင်လက ဝါရှင်တန်ရှိအိမ်ဖြူတော်အနီး ကန့်သတ်ဧရိယာကို ဝင်ရောက်ခဲ့သည့်အတွက် ဖမ်းဆီးခြင်းခံခဲ့ရဖူးသူဖြစ်သည်ဟု သိရသည်။

ယင်းအချိန်က လုံခြုံရေးအာဏာပိုင်များသည် ရိုင်ဖယ်သေနတ်တစ်လက် အပါအဝင် အခြားလက်နက်လေးလက်ကို ၎င်းထံမှ သိမ်းဆည်းခဲ့သည်။

လက်နက်များသည် နောက်ပိုင်းတွင် သေနတ်သမား၏ ဖခင်ဖြစ်သူထံသို့ ပြန်ရောက်သွားခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ဒမတ်စကတ်တောင်ပိုင်းရှိ အိုင်အက်စ် စစ်သွေးကြွများကို တိုက်ခိုက်နိုင်မည့် အခြေအနေကို ဆီးရီးယားတပ်မတော်ရရှိ

ဒမတ်စကတ် ဧပြီ ၂၄

ဆီးရီးယားတပ်မတော်သည် ဒမတ်စကတ်တောင်ပိုင်းရှိ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများကို ထိုးစစ်ဆင်တိုက်ခိုက်ရန်အတွက် ချီတက်လာခဲ့ပြီဖြစ်ကြောင်း ဆာနားသတင်းအေဂျင်စီက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ဆီးရီးယားတပ်မတော်မှ ခြေလျင်တပ်ဖွဲ့များသည် ဟာဂျာအယ်လ်အက်ဆွက်ဧရိယာရှိ အိုင်အက်စ်စစ်သွေးကြွများကို အရပ်မျက်နှာအချို့ဆီမှ တိုက်ခိုက်ရန် အဆိုပါဧရိယာ၏ အစွန်အဖျားနေရာများကိုရယူကာ ဆက်လက်ချီတက်လာနေကြောင်း သိရသည်။

ဆီးရီးယား တပ်မတော်လေယာဉ်များသည် ဟာဂျာအယ်လ်အက်ဆွက်ရှိ အိုင်အက်စ်စစ်သွေးကြွများရှိရာ တည်နေရာများပေါ်တွင် လေကြောင်းတိုက်ခိုက်မှုများ အပြင်းအထန်ဆင်နွှဲခဲ့သည့် ဆာနားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဆီးရီးယား လူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က အိုင်အက်စ်စစ်သွေးကြွများသည် ရုရှားလေကြောင်းတိုက်ခိုက်မှုများကို စိုးရိမ်ရသည့်အတွက် အဆိုပါဧရိယာများမှ ထွက်ခွာသွားရန်ငြင်းဆန်ခဲ့ကြောင်း တနင်္ဂနွေနေ့က ပြောကြားခဲ့သည်။

ဆင်ဟွာ

ဓာတုလက်နက်စုံစမ်းစစ်ဆေးမှုမစ်ရှင် အလိမ်အညာတွေကို ဖော်ထုတ်နိုင်ပါ့မလား

ကလျာမိုးမြင့်

ဆီးရီးယားမြို့တော် ဒမတ်စကတ်မှာရှိတဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ပြီးခဲ့တဲ့စနေနေ့က ဆီးရီးယားဒုတိယ နိုင်ငံခြားရေးဝန်ကြီး အိုင်မန်ဆူဆန်ဟာ ဆင်ဟွာသတင်းဌာနနဲ့ အင်တာဗျူး အမေးအဖြေတစ်ခု ပြုလုပ်ခဲ့ပါတယ်။ အဲဒီ တွေ့ဆုံမေးမြန်းမှုမှာ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးက ဒမတ်စကတ် အရှေ့ပိုင်းခရိုင်ဖြစ်တဲ့ ဒူမာမှာ ဓာတုလက်နက်အသုံးပြုတယ်ဆိုတဲ့ စွပ်စွဲချက်တွေ ပေါ်ပေါက်လာတာနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှု ပြုလုပ်နေခြင်းဟာ အနောက်နိုင်ငံတွေရဲ့အလိမ်အညာတွေကို လှစ်ဟပြလိုက်သလိုဖြစ်စေလိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။

မေးခွန်းတွေကို ဖြေကြားခဲ့စဉ်မှာ ဆူဆန်က ဆီးရီးယားမြောက်ပိုင်းမှာရှိတဲ့ သူပုန်တွေနဲ့ ၎င်းတို့ရဲ့ မိသားစုဝင်တွေ ထွက်ခွာမသွားမီ ဧပြီ ၇ ရက်က ဒူမာမှာ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေမှာ ကလိုရင်းဓာတ်ငွေ့ကို အသုံးပြုခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေကို စုံစမ်းစစ်ဆေးဖော်ထုတ်ဖို့အတွက် ဓာတုလက်နက်တားဆီးရေးအဖွဲ့ (OPCW) စုံစမ်းထောက်လှမ်းရေးကျွမ်းကျင်သူတွေကို ဖိတ်ခေါ်ခဲ့တာဟာ ဆီးရီးယားအစိုးရဖြစ်တယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ဆီးရီးယားအစိုးရဟာ OPCW သို့ ပေးအပ်တဲ့ ၎င်းရဲ့ ဖိတ်ကြားစာထဲမှာ ကြေညာခဲ့တယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ရောက်ရှိလာပြီးနောက်မှာတော့ အစိုးရဟာ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ မစ်ရှင်ကိုဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ဖို့ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားဦးမှာဖြစ်တဲ့အပြင် လိုအပ်တဲ့ ဝန်ဆောင်မှုတွေကိုပါ ပေးအပ်သွားဦးမှာဖြစ်တယ်လို့ ဆူဆန်က ပြောခဲ့ပါတယ်။

ဒါ့အပြင် ဆူဆန်က နောက်ထပ်ဘာပြောသေးသလဲဆိုတော့ ဒီကိစ္စဟာ ကျွန်ုပ်တို့အတွက် ကြီးကျယ်တဲ့အကျိုးကျေးဇူးတစ်ခုဖြစ်လာလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ စုံစမ်းစစ်ဆေးရေးအဖွဲ့က ၎င်းရဲ့တာဝန်ကို ဆောင်ရွက်တဲ့အခါ ဒီစုံစမ်းစစ်ဆေးမှုက ဒူမာမှာ ဖြစ်ခဲ့တဲ့ တိုက်ခိုက်မှုတွေနဲ့ ပတ်သက်ပြီး အနောက်နိုင်ငံတွေရဲ့ စွပ်စွဲချက်တွေဟာ အလိမ်အညာစွပ်စွဲချက်တွေသာ ဖြစ်တယ်ဆိုတာကို ဘူးပေါ်သလို ပေါ်လာစေမှာဖြစ်လို့ပဲလို့ ဆိုပါတယ်။

ဧပြီ ၇ ရက်က ဒူမာရှိသူပုန်တွေကို သံသယဖြစ်ဖွယ်အဆိပ်ငွေ့တွေနဲ့ တိုက်ခိုက်တယ်ဆိုတာနဲ့ ပတ်သက်ပြီး တုံ့ပြန်အရေးယူဆောင်ရွက်တဲ့အနေနဲ့ အမေရိကန်၊ ပြင်သစ်နဲ့ ဗြိတိန်တို့ဟာ ဆီးရီးယားမှာရှိတဲ့ ဓာတုလက်နက်တည်ရှိရာ ပစ်မှတ်တွေကို ဒုံးကျည်တိုက်ခိုက်မှုများစွာပြုလုပ်ခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုတွေအပြီး နာရီအနည်းငယ်အကြာ ပြီးခဲ့တဲ့ စနေနေ့ညနေခင်းမှာ ဓာတုလက်နက်တားဆီးရေးအဖွဲ့ဟာ ဒမတ်စကတ်ကို ရောက်ရှိလာခဲ့ကြတဲ့အတွက် ဆူဆန်က ခုလိုဖြေကြားခဲ့တာ ဖြစ်ပါတယ်။

ဆီးရီးယားအစိုးရအနေနဲ့ ဒီလိုဓာတုလက်နက်သုံးတိုက်ခိုက်မှုမျိုးကို မလုပ်ခဲ့ဘူးလို့ ငြင်းဆန်ထားသလို အမေရိကန်ရဲ့ တိုက်ခိုက်မှုအပေါ်မှာလည်း ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့ပါတယ်။ ပြီးတော့ ဆီးရီးယားမှာ တိုက်ခိုက်မှုတစ်ခုဖြစ်အောင် စစ်သွေးကြွတွေနဲ့ ၎င်းတို့ရဲ့ အနောက် မဟာမိတ်အုပ်စုတွေက လုပ်ကြံလီဆယ်ပြီး ပြောဆိုနေခြင်းသာ ဖြစ်ပါတယ်လို့ အစိုးရက ရှင်းထားပါတယ်။

အခုချိန်အထိတော့ စုံစမ်းစစ်ဆေးသူတွေ အမှန်တကယ် ဝင်ရောက်လာမှု မရှိသေးတဲ့အတွက် မြေပြင်ပေါ်က လက်တွေ့အခြေအနေတွေကို ရယူဖို့ ကုလသမဂ္ဂ လုံခြုံရေးအဖွဲ့ဟာ ဒူမာကို ဝင်ရောက်လာခဲ့ပါတယ်။

ဧပြီလ ၁၈ ရက်နေ့က ဖော်ပြချက်မှာ OPCW အဖွဲ့က ဒူမာမှာ ရန်သူ့ဘက် ကင်းထောက်လှမ်းခြင်း လုပ်ဆောင်နေချိန်မှာ ကုလသမဂ္ဂကလုံခြုံရေးအဖွဲ့ဟာ လက်နက်ငယ် ပစ်ခတ်မှုတွေနဲ့ ရောက်ရှိလာပြီး ဒမတ်စကတ်ကို ပြန်သွားခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။ စုံစမ်းရေးအဖွဲ့ဟာ သောကြာနေ့မှာ ဒူမာကို ဝင်ရောက်ချိန်မှာ ထပ်မံကင်းထောက် စောင့်ကြည့်ခံရပြီး စုံစမ်းစစ်ဆေးသူတွေ အမှန်တကယ် ရောက်ရှိလာမှုနဲ့ ပတ်သက်လို့တော့ အသေးစိတ်ဖော်ပြထားခြင်း မရှိပါဘူး။

စနေနေ့က ပြုလုပ်ခဲ့တာ အင်တာဗျူးမှာ ဆီးရီးယားအာဏာပိုင်က စုံစမ်းစစ်ဆေးသူတွေ ဒူမာကို လာမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ OPCW ရဲ့ ဆုံးဖြတ်ချက်သာဖြစ်တယ်၊ ဆီးရီးယားအစိုးရက ဆုံးဖြတ်တာမဟုတ်ဘူး။ ဒီတော့ ၎င်းတို့ရဲ့ အဆုံးအဖြတ်တွေကို ကျွန်ုပ်တို့ လေးစားလိုက်နာတယ်လို့ ဖြေကြားပါတယ်။ ဒမတ်စကတ်မှာရောက်နေကြတဲ့ OPCW အဖွဲ့ဟာ ဆီးရီးယားအစိုးရနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိပြီး ဒူမာမှာရှိကြတဲ့ ဒေသခံတွေနဲ့ ဆေးရုံတွေမှာ အလုပ်လုပ်နေကြတဲ့ ဆရာဝန်တွေ၊ ဆေးအဖွဲ့သားတွေအပါအဝင် မျက်မြင်သက်သေ အမြောက်အမြားနဲ့ တွေ့ဆုံခဲ့ကြတယ်။

ဘာပဲဖြစ်ဖြစ် ဆူဆန်ကတော့ ဓာတုလက်နက်တိုက်ခိုက်မှုဆိုတဲ့ စွပ်စွဲချက်တွေအပေါ်မှာ နိုင်ငံတကာရဲ့စုံစမ်းစစ်ဆေးမှု မလာခင်မှာ ဆီးရီးယားမှာရှိတဲ့ ပစ်မှတ်နဲ့ တည်နေရာတွေကို အမေရိကန်နဲ့ ၎င်းရဲ့မဟာမိတ်တွေက တိုက်ခိုက်ခဲ့တာတွေ၊ စွပ်စွပ်စွဲစွဲစကားတွေနဲ့ ဘောင်ကျော်လာတဲ့ အပြုအမူတွေကို အကြီးအကျယ် ဝေဖန်ရှုတ်ချနေပါတယ်။

အကယ်၍သာ ဂူတာမှာ ဓာတုလက်နက်တွေသုံးပြုခဲ့တယ်လို့ ပြောမယ်ဆိုရင်၊ ပြီးတော့အကယ်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၊ ဒါမှမဟုတ် ဗြိတိန်နဲ့ပြင်သစ်တို့ကသာ တကယ့်အမှန်တရားကို သိလိုစိတ် ပြင်းပြတယ်ဆိုရင် OPCW အဖွဲ့ရဲ့ မစ်ရှင်ဆောင်ရွက်မှုတွေအတွက် သင့်လျော်ညီညွတ်တဲ့ အခြေအနေတစ်ရပ်နဲ့ အကူအညီပေးသင့်တာအမှန်ပဲ။ ပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းတွေက ဆောင်ရွက်တဲ့အလုပ်မှာလည်း ချင်းနင်းဝင်ရောက်တာမျိုး မလုပ်သင့်ဘူးလို့ ဆူဆန်က ပြစ်တင်ဝေဖန်ထားပါတယ်။

ခက်တာက အနောက်နိုင်ငံတွေဟာ စွပ်စွဲချက်တွေနဲ့ အပြစ်တင်စောတာတွေကို မရပ်တန့်နိုင်တာဘဲ။ ဘာကြောင့်လဲဆိုတော့ ၎င်းတို့ဟာ ဘယ်အဖွဲ့အစည်းရဲ့ အလုပ်ကိုဖြစ်ဖြစ် ရှုပ်ထွေးသွားစေချင်တဲ့ ဆန္ဒရှိနေကြတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ရောက်ရှိမလာခင် အမေရိကန်က ဦးဆောင်တဲ့ ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုရဲ့ရည်မှန်းချက်ပန်းတိုင်ဟာ OPCW ရဲ့ မစ်ရှင်ဆောင်ရွက်မှုတွေကို နှောင့်နှေးကြန့်ကြာသွားဖို့ပဲလို့၎င်းက ပြောပါတယ်။

အမေရိကန်ဦးဆောင်တဲ့ တိုက်ခိုက်မှုဟာ စုံစမ်းစစ်ဆေးရေးမစ်ရှင်ကို နှောင့်နှေးအောင်ရည်ရွယ်တဲ့အပြင် အနောက်နိုင်ငံတွေက ဒီမစ်ရှင်ဟာ ၎င်းတို့ရဲ့ အလိမ်အညာတွေကို ဘူးပေါ်သလို ပေါ်လာစေမှာမို့လို့ မစ်ရှင်ကို မကြာကြာအောင် ဝင်နှောင့်နေတာပဲ။ အနောက်အင်အားကြီးနိုင်ငံတွေရဲ့ အတွေးထဲမှာ ဆီးရီးယားကို တိုက်ခိုက်တာဟာ မစ်ရှင်အဖွဲ့က ဒူမာကို မဝင်ရောက်နိုင်အောင် တားဆီးထားခြင်းအားဖြင့် ဆီးရီးယားအစိုးရကို တုံ့ပြန်လာအောင်လုပ်နိုင်မှာဖြစ်ပြီး ဒီလိုလုပ်တာက ဆီးရီးယားအစိုးရအနေနဲ့ ပူးပေါင်းဆောင်ရွက်မှု မလုပ်ဘူးဆိုတာမျိုး ဖြစ်လာအောင် တမင်လမ်းကြောင်း ဖန်တီးလိုက်တာပါ။

တစ်ဖက်မှာဆိုရင်လည်း ဆီးရီးယားကို တိုက်ခိုက်ခြင်းအားဖြင့် ၎င်းတို့ရဲ့ အလိမ်အညာ လီဆယ်မှုတွေကို တခြားသော အနောက်နိုင်ငံတွေဆီကို ဖုံးလွှမ်းသွားအောင် လုပ်နိုင်လိမ့်မယ်လို့ ထင်မြင်နေကြတယ်လို့ ဆီးရီးယားအာဏာပိုင်က မှတ်ချက်ချပြောဆိုခဲ့တာ ဖြစ်ပါတယ်။

အနောက်နိုင်ငံတွေရဲ့ သဘောထား ရပ်တည်ချက်နဲ့ မတူတဲ့အချက်က ဆီးရီးယားအစိုးရဟာ နိုင်ငံတကာဥပဒေတွေနဲ့ သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ချက်အပေါ်မှာ လေးစားလိုက်နာမှုရှိပြီး ဒီလိုလေးစားလိုက်နာတဲ့အနေနဲ့ ဓာတုလက်နက်တားဆီးရေး မစ်ရှင်အဖွဲ့ကို ဒမတ်စကတ်ကို လာရောက်ဖို့ ဖိတ်ခေါ်လိုက်တာပဲဖြစ်တယ်လို့ ဆူဆန်က စိတ်အားထက်သန်စွာ ပြောခဲ့ပါတယ်။

ဆီးရီးယားနိုင်ငံဟာ ၂၀၁၃ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ဓာတုလက်နက်ကွန်ဗင်းရှင်းမှာ ပူးပေါင်းပါဝင်လာကတည်းက ဒီနိုင်ငံဟာ ဓာတုလက်နက်နဲ့ သက်ဆိုင်တာမှန်သမျှ အားလုံးကို စွန့်လွှတ်လိုက်ပြီ ဖြစ်တယ်ဆိုတာကို အနောက်နိုင်ငံတွေက ကောင်းကောင်းသိရှိထားပြီးသားဖြစ်တယ်လို့ ဆူဆန်က အလေးအနက် ပြောကြားခဲ့ပါတယ်။ ။

ကိုးကား-ဘီဘီစီ

ဆီးရီးယားဒုတိယ နိုင်ငံခြားရေးဝန်ကြီး အိုင်မန်ဆူဆန်

ဆေးဖက်ဝင် ပန်းသီး

ဖျာပုံသိန်းသန်းအောင်

"အစာလည်းဆေး၊ ဆေးလည်းအစာ" ဟူသောစကားနှင့်အညီ မိမိတို့စားသောက်နေသည့် အစားအစာများမှ ဆေးဖက်အသုံးလည်းဝင်ကြောင်းကို လေ့လာမှတ်သားခဲ့ရပါသည်။ စာရေးသူတင်ပြလိုသည်မှာ အများသူငါ စားသုံးနေသော ပန်းသီးမှ ဆေးဖက်အသုံးဝင်နေကြောင်း ရေးသားလိုပါသည်။

လွန်စွာသင့်တော်

ပန်းသီး၌ ပရိုတိန်း၊ ကယ်လ်စီယမ်၊ ဆိုဒီယမ်၊ မီးစုန်းဓာတ်၊ သကြားဓာတ်(ဂလူးကိုစ်)၊ ပိုတက်ဆီယမ်နှင့် ကာဗွန်ဟိုက်ဒရိတ်ဓာတ်များပါဝင်သည်ဟု လေ့လာသိရှိရပါသည်။ နှလုံးရောဂါဝေဒနာရှင်များအတွက် ပန်းသီးကိုစားသုံးခြင်းဖြင့် လွန်စွာသင့်တော်ပေသည်။

ဦးနှောက်ကိုကြည်လင် အားကောင်းစေ

ပန်းသီးကို အမြဲစားသုံးခြင်းဖြင့် သွားနှင့်သွားဖုံးတို့၌ရှိသော ပိုးတို့ကို သေကျေပျက်စီးစေနိုင်သည်။ ပန်းသီးသည် ကောင်းမွန်သောအရသာရှိ၏။ အေး၏။ သလိပ်ကိုပွားစေနိုင်သည်။ လူကို ဝဖြိုးစေနိုင်သည်။ ခွန်အားနှင့် သုက်ဓာတ်ကိုပွားများစေသည်။ ဦးနှောက်ကိုကြည်လင် အားကောင်းစေသည်။ ဦးနှောက်နှင့် အာရုံကြောများအတွက် အမြဲစားသုံးခြင်းဖြင့် သင့်တော်သည်။

ထို့အပြင် အချဉ်ဓာတ်ရှိသော ပန်းသီးကိုစားသုံးခြင်းကြောင့် အသည်းကြီးရောဂါ၊ သရက်ရွက်ကြီးရောဂါ၊ အသည်းဝါခြင်းနှင့် သည်းခြေ ရောဂါကို သက်သာပျောက်ကင်းစေနိုင်သည်။ ထို့ကြောင့် ရှေးပညာရှိများက အဆိုရှိခဲ့သည်မှာ "ပန်းသီးတစ်လုံးကျ နေ့စဉ်စားပေးပါက ဆေးဆရာအိမ်ပင့်စရာမလို" ဟူသော စကားကို မှတ်သားဖူးခဲ့သည်။ ထို့အပြင် ပန်းသီး၏ ဆေးဖက်အသုံးဝင်ပုံကိုလည်း အောက်ပါအတိုင်း လေ့လာမှတ်သားရသည်။

ဝေဒနာသက်သာပျောက်ကင်းစေနိုင်

မျက်စိနာလျှင် ပန်းသီးအစိမ်းကိုကြိတ်၍ မျက်ခွံများပေါ် လိမ်းကျံပေးပါက သည်းခြေကြောင့်ဖြစ်သော မျက်စိနာခြင်းကို သက်သာပျောက်ကင်းစေပါသည်။ သည်းခြေရူးရောဂါဖြစ်လျှင် ပန်းသီးကိုရှာလပတ်ရည်ဖျော်ပြုပြီး ယင်းထဲသို့ မြင်းခွာရွက်သတ္တုရည်ရောစပ်၍ သောက်ပါက သည်းခြေရူးရောဂါကို ပျောက်ကင်းစေပါသည်။ ကင်းကိုက်လျှင် ပန်းသီးသတ္တုရည် တစ်ကျပ်သားအတွင်းသို့ ပရုတ်အနည်းငယ်ထည့်၍ နာရီဝက်ခြားတိုက်ပေးပါက ကင်းဆိပ်မုချကျဆင်းပြီး သက်သာစေနိုင်ပါသည်။ ကျောက်ကပ်ရောဂါဖြစ်လျှင် ပန်းသီးကို တစ်နေ့နှစ်လုံးကျ ပုံမှန်စားပေးခြင်းဖြင့် ကျောက်ကပ်ဝေဒနာကို သက်သာပျောက်ကင်းစေနိုင်ပါသည်။ သွေးဝမ်းရောဂါဖြစ်လျှင် ပန်းသီးကို ရှာလပတ်ရည်ပြုပြီး သောက်ပေးပါက သွေးဝမ်းရောဂါကို သက်သာပျောက်ကင်းစေနိုင်ပါသည်။ နှလုံးတုန်၊ ရင်ခုန်လျှင် လတ်ဆတ်သောပန်းသီးကို ယိုထိုးပြီး စားပေးပါက နှလုံးတုန်ရောဂါကို သက်သာပျောက်ကင်းစေနိုင်ပါသည်။ အိပ်မပျော်ရောဂါဖြစ်လျှင် ချိုမြိန်သော ပန်းသီးတစ်လုံးကို ယိုထိုး၍ မအိပ်မီစားပေးရမည်။ ထို့နောက် နွားနို့ပူပူတစ်ခွက်ကို သောက်ခြင်းဖြင့် ရောဂါကင်းပြီး နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်ပါသည်။ အဆစ်အမျက်များကိုက်လျှင် ပန်းသီးကို ဓားနှင့်ထက်ခြမ်း စိတ်၍(အပေါ်ခွံကိုမခွာရပါ) ပုံမှန်စားပေးခြင်းဖြင့် အဆစ်အမျက်များကိုက်ခဲ့သော ဝေဒနာသက်သာ ပျောက်ကင်းစေနိုင်ပါသည်။

မိမိတို့နေ့စဉ် တွေ့မြင်စားသောက်နေရသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများမှာ အစာလည်းဖြစ်၊ ဆေးတစ်မည်လည်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း။ ။

"အချဉ်ဓာတ်ရှိသော ပန်းသီးကိုစားသုံးခြင်းကြောင့် အသည်းကြီးရောဂါ၊ သရက်ရွက်ကြီးရောဂါ၊ အသည်းဝါခြင်းနှင့် သည်းခြေရောဂါကို သက်သာပျောက်ကင်းစေနိုင်သည်။ ထို့ကြောင့် ရှေးပညာရှိများက အဆိုရှိခဲ့သည်မှာ "ပန်းသီးတစ်လုံးကျ နေ့စဉ်စားပေးပါက ဆေးဆရာအိမ်ပင့်စရာမလို" ဟူသောစကားကို မှတ်သားဖူးခဲ့သည်"

ညောင်ဦး၌ ပြည်သူများပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်းဖွင့်

ညောင်ဦး ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် ပြည်သူများပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်း အမှတ်စဉ် ၁/ ၂၀၁၈ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေလင်းက ပြည်သူများပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်နှင့် တက်ရောက်မည့် သင်တန်းသား တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများပူးပေါင်းပါဝင်စေရန် တပ်ဖွဲ့ဝင်များက ပြည်သူအပေါ် စိတ်ကောင်း၊ စေတနာကောင်းထားရှိပြီး ဝန်ဆောင်မှုပေးရန် လိုအပ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်အချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်ပြီး ပြည်သူများပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ သင်တန်းမှ ပို့ချသင်ကြားပေးမည့် နည်းပညာရပ်များကို ဂရုတစိုက် သင်ယူမှတ်သားသွားကြရန် ရှင်းလင်းဆွေးနွေးမှာကြားခဲ့သည်။

စာတွေ့လက်တွေ့ သင်ကြားပို့ချ

ထို့နောက် သင်တန်းနည်းပြ ဆရာများက ခရိုင်အတွင်း ပြည်သူများ ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ပြည်သူလူထုအခြေပြု ရဲလုပ်ငန်းစနစ် ပညာရပ်များကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြသည်။

သင်တန်းအား ဧပြီ ၂၃ ရက်မှ မေ ၄ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

မိုင်းယောင်း၌ ကျေးရွာသန့်ရှင်းရေး စုပေါင်းပြုလုပ်

မိုင်းယောင်း ဧပြီ ၂၄

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ ကျေးရွာသန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဧပြီ ၂၂ ရက်က အောင်မြေဆည်းဆာကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

နှစ်သစ်တွင် ကျေးရွာသန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို မြို့နယ်မျိုးဆက်သစ်ရောင်နီပရဟိတလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ဇော်ထွန်း ဦးဆောင်ပြီး ကျေးရွာသူကျေးရွာသားများနှင့် GE လူငယ်အဖွဲ့တို့က ပူးပေါင်း၍ အလက(တပ်တွင်း)ကျောင်းပတ်ဝန်းကျင်နှင့် ကျေးရွာအတွင်း စွန့်ပစ်အမှိုက်များ၊ ကျောင်းအားကစားကွင်းအတွင်းအပြင်ရှိ စွန့်ပစ်အမှိုက်များ ကောက်ခြင်း၊ မီးရှို့ခြင်းနှင့် အမှိုက်သယ်ယာဉ်ဖြင့် အမှိုက်စိုများကို သတ်မှတ် အမှိုက်ပုံကွင်း၌ သယ်ယူစွန့်ပစ်ခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စစ်ကိုင်း၌ ဝါးအခြေခံလက်မှုထည်သင်တန်းဖွင့်

စစ်ကိုင်း ဧပြီ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဝါးအခြေခံလက်မှုထည်သင်တန်း အမှတ်စဉ် ၁/ ၂၀၁၈ ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းမြို့ ဇေယျကမ္ဘောဇဘုန်းတော်ကြီးသင် စာသင်ကျောင်း၌ ဧပြီ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထွဋ်မိုးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇေယျာဦးတို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်းတွင် ဝါးခတ်ပုံပေါင်၊ ဝါးတစ်သျှူးဘောက်၊ ဝါးဖုန်းတင်စင်၊ ဝါးဘောပင်ထည့်သည့်ခြင်း၊ ဝါးပိုက်ဆံအိတ်ပလိုင်း၊ တောင်းအမျိုးမျိုးပြုလုပ်ခြင်းများ သင်ကြားသွားမည်ဖြစ်ကာ သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ဇေယျ**

သံဖြူဇရပ်မြို့နယ်၌ မှုခင်းအသိပညာပေးယာဉ်ဖြင့် အသိပညာပေးဟောပြော

သံဖြူဇရပ် ဧပြီ ၂၄

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး လှထွန်းတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဧပြီ ၁၉ ရက်က သံဖြူဇရပ်မြို့နယ် မြမာလာကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မွန်ပြည်နယ်အကူရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူး ဝင်းနိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဖြစ်စဉ်များကို ရုပ်ပုံနှင့်တကွ ရှင်းလင်းပြသခြင်း၊ ကျိုက္ခမီနယ်မြေရဲစခန်းမှူး ရဲအုပ် ကျော်ကျော်ဇင်က သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းများကို ရှင်းလင်းခြင်း၊ အမှတ် (၉) လူကုန်ကူးမှု တားဆီးကာကွယ်ရေးရဲတပ်ဖွဲ့စု (မော်လမြိုင်) မှ ရဲအုပ် မောင်မောင်ဟန်က လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးခြင်း၊ အမှတ် (၃၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မော်လမြိုင်) မှ ရဲတပ်ကြပ်ကြီး ကိုကိုနိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ရှင်းလင်းခြင်းနှင့် မူးယစ်ဆေးဝါး သုံးစွဲ၊ ရောင်းချသည့် သတင်းရရှိပါက ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပေးနိုင်ရန်အတွက် ရဲစခန်းဖုန်းနံပါတ်များ မျှဝေပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်သန်း (မော်လမြိုင်)

လယ်ယာမြေနှင့် မှတ်ပုံတင်

ကိုကိုဦး

မြန်မာနိုင်ငံကျေးလက်ဒေသတွင် ၇၀ ရာခိုင်နှုန်းသော ပြည်သူလူထုနေထိုင်လျက်ရှိပါသည်။ အဆိုပါကျေးလက်နေ ပြည်သူလူထု၏ အဓိက အသက်မွေးဝမ်းကျောင်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းအဖြစ် မှီခိုအားထားနေရသောကြောင့် စိုက်ပျိုးမြေသည် ပြည်သူလူထုအတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

တောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်နေစဉ်။ (ဓာတ်ပုံ)မေမိုးသဲ

ခေတ်အဆက်ဆက်တည်ရှိခဲ့သော စာရင်းဇယားများကို အခြေခံပြီး တင်ပြရပါလျှင် ၁၉၀၁-၁၉၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေသည် ၁၁ ဒသမ ၇၀ ဧက သန်း၊ ၁၉၃၅-၃၉ ခုနှစ်အတွင်း ၁၉ ဒသမ ၃၄ ဧက သန်း၊ ၁၉၅၃ ခုနှစ်တွင် ၁၉ ဒသမ ၉၅ ဧက သန်းနှင့် ၂၀၀၈ ခုနှစ်တွင် ၂၄ ဒသမ ၄၂ ဧက သန်း၊ ၂၀၁၇ ခုနှစ်အတွက် ၂၈ ဒသမ ၁၁ ဧက သန်း အသီးသီး တိုးတက်တည်ရှိလျက်ရှိကြောင်း တွေ့ရှိရသည်။ နှစ်စဉ်တိုးတက်ဖြစ်ပေါ်နေသော စိုက်ဧရိယာပေါ်တွင် စိုက်ပျိုးလုပ်ကိုင်နေသော တောင်သူလယ်သမားများအတွက် နိုင်ငံတော်မှ လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းကို လယ်ယာမြေဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဆောင်ရွက်ပေးနိုင်ခဲ့

ယနေ့ဆိုလျှင် စိုက်ဧရိယာ ၂၄ ဒသမ ၈၇ ဧက သန်း ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၄၇ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ တောင်သူဦးရေပေါင်း ၅ ဒသမ ၉၃ သန်း၊ ဦးပိုင်ပေါင်း ၉ ဒသမ ၆၉ သန်းကို ပုံစံ(၇)များ ထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ဆောင်ရွက်ရန် ကျန်ဧရိယာ ၃ ဒသမ ၂၃၈ ကေသန်းဖြစ်ရာ တောင်သူဦးရေပေါင်း ၀ ဒသမ ၆၂၂ သန်း၊ ဦးပိုင်ပေါင်း ၀ ဒသမ ၈၄၅ သန်း ကျန်ရှိနေသေးသည်ဟု ခန့်မှန်းစာရင်းများအရ သိရှိရပါသည်။ ထိုသို့ ကျန်ရှိသော လယ်ယာမြေများအပေါ်တွင် ပုံမှန်သမားရိုးကျနည်းလမ်းများဖြင့် အခက်အခဲမရှိဘဲ ဆောင်ရွက်သွားနိုင်မည်ဟု ခန့်မှန်းသောစာရင်းမှာ တောင်သူပေါင်း ၀ ဒသမ ၂၃၆ သန်း၊ ဦးပိုင်ပေါင်း ၀ ဒသမ ၃၄၀ သန်း၊ ဧရိယာပေါင်း ၁ ဒသမ ၀၇၉ ဧက သန်း တို့ဖြစ်သည်။ မြေမတိုင်းရသေး၍ မြေပုံ၊ စာရင်းမရှိသေးသောဧရိယာများ၊ နယ်မြေဒေသမငြိမ်းချမ်း၍ ဆောင်ရွက်ပေး၍ မရသေးသော ဧရိယာများ၊ မြေယာအငြင်းပွားမှု ဖြစ်ပေါ်နေသော ဧရိယာများစသော အကြောင်းကိစ္စရပ်များ အပါအဝင် ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်ရလိမ့်မည်ဟု ခန့်မှန်းသောဧရိယာမှာ တောင်သူပေါင်း ၀ ဒသမ ၃၈၆ သန်း၊ ဦးပိုင်ပေါင်း ၀ ဒသမ ၅၀၅ သန်း ဧရိယာပေါင်း ၂ ဒသမ ၁၅၉ သန်းဖြစ်သည်။ လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းနှင့် ပတ်သက်၍ တောင်သူလယ်သမားများ အပါအဝင် အများပြည်သူ သိရှိထားသင့်သော အကြောင်းအချက်များလည်း ရှိပါသေးသည်။ လယ်ယာမြေ ဥပဒေပုဒ်မ ၆ အရ လယ်ယာမြေဥပဒေ စတင်အာဏာတည်သည့် နေ့ရက် ၃၁-၈-၂၀၁၂ တွင် လယ်ယာမြေအဖြစ် တည်ရှိနေသော စိုက်ပျိုးမြေများကိုသာ လယ်ယာမြေမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ယခင်က လယ်ယာမြေအဖြစ် တည်ရှိနေခဲ့သော်လည်း ၎င်းနေ့ရက်တွင် လယ်ယာမြေအဖြစ် မတည်ရှိတော့သော မြေများကိုမူ လယ်ယာမြေဥပဒေအရ မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ပေး၍ မရပါ။

နားလည်သဘောပေါက်စေချင်

လယ်ယာမြေအဖြစ် တည်ရှိနေသော တစ်နည်းအားဖြင့် လယ်ယာမြေဆိုသော စကားရပ်တွင် အကျုံးဝင်သော စိုက်ပျိုးမြေများကိုသာ မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်နိုင်သောကြောင့် လယ်ယာမြေ မဟုတ်သေးသော မိမိတို့အလိုရှိသောမြေကို စိုက်ပျိုးမြေအဖြစ် မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်လိုပါက လယ်ယာမြေဆိုသောစကားရပ်တွင် အကျုံးဝင်အောင်ဆောင်ရွက်ဖို့ လိုသည်ဟု အသေအချာ နားလည်သဘောပေါက်စေချင်သည်။ ဥပမာအားဖြင့် သစ်တောကြိုးဝိုင်းမြေ၊ စားကျက်မြေ၊ မြို့မြေ၊ ရွာမြေ၊ လ/န ၃၉ ခွင့်ပြုမိန့်ထုတ်ပြန်ထားသောမြေများတွင် လယ်ယာမြေမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်လိုသည်ဖြစ်ပါက အဆိုပါမူလမြေမျိုးဆိုင်ရာ သတ်မှတ်ထားသော အမိန့်ကို ချေဖျက်ရန်လိုအပ်ပါမည်။ သစ်တော၊ စားကျက်၊ မြို့မြေ၊ ရွာမြေ၊ လ/န ၃၉ ခွင့်ပြုမိန့်ကျ မြေများကို ပယ်ဖျက်မိန့်ထုတ်ပြန်ခြင်း၊ ထိုသို့ထုတ်ပြန်ရာတွင်လည်း လယ်ယာမြေဆိုသောစကားရပ်တွင် အကျုံးဝင်စေရန်အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန်ဖြစ်သည်ဟူသော စကားရပ်များ ဖော်ပြရန်ဖြစ်ခြင်း၊ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ခြင်းစသော အင်္ဂါရပ်များနှင့် ပြည့်စုံမှသာ မှတ်ပုံတင်လုပ်ငန်းကို ဆောင်ရွက်ပေး၍ ရသည်။ မြေလွတ်မြေရိုင်းကို ပုံစံ(၇)လိုချင်ပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခြင်း၊ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ခြင်း၊ တည်ငြိမ်သော အနေအထားသို့ ရောက်ရှိခြင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားခြင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ခွင့်ပြုမိန့်ပေးပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ပုံစံ(၇) ထုတ်ပေးရန် ဆောင်ရွက်ခြင်းစသော လုပ်ငန်းစဉ်များဖြင့်သာ လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းကို ဆောင်ရွက်နိုင်သည်။

လယ်ယာမြေများတွင် အငြင်းပွားမှုဖြစ်လာပါလျှင် ဖြေရှင်းခြင်းပုံစံ အဆင့်များကိုလည်း သိရှိထားရန် လိုအပ်ပါသည်။ ပုံစံ(၇)မရရှိသေးသော လယ်ယာမြေများအပေါ်တွင် အငြင်းပွားမှု ဖြစ်လာပါက ဦးစွာ ပုံစံ(၇)ကို အပြိုင်လျှောက်ထားရမည်ဖြစ်ပါသည်။ လယ်ယာမြေဥပဒေအရ ပုံစံ(၇) မရသေးဘဲ မြေယာမှုခင်းဖွင့်လှစ်ဆောင်ရွက်ပေး၍မရပါ။ ထိုသို့ အပြိုင်လျှောက်ထားလာလျှင် သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များက လိုအပ်လျှင် ခေါ်ယူစစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ရာတွင်လည်း မြေယာမှုခင်းဆုံးဖြတ်သကဲ့သို့ မဆောင်ရွက်ရဘဲ မည်သူ့ကို ပုံစံ(၇) ပေးမည်၊ မည်သူ့ကိုပုံစံ(၇) ပေးရန် ငြင်းပယ်သည်ဟုသာ ဆုံးဖြတ်ရခြင်း၊ ပုံစံ(၇)ရရှိပြီးမှ မကျေနပ်လျှင် မြေယာမှုခင်း ဖွင့်လှစ် ဆောင်ရွက်ရခြင်းစသည်တို့ ဖြစ်သည်။

သိရှိနားလည် သဘောပေါက်စေလို

လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းသည် အခက်အခဲများစွာဖြင့် ဆောင်ရွက်ရသောလုပ်ငန်းဖြစ်သည်။ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ဖြင့် စိစစ်ဆောင်ရွက်ရသောလုပ်ငန်းလည်းဖြစ်သည်။ စာရင်းမြေပုံအားနည်းချက်၊ အချိန်အားနည်းချက်၊ ဝန်ထမ်းအင်အား အားနည်းချက်၊ လုပ်ငန်းကျွမ်းကျင်မှုအားနည်းချက်၊ နည်းပညာချို့တဲ့မှု၊ ငွေကြေးဘတ်ဂျက်အခက်အခဲများစွာဖြင့် ဆောင်ရွက်ခဲ့ရသော လုပ်ငန်းကြီးဖြစ်သည်ကို ပြည်သူလူထုတစ်ရပ်လုံး သိရှိနားလည်သဘောပေါက်စေလိုသည်။

လယ်ယာမြေ မှတ်ပုံတင်လုပ်ငန်းနှင့် ပတ်သက်၍ အခြားအသိပေးတင်ပြလိုသော အချက်တစ်ချက်လည်း ရှိပါသေးသည်။ နိုင်ငံသားများအား မှတ်ပုံတင်ပေးခြင်း တစ်နည်းအားဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း၊ သို့တည်းမဟုတ် ယာဉ်များအားမှတ်ပုံတင်ပေးခြင်း တစ်နည်းအားဖြင့် ယာဉ်လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းများတွင် သီးခြားဦးစီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ပေးနိုင်ရုံသာမက အဆိုပါလူများ၊ ယာဉ်များအား မှတ်ပုံတင်ပေးရမည့်ဌာန၊ ရုံးသို့ တစ်ပါတည်း ခေါ်ဆောင်သွားနိုင်ကြောင်း သိသာမြင်သာသော်လည်း လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းမှာမူ မှတ်ပုံတင်ပေးရမည့် လယ်ယာမြေကို ရုံး၊ ဌာနများသို့ ခေါ်ဆောင်၊ ယူဆောင်သွား၍ မရသကဲ့သို့ ရုံး၊ ဌာန တစ်ခုတည်းမဟုတ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ အဆိုပါ လယ်ယာမြေတည်ရှိရာ နေရာသို့ ကွင်းဆင်းသွားရောက်ရန် လိုအပ်ခြင်း၊ ထိုသို့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ကွင်းဆင်းဆောင်ရွက်ပေးရသဖြင့် အချိန်လိုအပ်ခြင်း၊ လုပ်ငန်းခက်ခဲခြင်း သဘာဝများလည်း ရှိနေသည်ကို သတိပြုရန် ဆိုသော အချက်ဖြစ်သည်။

ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လို

ထိုသို့ အဘက်ဘက်က အားနည်းမှုများ၊ အခက်အခဲများဖြင့် ဆောင်ရွက်ရသောလုပ်ငန်းတွင် ပြည်သူလူထုအနေဖြင့် စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်သည်။ ယနေ့ဆိုလျှင် တောင်သူလယ်သမားများက စိတ်ပါဝင်စားမှုမရှိ၊ ရောင်း၊ ပေါင်၊ ငှား၊လဲ၊ ပေးအခွင့်အရေးကို မျှော်မှန်း၍ လျှောက်ထားမှုမရှိဘဲ စောင့်ဆိုင်းနေသော တောင်သူလယ်သမားပေါင်း ၀ ဒသမ ၂၂၁ သန်း၊ ဦးပိုင်ပေါင်း ၀ ဒသမ ၃၃၉ သန်း၊ ဧရိယာပေါင်း ၁ ဒသမ ၀၇၀ ဧက သန်းတို့ တည်ရှိနေသေးကြောင်း စာရင်းဇယားများအရ စိစစ်သိရှိရပါသည်။ တောင်သူလယ်သမားများ ကိုယ်တိုင်က စိတ်ပါဝင်စားမှုမရှိဘဲ လျှောက်ထားခြင်းမရှိပါက လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းသည် မည်သည့်အခါမျှ ပြီးစီးအောင်မြင်နိုင်လိမ့်မည် မဟုတ်ပါ။

အမိအရဖမ်းဆုပ်နိုင်

တစ်ဆက်တည်းမှာပင် လယ်ယာမြေမှတ်ပုံတင်ခြင်းသည် လုပ်ငန်းသဘောသဘာဝအရ မည်သည့်အခါမျှ အပြီးအပြတ် ဆောင်ရွက်နိုင်သော လုပ်ငန်းမဟုတ်ပါကြောင်းလည်း တင်ပြလိုသည်။ အဘယ်ကြောင့်ဆိုသော် မိဘမှ သားသမီးများကို အမွေခွဲပေးခြင်း၊ ညီအစ်ကိုမောင်နှမ အချင်းချင်း၊ မိတ်ဆွေအချင်းချင်း အပြန်အလှန် လဲလှယ် လွှဲပြောင်းပေးခြင်း၊ လယ်ယာမြေများ အရောင်းအဝယ်များ ပေါ်ပေါက်လာ၍ နာမည် လွှဲပြောင်းခြင်းများပြုလုပ်ခြင်း၊ မြေလွတ်မြေရိုင်းများမှ လယ်ယာမြေအဖြစ်ကူးပြောင်းခြင်း၊ နယ်မြေသစ်များရှာဖွေ၍ စိုက်ပျိုးလုပ်ကိုင်ခြင်း၊ တိုင်းရင်းသားမျိုးနွယ်စုပိုင်မြေများ၊ ဒေသခံပြည်သူလူထုတို့ စိုက်ပျိုးလုပ်ကိုင်သောမြေများကို တင်ပြလာခြင်း၊ လယ်ယာမြေများကို ခွဲစိတ်ခြင်းစသည့် ဖော်ပြနိုင်သောအကြောင်းအရာ- မဖော်ပြနိုင်သောအကြောင်းအရာ သဘောသဘာဝများ တည်ရှိ၍ အချိန်အခါအလိုက်ပြောင်းလဲနေသော လုပ်ငန်းဖြစ်နေသောကြောင့် ဖြစ်သည်။ ဤသဘောသဘာဝများ တည်ရှိနေသည်မှန်သော်လည်း နိုင်ငံတော်၏စေတနာကို တောင်သူလယ်သမားများက အမိအရဖမ်းဆုပ်နိုင်ရန်အတွက် လသာတုန်း ဗိုင်းငင်၊ မိုးရွာတုန်းရေခံတတ်ဖို့ လိုအပ်မည်။

သို့ဖြစ်ပါ၍ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူလယ်သမားထုကြီး၏ လုပ်ပိုင်ခွင့်ခိုင်မာတည်ငြိမ်စေရေးနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိသင့်၊ ရရှိထိုက်သူများ ကြွင်းကျန်နေမှုမရှိစေရေးအတွက် နိုင်ငံတော်၏ စေတနာဖြစ်သည့် လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းကြီးကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လျက် တင်ပြလိုက်ရပါသည်။ ။

“လယ်ယာမြေအဖြစ် တည်ရှိနေသော တစ်နည်းအားဖြင့် လယ်ယာမြေဆိုသော စကားရပ်တွင် အကျုံးဝင်သော စိုက်ပျိုးမြေများကိုသာ မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်နိုင်သောကြောင့် လယ်ယာမြေ မဟုတ်သေးသော မိမိတို့အလိုရှိသောမြေကို စိုက်ပျိုးမြေအဖြစ် မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်လိုပါက လယ်ယာမြေဆိုသောစကားရပ်တွင် အကျုံးဝင်အောင်ဆောင်ရွက်ဖို့လို”

ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

မတူပီ မေ ၂၄-

ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ရောင်စုံဆေးရောင်ခြယ်ပြိုင်ပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပခဲ့သည်။ ရောင်စုံဆေးရောင်ခြယ်ပြိုင်ပွဲ၌ ဆုရရှိသည့် ကလေးငယ်များအား မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရည်တင်နှင့် ၃၀၄ ခြေမြန်တပ်ရင်း စာကြည့်တိုက်မှူး ဒေါ်နန်းခက်ကြည်တို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မုန်းလို့ရရင် မုန်းချင်တယ်နှင့် အနုပညာရှင်များ

ဖြစ်လေ့ဖြစ်ထရှိသည့် ဘဝများအတွင်းမှ ဇာတ်လမ်းရိုးရိုး တစ်ပုဒ်ကို ဂီတအခြေခံကာ ရိုက်ကူးတင်ဆက်ထားသည့် "မုန်းလို့ရရင် မုန်းချင်တယ်" ရုပ်ရှင်ဇာတ်ကားကို ယခုလ ၂၇ ရက်တွင် မြန်မာပြည်အနှံ့ ရုံတင်ပြသသွားမည်ဟု သိရသည်။

ယင်းဇာတ်ကားကို ရွှေစင်ဦး ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဇာတ်လမ်း သက်ဦးမောင်၊ ဇာတ်ညွှန်း မြမြင့်မိုရ်၊ မိုးနီလွင်တို့က ပုံဖော်ထားပြီး ဒါရိုက်တာ အောင်ဇော်လင်း ဖန်တီးရိုက်ကူးကာ သရုပ်ဆောင် နေတိုး၊ ဇင်ဝိုင်း၊ မင်းဦး၊ သင်ဇာဝင့်ကျော်၊ ရတနာမိုင်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

မင်းဦး

ရိုက်ကူးခဲ့တာ လေးနှစ်လောက်ကြာပြီ။ ဒါပေမယ့် ဒီဇာတ်ကားနဲ့ ပတ်သက်ပြီး ကျွန်တော် အခုထိ ရင်ခုန်တုန်းပါပဲ။ ဒီကားထဲမှာ ဦးဝေလွင် နေရာကနေ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဇာတ်ကားက ဂီတကို အခြေခံပြီး ရိုက်ထားတယ်။ ဒါပေမယ့်တစ်ဖက်မှာ နှစ်ယောက်တစ်အိမ်ထောင် ဘဝကို ထူထောင်ခဲ့ပြီး ဝါသနာနဲ့ စားဝတ်နေရေးအကြား မညီမျှတဲ့အခါ ပကာသနတွေကပဲ ချစ်ခြင်းမေတ္တာတွေကို ဝေးကွာသွားစေသလားဆိုတာကို ပြသထားတဲ့ ဇာတ်ကားလေးဖြစ်ပါတယ်။ စိတ်ဝင်စားဖို့ကောင်းသလို အားပေးကြပါဦးလို့ ပရိသတ်ကြီးကို ပြောချင်ပါတယ်။

အကယ်ဒမီနေတိုး

ကျွန်တော်က အဆိုတော်၊ သီချင်းရေးဆရာပေါ့။ တေးရေးဆရာတစ်ယောက်ရဲ့ဘဝကို လုပ်တယ်။ ဒီဇာတ်ကား မရိုက်ခင်ကတည်းက အပြင်မှာ တေးရေးဆရာတွေရဲ့အကြောင်းကို သေချာလေ့လာဖြစ်တယ်။ ဇာတ်ကားထဲမှာ တေးရေးဆရာတစ်ယောက်ရဲ့ အိမ်ထောင်ရေး၊ နေတာထိုင်တာကအစ လေ့လာရတာပေါ့နော်၊ အဲ့လိုလေ့လာပြီးမှ ရိုက်တာပါ။ ဒီကားက ဒရာမာ အမျိုးအစားဆိုတော့ အိုက်တင်က ပေါက်ကွဲထွက်တဲ့ အိုက်တင်မျိုးတွေပါနေတယ်ဆိုတော့ ကြည့်တဲ့ပရိသတ်တွေ အားရကျေနပ်မယ်ထင်ပါတယ်။ ဒီကားကြီးက ရုပ်ရှင်နဲ့ ဂီတဆိုတဲ့ အနုပညာနှစ်မျိုးကို တွဲပြီးမြင်ရမယ့် ကားမျိုးဆိုလည်း မမှားပါဘူး။

သင်ဇာဝင့်ကျော်

ဒီကားထဲမှာ ဟေမာန်ဆိုတဲ့ ဇာတ်ရုပ်ကနေ သရုပ်ဆောင်ထားပါတယ်။ ချစ်သူဖြစ်သူက တေးရေးဆရာတစ်ယောက် သီချင်းလည်းဆိုတယ် ပေါ့နော်၊ နှစ်ယောက်သား ချစ်သူတွေထက် ပိုခဲ့တဲ့ အနေအထားအထိ နေခဲ့ကြတယ်။ ဘဝတွေက ထင်ထားသလို မပြည့်စုံဘူးဆိုတာသိနေတယ်။ ဒီအချိန်မှာ ကိုယ့်အပေါ်ကို အစစအရာရာဂရုစိုက်ပြီး ပြည့်စုံတဲ့ယောကျ်ားတစ်ယောက်ကို တွေ့ခဲ့တယ်။ အဲဒီတော့ ကိုယ်လက်တွဲရမယ့်သူက ဦးဝေလွင်ဆိုတဲ့ အရာအားလုံးပြည့်စုံတဲ့သူ၊ သူ့ကို ဘဝလက်တွဲဖော်အဖြစ် ရွေးခဲ့တာပေါ့၊ ကားလေးက တကယ်ကိုကောင်းတဲ့ ဇာတ်လမ်းလေးပါ။ အချစ်ဆိုတာ တကယ့်လက်တွေ့ဘဝမှာ မပြည့်စုံရင် လျှောက်လှမ်းတဲ့ ဘဝခရီးက အဆင်မပြေဘူးဆိုတဲ့အကြောင်းလေးကို ပြသထားပါတယ်။

ရတနာမိုင်

အဆိုတော် ယုယခင်ဆိုပြီး သရုပ်ဆောင်ထားပါတယ်။ ကိုနေတိုးကလည်း အဆိုတော်တစ်ယောက်ပေါ့။ မိုင်လေးကို ကိုနေတိုးက အဆိုတော်တစ်ယောက်စစ်စစ် လိုချင်တယ်၊ ဒါကြောင့် ရိုက်ကူးပေးဖို့ ကမ်းလှမ်းလာတဲ့အတွက် ရိုက်ဖြစ်ခဲ့တာပါ။ ဇာတ်ကားထဲမှာ မိုင်လေးကိုယ်တိုင် သီဆိုထားတဲ့ ဇာတ်ဝင်တေးသီချင်းတစ်ပုဒ် ပါပါတယ်။ ရှင်သန်ခြင်းအတွက်လို့ အမည်ပေးထားတဲ့သီချင်းလေး ဆိုထားပါတယ်။

၂၇.၄.၂၀၁၈ ရက်မှစတင်၍တစ်ပြည်လုံး ပြသပါတော့မည်။

● ကိုလင်း

ပရိသတ်ရှေ့တစ်ကျော့ပြန် ထက်ထက်မိုးဦး

အနုပညာလောကကို ၁၉၉၂ ခုနှစ်တွင် ဝင်ရောက်လာခဲ့ပြီး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုကို ၁၉၉၆ ခုနှစ်က "ပန်းသခင်" ရုပ်ရှင်ဇာတ်ကားကြီးနှင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို ဆွတ်ခူးခဲ့သည်။ ယင်းနောက် "သမီးမိုက်" ရုပ်ရှင်ဇာတ်ကားဖြင့်လည်း ဒုတိယအကြိမ်မြောက် အကောင်းဆုံး ဇာတ်ဆောင်ဆုကို ထပ်မံဆွတ်ခူးခဲ့ပြီး ကြော်ငြာပေါင်း ၁၀၀၀ ကျော်နှင့် ဗီဒီယိုဇာတ်ကားပေါင်း များစွာကို ရိုက်ကူးခဲ့သူဖြစ်ပြီး ပြည်သူချစ်သော အနုပညာရှင်တစ်ယောက်အဖြစ် နှစ်ပေါင်းများစွာ ခံယူခဲ့သူလည်းဖြစ်သည်။ ဘဝ၏ အနိမ့်အမြင့် လောကဓံတရားမျိုးစုံကို ရင်ဆိုင်ခဲ့ပြီး အချစ်ရေးတွင် ကံမကောင်းခဲ့သူဟု ပရိသတ်များ၏ သတ်မှတ်ခံခဲ့ရသူဖြစ်သည်။

"အရင်ကတော့ တရားသဘောအရ အဖြစ်အပျက်တွေကို သိပ်ပြီး နားမလည်ခဲ့တာတော့ အမှန်ပါပဲ၊ သိစိတ်ကြောင့် အမှန်တရားတွေ လုပ်ခဲ့သလို၊ထက်ထက်ဘဝမှာ မသိစိတ်ကြောင့် အမှားတွေလုပ်ခဲ့တာတွေ ရှိခဲ့ပါတယ်၊ အထူးသဖြင့် မီဒီယာတွေနဲ့ပေါ့၊ အမှားတွေလုပ်ခဲ့တာရှိလို့ရှိရင် ခွင့်လွှတ်ပါလို့ ထက် တောင်းဆိုပါတယ်၊ ကိုယ့်အပေါ် မေးတဲ့မေးခွန်းတိုင်းအပေါ် ခံစားချက်ကြောင့် စိတ်အလိုကို လိုက်ခဲ့မိတယ်၊ ဘဝမှာ နောင်တရတာမျိုးဆိုတာတော့ မရှိပါဘူး၊ မှားတာတွေလည်းရှိသလို မှန်တာတွေလည်းရှိခဲ့တာကို၊ ကိုယ့်အပေါ်ကို ကောင်းခဲ့ကြတဲ့သူတွေအားလုံးရော၊ အနုပညာအလုပ် လုပ်ကတည်းက ကိုယ့်အပေါ်စောင့်ရှောက်ခဲ့တဲ့ ဆရာသမားတွေအားလုံး ကျေးဇူးမမေ့ပါဘူး"ဟု ထက်ထက်မိုးဦးက ပြောသည်။

ထက်ထက်မိုးဦးသည် ယခုလ ၂၁ ရက်တွင် ရုံတင်ပြသခဲ့သည့် စိန်ဒွေးရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှထုတ်လုပ်ရိုက်ကူးထားပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်း လွင်မင်းအုံ၊ ဒါရိုက်တာကိုဇော်(အရုဏ်ဦး) ဖန်တီးထားသော "ရှယ်ချွေးမ" ရုပ်ရှင်ဇာတ်ကားတွင် အကယ်ဒမီများရှင် ရန်အောင်၊ စိုးမြတ်သူဇာ၊ အောင်ရဲလင်းတို့နဲ့အတူ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

"ဒီကားထဲမှာ ထက်ထက်က ကိုယ့်ထက်ငယ်တဲ့ ကောင်လေးနဲ့ မထင်မှတ်ဘဲ လက်ထပ်ယူခဲ့တယ်၊ စိုးမြတ်သူဇာရဲ့ သားဖြစ်တဲ့ အောင်ရဲလင်းနဲ့ပေါ့နော်၊ စိုးမြတ်သူဇာနဲ့ ထက်ထက်နဲ့က သူငယ်ချင်းတွေ အသက်လည်းအတူတူပဲ၊ ပထမတော့ ထက်ထက်က ကိုရန်လေးကို တစ်ဖက်သတ် ချစ်ခဲ့တာပေါ့နော်၊ နောက်ဆုံး စိုးမြတ်သူဇာနဲ့ လက်ထပ်လိုက်တော့ ကိုယ့်ကကျန်ရစ်ဖြစ် ပြီး နောက်ဆုံး သူတို့ နှစ်ယောက်က မွေးတဲ့သားနဲ့ မထင်မှတ်ဘဲ လက်ထပ်ဖြစ်ခဲ့တာပေါ့၊ အစကတော့ စိုးမြတ်သူဇာက သူ့သားနဲ့ ကိုယ်နဲ့ ကြိုက်နေမှန်းမသိဘူး မြှောက်ပေးနေတာပေါ့၊ နောက်ဆုံး သူ့သားနဲ့ ယူမယ့်သူဖြစ်နေတော့ မကြည်ဖြူတော့ဘဲ ရန်လိုနေတဲ့ ပုံစံလေးပါ၊ ဇာတ်လမ်းလေးက ဟာသဇာတ်မျိုးလေးပါ"ဟု ဆိုသည် ။

ကိုလင်း

ရုပ်ရှင်ကြည့်ပရိသတ်ကို တဖြည်းဖြည်းသနားလာသည့် ဒါရိုက်တာ ပန်းချီစိုးမိုး

မြန်မာ့ရုပ်ရှင်လောကတွင် ဒါရိုက်တာအဖြစ် ဆယ်စုနှစ် ငါးစုရှိပြီဖြစ်သည့် ဝါရင့်ဒါရိုက်တာ ပန်းချီစိုးမိုးသည် "ငါသူတစ်ပါးယောကျ်ားမိန်းမ" ရုပ်ရှင်ဇာတ်ကားကို ဖန်တီးရိုက်ကူးခဲ့သူဖြစ်ပြီး ယခုအခါ အနုပညာရှင်အချို့အပေါ် အားရကျေနပ်မှုလျော့နည်းနေကြောင်း သရုပ်ဆောင်ထက်ထက်မိုးဦးနှင့် မီဒီယာများမိတ်ဆက်ပွဲတွင် ပြောကြားသည်။

" မြန်မာ့ရုပ်ရှင်လောကမှာ ဖြစ်နေတဲ့အဖြစ်တွေကို မြင်နေကြားနေရတာ ကြာပါပြီ၊ အနုပညာသမားတွေအနေနဲ့ နိုင်ငံတော်ကို တာဝန်ကျေသလို ရုပ်ရှင်ကြည့်ပရိသတ်အပေါ်လည်း တာဝန်ကျေသင့်ပါပြီ၊ တာဝန်ဆိုတဲ့ စကားကို ဘာလို့ပြောရသလဲဆိုရင် ရုပ်ရှင်ကြည့်ပရိသတ်ကို ကျွန်တော် သနားလို့ ဒီတာဝန်ဆိုတဲ့ စကားကိုသုံးတာပါ၊ အနုပညာသည်တွေ ကိုယ်လုပ်ချင်တာလုပ်မယ်ဆို ပန်းချီပဲရေးကြတာ ကောင်းမယ်၊ ရုပ်ရှင်ရိုက်တယ်ဆိုတာ အများအကြိုက်ကို ရိုက်ရတာပါ၊ ကိုယ်သန်ရာသန်ရာကို ရိုက်ကြသလို၊ သရုပ်ဆောင်တွေမှာလည်း ကိုယ်သန်ရာသန်ရာဆိုတာ ရှိကြပါတယ်၊ အဲ့လို သန်ရာလေးဆို အချို့က ခက်ထန်တဲ့ မျက်နှာထားရှိတယ်၊ အချို့က ချစ်စရာကောင်းတဲ့မျက်နှာထား ရှိကြတယ်၊ အချို့က မုန်းစရာကောင်းတဲ့မျက်နှာမျိုး ပိုင်ဆိုင်ထားကြတယ်၊ ဒါတွေကို ပြောတာပါ၊ ပိုင်ဆိုင်တဲ့အရာတွေကို လက်တွေ့ကျကျအသုံးချတဲ့အခါ အနုပညာမှာ ထွန်းပေါက်ကြတာ တွေ့ရတယ်၊ အချို့အနုပညာရှင်တွေ သူတို့မွေးရာပါ ပါရမီကြောင့်ရလာတဲ့ ဒီလိုအရာတွေကို အသုံးချပြီး အနုပညာအလုပ်မှာ အောင်မြင်မှုရအောင် လုပ်ကြတယ်၊ အောင်လည်း အောင်မြင်ကြတယ်၊ အဲဒီလို အောင်မြင်မှုကို ရိုက်ချိုးမယ့်အရာက မာန်မာနဆိုတဲ့ အရာပါပဲ၊ မာန်မာနကြောင့် သူတို့ဘဝတွေ ပျက်ရတယ်၊ ကျရှုံးကြရတယ် ၊ လူတိုင်းမှာ မာန်မာနဆိုတာ ရှိကြတာပါပဲ၊ ဖြစ်တဲ့အချိန်မှာ မာန်မာနရှိကြတယ်၊ မဖြစ်တော့တဲ့အချိန်မှာ မာန်မာနဆိုတာ ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး၊ လူချစ်လူခင်များတဲ့ အလုပ်ကိုလုပ်ရင် လူချစ်ခင်အောင်နေပါလို့ ပြောချင်ပါတယ်" ဟု ဆိုသည်။

ဒါရိုက်တာ ပန်းချီစိုးမိုးသည် တပ်မတော် နှစ်(၇၀)ပြည့်အဖြစ် "ကွမ်းလုံ ရက်လေးဆယ်" ရုပ်ရှင်ဇာတ်ကား၊ ကြယ်စင်မော်ကွန်း ရုပ်ရှင်ဇာတ်ကားနှင့် လတ်တလောအနေဖြင့် "ကမ္ဘဖလ" အမည်ရသည့် ရုပ်ရှင်ဇာတ်ကားကို ပြေတီဦး၊ စိုးရန်အောင်၊ မိုးဟေကို ၊ အေးမြတ်သူ၊ စိုးပြည့်သဇင်၊ မေပန်းချီတို့နှင့် ဖန်တီးရိုက်ကူးပေးနေကြောင်း သိရသည်။

ကိုလင်း

အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာများကို တန်ဖိုးထားတတ်အောင် သင်ပေးသည့်ဆရာများကြောင့် ကံကောင်းခဲ့သည့် ခရစ္စတီးနားခ်ီ

ပရိသတ်များအကြား ရေပန်းစားကာ လေးစားချစ်ခင်သည့် ထိပ်တန်းရုပ်ရှင်အသိပညာရှင်တစ်ဦးဖြစ်သည့် ဒါရိုက်တာ ခရစ္စတီးနားခ်ီသည် ဧပြီ ၂၁ ရက်က အသိဉာဏ်ပစ္စည်းအဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားတွင် Women in Innovation and Creativity ဆု ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ယင်းအခမ်းအနားကို World Intellectual Property Organization က ကျင်းပခြင်းဖြစ်သည်။

"လောလောဆယ်တော့ ရုပ်ရှင်ထုတ်လုပ်ရေးဖြစ်တဲ့ Central Base Production မှာ CEO အဖြစ်နဲ့ လုပ်ကိုင်နေတာ ဖြစ်ပါတယ်၊ ကျွန်မတို့ ၂၀၁၈ ခုနှစ်မှာ ရုံတင်ပြသခဲ့တဲ့ "ဉပါယ်တံမျဉ်" ဇာတ်ကားကြီးနဲ့ "မုဒြာခေါ်သံ" ရုပ်ရှင်ကားကြီး နှစ်ကားကို ကိုယ်တိုင်ရိုက်ကူးခဲ့ပါတယ်၊ ဒီဇာတ်ကားတွေကို ကျွန်မ တတ်နိုင်သမျှ အကောင်းဆုံး ဖန်တီးရိုက်ကူးခဲ့တာ ဖြစ်ပါတယ်၊ ဒီအတွက်ကြောင့်လည်း ပရိသတ်တွေကြား ကျွန်မကို ချီးကျူးကြသလို၊ ဝေဖန်အကြံပေးကြတာလေးတွေလည်း ရှိခဲ့ပါတယ်၊ ဒါတွေအတွက် အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်၊ အားလုံးရဲ့ အားပေးမှုတွေကြောင့် အခုလို ကျွန်မကို ဆုပေးအပ်တာဖြစ်တာမို့ အားလုံးရဲ့ ကျေးဇူးတွေလည်း ပါဝင်သလို အားလုံးနဲ့လည်း ဒီဆုကသက်ဆိုင်ပါတယ်၊ ကျွန်မဘဝမှာ Copyright နဲ့ Intellectual Property ကို တန်ဖိုးထားတတ်အောင် သင်ပေးခဲ့တဲ့ ဆရာသမားတွေ ရှိခဲ့လို့ ကံကောင်းခဲ့ပါတယ်၊ ကျွန်မသင်ခဲ့ရတဲ့ကျောင်းက စာတစ်ကြောင်းတောင် သူများဆီကနေ ခိုးချခွင့်မရှိခဲ့ပါဘူး၊ ခိုးခဲ့ရင် ကျောင်းထုတ်မယ်လို့ စည်းကမ်းတွေ ထုတ်ထားတယ်၊ ဒါကြောင့်မို့ တီထွင်တဲ့အချိန်ပဲဖြစ်ဖြစ်၊ ဖန်တီးတဲ့ အချိန်ပဲဖြစ်ဖြစ် ၊ ကျွန်မတို့စိတ်ကို အရိုးသားဆုံးဖြစ်အောင် ဖန်တီးရတယ်၊ ဒါတွေကို လေ့ကျင့်မှုရရှိထားတဲ့ ကျွန်မအတွက်တော့ တာဝန်ကြီးတယ်လို့ မခံစားခဲ့ရပါဘူး"ဟု ဆိုသည်။

အဆိုပါဆုသည့် စွမ်းဆောင်ရည် အလှည့်အပြောင်းကာလတွင် တီထွင်ဆန်းသစ်မှုရှိသည့် အမျိုးသမီးများကို ရွေးချယ်ပေးအပ်သော ဆုဖြစ်ပြီး ခရစ္စတီးနားခ်ီသည် သူကိုယ်တိုင် ရိုက်ကူးဖန်တီးခဲ့သော "မုဒြာခေါ်သံ" ရုပ်ရှင်ဇာတ်ကားကြီးကို အမေရိကန်နိုင်ငံ Indiana ပြည်နယ် Fort Wayne မြို့နယ်တွင် ကျင်းပပြုလုပ်မည့် Film Festival တွင် ပြသရန်ရှိကြောင်း သိရသည်။

ကိုလင်း

အနုပညာသတင်း

အမေရိကန် ဟာသသရုပ်ဆောင် Verne Troyer ကွယ်လွန်

The Austin Powers ဆိုတဲ့ အမေရိကန်စပိုင် ဟာသရုပ်ရှင်ဇာတ်ကားတွေမှာ Mini-Me ဇာတ်ရုပ်နဲ့ ပရိသတ်ရင်ထဲရောက်ခဲ့တဲ့ သရုပ်ဆောင် Verne Troyer ဟာ အသက် ၄၉ နှစ်အရွယ်မှာ သေဆုံးသွားပြီပဲ ဖြစ်တယ်။ သူဟာ အမေရိကန် ဟာသသရုပ်ဆောင်နဲ့ စတန့်သမားတစ်ဦးလည်းဖြစ်တယ်။ သူဟာ အခုလ အစောပိုင်းကတည်းက ဆေးရုံမှာ တက်ရောက်ဆေးကုသမှုခံယူနေခဲ့ရတာပဲ ဖြစ်တယ်။ စနေနေ့မှာတော့ သူသေဆုံးသွားပြီဆိုတာကို လူမှုမီဒီယာပေါ်မှာ ကြေညာခဲ့ပါတယ်။ Verne Troyer ကို Mini-Me လို့လည်း ချစ်စနိုး ခေါ်ဝေါ်ကြပါတယ်။ သူ့ရဲ့ ထူးခြားချက်ကတော့သူ့အရပ်ဟာ ၂ ပေနဲ့ ၈ လက်မပဲ ရှိပါတယ်။ Verne ဟာ လူတိုင်းကိုပြုံးရယ်စေသူဖြစ်ပြီး လူတိုင်းလူတိုင်းကိုလည်း ပျော်ရွှင်ရယ်မောအောင် သရုပ်ဆောင်ခဲ့ပါတယ်။ အခုတော့ သူမရှိတော့ပါဘူး။ Verne ဟာ ရုပ်ရှင်နဲ့ တီဗွီစီးရီးပေါင်းများစွာမှာ ပါဝင်ခဲ့သူလည်းဖြစ်တယ်။ ဟယ်ရီပေါ်တာ ပထမဦးဆုံးဇာတ်ကားမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

သူဟာအရက်စွဲနေသူတစ်ဦးဖြစ်ပြီး အဲဒီအတွက်ကြောင့်လည်း မနှစ်က ဆေးရုံတက်ခဲ့ရပါတယ်။ Verne ဟာ အရက်စွဲနေခဲ့ပေမယ့် သူ့မှာကောင်းတဲ့ အရာတွေလည်း အများကြီးရှိပါသေးတယ်။ သူဟာ ၂၀၁၂ ခုနှစ်က အိုင်ယာလန် မြောက်ပိုင်းမှာရှိတဲ့ မသန်စွမ်းကလေးတွေကို လှူဒါန်းမှုလုပ်ခဲ့ပါတယ်။ အဲဒီတုန်းက ဂေဟာမှာ သူခိုးတွေဝင်လို့ အခက်တွေ့နေတဲ့အချိန်လည်း ဖြစ်တယ်။ အဲဒီသတင်းကို ကြားတဲ့အတွက်လည်း Verne ဟာ လှူဒါန်းမှု ပြုလုပ်ခဲ့တာပါလို့ ပရဟိတအဖွဲ့ကို စာရေးခဲ့ပါတယ်။ အခုအချိန်မှာတော့ အားလုံးကို ပျော်ရွှင်စေခဲ့သူဟာ အားလုံးကိုစွန့်ခွာပြီး အဝေးကိုထွက်ခွာသွားခဲ့ပြီပဲ ဖြစ်ပါတယ်။

ဟယ်လို

Avatar ဇာတ်ကားရဲ့ နောက်ဆက်တွဲဇာတ်ကားများ ရိုက်ကူးရန် စိတ်ကူးရှိဆဲလို့ ဒေးဗစ်ကာင်မရွန်းပြော

စိတ်ကူးယဉ်သိပ္ပံ ဇာတ်ကားတစ်ကားဖြစ်တဲ့ Avatar ဇာတ်ကားကို ရိုက်ကူးခဲ့သူ ဒါရိုက်တာ ဒေးဗစ်ကင်မရွန်းက သူဟာ နောက်ဆက်တွဲဇာတ်လမ်းတွေ ရိုက်ကူးဖို့ စိတ်ကူးရှိဆဲပဲလို့ ဆိုပါတယ်။ Avatar ဇာတ်ကားဟာ ၂၀၀၉ ခုနှစ်က အကြီးအကျယ်အောင်မြင်ခဲ့တဲ့ သိပ္ပံစိတ်ကူးယဉ်ဇာတ်ကားတစ်ကားလည်း ဖြစ်တယ်။ သူဟာ Fox ရုပ်ရှင်ကုမ္ပဏီနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်အောက်မှာ Avatar ဒုတိယကားနဲ့ တတိယကားကိုရိုက်ဖို့ ရှိပါတယ်။ တကယ်လို့များ အဲဒီဇာတ်ကားတွေ အောင်မြင်ခဲ့ရင် Avatar စတုတ္ထကားနဲ့ ပဉ္စမကားတွေထိပါ ရိုက်ဖို့စိတ်ကူး ရှိတယ်။ ဇာတ်လမ်းကလည်း ရေးပြီးသားရှိတယ်လို့ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။ စတုတ္ထဇာတ်ကားအတွက် ဇာတ်ကောင်တွေရဲ့ အပြင်အဆင် ဒီဇိုင်းတွေကို စတူဒီယိုထဲမှာ ပြင်ဆင်ထားပြီးဖြစ်ပေမယ့် သတင်းထောက်တွေကို ပြသခြင်း မရှိခဲ့ပါဘူး။

Avatarဇာတ်ကားဟာ ဝင်ငွေအများဆုံးရရှိခဲ့တဲ့ ဇာတ်ကားအဖြစ် စံချိန်တင်ခဲ့ပြီး တစ်ကမ္ဘာလုံးအနှံ့ လက်မှတ်ရောင်းချငွေ ၂ ဒသမ ၈ ဘီလီယံ ရရှိခဲ့ပါတယ်။ ဒုတိယမြောက် Avatar ဇာတ်ကားကိုတော့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကျမှ ရုံတင်နိုင်လိမ့်မယ်လို့ သိရပါတယ်။

အင်ဒီယာဝိုင်ယာဒေ့ါကွန်း



မြူး

မြစ်ကြီးနားမြို့၌ လေကြောင်းလူငယ်အခြေခံသင်တန်းဖွင့်

မြစ်ကြီးနား ဧပြီ ၂၄

မြန်မာ့တပ်မတော်(လေ) အနေဖြင့် မျိုးဆက်သစ်လူငယ်များဖြစ်သည့် မြစ်ကြီးနားမြို့ပေါ် အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများအား နွေရာသီအားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် လေကြောင်းဆိုင်ရာ အထွေထွေဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် လေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ် ၁/၂၀၁၈ သင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ ရက်က မြစ်ကြီးနား လေတပ်စခန်းဌာနချုပ် မလိခခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် စိုးအောင်တို့က လေကြောင်းလူငယ်အခြေခံသင်တန်း တက်ရောက်မည့် သင်တန်းသား သင်တန်းသူများကို အမှာစကားပြောကြားပြီး သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ လေတပ်စခန်းဌာနချုပ်မှူးက လက်ခံယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တပ်မတော်အရာရှိများက သင်တန်းတွင် ပြသထားသည့် လေကြောင်းသုံးပစ္စည်းများနှင့် လေကြောင်းဆိုင်ရာ စာအုပ်၊ စာစောင်များကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ လေကြောင်းလူငယ်သင်တန်းကို မြို့ပေါ်အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ၄၀ တို့အား အချိန်ကို တိကျစွာ လိုက်နာဆောင်ရွက်တတ်မှု၊ အချင်းချင်းညှိနှိုင်းဆောင်ရွက်တတ်မှု၊ အပြန်အလှန်လေးစားယုံကြည်မှုနှင့် အခက်အခဲအမျိုးမျိုးကို အချင်းချင်း ရိုင်းပင်းကူညီဖြေရှင်းတတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် စခန်းသွင်းလေ့ကျင့်မှုပုံစံဖြင့် ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ လေကြောင်းနှင့် အာကာသပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သော အခြေခံပညာရပ်များကို ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

ရေးမြို့နယ်အတွင်း တောင်သူများအတွက် စပါးမျိုးနှင့် နည်းပညာပိုင်းများ ပံ့ပိုးပေး

ရေး ဧပြီ ၂၄

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း နွေစပါး စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍများတွင် စပါးမျိုးနှင့် နည်းပညာပိုင်းများ၊ စက်ယန္တရားများ အကူအညီရနေသော်လည်း အခြေခံလုပ်သား ရှားပါးမှုများ ရှိနေသည့်အတွက် တောင်ယာလုပ်ငန်းခွင်များတွင် အခက်အခဲများ ရှိနေသေးကြောင်း တောင်သူများထံမှ သိရသည်။

“အလုပ်သမားရှားပါးမှုနဲ့ အလုပ်သမားစရိတ်တွေ မြင့်တက်လာတဲ့အခါမှာ စပါးထုတ်တဲ့ နေရာမှာ အမြတ်အစွန်းက သိပ်မကျန်ပါဘူး၊ ဒီနှစ်မှာ စိုက်ပျိုးရေးဌာနက မျိုးစပါးနဲ့ နည်းပညာပံ့ပိုးပေးတဲ့အတွက် အမြတ်အစွန်း အနည်းငယ်တော့ ရရှိပါတယ်” ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ထိုင်းနှံ့ကောက် မုဒုံမျိုးဆင်းသုခစပါးမျိုးနှင့် နည်းပညာများပါ ပံ့ပိုးပေးကြောင်း၊ ရေတံခါး ဆည်မြောင်းပျက်စီးမှုရှိသည့် နေရာများတွင် နွေစပါးအထွက်နှုန်း ကျဆင်းလာသော်လည်း ရေရရှိသည့် နေရာများတွင် နွေစပါး ဖြစ်ထွန်းအောင်မြင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်လှလှဝင်းက ပြောသည်။

ရေးမြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာန မှတ်တမ်းများအရ နွေစပါး စိုက်ပျိုးဧကပေါင်း ၁၆၉ ဧကခန့်ရှိပြီး တောင်သူများကို မျိုးစပါးအပြင် နည်းပညာလည်း ကူညီပံ့ပိုးပေးသည့်အတွက်ကြောင့် ယခုနှစ် နွေစပါးအထွက်နှုန်း အောင်မြင်နေကြောင်း သိရသည်။

နေမျိုးထွဋ် (ရေး)

ကျန်းမာရေးသတင်းအချက်အလက် ကွန်ပျူတာဆော့ဖ်ဝဲသင်တန်း ပို့ချ

ထားဝယ် ဧပြီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော Current Electronic Reporting Using DHIS2 Open Score Software in Myanmar ခရိုင်အခြေပြု ကျန်းမာရေးသတင်းအချက်အလက် ကွန်ပျူတာဆော့ဖ်ဝဲသင်တန်းပို့ချမှု အခမ်းအနားကို ဧပြီ ၂၃ ရက်က ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန (နေပြည်တော်) ကျန်းမာရေးနှင့် သတင်းဌာနခွဲ ကျွမ်းကျင်အရာရှိ ဒေါက်တာ ဥမ္မာကြည်က ကျန်းမာရေးသတင်းအချက်အလက် (ကွန်ပျူတာဆော့ဝဲလ်) ဆိုင်ရာအကြောင်းနှင့် သင်ခန်းစာများ ပို့ချလျက်ရှိသည်။

သင်တန်းကို ကျန်းမာရေးဦးစီးဌာန (နေပြည်တော်) ကျန်းမာရေးနှင့် သတင်းဌာနခွဲ ကျွမ်းကျင်အရာရှိနှင့် ငါးဦးက တိုင်းဒေသကြီးအတွင်းရှိ သင်တန်းသား သင်တန်းသူများ၊ မြို့နယ်အသီးသီးမှ သူနာပြု၊ စာရင်းကိုင်၊ ဆေးစပ်အဖွဲ့ ၅၀ ကို သင်ကြားပို့ချလျက်ရှိသည်။ သင်တန်းမှာ ဧပြီ ၂၂ ရက်မှ ၂၇ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

စစ်မှုထမ်းဟောင်းမိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်

မိုင်းဖြတ် ဧပြီ ၂၄

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၌ အမှတ် ၁ တပ်မတော်ဆေးရုံ ခုတင် ၁၀၀ မှ ဗိုလ်ကြီး ဝင်းထွဋ် ဦးစီးသည့် အဖွဲ့သည် စစ်မှုထမ်းဟောင်းမိသားစုဝင်များကို ဧပြီ ၂၃ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ကျန်းမာရေးစောင့်ရှောက်မှုများ (အခမဲ့) ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး စစ်မှုထမ်းဟောင်းမိသားစုဝင် ၃၀ တို့ကို ကုသဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဗိုလ်ကြီး ဝင်းထွဋ်က စစ်မှုထမ်းဟောင်းအဖွဲ့မိသားစုဝင်များအတွက် ဆန်၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် လက်ဖက်ရည်ထုပ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

သွေးတိုးရောဂါအတွက် လေ့ကျင့်ခန်း လမ်းညွှန်

ကျော်သူရထွန်း

သွေးတိုးခြင်းအတွက် လေ့ကျင့်ခန်း အကြံပေးချက်

လေ့ကျင့်ခန်းလုပ်ခြင်းက သင့်ရဲ့သွေးတိုးကို ကျစေပါတယ်။ လေ့ကျင့်ခန်းက သင့်ကို ခွန်အားတွေပေးတဲ့အပြင် သင့်ရဲ့ စိတ်ဖိစီးမှုတွေကိုကျော်လွှန်ပြီး နေလို့ကောင်းစေပါတယ်။ သင်က လောလောဆယ် လှုပ်ရှားမှုသိပ်မရှိဘူးဆိုရင် သင့်ဆရာဝန်နဲ့ အရင်တွေ့ပါ။ သူက သင့်ကို လေ့ကျင့်ခန်းလုပ်ဖို့ အဆင်သင့်ဖြစ်အောင် ကူညီပေးပါလိမ့်မယ်။ လှုပ်လှုပ်ရှားရှား နေခြင်းက သင့်သွေးတိုးကို ကောင်းစေတဲ့အတွက် သင့်ဆရာဝန်က အားကြိုးမာန်တက် ကူညီပါလိမ့်မယ်။

သင်ကြိုက်တဲ့လှုပ်ရှားမှုကို လုပ်နိုင်ပြီး ဒီအတွက် Gym သွားဖို့ မလိုပါဘူး။ သင်လှုပ်ရှားနေပြီး နှလုံးခုန်အနည်းငယ် မြန်စေပြီး နည်းနည်းမောနေရင် အဆင်ပြေပါတယ်။ ဒီလှုပ်ရှားမှုတွေထဲမှာ အမြန်လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်း၊ အလေးမခြင်းနဲ့ ခြံအလုပ်လုပ်ခြင်းတွေ ပါဝင်ပါတယ်။ သင့်အတွက် လှုပ်ရှားမှုရွေးချယ်ဖို့က သင့်ကိုယ်ကိုပြန်မေးရမယ့် မေးခွန်းနှစ်ခုရှိပါတယ်။

(၁) ဘာက ပျော်စရာကောင်းလဲ။

(၂) တစ်ယောက်တည်း လေ့ကျင့်ခန်းလုပ်မှာလား၊ အဖွဲ့နဲ့ လုပ်မှာလား။

ဘယ်လိုလေ့ကျင့်ခန်းမျိုးက အကောင်းဆုံးလဲ

အခြေခံအားဖြင့် လေ့ကျင့်ခန်းသုံးမျိုး ရှိပါတယ်။ နှလုံးနဲ့ သွေးကြော လေ့ကျင့်ခန်းများ၊ အေရိုးဗစ်လေ့ကျင့်ခန်းများ စတာတွေက သင့်ရဲ့သွေးတိုးကိုကျစေပြီး သင့်ရဲ့နှလုံးကို ပိုပြီး သန်မာစေပါတယ်။ ဥပမာ-လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ကြိုးခုန်ခြင်း၊ စက်ဘီးစီးခြင်း၊ စကိတ်စီးခြင်း၊ လှေလှော်ခြင်း၊ အေရိုးဗစ်၊ ရေကူးခြင်းနဲ့ ရေထဲတွင် အေရိုးဗစ်ကစားခြင်း၊ ခွန်အားလေ့ကျင့်ခြင်းတွေက သင့်ရဲ့ ကြွက်သားတွေကို သန်မာအောင် တည်ဆောက်ပေးပါတယ်။ ဒါက သင့်ရဲ့ ကယ်လိုရီတွေကို တစ်နေ့လုံး ပိုမိုလောင်ကျွမ်းစေပါတယ်။ သင့်ရဲ့အဆစ်နဲ့ အရိုးတွေအတွက်လည်း ကောင်းပါတယ်။

အကြောလျှော့ခြင်းက သင့်ကို ပိုပြီးပျော့ပျောင်းစေတဲ့ အပြင် သင့်ကို ပိုပြီးလှုပ်ရှားလို့အဆင်ပြေစေကာ အနာတရ ဖြစ်ခြင်းမှ ကူညီကာကွယ်ပေးပါတယ်။

လေ့ကျင့်ခန်းကို ဘယ်လောက်လုပ်သင့်လဲ

အမြန်လမ်းလျှောက်ခြင်းလိုမျိုး အလယ်အလတ်လှုပ်ရှားမှုတွေဆိုရင် တစ်ရက် မိနစ် ၃၀ နှုန်းနဲ့ တစ်ပတ်မှာ ငါးရက် လုပ်ပါ။ တကယ်လို့ အချိန်အဲဒီလောက်မရဘူးဆိုရင် ပြေးခြင်းလိုမျိုး ပြင်းထန်တဲ့လေ့ကျင့်ခန်းကို တစ်နေ့ မိနစ် ၂၀ နှုန်းနဲ့ တစ်ပတ်မှာ သုံးရက်မှ လေးရက် လုပ်ပါ။

တကယ်လို့သင်က ဒီနေ့အထိ လှုပ်လှုပ်ရှားရှား သိပ်မလုပ်ဘူးဆိုရင် အပေါ်က ပမာဏအထိ ဖြည်းဖြည်းချင်း လေ့ကျင့်သွားပါ။ အဲဒီလောက်အထိရောက်ဖို့ ရက်သတ္တပတ် အနည်းငယ် ကြာမယ်ဆိုလည်း အဆင်ပြေပါတယ်။

ပထမဆုံး သွေးပူအောင်လုပ်ပါ။ ၅မိနစ်ကနေ ၁၀ မိနစ်အထိ သွေးပူစေခြင်းက သင့်ရဲ့ကိုယ်ကို လှုပ်ရှားရ ပိုအဆင်ပြေစေတဲ့အပြင် အနာတရဖြစ်ခြင်းမှလည်း ကာကွယ်ပေးပါတယ်။ နောက်တစ်ခုက လေ့ကျင့်ခန်း အပြင်း အပျော့ကို ချိန်ဆပါ။ အလွန်အကျွံမလုပ်ပါနဲ့။ သင့်အနေနဲ့ လေ့ကျင့်ခန်းလုပ်နေစဉ် စကားပြောနိုင်တဲ့အနေအထား ရှိရပါမယ်။ သီချင်းပါ ဆိုနိုင်သေးရင်တော့ နည်းနည်းပိုလုပ်ပါ။

နောက်ဆုံးအနေနဲ့ အရှိန်လျှော့ပါ။ ပြီးပြီဆိုပြီး ချက်ချင်း မရပ်ချလိုက်ပါနဲ့။ တဖြည်းဖြည်းချင်း အရှိန်လျှော့ပြီးရပ်ပါ။ အထူးသဖြင့် ဒါက သွေးတိုးရှိသူတွေအတွက် ပိုအရေးကြီးပါတယ်။

လေ့ကျင့်ခန်း မှန်မှန်လုပ်စေနိုင်ဖို့ နည်းလမ်း(၃)သွယ်

ပျော်ပျော်ရွှင်ရွှင်လုပ်ပါ။ အဲဒီအခါကျရင် လေ့ကျင့်ခန်းလုပ်ရတာကို သင်စွဲလာပါလိမ့်မယ်။

လေ့ကျင့်ခန်းလုပ်ခြင်းကို သင့်တစ်နေ့တာ အချိန်ဇယားထဲ ထည့်ထားပါ။ သင်ဘယ်အချိန် လေ့ကျင့်ခန်းလုပ်မယ်ဆိုတာ ကြိုစီစဉ်ပြီး ပြက္ခဒိန်မှာ မှတ်ထားပါ။

လေ့ကျင့်ခန်းအတူလုပ်ဖော် ရှာပါ။ ဒါက သင့်ကို လေ့ကျင့်ခန်းလုပ်ရတာ စိတ်ဓာတ်တက်ကြွစေပြီး ပိုပျော်စေပါတယ်။

လေ့ကျင့်ခန်းလုပ်တာ ဘေးကင်းရဲ့လား

တက်တက်ကြွကြွနေခြင်းက သွေးတိုးရှိသူအတွက် လုပ်နိုင်တဲ့ အကောင်းဆုံးအရာတစ်ခုပါ။ သင့်ဆရာဝန်ကို သင်ကန့်သတ်ထားရမယ့်ပမာဏရှိလား မေးထားပါ။ လေ့ကျင့်ခန်းလုပ်တဲ့အခါ သင့်ရဲ့ခန္ဓာကိုယ် ဘယ်လိုခံစားရလဲ သတိပြုပါ။ နေသားကျဖို့ ခဏတော့ အချိန်ယူရမှာဖြစ်ပြီး ဒါက ပုံမှန်ပါပဲ။ လေ့ကျင့်ခန်းလုပ်နေစဉ် အသက်ရှူမြန်ခြင်း၊ ချွေးထွက်ခြင်း၊ နှလုံးခုန်မြန်ခြင်းတို့က ပုံမှန်ပါပဲ။

ဒါပေမယ့် အသက်ရှူ အရမ်းကျပ်တာ၊ နှလုံးခုန် အရမ်းမြန်တာ၊ နှလုံးခုန်မှုမမှန်တာတို့ ခံစားရရင်တော့ အရှိန်လျှော့ပြီး နားလိုက်ပါ။ ရင်ဘတ်အောင့်ခြင်း၊ ပျော့ခွေခြင်း၊ ခေါင်းမူးခြင်းနဲ့ လည်ပင်း၊ လက်မောင်း၊ မေးရိုး၊ ပခုံးတွေမှာ နာတာတွေ ဖြစ်လာရင်တော့ လေ့ကျင့်ခန်းလုပ်တာ ရပ်လိုက်ပါ။ တကယ်လို့ အပေါ်ကပြောသွားတာတွေက မြန်မြန်ပျောက်မသွားတာပဲဖြစ်ဖြစ် ထပ်ဖြစ်လာတာပဲဖြစ်ဖြစ် ဆရာဝန်ခေါ်ပါ။ လိုအပ်ရင် အရေးပေါ်ကုသမှုခံယူပါ။ ။

မြိတ်မြို့ရှိ ဘုရားများနှင့် စေတီများကို ထိုင်းနိုင်ငံမှ သံဃာတော်များလာရောက်ဖူးမြော်

မြိတ် မေ ၂၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မဟာသိဒ္ဓိဇယစေတီတွင် ဒုတိယအကြိမ် ကျင်းပခဲ့သော ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကြွရောက်လာကြသော ထိုင်းနိုင်ငံမှ သံဃာတော်များသည် မြိတ်မြို့ရှိ ရှေးဟောင်းဘုရားများနှင့် အထင်ကရ စေတီများအား မေ ၂၂ ရက် နံနက်ပိုင်းက သွားရောက်ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ထိုင်းနိုင်ငံမှ ဆရာတော် သံဃာတော် ၄၈ ပါး ကြွရောက်ခဲ့ကာ ပရာကျွတ်ခီရီခန်ခရိုင်လက်ထောက်မြို့ပိုင် Mr.Chaiwoop နှင့် တပည့် ဒကာ ဒကာမများလည်း လိုက်ပါခဲ့ရာ အဆိုပါအဖွဲ့သည် မြိတ်မြို့သို့ ရောက်ရှိစဉ် ရှေးဟောင်းဘုရားများနှင့် အထင်ကရ စေတီဘုရားများသို့ သွားရောက်၍ ဘုရားဝတ်ပြု ဖူးမြော်ကြည်ညိုခဲ့ကြခြင်းဖြစ်သည်။ ထိုင်းနိုင်ငံမှ သံဃာတော်များသည် မြိတ်မြို့ရှိ လေးကျွန်းဆီမီး စေတီတော်၊ တောကျောင်းပရိယတ္တိစာသင်တိုက်ရှိ ရှေးဟောင်းဘုရားသိမ်နှင့် ရှေးဟောင်းဘုရားများ၊ ပထက်ကျွန်းရှိ မဟာတုလရံသီ ရွှေသာလျောင်းဘုရား၊ ပေါ်တော်မူဆံတော်ရှင်စေတီတော်နှင့် တောင်ပုလဲကျေးရွာရှိ ရွှေရင်းတောင် လောကသရဖူ ရှေးဟောင်းဘုရားများကို သွားရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

ဒီမိုကရေစီနိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်ရေး စာတမ်းဖတ်ပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် မေ ၂၄

“မြန်မာ့ဒီမိုကရေစီနိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်ရေး” စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစိုးရ ဗဟိုပုံနှိပ်တိုက်ဝင်းအတွင်း မေ ၅ ရက်နှင့် ၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာတမ်းဖတ်ပွဲ နှစ်ရက်အတွင်း စာအုပ်ဈေးပွဲတော်ကိုလည်း ခင်းကျင်းရောင်းချမည်ဖြစ်၍ ပါဝင်ရောင်းချလိုသူများသည် ဖုန်း-၀၉-၃၀၀၀၂၃၁၁ သို့ စာရင်းပေးသွင်းနိုင်ကြောင်း၊ (ဆိုင်ခန်းခ ငွေပေးသွင်းရန် မလိုကြောင်း)နှင့် ဆိုင်ခန်းနေရာများကို မေ ၂၈ ရက်တွင် ရန်ကုန်စာအုပ်လမ်း၌ မဲနှိုက်၍ နေရာချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ သိရသည်။

သန့်ဇင်ဝင်း

ကျွန်းစုမြို့နယ်အတွင်း ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

ကျွန်းစု မေ ၂၄

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း၌ အမျိုးသားလျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်း(NEP)အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ကျေးရွာမီးလင်းရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းနှင့် တာဝန်ရှိသူများက မေ ၂၁ ရက်က သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

မြို့နယ်အတွင်းရှိ ကမ်းကြီးကျေးရွာအုပ်စု တီးပူချောင်းကျေးရွာ၊ တောပြားကျေးရွာအုပ်စု တုံးဗြဲကျေးရွာနှင့် စခန်းသစ်ကျေးရွာအုပ်စု စခန်းသစ်ကျေးရွာတို့တွင် ICTS Myanmar ကုမ္ပဏီလီမိတက်က တစ်အိမ်သုံးဆိုလာစနစ်ဖြင့် တပ်ဆင်ပေးထားသော မီးလင်းရေးလုပ်ငန်းများကို ဝန်ကြီးနှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးခဲ့ပြီး ပျက်စီးနေသော ဆိုလာများကို ICTS ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ပြန်လည် လဲလှယ်ပေးခဲ့ကြောင်း သိရသည်။

ကျွန်းစုမြို့နယ်အတွင်း၌ NEP စီမံကိန်းအရ ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာများ၌ (၃၀ ဝပ်)၊ (၄၅ ဝပ်)နှင့် (၆၀ ဝပ်) တစ်အိမ်သုံးဆိုလာများကို ICTS Myanmar ကုမ္ပဏီလီမိတက်က တပ်ဆင်ပေးခဲ့ကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၂ ရွာ၌ တစ်အိမ်သုံးဆိုလာ ၂၇၃၁ ခု တပ်ဆင်ပေးနိုင်ခဲ့ကြောင်း၊ အဆိုပါကျေးရွာ ၃၂ ရွာအနက် တီးပူချောင်းကျေးရွာ၊ တုံးဗြဲကျေးရွာနှင့် စခန်းသစ်ကျေးရွာတို့တွင် တစ်အိမ်သုံး ဆိုလာစနစ်များဖြင့် အိမ်တိုင်း မီးရရှိ အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေး

ငပုတော မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုကြောင့် ထိခိုက်ဒဏ်ရာရမှုများ၊ အသက်ဆုံးရှုံးရမှုများ လျော့နည်းစေရေးအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းများကို ငပုတောမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးအောင်မျိုးထွန်း ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မီးသတ်တပ်ဖွဲ့တို့မှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပုသိမ်-ငပုတောကားလမ်းပေါ် တံခွန်တိုင်ကျေးရွာအနီး၌ မေ ၂၃ရက်က ဆောင်ရွက်ခဲ့သည်။

ဆိုင်ကယ်စီးသူများအနေဖြင့် ဆိုင်ကယ်ကို မှတ်ပုံတင်ထားရန်၊ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်ခြင်းမပြုရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ဆင်ရန်၊ နှစ်ဦးထက်ပို၍မစီးရန်၊ ဆိုင်ကယ်များတွင် နောက်ကြည့်မှန်တပ်ဆင်ထားရန်နှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများအတိုင်း လိုက်နာမောင်းနှင်ကြရန် စစ်ဆေး အသိပညာပေးခဲ့သလို ကားမောင်းနှင်သူများအနေဖြင့်လည်း ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များ စုံလင်စွာ ကိုင်ဆောင်မောင်းနှင်ကြရန်၊ ယာဉ်မောင်းစဉ်

ခါးပတ်များပတ်ထားရန်နှင့် စည်းကမ်းများကို လိုက်နာမောင်းနှင်ကြရန် အသိပညာပေးခြင်းနှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှမင်းထွဋ်(ပြန်/ဆက်)

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး စီမံကိန်းရေးဆွဲရန် ဆွေးနွေး

ညောင်ဦး ဧပြီ ၂၄

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး စီမံကိန်း ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများ၌ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၁ ရက်က ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မြေ(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်က အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးအောင်ငွေ (ဒုတိယညွှန်ကြားရေးမှူး)က ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးစီမံကိန်း(OTOP)ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း(ILO)မှ နည်းပြဆရာ ဦးထွန်းထွန်းအောင်က ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး စီမံကိန်းနှင့်စပ်လျဉ်းသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာနများမှ တာဝန်ရှိသူများက ညောင်ဦးမြို့နယ်အတွင်း ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် အလားအလာကောင်းမွန်မည့် လုပ်ငန်းများကို ရွေးချယ်ကြရာ မွေးမြူရေးလုပ်ငန်းအတွက် ကျေးရွာနှစ်ရွာ၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ကျေးရွာတစ်ရွာနှင့် အိမ်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် ကျေးရွာသုံးရွာတို့ကို ဦးစားပေး ရွေးချယ်ပြီး အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနများမှ ဆွေးနွေးအကြံပြုချက်များအပေါ် အခြေခံကာ ညောင်ဦးမြို့နယ်အတွင်း ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး စီမံကိန်းဆောင်ရွက်ရာတွင် မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အလားအလာကောင်းမွန်၍ ဦးစားပေးရွေးချယ်ပေးထားသည့် ကျေးရွာခြောက်ရွာအနက် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ပိုမိုအလားအလာကောင်းမွန်သည့် ကျေးရွာတစ်ရွာကို အတည်ပြုရွေးချယ်ပြီး စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေး မော်လမြိုင်ကျွန်းမြို့ ဗိုလ်ချုပ်ဈေး၌ သရုပ်ပြလေ့ကျင့်

မော်လမြိုင်ကျွန်း ဧပြီ ၂၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအဖြစ် မီးလန့်မှု၊ မီးလောင်မှုမဖြစ်ပွားရေးနှင့် မီးလောင်မှုဖြစ်ပွားပါက မီးကို နိုင်နင်းစွာငြိမ်းသတ်နိုင်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးဘေးကာကွယ်ရေး သိကောင်းစရာဟောပြောပွဲကို ဧပြီ ၂၂ ရက်က ဗိုလ်ချုပ်ဈေးအဝင် ရှေ့မျက်နှာစာ၌ ပြုလုပ်ခဲ့သည်။

ယင်းမီးဘေးကာကွယ်ရေးဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်အောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းငွေတို့က မီးလောင်မှုဖြစ်ပွားပါက မီးကိုအချိန်မီနိုင်နင်းစွာ ငြိမ်းသတ်ရေးများကို ဟောပြောကာ မြို့မအရန်မီးသတ်တပ်ခွဲမှူး ဦးကျော်ကျော်က မီးသတ်ဆေးဘူး စနစ်တကျ အသုံးပြု၍ ဆီမီးငြိမ်းသတ်ခြင်းနှင့် ဂတ်(စ်)မီး ငြိမ်းသတ်ခြင်းများကို သရုပ်ပြသပြီး ဗိုလ်ချုပ်ဈေးသူ ဈေးသားများက လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်ခဲ့သည်။

အဆိုပါ မီးငြိမ်းသတ်မှုသရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းငွေ၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစံထွန်းလင်းတို့နှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မြို့မ ၁၃ ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၅ ဦး၊ ဈေးသီးသန့် မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ် နှစ်စီး၊ အုပ်ချုပ်ရေးယာဉ်တစ်စီးတို့ဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကိုလည်း သရုပ်ပြလေ့ကျင့်ကြသည်။

မော်ကျွန်းမြင့်အောင်

လယ်ယာမြေထဲတွင် တာဖို့ပြီး အုတ်ဖိုများလုပ်နေသဖြင့် အခြားလယ်မြေများတွင် ရေကြီးရေလျှံဖြစ်နေ

နေပြည်တော် ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဝန်စုကျေးရွာအုပ်စု ရန်းကုန်းကျေးရွာနှင့် ယန်းယျကျေးရွာကြားရှိ လယ်ယာမြေများတွင် ဒေသခံအချို့သည် အုတ်လုပ်သည့်ဖိုများ၊ အုတ်စက်များ တည်ဆောက်ကာ အုတ်ဖုတ်ခြင်း လုပ်ငန်းများ လုပ်ကိုင်နေခြင်းနှင့် အုတ်ဖိုပတ်ဝန်းကျင်တစ်လျှောက်တွင် ကန်သင်းတာပေါင်များ ပြုလုပ်ထားခြင်းတို့ကြောင့် ရေစီးဆင်းမှုကို အတားအဆီးဖြစ်ကာ စီးဆင်းမည့်ရေများသည် ဖြန့်ကြက်စီးဆင်းနိုင်ခြင်းမရှိဘဲ ပတ်ဝန်းကျင် လယ်မြေများအတွင်းသို့ စီးဆင်းကာ ရေကြီးရေလျှံမှုများဖြစ်နေ၍ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုများနှင့် နေအိမ်များအတွင်းသို့လည်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ဝန်စုအုပ်စု ရန်းကုန်းကျေးရွာနဲ့ယန်းယျကျေးရွာကြားရှိ လယ်ယာမြေတွေမှာ အခုလို အုတ်ဖိုများရှိနေခြင်းကြောင့် သက်ဆိုင်ရာက ခင်းကျင်းပေးထားတဲ့ ကျောက်ချောလမ်းဟာလည်း မနိုင်ဝန် တင်ဆောင်ထားတဲ့ အုတ်ကားတွေ နေ့ညမပြတ် သွားလာနေတဲ့အတွက်ကြောင့် လမ်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ အခုဆိုရင် မကြာခင်ကာလမှာ ကျောင်းများဖွင့်တော့မှာဖြစ်တဲ့အတွက် လမ်းပျက်စီးမှုကြောင့် ဒေသခံ ကျောင်းသား ကျောင်းသူများအနေနဲ့ ကျောင်းတက် ကျောင်းသွားရာမှာ များစွာဒုက္ခရောက်ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် အုတ်ဖိုတွေရဲ့ပတ်ဝန်းကျင်မှာ ကန်သင်းတာပေါင်များ ပြုလုပ်ထားတဲ့အတွက် စီးဆင်းမယ့်ရေဟာ အခြားလယ်မြေများသို့ ဖြန့်ကြက်မစီးဆင်းတော့ဘဲ အနီးအနားရှိ လယ်ယာ မြေများထဲသို့ စီးဝင်ပြီး ရေလျှံမှု၊ ရေဝပ်မှုများဖြစ်လို့ စိုက်ပျိုးသီးနှံများ ပျက်စီးမှုတွေလည်း ဖြစ်ပေါ်လျက်ရှိနေပါတယ်"ဟု ရန်းကုန်းကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

သို့ဖြစ်၍ လယ်ယာမြေများထဲတွင် အုတ်ဖုတ်ဖိုတည်ဆောက်ပြီး ကန်သင်းတာပေါင်များ ပိတ်ဆို့ကာရုံထားသော အုတ်ဖုတ်ဖိုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လာရောက်စစ်ဆေးကြည့်ရှုကာ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

ကိုကိုရှုပ

သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချ

ကော့သောင်း ဧပြီ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးကြပ်ဖွင့်လှစ်ပို့ချသည့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် ဆင့်ပွားသင်တန်း အမှတ်စဉ်(၂/၂၀၁၈)ကို ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ဧပြီ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းက အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။

အဆိုပါ သင်တန်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့မှ တာဝန်ရှိသူ သင်တန်းဆရာ ၁၁ ဦးက နိုင်ငံနှင့်တစ်ဝန်း ဖြစ်ပွားခဲ့ဖူးသည့် သဘာဝဘေးအန္တရာယ်များဖြစ်သော မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ လျှပ်စီးလက်ခြင်းနှင့် မိုးကြိုးပစ်ခြင်းအန္တရာယ်များ၊ ဆူနာမီဘေးစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ သိကောင်းစရာများ ၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် သိသင့်သိထိုက်သည်များ၊ ရပ်ရွာအခြေပြု သဘာဝဘေးစီမံခန့်ခွဲမှု(CBDRM)ဆိုင်ရာ သိကောင်းစရာများ၊ ဘေးအန္တရာယ်များကျရောက်စဉ် လိုက်နာရမည့်အချက်များနှင့် ရှောင်ရှားရမည့်အချက်များ၊ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ သိသင့်သည်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာ သိသင့်သည်များ၊ ရှေးဦးပြုစုခြင်းဆိုင်ရာနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုဆိုင်ရာ သိသင့်သည်များကို သင်ကြားပို့ချခဲ့သည်။

သင်တန်းသို့ ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ သဘာဝဘေးအန္တရာယ် လျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်လူရွယ်များ ၊ ရပ်၊ ကျေး စာရေးဝန်ထမ်းများ ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ World Vision (ကော့သောင်း)မှ အဖွဲ့ဝင်လူငယ်များ စုစုပေါင်း သင်တန်းသား ၃၀ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ဧပြီ ၂၅ ရက်အထိ သုံးရက်သင်တန်းဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

မြေဆီလွှာအာဟာရ ဓာတ်ခွဲစစ်ဆေးမှုမှတ်တမ်းနှင့် ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်

ဝါးခယ်မ ဧပြီ ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းမှ တောင်သူများ၏ လယ်ယာများတွင် မြေဆီလွှာအာဟာရ ဓာတ်ခွဲစစ်ဆေးမှုများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပြီးနောက် စစ်ဆေးမှုမှတ်တမ်းနှင့် ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ပွဲကို ဧပြီ ၂၂ ရက်က သဲကုန်းကျေးရွာရှိ တောင်သူနည်းပညာပေးစခန်း၌ ကျင်းပခဲ့သည်။

မှတ်တမ်းများ ပေးအပ်ရာတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းတို့က ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာများသို့ စိုက်ပျိုးရေးဝန်ထမ်းများက ကွင်းဆင်း၍ ဓာတ်ခွဲဆောင်ရွက်ပေးထားသော မြေဆီလွှာဓာတ်ခွဲစမ်းသပ်ချက်များကို ဒေသခံတောင်သူများထံ ပေးအပ်ကာ အဆိုပါ ဓာတ်ခွဲစမ်းသပ် စစ်ဆေးချက်များအပေါ် အခြေခံ၍ ဒေသခံတောင်သူလယ်သမားများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူပြုပေးသွားရန်၊ စိုက်ပျိုးရေးဝန်ထမ်းများအနေဖြင့် ကျေးရွာများအရောက် စိုက်ပျိုးရေးအသိပညာကောင်းများ ဖြန့်ဝေပေးသွားကြရန်၊ တောင်သူလယ်သမားများအနေဖြင့်လည်း မိမိတို့၏ စိုက်ပျိုးသီးနှံများအတွက် အာဟာရပြည့်ဝသော မြေဆီလွှာရရှိစေရေးနှင့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလာစေရေးအတွက် ကြိုးစားဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။ ထို့နောက် ပိုက်ဆံလျှော်ပင် မျိုးစေ့များကိုလည်း ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့က ဒေသခံတောင်သူများထံ ပေးအပ်ခဲ့သည်။

လှမ်းသီဟ(ဝါးခယ်မ)

ပအိုဝ်းတိုင်းရင်းသားစာပေသင် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ရေး သထုံတွင် မွမ်းမံသင်တန်းဖွင့်လှစ်

သထုံ မေ ၂၄

လာမည့်ပညာသင်နှစ်တွင် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ပအိုဝ်းတိုင်းရင်းသားစာပေသင်ကြားပေးကြမည့် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြင့်မားရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့် ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အရည်အသွေးမြှင့် မွမ်းမံသင်တန်းကို သထုံမြို့နယ် နောင်ကုလားကျေးရွာ လေသာမြိုင် ကျောင်းတိုက်တွင် ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။

သင်တန်းကို အဆင့်နှစ်မျိုးခွဲ၍ သင်ကြားပေးနေခြင်းဖြစ်ပြီး ယခင်နှစ်များက အခြေခံပညာကျောင်းအသီးသီး၌ ပအိုဝ်းစာ သင်ကြားပေးခဲ့ကြသူများအတွက် အရည်အချင်းမြှင့်သင်တန်းနှင့် လာမည့်နှစ်တွင် စတင်သင်ကြားပေးကြမည့်သူများအတွက် အခြေခံသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အတွင်းရေးမှူး ဦးခွန်သန်းဝေက ပြောသည်။

"တစ်ချိန်က တိုင်းရင်းသားအများစုက လုပ်ပိုင်ခွင့်တွေ၊ တန်းတူအခွင့်အရေးတွေ မရခဲ့ကြဘူး၊ လက်ရှိအချိန်မှာတော့ အစိုးရက တိုင်းရင်းသားတွေအတွက် တိုင်းရင်းသားစာပေအပါအဝင် အချို့သော အခွင့်အရေးတွေကို အတိုင်းအတာတစ်ခုအထိ လုပ်ပေးတာကို မြင်တွေ့ခံစားခဲ့ရတယ်၊ ဒါပေမယ့်လည်း တိုးတက်ပြီးသားဖြစ်တဲ့ ဗမာစာပေယဉ်ကျေးမှုပေါ့နော်၊ ဒါကိုမီဖို့တော်တော်လေး ကြိုးစားရဦးမယ်။ တိုင်းရင်းသားအများစုဟာ မိမိတို့ရဲ့မိခင်ဘာသာစကား၊ စာပေယဉ်ကျေးမှု ဒါတွေကို ထိန်းသိမ်းဖို့ တော်တော်ကြီး ကြိုးစားရုန်းကန်နေရဆဲပဲ"ဟု ဦးခွန်သန်းဝေက ဆက်ပြောသည်။

မွန်ပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပအိုဝ်းတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာအချို့ရှိ အခြေခံပညာကျောင်းများမှ တိုင်းရင်းသားကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော်အား ပအိုဝ်းစာပေသင်ကြားပေးနိုင်ခဲ့ပြီး နွေရာသီကျောင်းပိတ်ရက်များ၌ ပအိုဝ်းတိုင်းရင်းသားကျေးရွာများသို့ သွားရောက်ကာ ပအိုဝ်းစာအခြေခံ "အ" သုံးလုံးသင်တန်းများကို လိုက်လံဖွင့်လှစ်ပေးနေကြောင်း မွန်ပြည်နယ်အတွင်း ပအိုဝ်းတိုင်းရင်းသား အရေအတွက် တစ်သိန်းဝန်းကျင်ခန့် နေထိုင်ကြပြီး တိုင်းရင်းသားစာပေသင်ကြားပေးမည့် ဆရာ၊ ဆရာမ အရေအတွက်မှာ ၆၀ ကျော်သာရှိရာ လုံလောက်မှု မရှိသေးကြောင်း သိရသည်။

အဆိုပါသင်တန်းကို မွန်ပြည်နယ်အတွင်း ပအိုဝ်းစာပေသင်ကြားပေးကြမည့် တိုင်းရင်းသား ဆရာ၊ ဆရာမ ၇၀ ခန့် တက်ရောက်ခဲ့ကြပြီး မေ ၂၀ ရက်မှ စတင်ကာ ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ သိရသည်။

သက်ဦး(သထုံ)

သင်္ကြန်ကာလအလွန်ရက်များတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးများ လာရောက်လျက်ရှိရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည်ကို မေ ၂၃ ရက်က တွေ့မြင်ရစဉ်။ ဟန်စိန်(မြောက်ဥက္ကလာ)

သတင်းတိုများ

သုံးခွမြို့နယ်၌ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်ကျေးရွာ၌ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)အဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာဆယ်မာအူးလ်အွန်ဒုံ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေများပေါင်း၍ ခင်းကျင်းခဲ့သော အရှည် ၅၅၀ ပေ၊ အကျယ် ရှစ်ပေရှိ ကွန်ကရစ်လမ်း ပြီးစီးသဖြင့် ဖွင့်ပွဲကို မေ ၂၂ ရက်က ကျင်းပခဲ့ပြီး လမ်းသစ်ကို မဟာစည်နယ်လှည့်မွေ့ကထိက ပြည်တွင်းပြည်ပသာသနာပြု သင်္ကန်းကျွန်းမြို့နယ် မေတ္တာအေးကျောင်းတိုက် ဆရာတော်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ **ကိုကျော်(သုံးခွ)**

မိတ္ထီလာမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ဘိုးဘွားရိပ်သာတွင် သန့်ရှင်းရေးပြုလုပ်ပေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုတစ်ရပ်အဖြစ် မိတ္ထီလာမြို့ဝန်ဇင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ မေ ၂၁ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ရပ်ကွက်များ၊ ဘုရား၊ စေတီများနှင့် အခြား လူအများနှင့်သက်ဆိုင်သည့် နေရာများတွင် သစ်ပင်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ ယခုတစ်ပတ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးမြခိုင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဘိုးဘွာရိပ်သာဝင်းအတွင်း မြက်များ၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်များရှင်းပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

လှိုင်ကော်မြို့၌ လေကြောင်းလူငယ်အခြေခံသင်တန်း (လှိုင်ကော်) အမှတ်စဉ် (၁/၂၀၁၈) ဖွင့်

လှိုင်ကော် မေ ၂၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကယားပြည်နယ် အစိုးရအဖွဲ့နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လှိုင်ကော်) တို့ ပူးပေါင်းစီစဉ်၍ လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှု တိုးပွားစေရန်၊ လေကြောင်းပျံသန်းမှုနှင့် သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်၊ လူငယ်များ၏ ဝါသနာပါရာ အလေ့အကျင့်များကို မြှင့်တင်ပေးရန် ရည်ရွယ်၍ဖွင့်လှစ်သည့် လေကြောင်းလူငယ် အခြေခံသင်တန်း (လှိုင်ကော်) အမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီက ကယားပြည်နယ် လှိုင်ကော်မြို့ မင်းစုရပ်ကွက် ကန္ဒာဟေဝန်ပန်းခြံရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သင်တန်းဖွင့်ပွဲမိန့်ခွန်းပြောကြားပြီး ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လှိုင်ကော်) မှ ခေတ္တဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးမျိုးခိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ်အစိုးရအဖွဲ့က လေကြောင်းလူငယ်အခြေခံသင်တန်းအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀ အား ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ တက်ရောက်လာကြသော ဧည့်သည်တော်များက သင်တန်းသား၊ သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး သင်ထောက်ကူပစ္စည်းများအား ကြည့်ရှုလေ့လာခဲ့သည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ သင်တန်းအား (၂၃-၄-၂၀၁၈ ရက်မှ ၁၈ -၅- ၂၀၁၈)

ရက်ထိ ရက်သတ္တပတ် ၄ ပတ်အကြာ (စနေနေ့အပါအဝင်) သင်ကြားပို့ချသွားမည်ဖြစ်ပြီး တနင်္ဂနွေနေ့များတွင် ကယားပြည်နယ်အတွင်း လေ့လာရေးခရီးစဉ်များ ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် သင်တန်းသား ၁၉ ဦး သင်တန်းသူ ၂၁ ဦး တက်ရောက်ကြပြီး နည်းပြအဖြစ် တပ်မတော်(လေ)မှ အရာရှိငါးဦး၊ စစ်သည် ခြောက်ဦး၊ စစ်ရေးပြနှင့်အုပ်ချုပ်သူတပ်ကြပ်ကြီး နှစ်ဦး၊ အုပ်ချုပ်သူဆရာမ နှစ်ဦးတို့ဖြစ်ကြောင်း သတင်းရရှိသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လှိုင်ကော်) ခေတ္တဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကိုစိုင်း (လှိုင်ကော်)

သင်္ကြန်ကာလအလွန် အလုပ်ခွင်ရှိရာသို့ပြန်လည်ထွက်ခွာသူများပြား ယာဉ်စီးနင်းခ ပုံမှန်အတိုင်းသာကျသင့်

ရေတာရှည် မေ ၂၄

သင်္ကြန်ကာလမတိုင်မီ ဒေသအသီးသီးသို့ ထွက်ခွာ၍ အလုပ်လုပ်ကိုင်ကြသူများအနေဖြင့် နေရပ်ဌာနေသို့ ပြန်လည်လာရောက်ကြသူ အလွန်ပင်များပြားခဲ့ပြီး သင်္ကြန်ကာလလွန်မြောက်ခဲ့ပြီးနောက် နှစ်ဆန်း ၂ ရက်နေ့မှ ယနေ့အထိတိုင် မိမိတို့အလုပ်အကိုင်ရှိရာသို့ ပြန်လည်ထွက်ခွာသူများဖြင့် ကားဂိတ်များ၌ အစုအပြုံလိုက် ထွက်ခွာလျက်ရှိကြရာ ယာဉ်စီးနင်းခမှာ ပုံမှန်အတိုင်းသာ ဝယ်ယူရရှိကြောင်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ရှိ ချင်းတွင်းယာဉ်လိုင်းပေါင်းစုံဂိတ်မှ သိရှိရသည်။

"ကျွန်မတို့က ရန်ကုန်ကို ပြန်ကြမှာပါ၊ အထည်ချုပ်မှာ အလုပ်လုပ်ကြသူတွေအားလုံးစုပြီး ပြန်ကြတာ၊ အားလုံးလေးဆယ်ကျော်ပေါ့၊ ယာဉ်စီးခကတော့ အရင်လိုပုံမှန်ပါပဲ၊ ပြန်ဖို့အတွက် ယာဉ်လက်မှတ်ကို သုံးရက်ကြိုပြီးမှာထားတာပါ" ဟု ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ ရန်ကုန်မြို့ရှိ အထည်ချုပ်လုပ်ငန်းရှိရာသို့ ပြန်လည်ထွက်ခွာသူ မိန်းကလေးတစ်ဦးက ပြောကြားသည်။

နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာသော ယာဉ်စီးရေနှင့် လိုက်ပါမည့် ခရီးသွားအရေအတွက် မမျှတသည့်အတွက် တစ်ရက်ချင်းစီကို လက်မှတ်မျှကာရောင်းချပေးနေရကြောင်း ချင်းတွင်းကားဂိတ်မှ အရောင်းကိုယ်စားလှယ်က ပြောသည်။ "ပြန်ကြတာက ရန်ကုန်အထည်ချုပ်နဲ့ သံမဏိစက်ရုံမှာ လုပ်တဲ့သူတွေများတယ်၊ သင်္ကြန်ပြီးကတည်းက နေ့တိုင်းလိုလို ခရီးသည်က တော်တော်များနေတော့ လက်မှတ်ကို ယာဉ်စီးရေနဲ့ကြည့်ပြီး ရောင်းပေးနေတာ၊ လက်မှတ်ခကတော့ ပုံမှန်ပါပဲ ပိုပြီးတင်ရောင်းတာမျိုး မရှိပါဘူး၊ ခရီးသွားတွေ အဆင်ပြေအောင် စီစဉ်ပေးနိုင်ခဲ့ပါတယ်" ဟု အထက်ပါ အရောင်းကိုယ်စားလှယ်ကပင် ဆက်လက် ပြောကြားသည်။

ကိုလွင်(ဆွာ)

စစ်ကိုင်းတိုင်း၌ ဧပြီလအတွင်း စည်းကမ်းပျက်ယာဉ် ၂၅၇ စီး ဖမ်းမိ

မုံရွာ မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယာဉ်ထိန်းတပ်ဖွဲ့ရုံးစိုက်ရာ မြို့နယ်ခြောက်ခုတွင် စည်းကမ်းပျက် မော်တော်ယာဉ် ရှစ်စီး၊ ထော်လာဂျီ တစ်စီး၊ သုံးဘီးယာဉ် နှစ်စီးနှင့် ဆူညံအိတ်ဇောတပ် မော်တော်ဆိုင်ကယ် ၁၃၈ စီးကို ဧပြီ ၁ ရက်မှ ၁၈ ရက်အထိ ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း အမှတ် (၁၇) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (စစ်ကိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ ရဲမှူး ကိုကိုနိုင်၏ ပြောကြားချက်အရ သိရသည်။

"ဖမ်းဆီးရမိတဲ့ စည်းကမ်းပျက်ယာဉ်တွေကို ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေက မြို့နယ်တွေရဲ့အချက်အချာကျတဲ့ နေရာတွေမှာ စစ်ဆေးတယ်၊ အဲဒီလိုစစ်ဆေးရင်းနဲ့ ယာဉ်ထိန်းတပ်ဖွဲ့ရုံးတွေမှာ အသိပညာပေးဟောပြောပွဲ လုပ်တဲ့အခါမှာ ပြည်သူ ၁၈၃၅ ဦး၊ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက် ၁၄၇၁ ဦးနဲ့ ဝန်ထမ်း၊ တပ်ဖွဲ့ဝင် ၁၈၄ ဦးကို အသိပညာပေးနိုင်ခဲ့ပါတယ်၊ အဲဒီလို ပညာပေးလုပ်ငန်းတွေ၊ ဖမ်းဆီးတာတွေ လုပ်ဆောင်ပေးမယ့် တစ်ဦးချင်းယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာမှု ယခုထက်ပိုပြီး ကောင်းမွန်မှ ယာဉ်မတော်တဆမှုတွေ လျော့နည်းပြီး စိတ်အေးချမ်းသာစွာနဲ့ မိမိတို့ လိုရာခရီးကို အချိန်မီသွားလာနိုင်မှာပါ"ဟု အမှတ်(၁၇) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (စစ်ကိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံရဲမှူး ကိုကိုနိုင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ရုံးစိုက်ရာမြို့များဖြစ်သော စစ်ကိုင်းမြို့တွင် မော်တော်ယာဉ်နှစ်စီး၊ မော်တော်ဆိုင်ကယ် ၃၆ စီး၊ ကလေးမြို့တွင် မော်တော်ယာဉ် သုံးစီး၊ သုံးဘီးဆိုင်ကယ် တစ်စီး၊ မော်တော်ဆိုင်ကယ် ၆၄ စီး၊ တမူးမြို့တွင် မော်တော်ဆိုင်ကယ်သုံးစီး၊ မုံရွာမြို့တွင် မော်တော်ယာဉ်ရှစ်စီး၊ ထော်လာဂျီယာဉ်တစ်စီး၊ သုံးဘီးဆိုင်ကယ်တစ်စီး၊ မော်တော်ဆိုင်ကယ် ၁၃၈ စီးနှင့် ရွှေဘိုမြို့တွင် မော်တော်ဆိုင်ကယ် အစီး ၇၀ တို့ကို ဧပြီ ၁ ရက်မှ ၁၈ ရက်အထိ ဖမ်းဆီးရမိခဲ့ကြောင်း အမှတ် ၁၇ ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (စစ်ကိုင်း)ရုံး၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

အုတ်တွင်းမြို့နယ်၌ လူစီးရထား လမ်းချော်မှုဖြစ်ပွား

အုတ်တွင်း မေ ၂၄

မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသော အမှတ်(၁၂)အစုန် လူစီးရထားသည် မေ ၂၁ ရက် ညနေ ၃ နာရီခန့်က ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သောင်တိုင်းကုန်းဘူတာအနီး ရထားလမ်းမိုင်တိုင်အမှတ်(၁၆၁/၅) နှင့် (၁၆၁/၆)အကြား၌ တွဲချော်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါရထားတွင် တွဲ ၁၂ တွဲပါသည့်အနက် နောက်ဆုံးနှစ်တွဲဖြစ်သော ရထားထိန်းတွဲနှင့် ကုန်စည်တင်တွဲတို့ လမ်းချော်ခဲ့ခြင်းဖြစ်ကာ ထိုနေ့ညနေ ၅ နာရီအချိန်ခန့်တွင် လမ်းချော်ကျခဲ့သော တွဲနှစ်တွဲကို ထားရစ်၍ ရထားသည် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားခဲ့ပြီး ချော်ကျနေသည့်တွဲနှစ်တွဲကို တောင်ငူမြို့ရှိ ရထားပို့ဆောင်ရေးဌာန တာဝန်ရှိသူများက ပြုပြင်မှုများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မော်လိုက်မြို့နယ်၌ တရားမဝင်သစ်ခွဲသားများ ဖမ်းမိ

မော်လိုက် မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ပင်သာကျေးရွာအနီး ချင်းတွင်းမြစ်ကမ်းဘေး၌ တရားမဝင်သစ်များသယ်ဆောင်ရန် သစ်ဖောင်ဖွဲ့နေသူများအား တရားမဝင်သစ်ခွဲသားများနှင့်အတူ မေ ၁၉ ရက် ညနေပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မော်လိုက်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးအေးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအောင်မျိုးသန့်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းတို့ ဦးဆောင်သည့်အဖွဲ့က သက်သေ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ချင်းတွင်းမြစ်ကြောင်းအတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ပင်သာကျေးရွာအနောက်ဘက် ချင်းတွင်းမြစ်ကမ်းဘေး သဲသောင်ပြင်နှင့် မြစ်ကမ်းစပ်၌ တရားမဝင်သစ်များကို ဖောင်ဖွဲ့သယ်ဆောင်ရန် ပြင်ဆင်နေသည့် ဝင်းဆွေနှင့် ကျော်ရဲအောင်တို့အား တရားမဝင်သစ်များနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိခဲ့သည့် သစ်များမှာ ကျွန်းသစ်ခွဲသားဆိုက်စုံ ၅၈၅ ချောင်း(အလေး ချိန် ၁၉ ဒသမ ၆၃၉၆တန်)၊ ကျွန်းပကာပြား ၂၁ ချောင်း(အလေးချိန် ၀ ဒသမ ၆၃၈၀တန်)၊ ကျွန်းသစ်တိုင် ၁၆ လုံး (အလေးချိန် ၁ ဒသမ ၃၆တန်)၊ သစ်မာခွဲသားဆိုဒ်စုံ ၄၄၈ ချောင်း (အလေးချိန် ၂၁ ဒသမ ၆၁၃၈တန်)၊ အင်သစ်လုံး လေးလုံး (အလေးချိန် ၀ ဒသမ ၈၁တန်)၊ အင်သစ်တိုင် ၁၅ တိုင် (အလေးချိန် ၁ ဒသမ ၆၆၅၈တန်)တို့ဖြစ်ကာ သစ်ဖောင်တွင် အသုံးပြုမည့် ဆက်စပ်ပစ္စည်းများကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မော်လိုက်သားလေး

ပွင့်ဖြူမြို့နယ် စာပေချစ်သူများအဖွဲ့ အစည်းအဝေးပြုလုပ်

ပွင့်ဖြူ မေ ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ပွင့်သာမြေ စာပေချစ်မြတ်နိုးသူများ (Book Club) အသင်း၏ ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို မေ ၂၂ ရက်က မြို့နယ် ပြန်/ဆက်ဦးစီးဌာန ကွန်မြူနတီစင်တာ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မေသန္တာအောင်က အမှာစကားပြောကြားပြီး ပွင့်သာမြေ စာပေချစ်မြတ်နိုးသူများအသင်းနာယက ဆရာကြီး ဦးစိန်လွင်(မြို့နယ်ပညာရေးမှူးငြိမ်း)က အသင်း ရေရှည်ရပ်တည်နိုင်ရန်အတွက် ရန်ပုံငွေစုဆောင်းထားရှိရန်နှင့် အသင်းတွင် မျိုးဆက်သစ်လူငယ်မောင်မယ်များ တိုးပွားလာရေးအတွက် စာပေစကားဝိုင်းများ ပြုလုပ်ပေးရန်စသည်တို့ကို ဆွေးနွေးသည်။ ထို့နောက် အဖွဲ့ဝင်များက စာပေစကားဝိုင်းများ ပြုလုပ်ခြင်းအပြင် ကျေးရွာအရောက် စာဖတ်ဝိုင်းများနှင့် စာပေစကားဝိုင်းများ ပြုလုပ်ရန်၊ အခါအားလျော်စွာ မျိုးဆက်သစ်လူငယ်မောင်မယ်များ အကျိုးဖြစ်စေမည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်တို့ကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကာ အသင်းဝင်များ၏ အကြံပြုချက်များအပေါ် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရဲဝင်းနိုင်(ညောင်ဦး)

အသက်ရှည်ရှည်နှင့် ကျန်းမာစွာနေထိုင်ရေး အထောက်အကူပြုနိုင်သည့် မြေပဲဆီ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ တောင်သာ၊ မြင်းခြံ၊ မလှိုင်၊ နွားထိုးကြီးနှင့် မိတ္ထီလာမြို့နယ်များ၏ ကျောထောက်နောက်ခံ ကျေးလက်တောရွာ ဒေသများသည် မြေပဲကြီး၊ မြေပဲလေး၊ နှမ်း စသည့် ဆီထွက်သီးနှံ အများစုကို စိုက်ပျိုးသော ဒေသများဖြစ်သည်။ ရှေးယခင်ကပင် ဆီထွက်သီးနှံများကို အများဆုံး စိုက်ပျိုးခဲ့ကြပြီး မြေပဲနှင့်နှမ်းကို ရှေးအခါက နွားနှင့်လည်သည့် သစ်သားဆုံများဖြင့် ဆီထွက်အောင် ကြိတ်ယူခဲ့ကြသည်။ ယခုခေတ်အနေအထားအရမူ စက်များအသုံးပြုကာ အချိန်တိုအတွင်း ဆီထွက်အောင် ကြိတ်နိုင်ကြပြီဖြစ်သည်။

မြန်မာလူမျိုးတို့သည် မြေပဲဆီကို အာဟာရပြည့်ဝသော စားဆီအဖြစ် ယုံကြည်စိတ်ချစွာ အသုံးပြုကြသည်။ မြေပဲဆီကို အခြားဆီများထက် မက်မက်မောမော စားသုံးကြသည်။ မြေပဲဆီသည် စားလျှင် အနံ့ကမွှေးသည်။ ခံတွင်းအရသာကိုလည်း ဆွဲဆောင်အားကောင်းသည်။ အသုပ်အမျိုးမျိုးနှင့် အကြော်အလှော်များတွင် ထည့်သွင်းသုံးစွဲလျှင်လည်း အသုံးခံသည်။ ပုံးများ၊ ပီပါများနှင့် သိုလှောင်ရာတွင်လည်း ပြစ်ခြင်းခဲခြင်းမရှိ သိုလှောင်နိုင်သည်။ မြေပဲဆီစစ်သည် ရာသီဥတု မည်သို့ပင်အေးစေကာမူ ပြစ်ခဲခြင်းမရှိသလို ရာသီဥတုပူလျှင်လည်း အရောင်ပြောင်းခြင်း၊ အရသာပြောင်းလဲခြင်း မရှိပေ။

ယခင်က တောအရပ်ဒေသ ကျေးရွာများတွင် မြေပဲကို ဆီထွက်အောင်ကြိတ်ကြသည့်အခါ သစ်သားဆုံနှင့် သစ်သားကျည်ပွေ့ကိုသာ အသုံးပြုသည့်အတွက် သန့်ရှင်းသည်။ ထို့ကြောင့်လည်း ထိုအညာဒေသနေသူ အများစုသည် မိမိတို့ဒေသထွက် မြေပဲဆီများကို တန်ဖိုးထားအသုံးပြုသည်။ ရဟန်းသံဃာတော်များ၊ မိဘဆွေမျိုး၊ ဆရာသမားများအား လှူဒါန်းကန်တော့ခြင်း၊ မိတ်ဆွေအပေါင်းအသင်းများအား လက်ဆောင်အဖြစ် မွန်မွန်မြတ်မြတ် အလေးထားပေးကမ်းခြင်းများ ပြုလုပ်ကြသည်။

ယခင်က အညာဒေသနေ တောင်သူများသည် အခြားသောဆီများကို စားခြင်းမရှိပေ။ မြေပဲနှင့် နှမ်း မစိုက်သောသူများလောက်သာ အခြားဆီများကို စားသုံးကြသည်။ သို့သော် ယခုနောက်ပိုင်းတွင်မူ တောင်သူများအနေဖြင့် မိမိတို့ယာမြေမှ ထွက်သော ဆီကိုပင် မစားနိုင်ဘဲ အခြားသော စားအုန်းဆီ၊ ရောဆီ၊ နေကြာဆီစသည့် အမည်များတပ်ရောင်းသော တန်ဖိုးနည်း ရောဆီများကိုသာ စားသုံးလာကြရသည်။ ဒေသအပြောကတော့ ကိုယ်ဆီကိုယ်ပင် မစားနိုင်ဟု ဆိုကြသည်။

ကိုယ့်ဒေသမှထွက်သောဆီက တန်ဖိုးမြင့်သည်။ တစ်ပိဿာလျှင် ကျပ် ၆၀၀၀ နှုန်းခန့်ရှိသည်။ အခြားသောမြို့များမှ စျေးကွက်အများစုတွင် ပဲဆီစစ်ဟု အမည်တပ်၍ ရောင်းသော ဆီများပင်လျှင် တစ်ပိဿာမှ ကျပ် ၄၅၀၀ နှုန်းသာရှိပြီး ရောဆီက တစ်ပိဿာလျှင် ၃၅၀၀ ကျပ်၊ စားအုန်းဆီက တစ်ပိဿာလျှင် ၂၅၀၀ ကျပ်ခန့်သာ ရှိသည်။

ထို့ကြောင့် ကိုယ့်ယာမြေမှထွက်သော မြေပဲဆန်ကို ဆီကြိတ်မစားနိုင်ကြတော့ဘဲ မြေပဲဆန်ကိုရောင်းပြီး အခြားနေရာများမှ တန်ဖိုးနည်းဆီများကိုသာ ဝယ်စားကြရပေတော့သည်။ အခြားသော တန်ဖိုးနည်းဆီများသည် မြေပဲဆီလောက် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိကြောင်းကို သိသော်လည်း စျေးသက်သာသောကြောင့် ဝယ်စားနေကြရသည်ဟု ဆိုကြသည်။ လက်ရှိအချိန်တွင်မူ တောင်သူအချို့အနေဖြင့် ရိုးရာသစ်သားဆုံများကို စက်ကိရိယာများဖြင့် တွဲစပ်၍ ကိုယ်တိုင် မြေပဲဆုံများ ပြုလုပ်ကာ ဆီကြိတ်၍ ရောင်းချသလို ကိုယ်တိုင်စားသုံးခြင်းများလည်း ရှိလာကြသည်ကို တွေ့ရသည်။

ကျန်းမာရေးအမြင်ဖြင့်ဆိုပါက မြေပဲဆီသည် မပြည့်ဝဆီအဖြစ် လူတိုင်းလက်ခံစားသုံးကြသည်။ မြေပဲဆီစစ်စစ်သည် ကျန်းမာရေးရှုထောင့်အရ ဘေးထွက်ဆိုးကျိုးအနည်းဆုံးဆီဖြစ်ကြောင်း လက်ခံထားကြသည်။ မြေပဲ၌ မပြည့်ဝဆီ(မိုနိုအဆီ)ပါဝင်ကာ ၎င်းသည် သွေးအဆီဓာတ်ကို ကောင်းမွန်စေသည်။ မြေပဲတစ်အောင်စတွင် အဆီဓာတ် ၁၃ ဂရမ်နှင့် ကယ်လိုရီ ၁၈၀ ခန့် ပါဝင်သည်ဟု ဆိုသည်။ မြေပဲဆီကိုစားသုံးခြင်းဖြင့် ခန္ဓာကိုယ် သွေးတွင်းအဆီခဲများလည်း မဖြစ်ပေါ်နိုင်သလို ကိုလက်စထရောကိုလည်း ကျဆင်းနိုင်သည်ဟု ဆိုကြသည်။ ကျန်းမာရေးအတွက် ဆေးပညာရှင်များ၏ အဆိုအရ မြေပဲဆီသည် နှလုံးရောဂါနှင့် သွေးကြောမာကျစ်သော ရောဂါများကိုလည်း ကာကွယ်ပေးနိုင်သည်ဟု ဆိုသည်။ မြေပဲဆီစားသုံးခြင်းဖြင့် နှလုံးကိုသန်စွမ်းစေပြီး ကိုယ်ခန္ဓာအလေးချိန်ကိုလည်း ကျဆင်းစေနိုင်ကြောင်း ဆရာဝန်ကြီးအချို့၏ ပြောပြချက်များအရလည်း သိရသည်။

ကျော်ဌေး(ညောင်ဦး)

မိုင်းယောင်း၌ မိုးစပါးကို မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြ

မိုင်းယောင်း မေ ၂၄

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်းမှ ဒေသခံတောင်သူများအား မိုးစပါးစိုက်ပျိုးရေးအတွက် အကြို အသိပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် မျိုးစေ့ချကိရိယာ(Seeder)ဖြင့် မိုးစပါး စိုက်ပျိုးနည်းစနစ် လက်တွေ့သရုပ်ပြခြင်းကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုးနှင့် ဝန်ထမ်းများအဖွဲ့က ဝမ်ဘိုးကျေးရွာအုပ်စု ဝမ်တွီကျေးရွာ၌ မေ ၂၂ ရက်က ဆောင်ရွက်ခဲ့သည်။

ဆွေးနွေးဟောပြောပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက မိုးစပါး မျိုးကောင်းမျိုးသန့် လိုအပ်မှု၊ လုပ်သားရှားပါးမှုနှင့် လုပ်သားကုန်ကျစရိတ်များကို ဖြေလျှော့နိုင်သည့် မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးနည်းစနစ်ကို အသုံးပြု စိုက်ပျိုးပါက တောင်သူများအနေဖြင့် များစွာ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးနည်းစနစ်ကို အသုံးပြုခြင်းဖြင့် လုပ်သားကုန်ကျစရိတ် သက်သာခြင်းနှင့် လုပ်သားငှားရမ်းရသည့် အခက်အခဲများကို ပြေလည်စေမည့်အပြင် တစ်ဧကလျှင် စပါးမျိုး ၁၀ ပြည်ခန့်သာ သုံးရသည့်အတွက် မျိုးစေ့ ကုန်ကျစရိတ်များလည်း သက်သာလာနိုင်ကြောင်း စသည်ဖြင့် အသေးစိတ် အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် တောင်သူတစ်ယောက်တည်း အင်အားဖြင့် တစ်မနက်အတွင်း သုံးဧက အပြီးစိုက်ပျိုးနိုင်သည့် မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးနည်းစနစ်ကို လက်တွေ့သရုပ်ပြခဲ့ပြီး ဒေသခံတောင်သူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျုံပျော်မြို့နယ်တွင် ရွာငါးရွာပေါင်း၍ ပထမဆုံးအကြိမ် စာပေဟောပြောပွဲကျင်းပ

ကျုံပျော် မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ရွာငါးရွာမှ စာပေကို မြတ်နိုးတန်ဖိုးထားသူ၊ စာပေချစ်သူ ပြည်သူများ စုပေါင်း၍ ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်ပြီး စာပေဟောပြောပွဲတစ်ရပ်ကို မေ ၂၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ စာပေဟောပြောပွဲကို ကျုံပျော်မြို့နယ်အတွင်းရှိ လဟာပိုင်း၊ ခရိုး၊ ထိန်တပင်၊ ထိန်ငူကြီးနှင့် ကွင်းသာ ကျေးရွာအုပ်စုများ စုပေါင်း၍ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲတွင် ရန်ကုန်နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီ ဦးကျော်သူက ဖျတ်ခနဲပေါ် ဆတ်ခနဲလုပ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင် ဦးညီဂျော်က ညီဂျော်နှင့် ပရဟိတများ ခေါင်းစဉ်ဖြင့်လည်းကောင်း ၊ ဆရာဆောင်း(၈၈) က ကျွန်တော့် Role Model(စံပြုရသောပုဂ္ဂိုလ်များ) ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောခဲ့ကြကာ ဟောပြောပွဲသို့ ကျေးရွာငါးရွာမှ စာပေဝါသနာရှင်ပြည်သူများ လာရောက်နားထောင်ခဲ့ကြသည်။

နေဝင်းမြင့်(ပြန်/ဆက်)

စဉ့်ကူးမြို့တွင် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

စဉ့်ကူး မေ ၂၄

စဉ့်ကူးမြို့တွင် သာကီနွယ် စာရိတ္တပညာမြှင့်တင်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဆဋ္ဌမအကြိမ်မြောက် နွေရာသီ ဗုဒ္ဓဓမ္မ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲကို မေ ၂၂ ရက်က စဉ့်ကူးမြို့သစ္စာအောင်မြေစံကျောင်းတိုက်၌ ကျင်းပခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ သင်တန်းမှူး စံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသီရိ၊ သင်တန်းနည်းပြဆရာတော်များနှင့် သင်တန်းနည်းပြများ၊ သင်တန်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနှင်းဦးနှင့် ကော်မတီဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး စံကျောင်းတိုက်ဆရာတော်က သြဝါဒချီးမြှင့်ကာ သင်တန်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဦးတင်အုန်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များနှင့် သင်တန်းဖွင့်လှစ်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၂ ရက်မှ မေ ၂၂ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အမရပူရ၌ နွေရာသီ မြန်မာ့သိုင်းသင်တန်းဆင်း

အမရပူရ ဧပြီ ၂၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အသိအမှတ်ပြု ပင်မဆရာကြီး ဦးမျိုးမြင့်သိန်း ဦးစီးကာ သိန်းကမ္ဘာ ပင်မသိုင်းအဖွဲ့မှ ဖွင့်လှစ်သင်ကြားပေးခဲ့သော နွေရာသီ မြန်မာ့သိုင်း အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီလတတိယပတ်က အမရပူရမြို့နယ် ပွဲတော်ရပ်ရှိ သိန်းကမ္ဘာ ပင်မသိုင်းအဖွဲ့ သင်တန်းခန်းမ၌ ကျင်းပသည်။ အမရပူရမြို့နယ်နှင့် မန္တလေးတို့မှ သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ကြပြီး အဆိုပါ သိုင်းသင်တန်းကို နည်းပြများက မတ် ၅ ရက်မှ ဧပြီ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သိန်းကမ္ဘာပင်မသိုင်းအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မြန်မာ့သိုင်းအဖွဲ့သို့ ဂုဏ်ပြုငွေကျပ် ငါးသောင်းစီ ပေးအပ်ကာ သိုင်းဥက္ကဋ္ဌ ဦးတင်မောင်ဆွေက ဂုဏ်ပြုငွေကျပ် တစ်သိန်းစီနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း၊ ထို့နောက် သင်တန်းသား သင်တန်းသူများက မြန်မာ့သိုင်း သရုပ်ပြသခဲ့ကြောင်း သိရသည်။

တင်မောင် (မန်းကိုယ်ပွား)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

အပူဒဏ်အန္တရာယ် သတိပြုဖွယ်

ကလေးသူငယ်များ၊ သက်ကြီးဘိုးဘွားများ၊ နာတာရှည်ရောဂါခံစားနေရသူများ နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်အတွင်းရှိ အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ဧပြီ ၂၂ ရက်က ပဉ္စမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပရာ သော်တာလမ်းနေ မိသားစုမှ ပူဇော်ကန်တော့ကြစဉ်။ ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

မင်းလှ၌ ယဉ်ကျေးလိမ္မာနှင့် နွေပညာဒါနသင်တန်း ဖွင့်လှစ်ပို့ချ

မင်းလှ ဧပြီ ၂၄

ဘာသာသွေးနွေးထွေးစေရန် ရည်သန်လျက် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ သဒ္ဓမ္မပဇောတာရုံစာသင်တိုက် ပဓာနနာယကဆရာတော် ဦးကုမာရနှင့် အရဏ်ဦးဆွမ်းကပ်အဖွဲ့ ဆရာ ဆရာမများ ဦးစီးဖွင့်လှစ်သော ပဉ္စမအကြိမ်မြောက် ယဉ်ကျေးလိမ္မာနှင့် နွေပညာဒါနသင်တန်း ဖွင့်လှစ်ပို့ချခြင်းကို ဧပြီ ၂၃ ရက်ကစတင်၍ မင်းလှမြို့ အမှတ် ၂ ရပ်ကွက် သဒ္ဓမ္မပဇောတာရုံစာသင်တိုက်၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

သင်တန်းကို အ.ထ.က မင်းလှ ကျောင်းအုပ်ဆရာကြီး ဒေါ်စမ်းမော်ချို ဦးဆောင်လျက် အရဏ်ဦးဆရာ ဆရာမ ၄၀ တို့က ရပ်ကွက်၊ ကျေးရွာများမှ တက်ရောက်သင်ကြားသော ကျောင်းသား ကျောင်းသူ ၁၀၀ တို့အား စတုတ္ထတန်းမှ နဝမတန်းအထိ အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်၊ အထူးသီးသန့် နဝမတန်း ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်နှင့် ဆရာတော်ဦးကုမာရက ဗုဒ္ဓဝင်ယဉ်ကျေးမှု ဘာသာရပ်များကို နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပေးလျက်ရှိသည်။

ပညာဒါနအဖြစ် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များပေးအပ်ပြီး စေတနာအလှူရှင်များက အလှည့်ကျ နံနက်စာ၊ နေ့လယ်စာ၊ ညနေအအေးတို့ဖြင့် လှူဒါန်းကျွေးမွေးကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ အခမဲ့သင်ကြားပေးကာ သင်တန်းနောက်ဆုံးရက်တွင် စာမေးပွဲရေးဖြေကျင်းပပြီး ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် သင်တန်းဆင်းလက်မှတ်နှင့် ဆုငွေများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နောင်လာမည့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလေးများ အနာဂတ်ဘာသာသာသနာအတွက် လိုအပ်သော ယဉ်ကျေးမှုနှင့် စာရိတ္တကောင်းမွန်စေရန်လည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပညာရေးခေတ်၌ အင်္ဂလိပ်ဘာသာနှင့် သင်္ချာဘာသာရပ်တို့ကို ထည့်သွင်း၍ ဘက်စုံထူးချွန်တိုးတက်စေရန်လည်းကောင်း ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်းကို ဆရာတော်က မိန့်ကြားသည်။

ပေါက်စ (မင်းလှ)

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

ချောက် ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ဧပြီ ၂၃ ရက်က ချောက်မြို့မရဲစခန်း မီးပွိုင့်လမ်းဆုံ၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဖြန့်ဝေပေးအပ်မှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုမာနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မော်တော်ကား၊ ဆိုင်ကယ် မောင်းနှင်စီးနင်းသူတို့အား ယာဉ်မတော်တဆဖြစ်မှုများနှင့် မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုများလျော့နည်းကျဆင်းသွားစေရန်နှင့် ထိုမှတစ်ဆင့် လုံးဝပပျောက်သွားစေရန်အတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်မိုး (ပြန်/ဆက်)

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးချခြင်း ခေါင်းစဉ်ဖြင့် လက်မှုပညာပြိုင်ပွဲ ကျင်းပမည်

မြစ်ကြီးနား ဧပြီ ၂၄

ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူးကြီးမှူး၍ ဇွန် ၅ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အကြို ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးချခြင်း ခေါင်းစဉ်ဖြင့် လက်မှုပညာဆိုင်ရာပြိုင်ပွဲကို မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနရုံးမှ သိရသည်။

ပြိုင်ပွဲတွင် အစုအဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကာ ပြိုင်ပွဲဝင်များသည် ကော်ဖီမစ်အိတ်ခွံ၊ ပလတ်စတစ်အိတ်ခွံ၊ ရေသန့်ဘူးခွံ စသည့် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ လက်တွေ့နယ်ပယ်တွင် လူ့အသုံးအဆောင်ပစ္စည်းများအဖြစ် ပြန်လည်အသုံးချနိုင်သည်ကို ပြည်သူများ သိရှိစေရန် ရည်ရွယ်ကာ လုပသေသပ်သော အသုံးအဆောင်ပစ္စည်းများအဖြစ် ပြုလုပ်၍ မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးသို့ မေ ၂၀ ရက် အရောက်ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၇၄-၂၅၂၄၂၁၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဝင်းနိုင် (ကချင်မြေ)

ဂန့်ဂေါ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

ဂန့်ဂေါ ဧပြီ ၂၄

ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ယူနစ် ၂၀ ရှိ ကျေးရွာ ၂၂ ရွာမှ ကျေးရွာစီမံကိန်း ကျေးရွာကော်မတီဝင်များ တွေ့ဆုံ၍ လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲကို ဧပြီ ၂၃ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းသုံးသပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇေယျနှင့် မြို့နယ်ကော်မတီဝင်များက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြကာ ကျေးရွာကော်မတီဝင်များ၏ တင်ပြမေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့သည့် ရေရှင်ကျေးရွာကော်မတီအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးက ဆုချီးမြှင့်ခဲ့သည်။

ဂန့်ဂေါမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၁၀၁

မကွေးမြို့မှ ဆီစက်လုပ်ငန်းရှင်များနှင့် တောင်သူများအား ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

မကွေး ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဆီစက်လုပ်ငန်းရှင်များနှင့် ဆီထွက်သီးနှံစိုက်သည့် ဒေသခံတောင်သူများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က မကွေးမြို့ နန်းထိုက်သူဟိုတယ်တွင် ဧပြီ ၂၂ ရက်က တွေ့ဆုံကာ စိုက်ပျိုးရေးနှင့် ဆီစက်လုပ်ငန်းများ တိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်စိုးက နှုတ်ခွန်းဆက်စကားပြောကြားကာ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများနှင့် ဆီစက်လုပ်ငန်းရှင်များက လုပ်ငန်းဆိုင်ရာကိစ္စများကို တင်ပြဆွေးနွေးကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့ရှိ အမေထွားဆီစက်၊ ငွေဇင်ယော်ဆီစက်၊ စိုးဆီစက်၊ ကိုအောင်ဆန်းဝင်း (ASW) ဆန်စက်၊ မကွေးလေယာဉ်ကွင်း၊ Good Brother နွား သားစပ်မွေးမြူရေးလုပ်ငန်း စသည့်နေရာများသို့ သွားရောက်၍ ကွင်းဆင်းကြည့်ရှုခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပြည်ထောင်စုဝန်ကြီးက ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ဇဖဲ)

မကွေးတိုင်းဒေသကြီးတွင် သင်္ကြန်ကာလ မှုခင်းဖြစ်ပွားမှု ယခင်နှစ်ထက် တစ်ဝက်ခန့်ကျဆင်းခဲ့

မကွေး ဧပြီ ၂၄

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်၌ ၂၀၁၈ ခုနှစ် သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှုနှုန်းသည် ယခင်နှစ် သင်္ကြန်ကာလက မှုခင်းဖြစ်ပွားမှုနှုန်းထက် ထက်ဝက်ခန့် လျော့နည်းကျဆင်းခဲ့သည်ဟု မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

၂၀၁၈ ခုနှစ် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ သင်္ကြန်ကာလ လေးရက်အတွင်း မကွေးတိုင်းဒေသကြီးတစ်ခုလုံး၌ ယာဉ်တိုက်မှု ၁၉ မှု၊ နာကျင်စေမှု ခြောက်မှု၊ အခြားအမှု ၃၁ မှု၊ လက်နက်မှု ငါးမှု၊ ယစ်မျိုး သုံးမှု၊ သေမှုသေခင်း သုံးမှု၊ လူသတ်မှု တစ်မှု ဖြစ်ပွားခဲ့ပြီး ယင်းဖြစ်ပွားခဲ့သည့် အမှုများတွင် စုစုပေါင်း ဒဏ်ရာရရှိသူ ၆၈ ဦးရှိခဲ့ကာ သေဆုံးသူ ၁၀ ဦး ရှိခဲ့သည်။ ယခုနှစ်သင်္ကြန်တွင် မကွေးမြို့၌ လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်း ကျင်းပခဲ့သဖြင့်လည်း ယာဉ်တိုက်မှုများ ယခင်နှစ်ထက် နည်းပါးသွားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် သင်္ကြန်ရက်များက မကွေးတိုင်းဒေသကြီးတွင် ဒဏ်ရာရရှိသူ ၁၁၆ ဦးနှင့် သေဆုံးသူ ၁၉ ဦးအထိရှိခဲ့၍ ယခုနှစ်တွင် မှုခင်းဖြစ်ပွားမှု ထက်ဝက်ခန့် လျော့နည်းသလို ဒဏ်ရာရ သေဆုံးသည့် အရေအတွက်မှာလည်း တစ်ဝက်နီးပါး လျော့နည်းကျဆင်းခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကြီး တင်မိုးထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၅ မြို့နယ်တွင် ယခုနှစ် သင်္ကြန်ရက်အတွင်း မဏ္ဍပ်ကြီး ၁၅ ခု၊ မဏ္ဍပ်အလတ် ၂၈ ခုနှင့် မဏ္ဍပ်အသေး ၂၇ ခု စုစုပေါင်း ၇၀ ခန့်ရှိကာ ရဲတပ်ဖွဲ့ဝင်အင်အား ၁၅၀၀ ခန့်ဖြင့် လုံခြုံရေးအပိုင်းလေးမျိုးဖြင့် မှုခင်းများကျဆင်းရန် ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ သင်္ကြန်ရက်အတွင်း မှုခင်းဖြစ်ပွားမှု လျော့ကျရေးအတွက် လမ်းကြောင်းလုံခြုံရေး၊ အရေးကြီးလုံခြုံရေး၊ နယ်မြေလုံခြုံရေးနှင့် သင်္ကြန်လုံခြုံရေးဟု အပိုင်းလေးပိုင်းဖြင့် ဆောင်ရွက်သည့်အပြင် သင်္ကြန်မတိုင်ခင်၊ သင်္ကြန်ကာလနှင့် သင်္ကြန်ပြီးကာလတို့တွင် စိစစ်ဆောင်ရွက်ခြင်းစသည့် အပိုင်းသုံးပိုင်းဖြင့်လည်း ဆောင်ရွက်ခဲ့သည်ဟု ဒုရဲမှူးကြီးတင်မိုးက ပြောသည်။

"ဒီနှစ် သင်္ကြန်ရက်ကတော့ မကွေးတိုင်းဒေသကြီးက မှုခင်းဖြစ်ပွားမှု နည်းပါတယ်၊ မှုခင်းဖြစ်ပွားမှု နည်းအောင်လည်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ လမ်းညွှန်ချက်နဲ့အညီ မှုခင်းကျဆင်းရေးတွေကို အဘက်ဘက်က ဆောင်ရွက်ခဲ့ပါတယ်" ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

မှုခင်းကျဆင်းရေးအတွက် သင်္ကြန်မတိုင်ခင်ကာလက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့သလို သင်္ကြန်ကာလအတွင်းကလည်း လုံခြုံရေးလှည့်ကင်းများ၊ သင်္ကြန်ရက်လုံခြုံရေး လုပ်ငန်းများကို မြို့နယ် ၂၅ မြို့နယ်၌ ရဲတပ်ဖွဲ့ဝင်အင်အားများ တိုးမြှင့်၍ အင်အား ၁၅၀၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါး၊ အရက်နှင့် လက်နက်ပုန်း တို့ကိုလည်း ကြိုတင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကောင်းသုတ(မင်းဘူး)

ကမ္ဘာသူ/သားများနှင့် မြန်မာပြည်သူ/သားများ နှစ်သစ်မှာ
လိုအင်ဆန္ဒများ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာသက္ကရာဇ် ၁၃၈၀-ခုနှစ်
စံ-ကလေဘို
မြန်မာ့ရိုးရာအဋ္ဌဟောကိန်း
ထွက်ပြီ
အဆောင်လက်ဖွဲ့ပစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်းဖြန့်ချိရေး
အမှတ်-၂၈၆(မြေညီထပ်)၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့၊
ဖုန်း -၀၁ ၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉

မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်-၂၂၁၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း -၀၂ ၃၉၇၁၇၊ ၆၀၁၃၆

အမည်မှန်

မြင်းခြံမြို့၊ UNITY ကိုယ်ပိုင်အထက်တန်းကျောင်း တတိယတန်းမှ ဦးဇော်ထူးမော် ၉/မခန(နိုင်)၁၈၆၄၇၃၏သား မောင်ကောင်းထက်ကျော်၏ အမည်မှန်မှာ မောင်အောင်မြင့်မော် ဖြစ်ပါကြောင်း။

မောင်အောင်မြင့်မော်

အမည်ပြောင်း

ဦးစိုးမင်းအောင် ၁၂/ကမတ(နိုင်)၀၆၈၄၈၆ ၏သား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အထက(၁)၊ ဆဋ္ဌမတန်း(H)မှ မောင်ကောင်းခန့်ကျော်အား မောင်ခန့်အောင်ကိုဟု ပြောင်းလဲခေါ်ပါရန်။

မောင်ခန့်အောင်ကို



လူပျောက်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ဥဒ္ဒနာ ၁၀ လမ်း၊ အမှတ် ၁၅ နေ ဦးအောင်စိုး၏သမီး မနှင်းဝင့်ရည်သည် ၂၁-၄-၂၀၁၈ရက် ညနေ ၆ နာရီတွင် နေအိမ်မှ ထွက်သွားရာ ပြန်မလာပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ သွေးဆောင်ဖြားယောင်းထားရှိသူအား တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးအောင်စိုး
ဖုန်း-၀၉-၄၅၀၄၉၄၉၁၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ခန္တီးခရိုင် လက်အောက်ရှိ မြို့နယ်များတို့မှ ၂၀၁၈ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအထိ တာဝန်ယူ ဆောင်ရွက်မည့် လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ဝယ်ယူမည့်ပစ္စည်းစာရင်း
၁။	Cement(ဘိလပ်မြေ)
၂။	M.S Rod(သံချောင်းလုံးရှယ်စုံ)
၃။	River Shingle(မြစ်ကျောက်စရစ်)
၄။	River Sand (မြစ်သဲ)
၅။	J/wood(တောသစ်ခွဲသား/ပျဉ်ပါး)
၆။	H.S.D
၇။	၆"-၉"ကျောက်ကြီး
၈။	Coarse Sand သဲကြမ်း

တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၂၇-၄-၂၀၁၈ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၈-၅-၂၀၁၈ရက် ညနေ ၄း၃၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၀-၅-၂၀၁၈ရက် နံနက် ၁၀နာရီ

အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ခန္တီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဖုန်း-၂၄၈၀၁၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၆) ရပ်ကွက်၊ မာဃလမ်း၊ အကွက်အမှတ် ၁၀၇၅၊ မြေဧရိယာ (၀. ၀၅၆) ဧက၊ နှစ် (၆၀) မြေငှားဂရန်မြေ၊ မြေပေါ်ရှိ ဆောက်လက်စအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြကျော့ဇင် (၁၂/တမန(နိုင်)၀၈၃၅၆၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်ကြောင်းအထောက်အထား (မူရင်း) များယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ခင်မာဆွေ (B.A, H.G.P, R.L)
အထက်တန်းရှေ့နေ (စဉ်-၁၆၄၂၀)
တိုက် ၃၅/၅၆၊ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၄၃၀၄၅၇၂၂၇၊ ၀၉ ၇၉၀၅၆၂၇၂၁။

မွန်ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈ခုနှစ်(ဧပြီမှစက်တင်ဘာ)ရန်ပုံငွေဖြင့် ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင် ကျိုက်ထီးရိုးတောင်ပေါ်၌ အမှိုက်ဖျက်ဆီးမည့်စက်တစ်လုံးနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို စိတ်ပါဝင်စားသူမြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့)
အချိန်/နာရီ - နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၅-၅-၂၀၁၈ရက် (သောကြာနေ့)
အချိန်/နာရီ - ညနေ ၄း၃၀နာရီ

(ဂ) **နေရာ** - မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မော်လမြိုင်မြို့

၂။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ဖြစ်စေ၊ ဖုန်း-၀၉-၅၂၃၂၂၅၂၊ ၀၉-၄၂၀၇၀၁၆၀နှင့် ၀၉-၂၅၅၉၁၅၀၇၇တို့သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူရသောအရေးပေါ်လူနာများအတွက် လိုအပ်သော အရေးပေါ်ဆေးဝါးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ဆေးဝါးနှင့်ပတ်သက်သော စာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃၀-၄-၂၀၁၈ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၅-၂၀၁၈ ရက် ညနေ ၄ နာရီ

ဆေးရုံအုပ်ကြီး
အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘို အဝေးသင်တက္ကသိုလ် ပထမနှစ်(ပထဝီ)အထူးပြု အောင်မြင်ပြီးသူ မချမ်းချမ်းမွန်၏ ဖခင်ဦးအောင်ကြည်နှင့် ဦးမြင့်ဆွေ ၅/ရဉန(နိုင်)၀၄၆၇၄၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်ကြည်(ခ)ဦးမြင့်ဆွေ

"မဟော်သဓာအခမဲ့ ကိုယ်ပိုင်အထက်တန်းကျောင်း" တောင်ကုတ်မြို့ ကျောင်းသားသစ်များခေါ်ယူခြင်း

ရည်ရွယ်ချက် - ပညာထူးချွန်သော်လည်း ဆင်းရဲနွမ်းပါးသဖြင့် ပညာသင်ကြားရေးတွင် အခက်အခဲကြုံတွေ့နေရသော ကျောင်းသား/သူများ ပညာဆက်လက်သင်ကြားနိုင်ရန်၊ ထူးချွန်ထက်မြက်သည့် သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းရန်၊ အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွန်းရေးအတွက် ပြုစုပျိုးထောင်၊မြေတောင်မြှောက်ပေးရန်၊

တာဝန်ယူမှု - ပညာသင်ကြားရေး၊ စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးကို ဤကျောင်းမှ တာဝန်ယူသည်။

စည်းကမ်းချက်များ - (၁)ရခိုင်ပြည်နယ်(၁၇)မြို့နယ်မှ အခြေခံပညာအလယ်တန်း (၈) တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။ (၂) ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် နဝမတန်း၌ သိပ္ပံတွဲနှင့် ဝိပ္ပံတွဲ(၂)မျိုး သင်ကြားပေးမည်။ (၃) ကျောင်းသား/သူ (၁၀၀)ဦး အထိသာ လက်ခံမည်။(၄) ပညာထူးချွန်သူချင်းတူနေလျှင် မိဘဆင်းရဲသူကို ဦးစားပေးမည်။ (၅)မိဘဆင်းရဲသူချင်းတူနေလျှင် မိဘမစုံသူကို ဦးစားပေးမည်။ (၆)မိဘမစုံသူချင်းတူနေလျှင် ဖခင်ကွယ်လွန်သူကို ဦးစားပေးမည်။ (၇) ကျန်းမာ၍ ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကူးစက်ရောဂါကင်းရှင်းသူ ဖြစ်ရမည်။ (၈) အခြေခံပညာအလယ်တန်း(၈)တန်းအောင်မြင်ကြောင်း ထောက်ခံချက်တင်ပြရမည်။ (၉)လျှောက်ထားသူ(၁၀၀)ထက် ကျော်လွန်နေပါက အခြေခံပညာအလယ်တန်း(၈)တန်းအဆင့် အင်္ဂလိပ်စာနှင့်သင်္ချာနှစ်ဘာသာဖြေဆိုသည့်ရမှတ် အနည်းအများ အလိုက်ရွေးချယ်မည်။ ၁၉-၅-၂၀၁၈ရက် အင်္ဂလိပ်စာ၊ ၂၀-၅-၂၀၁၈ရက် သင်္ချာ မေးခွန်းများ ဖြေဆိုရမည်။ (၁၀)အပြီးသတ် ရွေးချယ်မှုကို လူတွေ့စစ်ဆေးခြင်း (Personal Interview) မေးမြန်းပြီးမှ အတည်ပြုမည်။ (၁၁)လျှောက်လွှာများကို မဟော်သဓာအခမဲ့ ကိုယ်ပိုင်အထက်တန်းကျောင်းရုံးခန်းတွင် အခမဲ့ရယူနိုင်ပါသည်။ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့လည်း ဖြန့်ဝေထားပြီးဖြစ်ပါသည်။ (၁၂)လျှောက်လွှာများကို ၁၅-၅-၂၀၁၈ရက် နောက်ဆုံးထား၍ တင်ရမည်ဖြစ်ပါသည်။ (၁၃)အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ဖုန်း - ၀၉-၄၅၀၉၉၉၀၈၁၊ ၀၉-၄၅၀၄၃၀၁၁၀၊ ၀၉-၄၂၁၇၂၄၆၆၄၊ ၀၉-၄၅၀၃၈၄၅၁၅၊ ၀၉-၂၆၂၈၀၁၁၉၉)

အလုပ်အမှုဆောင်အဖွဲ့
မဟော်သဓာအခမဲ့ ကိုယ်ပိုင်အထက်တန်းကျောင်း
တောင်ကုတ်မြို့

အများသိစေရန်ကြေညာချက်

မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အသံလွှင့်ရုံလမ်း၊ အမှတ် ၆၈၀တွင် (၆)ခန်းတွဲ (၃)ထပ်တိုက် ဆောက်လုပ်ခွင့်အား ဤဌာန၏ ၁၄-၉-၂၀၁၅ ရက်စွဲပါစာ အမှတ် ၂၆၇၆(ရ)/၂၇၇၈/စည်ပင်-ယာ(အံ့)မြေပိုင်ဆိုင်မှုနှင့် မသက်ဆိုင်စေရ မြေရှင် ဒေါ်နှင်းမြတ်ထွေး၊ လိုင်စင်ရကန်ထရိုက်တာ ဦးစိုးမင်းထိုက်(LC-၈၀၈)နှင့် လိုင်စင်ရ အင်ဂျင်နီယာ ဒေါ်ခင်မိုးမိုးခိုင်(LS-၆၅၅)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။ အဆိုပါ(၃)ထပ် အဆောက်အအုံ သက်တမ်းတိုးလျှောက်ထားရာတွင် လိုင်စင်ရကန်ထရိုက်တာ ဦးစိုးမင်းထိုက်(LC-၈၀၈)မှ လိုင်စင်ရ ကန်ထရိုက်တာ ဒေါ်အိအိဖြူ(LC-၁၁၉၄)ဖြင့် ပြောင်းလဲ၍ အဆောက်အအုံသက်တမ်းတိုးခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရအင်ဂျင်နီယာနှင့် ပြောင်းလဲဆောင်ရွက်မည့် လိုင်စင်ရ ကန်ထရိုက်တာတို့မှ တင်ပြလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ အောက်ဖော်ပြပါလုပ်ငန်းတို့အား အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူမည်ဖြစ်ပါသည်-

(က) **ခေါ်ယူမည့်လုပ်ငန်းများ** - (၁) DI Pipes & Fittings
(၂) HDPE Pipes & Fittings
(၃) စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း
(၄) ပြည်ကြီးမင်္ဂလာကားဝင်းတွင် သန့်စင်ခန်းတည်ဆောက်ခြင်းလုပ်ငန်း

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀၁၈ ခုနှစ်၊ ဧပြီ ၂၆ ရက်

(ဂ) **တင်ဒါပိတ်မည့်ရက်** - ၂၀၁၈ ခုနှစ်၊ မေ ၂၄ ရက်

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(င) **တင်ဒါတစ်စုံရောင်းနှုန်း** - အမှတ်စဉ်(၁)၊(၂) - ၁၀၀၀၀ိ/-နှုန်း
- အမှတ်စဉ်(၃)၊(၄) - ၅၀၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း-၀၂-၃၅၉၂၈၊ ၀၉-၉၇၇၁၀၀၇၀၁)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဓမ္မညျစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်အထွတ်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပမည်

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေနံ့သာစံပြ၊ မြေကွက်အမှတ် ၂၉၉/A ဧရိယာ ၀ဒသမ ၀၅၇၃၈က မြေကွက်တည်နေရာအမှတ်(၂၉၉/A)၊ ပေ ၁၅၀လမ်း၊ မင်္ဂလာဒုံမြို့နယ် ဦးကြည် ၁၂/လကန(နိုင်)၀၆၄၆၉၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် အမှတ်(၂၉၆၄/၁၁) (၃-၁၀-၂၀၁၁)ဖြင့်ပိုင်ဆိုင်သူ ဦးယုစမ်း ၁၂/လကန(နိုင်)၁၃၂၂၈၆၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ တန်ကင်ကြည်(ခ)ဒေါ်မြမြ ၁၂/လသန(နိုင်)၀၁၃၃၇၀မှ ဂရန်မူရင်းတင်ပြနိုင်ခြင်းမရှိဘဲ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်၊ ကိုယ်စားလှယ်လွှဲစာ (၇၉၀၅/၁၅-၈-၁၆)၊ ကိုယ်စားလှယ်လွှဲစာ မရုပ်သိမ်းကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ မြေကွက်ခွဲစိတ်တိုင်းတာမြေပုံ၊ လိုင်စင်ရ အင်ဂျင်နီယာ၏ အတည်ပြုပုံစံတို့ကိုတင်ပြ၍ ဂရန်ခွဲလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ တိုက်(၅)၊အခန်း(၂)နေ ဦးကျော်လင်း ၁၄/ဒဒရ(နိုင်)၁၉၃၁၂၆၏ သမီး မစိုးစိုး ၁၂/ဒဂဆ(နိုင်)၀၀၅၂၀၁သည် မိဘအား စိတ်ဆင်းရဲ၊ စိတ်ထိခိုက်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဖခင်-ဦးကျော်လင်း**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/1120 Toyota Hilux Surf KZN 185/S-W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထန်ဖန် ၁၃/လရန(နိုင်)၀၃၁၂၈၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် FF/6617 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် GG/6069၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 2I/7565 ယာဉ်လက်ဝယ်ရှိသူ ဦးလှရွှေ ၉/ဝတန(နိုင်)၀၈၃၀၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/7131၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6K/8560 KIA Yi2700 ယာဉ်အမည်ပေါက်သူ ဦးအောင်မျိုးမြင့် ၉/ကဆန(နိုင်) ၁၁၆၃၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၈၂၁၆ TS Light Truck TS-01, Pickup (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးမိုးသူရိန်လွင် ၉/စကန(နိုင်)၀၇၇၁၁၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/3748 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ပတ်စ်ပို့ပျောက်

ကျွန်မ မနူးနူး ၁/မကန(နိုင်)၂၁၂၃၄၁၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၉၄၅၅၇၈၃

ဖခင်အမည်မှန်

သထုံမြို့နယ်၊အထက(၁) တက္ကသိုလ်ဝင်တန်း (F)မှ မောင်အောင်ကျော်ကျော်၏ ဖခင်အမည်မှန်မှာ ဦးလေဒေး ၁၀/သထန(နိုင်)၀၆၁၄၉၅ ဖြစ်ပါကြောင်း။

ဦးလေဒေး

ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၆၄ နှင့်ဆက်နွယ်သည့် ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၅၀

သမဝါယမဘဏ်လီမိတက် (၄င်း၏မန်နေဂျာဒေါ်စန်းယဉ်ဝင်း) **နှင့်** ၁။ ဦးအောင်မင်းလှိုင် ၂။ ဒေါ်တင်နုရီ ၃။ ဒေါ်ဥဏ် ၄။ ဦးအောင်ခို

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆူးကုန်းမြောက်ရပ်ကွက်၊ အကွက်အမှတ်(၇/ဆူးကုန်း)၊ ဦးပိုင်(၂၁)နှင့် ဦးပိုင်(၁၉)နေ (၁)ဦးအောင်မင်းလှိုင်၊ (၂)ဒေါ်တင်နုရီ၊ (၃)ဒေါ်ဥဏ်၊ (၄)ဦးအောင်ခို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၆၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ခုနှစ် မေ၂၄ရက်(၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေစိုး)
တွဲဖက်ခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၁ဃ/၂၃၅၂၀ ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မင်းထွန်း ၉/ပဥလ(နိုင်)၀၃၀၃၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် HSE/4691 TOYOTA HIACE SUPERCUSTOM ယာဉ်လက်ဝယ်ရှိသူ ကရုဏာအလင်းတန်းများ ၆/အဂပ/၀၁၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/1326 Pyae Pyae Zaw Light Truck P/U(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုး ၁၂/လသယ(နိုင်)၀၄၉၈၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကလေးမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးကောကန်နာ(ခ) ဦးဘူးဒီးရပ် ၅/ကလထ(နိုင်)၀၀၃၇၁၄ - ဒေါ်ဘီဒီယား ၄/ဖလန(နိုင်) ၀၂၆၇၅၇တို့၏သားကြီး မောင်ဇော်မင်းထွန်းသည် မိဘနှင့် ဆွေမျိုးများအပေါ် ခွင့်မလွှတ်နိုင်သောကိစ္စများ ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးကောကန်နာ(ခ)ဦးဘူးဒီးရပ်
ဒေါ်ဘီဒီယား

ဖခင် အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့၊ အမှတ်(၁)ရပ်ကွက်နေ မယုသန္တာထွန်း၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်း ၅/ကလဝ(နိုင်)၀၀၃၄၁၈ ဖြစ်ပါကြောင်း။

ဦးတင်ထွန်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8811 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/7811 Ford Fiesta ,Hatch Back (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေလွင်ဇော် ၁၂/ဗဟန(နိုင်)၀၈၁၈၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်အိအိနွေး (ဘ)ဦးလှထွန်း ၁၄/ဝခမ(နိုင်)၁၇၀၄၀၂၏သားဖြစ်သူ မောင်ဝေဖြိုးကျော်သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အဘိုး၊ အဘွား၊ မိဘဆွေမျိုး ညီအစ်ကိုမောင်နှမများ စိတ်ဆင်းရဲ သောကရောက်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို မိသားစုနှင့် မသက်ဆိုင်တော့ကြောင်း အတိအလင်းကြေညာပါသည်။

ဒေါ်အိအိနွေး
မြဝတီမြို့၊ ကရင်ပြည်နယ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းသန်း
နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်
ကျောင်းအုပ်၊ တော်ဝင်နည်းပြသင်တန်း
ဗွီအိုအေ၊ မြန်မာပိုင်းအစီအစဉ်
တာဝန်ခံအယ်ဒီတာ၊ သတင်းဌာန၊ MRTV(ငြိမ်း)
ဧည့်ကထိက၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်(ငြိမ်း)
အသက်(၈၅)နှစ်

ဒေါက်တာဇော်မြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန)-ဒေါက်တာကြူကြူသန်း(သုတေသနမှူး-ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန)တို့၏ဖခင် ဦးထွန်းသန်းသည် ၂၂-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ဆေးသုတေသနဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ
အထက်တန်းပြ(ငြိမ်း)
အသက်(၈၃)နှစ်

နေပြည်တော်၊ ရာဇသင်္ဂဟအိမ်ရာ၊ မန္တလေးလမ်း၊ အမှတ် ၃၃၂၆ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုး၊ ရန်ကုန်မြို့နေ ဦးဇော်ထွန်းသင်-ဒေါ်ခင်သီတာ၊ ဦးကျော်စွာထွန်း-ဒေါ်စိုးမိုးထွေးတို့၏ချစ်လှစွာသောမိခင်၊ မောင်ရန်နိုင်အောင်၊ မောင်အောင်ခန့်ကျော်၊ မပိုးပွင့်ဖြူသင်၊ မလင်းလဲ့ဖြူသင်၊ မရှင်းသန့်ဖြူသင်၊ မောင်ကောင်းခန့် ကျော်စွာတို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီသည် ၂၂-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ရွှေတံခါးကုမ္ပဏီ+ရွှေသဇင်ဟိုတယ်မိသားစု
စစ်တွေမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်ဆွေ
အသက်(၈၃)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(နေပြည်တော်) ဦးကျော်ဦးလွင်(ညွှန်ကြားရေးမှူးချုပ်)-ဒေါ်ခင်စိုးစိုးတို့၏မိခင် ဒေါ်ခင်ခင်ဆွေသည် ၂၂-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Royal Bagan Foundation မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးစောဟယ်ရီလှ(ခ)ဦးကျော်ညွန့်
လက်ထောက်မန်နေဂျာ(ငြိမ်း)MICB
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ် ၁၉နေ နော်ရိုစီ(ခ)ဒေါ်အေးမူကြူ၏ခင်ပွန်း ဦးစောဟယ်ရီလှ(ခ)ဦးကျော်ညွန့်သည် ၂၀-၄-၂၀၁၈ ရက် နံနက် ၄း၂၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MICB ဝန်ထမ်းဟောင်းများအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှမောင်(ခ)ဦးမောင်ကျော်အေး (စစ်တွေ)
အသက်(၅၈)နှစ်

စစ်တွေကမ်းရိုးတန်း ကုန်ပို့သူများကော်မတီ ရန်ကုန်(၂၀၀၇)၏ ဒုဥက္ကဋ္ဌ ဦးလှမောင် အသက်(၅၈)နှစ်သည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **စစ်တွေကမ်းရိုးတန်းကုန်ပို့သူများကော်မတီ၊ ရန်ကုန်(၂၀၁၇)**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈) အကွက်အမှတ် (၇-ပဒေသာရပ်)၊ ဦးပိုင်အမှတ် ၃၅၁၊ မြေယာအမှတ်351၊ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြို့မြေဂရန်အမှုတွဲအမှတ်(၄၇၈/၂၀၀၀-၂၀၀၁)အရ ဦးကျော်ကျော်စိုး ပါ (၂)ဦးအမည်ပေါက် မြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၉၁/၂၀၁၈)အရလည်းကောင်း၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက် အမှတ် (၇-ပဒေသာရပ်)၊ ဦးပိုင်အမှတ် ၃၄၈၊ မြေယာအမှတ် 348၊ မြေဧရိယာ ၀ဒသမ၁၁၀ ဧကရှိ မြို့မြေဂရန်အမှုတွဲအမှတ် (၄၇၉/၂၀၀၀-၂၀၀၁)အရ ဦးကျော်ကျော်စိုး ပါ (၂)ဦး အမည်ပေါက်မြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၉၂/၂၀၁၈)အရလည်းကောင်း ကျွန်မ ဒေါ်ခင်မာလာထွန်းမှ ဝယ်ယူပိုင်ဆိုင်ထားပြီး ဂရန်သစ်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ ၁၄ရက်အတွင်းလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မြင့် (သံတွဲ)
လူထုပညာရေးမှူးဟောင်း
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ယုဇနမြခ္ခာညီအိမ်ရာ၊ မြခ္ခာညီလမ်းသွယ်(၂)၊ အမှတ် ၁၂နေ(ဦးမောင်မောင်)(ဒု-ထောင်ပိုင်၊ ငြိမ်း)၏ဇနီး၊ ဦးသိန်းဦး(ခ)သံလွင်ဦး၊ ဦးသိန်းသန်း(အကျဉ်းဦးစီးဌာန၊ငြိမ်း)-ဒေါ်ဝေဝေစန်း၊ ဒေါ်သုဓမ္မစာရီ(ရွှေစက်တော်)၊ ဒေါ်အေးအေးသန်း၊ ဦးအောင်ဆန်း-ဒေါ်ခင်ဝင်းစိန်(ILBC)၊ ဗိုလ်မှူးကြီးစောရန်နိုင်-ဒေါ်ဝိုင်းဝိုင်းရီ၊ ဒေါ်မြင့်မြင့်စန်း၊ ဦးဇော်မိုးအောင်-ဒေါ်တင်တင်ညို(Tin Tin Nyo & Associate Audit Firm)တို့၏မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၁-၄-၂၀၁၈ရက် (စနေနေ့) ညနေ ၅း၂၅နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

လွမ်းဆွတ်သတိရခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) ဆရာဦးရွှေထွန်းမောင် ကွယ်လွန်ခဲ့သည်မှာ ၂၅-၄-၂၀၁၈ ရက်တွင် (၁၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း တပည့် ကျွန်တော်ခင်မောင်အေးမှာ ယနေ့တိုင် သတိရလွမ်းဆွတ်လျက်ရှိပါကြောင်း။

ခင်မောင်အေး
အင်ဂျင်နီယာချုပ်(မြို့ပြ) (တည်ဆောက်ရေး)
အဆောက်အဦ ဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန
ရုံးအမှတ် (၄၀)၊ နေပြည်တော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ခင်ဆွေ(ခ) ဒေါ်ခင်ရီ [အထက်တန်းပြ(ငြိမ်း)]
အသက်(၈၃)နှစ်

နေပြည်တော်၊ ရာဇသင်္ဂဟအိမ်ရာ၊ မန္တလေးလမ်း၊ အမှတ် ၃၃၂၆နေ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုး၊ ရန်ကုန်မြို့နေ ဦးဇော်ထွန်းသင်-ဒေါ်ခင်သီတာ၊ ဦးကျော်စွာထွန်း-ဒေါ်စိုးမိုးထွေးတို့၏ ချစ်လှစွာသောမိခင်၊ မောင်ရန်နိုင်အောင်၊ မောင်အောင်ခန့်ကျော်၊ မပိုးပွင့်ဖြူသင်၊ မလင်းလဲ့ဖြူသင်၊ မရှင်းသန့်ဖြူသင်၊ မောင်ကောင်းခန့်ကျော်စွာတို့၏ချစ်လှစွာသောအဘွား ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီသည် ၂၂-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစုများ
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်ဆွေ (ခ) ဒေါ်ခင်ရီ
အသက်(၈၃)နှစ်

ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုးတို့၏မိခင်၊ ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီသည် ၂၂-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညစနာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူအထူး ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစုများ
အမျိုးသားပြတိုက်(နေပြည်တော်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်ဆွေ (ခ) ဒေါ်ခင်ရီ
အသက်(၈၃)နှစ်

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုးတို့၏မိခင်၊ ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီသည် ၂၂-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညစနာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူအထူး ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစုများ
အမျိုးသားပြတိုက်(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

ဦးဟန်
အသက်(၇၁)နှစ်

စက်ရုံမှူး(ငြိမ်း)ပန်းကန်၊ ကြွေပြားစက်ရုံ(သာယာဝတီ)နှင့် T.Home ကြွေပြားစက်ရုံ(စစ်ကိုင်း) Advisor ဦးဟန်သည် ၂၁-၄-၂၀၁၈ရက်(စနေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

T.Home Tile ကြွေပြားစက်ရုံဝန်ထမ်း (စစ်ကိုင်း)

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှမောင်(ခ)ဦးမောင်ကျော်အေး (စစ်တွေ)
မန်နေဂျင်း ဒါရိုက်တာ၊ အောင်ဇေကမ္ဘာ ကုမ္ပဏီလီမိတက်
အသက်(၅၈)နှစ်

၁၈-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ၄း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသော ဦးလှမောင်၏ နောက်ဆုံးခရီးစဉ်နှင့် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၌ပြုလုပ်သော ရက်လည်ဆွမ်းကျွေးခြင်းတို့၌ အစစအရာရာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများ၊ လူမှုကူညီရေး ပရဟိတအသင်းအဖွဲ့များ၊ ဓမ္မမိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တရားဓမ္မများကို ချီးမြှင့်ပေးပါသော ဆရာတော်ကြီးများနှင့် နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သတင်းစာများ၌ ဝမ်းနည်းကြေကွဲခြင်း ကြော်ငြာများထည့်သွင်းပေးကြသူများအား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ
အထက်တန်းပြ(ငြိမ်း)
အသက်(၈၃)နှစ်

နေပြည်တော်၊ ရာဇသင်္ဂဟအိမ်ရာ၊ မန္တလေးလမ်း၊ အမှတ်(၃၃၂၆)နေ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုးတို့၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ (အထက်တန်းပြ၊ ငြိမ်း)သည် ၂၂-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)ည ၈နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်အောင်မြင့်နှင့် ဇနီး ဒေါ်ခင်ပြုံး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ
အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက(၆)အလုံ
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်း၊ ခပေါင်းအိမ်ရာ၊ အမှတ် ၄၊ အခန်း ၂၀၂နေ(သီရိပျံချီ ဦးလှဖေ-ဒေါ်လှတင်)တို့၏သမီး၊ ဦးကျော်ဦးလွင်(ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်ခင်စိုးစိုး၊ ဦးဇော်ထွန်းသင်-ဒေါ်ခင်သီတာ၊ ဦးကျော်စွာထွန်း-ဒေါ်စိုးမိုးထွေး(ချောစု)(Asia Glory Gem Laboratory)တို့၏မိခင်၊ မောင်ရန်နိုင်အောင်၊ မောင်အောင်ခန့်ကျော်၊ မပိုးပွင့်ဖြူသင်၊ မလင်းလဲ့ဖြူသင်၊ မရှင်းသန့်ဖြူသင်၊ မောင်ကောင်းခန့်ကျော်စွာတို့၏အဘွားသည် ၂၂-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၃-၄-၂၀၁၈ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၈ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းရွှေ
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ မဟာဗောဂလမ်း၊ အမှတ် ၂၇နေ(ဦးဖြူ-ဒေါ်ညိုစ)တို့၏သမီး၊ (ဦးစစ်နီ-ဒေါ်တင်လှ)တို့၏သမီးချွေးမ၊ (ဦးသိန်းလှ)-ဒေါ်အုံးချစ်ကျော်၊ (ဦးလှငွေ)-ဒေါ်မြကြည်တို့၏ညီမ၊ (ဦးတင်ထွန်း)၏ဇနီး၊ မစန္ဒာထွန်း၊ (မောင်ဥက္ကာ)၊ မောင်အောင်မွန်တို့၏မိခင်၊ ဒေါ်တင်တင်အေး၊ ဦးမြင့်စိုး-ဒေါ်သန်းနွယ်၊ဦးမြသန်း-ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးမောင်မောင်သန်း-ဒေါ်သီတာအေး၊ ဦးကျော်ကျော်ခိုင်-ဒေါ်စုစုထွေးတို့၏ညီမ/အစ်မသည် ၂၄-၄-၂၀၁၈ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ငယ်မမသန်း(ခ) Theresa Aung Than
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက် ၂၀၆၊ အခန်း ၁၈နေ (ဦးအောင်သန်း-ဒေါ်ခင်နု)တို့၏သမီး၊ (ဦးကျော်အေး-ဒေါ်စောရီ)တို့၏ချွေးမ၊ ဦးမြင့်ဆွေ(မကွေးတိုင်း e-goverment ဦးစီးအဖွဲ့)၏ချစ်လှစွာသောဇနီး၊ (ဦးစောလှအောင်သန်း)-ဒေါ်ခင်ပြုံးစိန်၊ (ဒေါက်တာဝင်းကြည်)-ဒေါ်ရီရီသန်း၊ ဦးသိန်းဟန်-ဒေါ်တီတီအောင်သန်း၊ ဦးချိုအောင်သန်းတို့၏ညီမလေး၊ တူ/တူမ ကိုးယောက်နှင့် မြေးရှစ်ယောက်တို့၏ချစ်လှစွာသောငယ်ငယ်သည် ၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်အေးအေးသိန်း အသက်(၆၇)နှစ်
အသင်းဝင်အမှတ်-၁၅၁၁

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အုတ်ဖိုတန်းလမ်း၊ အမှတ် ၄၃၁နေ (ဦးအောင်ဖေ-ဒေါ်ငွေတင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ညီညွတ်ရေးရပ်ကွက်၊ အမှတ် ၂၅၇နေ ဦးသန်းထွန်း၏ဇနီးသည် ၂၂-၄-၂၀၁၈ရက် နံနက် ၁၁း၅၉နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့)တွင် သထုံမြို့ ကျောက်တန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသား အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ကိုကျော်မျိုးနိုင်(ခ)
ကိုကျော်နိုင်
(ပုလောမြို့၊ ရှပ်ပုံရွာ)
(သံတွဲမြို့၊ ဂျီတွော့ရွာ)
အသက်(၄၇)နှစ်

ပုလောမြို့၊ ရှပ်ပုံရွာနေ (ဦးလှိုင်ကြည် - ဒေါ်စောကြည်)တို့၏ သား၊ သံတွဲမြို့၊ ဂျီတွော့ရွာနေ ဦးစောလှ-ဒေါ်တင်နွဲ့တို့၏သားသမက်၊ မစန်းစန်းဝင်း၏ခင်ပွန်း၊ မောင်ဝဏ္ဏကျော်ဇင်(AGTI၊ ဒုတိယနှစ်၊ သံတွဲ)၊ မောင်စည်သူရဲရင့်(သတ္တမတန်း၊ အထက၊ ဂျီတွော့)တို့၏ချစ်လှစွာသောဖခင်သည် ၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဂျီတွော့ရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျော်အိ(ခ)ဦးစောရီ
(ပြည်မြို့)
အသက်(၈၄)နှစ်

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ တရုတ်တန်းလမ်း၊ အမှတ် ၆၈၇နေ(ဒေါ်ရှုပ်ကွီ)၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဝင်းစိန်-ဒေါ်ခင်လေးဝင်း၊ ပြည်မြို့နေ ဦးဝင်းရွှေ-ဒေါ်ခင်ဌေးမင်း၊ရန်ကုန်မြို့နေ(ဦးဝင်းကြည်)- ဒေါ်စိန်စိန်တို့၏ဖခင်၊မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၄-၄-၂၀၁၈ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
အသက်(၉၂)နှစ်

၁၈-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသည့် ချစ်လှစွာသောဖခင် ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကူညီစောင့်ရှောက်ပေးခဲ့ကြသော ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နှင့် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)တို့မှ တပ်မှူးနှင့်တကွ ဆေးဝန်ထမ်းမိသားစုများအားလည်းကောင်း၊ နာရေးသတင်း ကိုယ်တိုင်လာရောက် မေးမြန်းကြသူများနှင့် ဆက်သွယ်မေးမြန်းကြသူများအားလည်းကောင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်သွင်းပေးကြသူများနှင့် နာရေးလိုက်ပါပို့ဆောင်ပေးကြသူများအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းကြသူများအားလည်းကောင်း၊ ဝမ်းနည်းဆုတောင်းစကားပြောကြားကြသူများအားလည်းကောင်း၊ ကွယ်လွန်ပြီးနောက်ပိုင်း နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီး၊ မိသားစုများ၊ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့်၎င်းတို့၏ဇနီး၊ မိသားစုများအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ၎င်းတို့၏ဇနီး၊ မိသားစုများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း အထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
အသက်(၉၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ ဖခင်၊ ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ သည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀နာရီတွင် တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဦးသန်းဌေးနှင့်ဇနီး ဒေါ်စိုးဝတ်ရည် မိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
အသက်(၉၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသောဖခင်၊ မအိပြည့်ပြည့်ဖြိုး၊ မောင်ခန့်စည်သူတို့၏အဘိုး ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့

ဆရာကြီးဦးချစ်သန်း(သိုင်း) အထိမ်းအမှတ်
ဆွမ်းကျွေးအလှူ

လူငယ်သိုင်းသင်တန်း(ပင်မ)ဆရာကြီးဦးချစ်သန်း ကွယ်လွန်သည့် (၂၈)နှစ်မြောက် ဆွမ်းကျွေးအလှူကို ၈-၅-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၆) ရပ်ကွက်၊ ရတနာဈေးအနီးရှိ စွန်းလွန်းဗိပဿနာကျောင်းတိုက်၌ ပြုလုပ်မည်ဖြစ်ပါ၍ လူငယ်သိုင်းအနွယ်ဝင်များ ကြွရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။ (မည်သူ့ကိုမျှ အလှူခံစေလွှတ်ခြင်း မရှိပါ) ဖုန်း- ၀၉-၅၀၅၅၆၂၂၊ ၀၉-၂၆၀၂၀၄၄၄၃၊ ၀၉-၄၂၀၁၄၈၉၀၇၊ ၀၉-၂၅၀၂၇၈၃၃၈

ဒေါ်သန်းရှင်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ် ၁၃၁၀နေ (ဦးသန်း-ဒေါ်ကြင်ဥ)တို့၏သမီး၊ (ဦးဆောင်းတင်)၏ညီမ၊ ဦးမျိုးမြင့်သန်း၊ ဒေါ်သက်သက်မျိုး၊ ဦးနိုင်ဝင်း (ရှင်နန္ဒောဘာသ)၊ ဒေါ်ကြည်ကြည်သန်းတို့၏မိခင်သည် ၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်နိုင်နိုင်အေး (အထက-၁၊ မရမ်းကုန်း)
အသက်(၅၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကနောင်မြို့၊ ဈေးပိုင်းရပ်ကွက်နေ ဦးမောင်မောင်အေး-(ဒေါ်မြစိန်)တို့၏သမီး၊ (ဒေါ်သန်းသန်းကြူ)၊ ဦးထွန်းထွန်းအောင်တို့၏ညီမ၊ ဒေါ်ဝင်းဖြူသစ်၊ဒေါ်ခင်ညိုလင်း၊ ဦးမိုးဝေအောင်တို့၏အစ်မ၊ မောင်ကောင်းထက်စိုး၏မိခင်၊ (ဦးအောင်စိုးနိုင်)၏ ချစ်လှစွာသောဇနီးသည် ၂၃-၄-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ချစ်ချစ် (ပုသိမ်)
အသက်(၉၉)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ဇောတိကလမ်း၊ ငွေးကြွယ်(က)ရပ်ကွက်၊ အမှတ် ၃၅ (မြေညီထပ်)နေ (ဦးပြန့်စိန်-ဒေါ်ညွန့်ဆိုင်)တို့၏သမီး၊ (ဦးမြင့်အောင်)-ဒေါ်တင်ကြည်ကြည် (ဒု-မန်နေဂျာ၊ ကပရ၊ ငြိမ်း)တို့၏မိခင်၊ ဦးတင်လှိုင်-ဒေါ်မြတ်မြင့်အောင်(မီးမီး၊ကပရ)တို့၏ အဘွားသည် ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမြတ်သန်း (သထုံ)
ဦးစီးအရာရှိ(ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မျိုးသုရလမ်း၊ အမှတ် ၁၂၂၆၊ လေးလွှာ(ဘီ)နေ (ဦးဘပု-ဒေါ်မြဇင်)တို့၏သား၊ (ဦးသောင်းရွှေ)၊ (ဦးငွေလှိုင်-ဒေါ်ခင်ခင်တင့်)၊ (ဦးငွေထွန်း)၊ (ဦးတင်လှ-ဒေါ်ခင်သန်းအေး)တို့၏အစ်ကို၊ (ဒေါ်နုနုယဉ်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ထွန်း-ဒေါ်သန်းသန်းအေး၊ ဒေါ်ခင်ခင်လတ်၊ ဦးကိုကိုနိုင်တို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၂-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၃-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)
ဦးမြတ်သန်း (သထုံ)
ဦးစီးအရာရှိ(ငြိမ်း)၊
ပြည်တွင်းအခွန်များဦးစီးဌာန
သထုံအသင်းနာယကကြီး
အသင်းဝင်အမှတ်-၇၄
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မျိုးသုရလမ်း၊ အမှတ် ၁၂၂၆၊ လေးလွှာ(ဘီ)နေ ဦးမြတ်သန်းသည် ၂၂-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်ကွယ်လွန်သူ၏ဆန္ဒအရ ၂၃-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသား/အသင်းသူများအားအသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

အမှုဆောင်အဖွဲ့

ဒေါ်သောင်းရှိန်
အလယ်တန်းပြ(ငြိမ်း)
အထက(၂)သဃ်န်းကျွန်း
အသက်(၇၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မာဃ ၁၂လမ်း၊ အမှတ် ၉၄၀/ခနေ (ဦးအောင်သိန်း-ဒေါ်လှတင်)တို့၏သမီး၊ (ဦးစိန်ညွန့်-ဒေါ်ချစ်တင်)တို့၏သမီးချွေးမ၊ဦးမြင့်စိန်(အထပြ၊ ငြိမ်း၊ ထ-၁၊ တောင်ဥက္ကလာ)၏ဇနီး၊ ဦးအောင်မြင့်-(ဒေါ်သောင်းမြင့်)၊ ဦးလှဝင်း-ဒေါ်သောင်းစိန်၊ ဦးလှကြည်-ဒေါ်ဝိုင်း၊ ဦးထွန်းရီ - (ဒေါ်သန်းသန်း)တို့၏ညီမ၊ ဦးမြင့်စိုး-(ဒေါ်သောင်းရီ)တို့၏ အစ်မ၊ ဦးစည်သူမောင်မောင်-ဒေါ်ခိုင်စံပယ်ဖြူ (AYA BANK, HEAD Office)တို့၏မိခင်၊ မဆုအိဝင်းလဲ့၊ မဆုအိလင်းလဲ့တို့၏အဘွား၊ တူ/တူမ ၂၈ယောက်တို့၏အဒေါ်သည် ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အရှင်ဥတ္တမသာရစာသင်တိုက်၊ ပဓာနနာယကဆရာတော်
ဘဒ္ဒန္တဦးဝါသဝ
သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ပန်းပင်တန်းကျေးရွာအုပ်စု၊ သင်အင်းကျေးရွာနေ (ခမည်းတော် ဦးပန် - မယ်တော် ဒေါ်ရွှေမှိန်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ ကျွန်းတောလမ်း၊ အရှင်ဥတ္တမသာရ စာသင်တိုက်၌သီတင်းသုံးတော်မူသော အရှင်သူမြတ်သည်(၁၃၈၀ပြည့်နှစ် ကဆုန်လဆန်း ၁၀ရက်) ၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁ရက်) ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အရှင်ဥတ္တမသာရစာသင်တိုက်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

ဒေါ်ဖိတ်တင်
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် ၁၅နေ (ဦးတင်အုန်း)၏ဇနီး၊ ဒေါ်ကေသီအုန်း-ဦးလန်းချမ်း၊ ဒေါ်ချိုမာအုန်း၊ ဒေါ်စန္ဒာအုန်း၊ ဒေါ်သီဂီအုန်း၊ ဦးမင်းအုန်း-ဒေါက်တာကယ်လီထွန်းကျော်၊ ဒေါ်မာလာအုန်း-(ဦးစိန်လှိုင်)၊ ဒေါက်တာကံထူး-ဒေါ်ချိုချိုခိုင်၊ (ဦးကံဦး)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၄-၂၀၁၈ရက် (စနေနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ပိုက်(ဒါးပိန်)
(မြန်မာ့အာမခံလုပ်ငန်း၊ ငြိမ်း)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ အမှတ် ၁၀၀၁၊ သင်းဝင် ဖလမ်းနေ (ဦးညွန့်)၏ဇနီး၊ ဦးတင့်လွင်(ဒု/အထွေထွေမန်နေဂျာ၊ မြို့ပြ၊ မြန်မာ့မီးရထား)-ဒေါ်တင်မချို၊ ဦးအောင်ထွန်းကျော်(လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း) - ဒေါက်တာချိုချိုညွန့် (တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ ပဲခူးတက္ကသိုလ်)တို့၏မိခင်၊ မဦးမေခင် (YKKO Group of Companies Limited)၊ မောင်သူရိန်လင်းတင့်(အနုပညာအထက်တန်းကျောင်း၊ ရန်ကုန်)၊ မလဲ့ယမင်းသူ(Grade-9)တို့၏အဘွားသည် ၂၄-၄-၂၀၁၈ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကိုကြီး (ကျောက်တံခါး)
ဒုအထွေထွေမန်နေဂျာ(ငြိမ်း)
ယာဉ်/စက်(ကုန်သွယ်ရေးဝန်ကြီးဌာန)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် ၁၉၀နေ(ဦးကြည်-ဒေါ်စောရင်)တို့၏သား၊ (ဦးစိုးတင့် - ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ (ဗိုလ်မှူးကြီးဝင်းလှိုင်)-ဒေါ်ကြည်ကြည်ဝင်း၊ဦးမောင်ကို-(ဒေါ်တင်ကြည်)တို့၏မောင်/ညီ၊ ဒေါ်နုနုကြည်(လ/ထမန်နေဂျာ၊ စား/ထွေ)၏ချစ်လှစွာသောခင်ပွန်း၊ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့နေ ကိုစည်သူကို-ဒေါက်တာလတ်လတ်အောင်၊ နယူးဇီလန်နိုင်ငံနေ ကိုဇာနည်ကို၊ ကိုဘိုထိန်-မသဇင်ကိုတို့၏ဖခင်၊ Timmothy David Htein၏အဘိုးသည် ၂၃-၄-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၈ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဟန်(လက်ပံရွာ၊ သုံးခွမြို့) အသက်(၇၁)နှစ်
R.T.H.S (Machine), AGTI (MT), BE (Mech)

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ(ဦးအုန်းမောင်-ဒေါ်မြကြွေ)တို့၏သား၊ သာယာဝတီမြို့နေ (ဦးဖုန်းစိန်-ဒေါ်လှရင်)တို့၏သားသမက်၊ ဦးတင်မြင့်-ဒေါ်တင်စန်း၊ (ဦးထွန်းအေး)-ဒေါ်မြင့်မြင့်စန်း၊ ဦးဝင်းအောင်-ဒေါ်ဌေးဌေးဝင်းတို့၏အစ်ကို၊ ကိုအောင်မျိုးဦး-မစန်းစန်းမြင့်၊ (မနေခြည်ဟန်)၊ မနှင်းဝတ်ရည်ဟန်၊ မချယ်ရီဟန်၊ ကိုနေလဟန်၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၇လမ်း၊ တိုက် ၈၅ (ပထမထပ်)နေ ကိုလင်းနိုင်-မလဲ့လဲ့ဟန်တို့၏ဖခင်၊ မျိုးမင်းသူ၊ ဉာဏ်လင်းထက်တို့၏အဘိုး၊ တူ/တူမ ၂၄ယောက်တို့၏ဘကြီး၊ ရန်ကုန်မြို့၊ သမိုင်းနေ (ဒေါ်ခင်စန်း)၊ ဒေါ်အေးအေးမိုး(အထပြ-ငြိမ်း၊ သာယာဝတီ)တို့၏ခင်ပွန်းသည် ၂၁-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၈ရက် (သောကြာနေ့)နံနက်တွင် လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ရီ အသက် (၇၁)နှစ်
တ/ဥက္ကလာပမြို့နယ်/ဆိပ်ကြီးအရှေ့

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၃)ရပ်ကွက်၊ ဒေဝဗဟ ၃၇လမ်း၊ အမှတ် ၁၂၇၀နေ (ဦးဘိုစိန်-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးထိုင်စု-ဒေါ်စောတင်)တို့၏သမီးချွေးမ၊ဦးအောင်မောင်း-ဒေါ်ကျင်စု၊ ဦးတင်ဝင်း-ဒေါ်စန်းတင့်၊ ဦးကြည်ဝင်း-ဒေါ်မိမိရီ(လပြည့်ဝန်းဆေးဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်)၊ ဒေါ်ညိုညိုသန်း(လူမှုဖူလုံရေးရုံးချုပ်)တို့၏အစ်မ၊ ဦးဇေယျာမျိုး-ဒေါ်ရီရီဝင်း၊ ဦးကျော်စိုးနိုင်-ဒေါ်အေးအေးမာ၊ ဦးမင်းသိန်းဦး-ဒေါ်ရီရီလင်း [ဦးစီးအရာရှိ၊ ရုံးခွဲ(၃) လူမှုဖူလုံရေးရုံး၊ မန္တလေး]၊ ဦးအောင်စိုးနိုင်-ဒေါ်ခင်ခင်ဌေးတို့၏မိခင်၊ မောင်ဝင်းထွန်း၊မခင်လင်းခိုင်၊ မောင်ကောင်းပြည့်စုံ၊ မဖူးပွင့်သွယ်၊ မောင်ထူးပြည့်စုံ၊ မောင်သာလင်းထူးတို့၏အဘွား၊ဦးရဲနီ(ခ)ဦးဝင်းမောင်(ပညာရေး၊ငြိမ်း၊ ကံကြီးမောင် ထီပေါက်စဉ်)၏ချစ်လှစွာသောဇနီးသည် ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ ငါးခူရစခန်းနှင့် လှဖိုးခေါင်ကြားစခန်းတို့တွင် သတင်းရယူ

ပြည်တွင်း ပြည်ပသတင်းမီဒီယာသမားများအဖွဲ့ မောင်တောဒေသရှိ ငါးခူရပြန်လည်လက်ခံရေးစခန်းတွင် သတင်းရယူနေစဉ်။

မောင်တော ဧပြီ ၂၄

ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စရပ်များ အပါအဝင် သိရှိလိုသည်များ မြေပြင်ကွင်းဆင်း သတင်းရယူသည့် သတင်းမီဒီယာသမားများသည် ယနေ့တွင် ရခိုင်ပြည်နယ် မောင်တောဒေသရှိ ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် လှဖိုးခေါင်ကြားစခန်းတို့တွင် သတင်းရယူကြပြီး တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မိသားစုဝင် ငါးဦးတို့အား တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

သိရှိလိုသည်များ မေးမြန်း

သတင်းမီဒီယာအဖွဲ့သည် နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ခရီးစဉ်အတွင်း သတင်းရယူနိုင်ရေး စီစဉ်ထားရှိမှု၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း အကြမ်းဖက်ဖြစ်စဉ် ဖြစ်ပွားခဲ့မှုနှင့် လတ်တလောဆောင်ရွက်နေသည့် UEHRD လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၃ ✽

ကျိုက်ထီးရိုး ကေဘယ်လ်ကား သုံးလကျော်အတွင်း ခရီးသည် သုံးသိန်းဝန်းကျင် စီးနင်း ခရီးသွားပြည်သူများအတွက် ရာနှုန်းပြည့် အာမခံမှုပေးကြောင်း တာဝန်ရှိသူမှ ပြောကြား

ကျိုက်ထို ဧပြီ ၂၄

မြန်မာနိုင်ငံ၏ ပထမဆုံးသော ကျိုက်ထီးရိုးစေတီတော်ကြီး၏ ကေဘယ်လ်ကားပြေးဆွဲမှုမှာ သုံးလကျော်အတွင်း လိုက်ပါစီးနင်းသည့် ဘုရားဖူးခရီးသည် သုံးသိန်းဝန်းကျင်အထိရှိပြီး တာဝန်ယူပြေးဆွဲပေးသော Sky Asia ကုမ္ပဏီအနေဖြင့် ခရီးသွားများအား ရာနှုန်းပြည့် အာမခံမှုပေးကြောင်း အဆိုပါ ကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ ဦးအောင်သန်းက ပြောကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့ ရသေ့တောင်စခန်း၌ Cable Car Main Station တွင် ကျိုက်ထီးရိုး ကေဘယ်လ်ကား ပြေးဆွဲနေမှုအပေါ် လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့နေသည့် စွပ်စွဲချက်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ အပြီးတွင် မီဒီယာများအား အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြန်လည်ရှင်းလင်း

ကျိုက်ထီးရိုးစေတီတော်ပေါ်တွင် သွယ်တန်းထားသော ကေဘယ်လ်ကားများတွင် အသက်အာမခံမရှိခြင်းကြောင့် လုံခြုံစိတ်ချမှု မရှိခြင်း၊ တည်ဆောက်ရေးတွင် ပါဝင်ခဲ့သည့် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ ငွေကျပ်သိန်းပေါင်း ၇၀၀၀၀ ကျော် ပေးရန်ကျန်ရှိနေခြင်းကြောင့် တရားစွဲဆိုနေခြင်း စသည့် သတင်းများကို လူမှုကွန်ရက်စာမျက်နှာများနှင့် မီဒီယာအချို့မှ ဖော်ပြခဲ့ခြင်းအပေါ် သက်ဆိုင်ရာကုမ္ပဏီက ပြန်လည်ရှင်းလင်းခြင်း ဖြစ်သည်။

ဥပဒေနှင့်အညီ ဆောင်ရွက်မည်

၎င်းတို့အနေဖြင့် တရားစွဲဆိုထားခြင်းအပေါ် တုံ့ပြန်သွားမည်မဟုတ်ဘဲ မြန်မာနိုင်ငံ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ သတ်မှတ်လုပ်ထုံးလုပ်နည်းများအတိုင်း ဥပဒေနှင့်အညီ ပြန်လည်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၄ ❐

ကျိုက်ထီးရိုးတောင်ပေါ်သို့ သွားရောက်မည့် ဘုရားဖူးပြည်သူများအတွက် ကေဘယ်လ်ကားများ ပြေးဆွဲပေးနေစဉ်။

ရန်ကုန်နှင့် ထန်ဟွာအသင်း ပထမအကျော့ တွေ့ဆုံခဲ့စဉ်။

AFC Cup ပြိုင်ပွဲ အာဆီယံဇုန်အုပ်စု နောက်ဆုံးပွဲများ ယနေ့ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စု (F) နှင့် (G) နောက်ဆုံးပွဲများကို ဧပြီ ၂၅ ရက် **(ယနေ့)** ညနေပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းက အဝေးကွင်း၊ ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာကလပ်အသင်းများသည် နောက်ဆုံးပွဲအဖြစ် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

မြန်မာ ယူ-၂၁ အသင်း အဖွင့်ပွဲတွင် ထိုင်းနှင့် သရေကျ

ရန်ကုန် ဧပြီ ၂၄

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ အုပ်စု (က) ဒုတိယပွဲအဖြစ် မြန်မာ ယူ-၂၁ အသင်းနှင့် ထိုင်း ယူ-၂၁ အသင်းသည် ယနေ့ ညနေပိုင်းက ဘရူနိုင်းနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် ထိုင်းအသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့သလို မိနစ် ၉၀ အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း နာကျင်အချိန်ပိုတွင် ပေးလိုက်ရသည့် ချေပဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် အဖွင့်ပွဲတွင် နိုင်ပွဲပျောက်ခဲ့သော်လည်း ခြေစွမ်းအရ ထိုင်းထက် ပိုကောင်းခဲ့ပြီး အဆုံးသတ်အားနည်းမှုကြောင့် ဂိုးရနည်းပြီး နိုင်ပွဲပျောက်ခဲ့ရခြင်း ဖြစ်သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် အမာခံကစားသမားများအစုံအလင်

စာမျက်နှာ ၈ ကော်လံ ၆ ◆

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၀ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

၂၀၁၈ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့

ရင်းနှီးမြှုပ်နှံမှုတွေ စည်ဝေမယ့် အနာဂတ်ရန်ကုန်

■ ဝေယံဦး

ဓာတ်ပုံ-ကေဇင်

ရန်ကုန် မြို့ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားတဲ့အနေနဲ့ ရန်ကုန်ရင်းနှီးမြှုပ်နှံမှု ဖိုရမ် ၂၀၁၈ ကို လာမယ့် မေ ၉ ရက်မှာ ကျင်းပဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ဒီလိုစီစဉ်တာဟာ ရန်ကုန်မြို့အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းတွေဖော်ဆောင်နိုင်မှုနဲ့ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ကို သုံးစွဲခြင်းထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ရရှိအောင် ဖိတ်ခေါ်ကာ ပူးပေါင်းဆောင်ရွက်သွားဖို့ ရည်ရွယ်တယ်လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြီးခဲ့တဲ့ ဧပြီ ၂၀ ရက်က ပြောကြားထားပါသည်။

ရန်ကုန်မြို့သစ် စီမံကိန်းအပါအဝင် ရန်ကုန်ပင်လယ်ဆိပ်ကမ်း၊ စက်မှုဇုန်သစ်တွေ၊ အရန်မြို့သစ်တည်ဆောက်မှုစီမံကိန်းတွေ၊ မိုးပျံကားလမ်းစီမံကိန်းတွေ - လုပ်ငန်းတွေအကောင်အထည်ဖော်ဖို့ရှိနေသလို အခြားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေ အများအပြားရှိနေတာမို့ ရန်ကုန်မြို့ရဲ့လက်ရှိပုံရိပ်ဟာ မကြာမီကာလမှာ ပြောင်းလဲသွားတော့မှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ လူနေထိုင်မှု နှစ်စဉ်တိုးတက်များပြားလာတာမို့ လာမယ့် ဆယ်စုနှစ်ကာလကျော်အတွင်းမှာ လူဦးရေ ၁၀ သန်းခန့်ရှိလာနိုင်တဲ့ မဂ္ဂါစီးတီးအသွင်ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြို့သစ်စီမံကိန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ အိမ်ရာစီမံကိန်းတွေကို အခုကတည်းက စတင်ဆောင်ရွက်နိုင်ဖို့ ကြိုးစားနေခြင်းလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့လက်ရှိအနေအထားမှာလည်း ရန်ကုန်တိုင်းဒေသကြီးဟာ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူတွေ အများဆုံးလာရောက်လုပ်ကိုင်တဲ့ နေရာတစ်ခုဖြစ်သလို ပြည်ပစီးပွားရေးလုပ်ငန်းရှင်တွေရဲ့မျက်စိကျစရာ၊ စိတ်ဝင်စားစရာ နေရာဒေသတစ်ခုအဖြစ် တည်ရှိနေပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးကို စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်တဲ့ နယ်မြေကြီးတစ်ခုအဖြစ် ရောက်ရှိအောင် ကြိုးစားဆောင်ရွက်ဖို့လည်း ရှိနေပါတယ်။

ဒီလိုအကောင်အထည်ဖော်နိုင်ဖို့အတွက် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၈ ကို ရန်ကုန်မြို့နိုဗိုတယ်ဟိုတယ်မှာ မေ ၉ ရက်မှာ ကျင်းပတဲ့အခါ ရင်းနှီးမြှုပ်နှံသူတွေအဖို့ အခွင့်အလမ်းတွေ၊ စည်းမျဉ်းစည်းကမ်းနဲ့ နည်းလမ်းတွေ၊ ဥပဒေတွေအပြင် အခွန်ကိစ္စတွေ၊ ဖြေလျှော့မှုတွေ အားလုံးသိရှိနားလည်အောင် ချပြသွားမယ်လို့လည်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားနေပါတယ်။

မကြာမီအချိန်ကာလမှာ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားနေတဲ့ ရန်ကုန်မြို့သစ်စီမံကိန်းကလည်း ကြီးမားတဲ့ စီမံကိန်းတစ်ခုဖြစ်ပြီး လုပ်ငန်းကဏ္ဍအလိုက် ပြည်ပကုမ္ပဏီတွေကလည်း ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားမှု မြင့်တက်နေပါတယ်။ ရန်ကုန်မြို့တစ်ဖက်ကမ်းမှာ ဆောင်ရွက်မယ့် မြို့သစ်တည်ဆောက်ရေးစီမံကိန်းမှာ အစိုးရက ငွေကြေးကုန်ကျ စိုက်ထုတ်အသုံးပြုမှာ မဟုတ်ဘဲ မြေနဲ့ ရင်းနှီးမြှုပ်နှံမှု ငွေကြေးဖလှယ်မယ့် ပုံစံမျိုး ဆောင်ရွက်သွားမယ်လို့လည်း ဆိုပါတယ်။ အဲဒီမြို့သစ်လို အကောင်အထည်ဖော်တဲ့အခါ အခြေခံအဆောက်အအုံကဏ္ဍတွေမှာ အိမ်နီးချင်း တရုတ်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတွေအပြင် အာဆီယံနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်တွေက ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

ရန်ကုန်သီလဝါ အထူးစီးပွားရေးဇုန်ဘက်ကို ကြည့်မယ်ဆိုရင် လက်ရှိအချိန်အထိ ဂျပန်နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၅ ခုကျော်အထိ ရင်းနှီးမြှုပ်နှံ ဝင်ရောက်လုပ်ကိုင်နေပါတယ်။ သီလဝါ စက်မှုဇုန်မှာတော့ လောလောဆယ်မှာ နိုင်ငံပေါင်း ၁၇ နိုင်ငံ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတာဖြစ်ပြီး အခုချိန်မှာ စက်ရုံ ၈၉ ရုံ ခွင့်ပြုမိန့်ကျထားသလို စက်ရုံပေါင်း ၃၉ ရုံကတော့ လုပ်ငန်းတွေလည်ပတ်နေပြီဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ သီလဝါအထူးစီးပွားရေးဇုန်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မတ်လကုန်အထိ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၄၀၀ ခန့်ရှိနေပြီဖြစ်တယ်လို့ သိရပါတယ်။

အချပ်ပို(ဃ)သို့

နိုင်ငံတစ်နိုင်ငံ၏ စက်မှုကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် နယ်စပ်ဒေသများ ကုန်စည်စီးဆင်းမှုနှင့် ကျေးလက်မှ မြို့ပြသို့ ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရန် အဓိကလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍပင် ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး မြန်ဆန်ကောင်းမွန်ခြင်းသည် ထိုနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေပြီး မြို့ပြနှင့် ကျေးလက်နေ ပြည်သူတို့၏ လူမှုစီးပွားများ ပြောင်းလဲတိုးတက်မှုကို ဖော်ဆောင်ရာ၌ များစွာအထောက်အပံ့ဖြစ်စေသောကြောင့်ဖြစ်သည်။

ဘုရင့်နောင်တံတား အမှတ် (၁)

ရန်ကုန်မြို့အတွက် စီးပွားရေးအရအရေးပါလျက်ရှိသော လှိုင်မြစ်ကူးတံတားကြီး လေးစင်း

သော်တာနမ့်စန်၊ ဓာတ်ပုံ - ငြိမ်းချမ်း

ယနေ့မြန်မာပြည်၏ စီးပွားရေးအချက်အချာကျရာ ရန်ကုန်မြို့တွင် ပင်လယ်နှင့်ထိစပ်နေသော မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန် လှိုင်မြစ်ကူးတံတားကြီးလေးစင်းကို နိုင်ငံတော်မှ တည်ဆောက်ခဲ့ရာ ယနေ့တိုင် မြစ်ကူးတံတားကြီးများ၏ အကျိုးကျေးဇူးကို ပြည်သူအပေါင်း ရရှိခံစားနေကြလျက်ရှိသည်။ မြစ်ကူးတံတားလေးစင်းတွင် ကြိုးတံတားတစ်ခုအပါအဝင်ဖြစ်ပြီး ဘုရင့်နောင်အမှတ် (၁) တံတားကို ဦးစွာမြစ်ကူးတံတားအဖြစ် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုယခင်က လှိုင်သာယာမှ အင်းစိန်နှင့် မရမ်းကုန်းသို့ ဇက်ရေယာဉ်၊ စက်သမ္ဗန်တို့ဖြင့်သာ ကူးလူးသွားလာခဲ့ရပြီး ပန်းဆိုးတန်းဆိပ်ကမ်းကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ နှစ်ထပ်သင်္ဘောဖြင့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ အချိန်အခါမရွေး ရန်ကုန်ဘက်ကမ်းကို သွားလာရန်ခက်ခဲသောကြောင့် ဧရာဝတီတိုင်းမှ ကုန်စည်များပို့ဆောင်ရာတွင် အခက်အခဲများစွာရှိခဲ့၍ ထိုဒေသမှပြည်သူတို့နှင့် လှိုင်မြစ်ကမ်းနံဘေးရှိ လှိုင်သာယာမြို့သစ်မှ ပြည်သူများ သွားလာရေးခက်ခဲသောအချိန်ကာလတစ်ခုအဖြစ် ကြုံတွေ့ခဲ့ကြရသည်။ ထို့ကြောင့် ဆန်စပါးနှင့် ရေထွက်ကုန်ပစ္စည်း အဓိကထွက်သော ဧရာဝတီတိုင်းဒေသကြီးအတွက် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန် လှိုင်မြစ်ကူးတံတားကြီးတစ်စင်းကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ကြံ့ခိုင်မှုအားနည်းစပြုနေပြီဖြစ်သော ဘုရင့်နောင်အမှတ် (၁) တံတားပေါ်မှ ယာဉ်များ ဖြတ်သန်းသွားလာနေဆဲဖြစ်၍ ပြည်သူကို အကျိုးပြုနေဆဲပင်ဖြစ်သည်။ တံတားအချို့၏ ကမ္ပည်းမော်ကွန်းများ မရှိတော့သည့်အတွက် တံတားမှတ်တမ်းများထားရှိခြင်းဖြင့် သမိုင်းအထောက်အထားအဖြစ် အများပြည်သူ သိရှိစေမည်ဖြစ်သည်။

ဘုရင့်နောင်အမှတ်(၂)တံတားအဆင်း ကွန်ကရစ်ဘလောက်တုံးများ ရွှေ့ထားသည်ကို တွေ့ရစဉ်။

ဘုရင့်နောင်အမှတ်(၁)တံတား

လှိုင်မြစ်ကူးတံတားကြီးတစ်စင်းဖြစ်သော ဘုရင့်နောင်အမှတ် (၁) တံတားကို ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွင် တည်ဆောက်ခဲ့သည်ဟု ခန့်မှန်းရပြီး တည်ဆောက်ခဲ့သော ကမ္ပည်းမော်ကွန်းကျောက်တိုင် မရှိတော့ပြီဖြစ်သည်။ လှိုင်သာယာမြို့သစ်တည်ပြီးနောက် ဦးစွာတည်ဆောက်ခဲ့သော မြစ်ကူးတံတားကြီးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးကို များစွာအကျိုးပြုနေသော တံတားကြီးတစ်စင်းလည်းဖြစ်သည်။ ထိုတံတားကို လှိုင်သာယာမြို့အတွက် တစ်လမ်းမောင်းလမ်းအဖြစ် အသုံးပြုလျက်ရှိပြီး ယာဉ်ဖြတ်သန်းလျှင် တံတားမှာ အနည်းငယ်လှုပ်ယမ်းနေပြီဖြစ်သည်။ လှိုင်သာယာအထွက် တံတားအတက်ချဉ်းကပ်လမ်းနှင့် တံတားထိစပ်သောနေရာမှာ နိမ့်ကျနေသောကြောင့် ယာဉ်များအရှိန်ဖြင့်တက်ရမည့်နေရာတွင် ဖြည်းညင်းစွာ သတိဖြင့် ယာဉ်များဖြတ်သန်းနေရ၍ နံနက်ပိုင်းအချိန်တွင် တံတားပေါ်ယာဉ်ကြောပိတ်ဆို့တတ်ပြီး ဘုရင့်နောင်လမ်းဆုံမီးပွိုင့်ထိ ယာဉ်ကြောပိတ်နေတတ်လျက်ရှိသည်။ မြစ်ကူးတံတားများ သတ်မှတ်ကာလထက် ပို၍အသုံးပြုနိုင်ရန် တံတားကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်ခြင်းဖြင့် အများပြည်သူသွားလာရေး အန္တရာယ်ကင်းရှင်းစေမည်ဖြစ်ပြီး မဖြစ်ပွားမီ ကြိုတင်ပြုပြင်မွမ်းမံခြင်းသည် နိုင်ငံတော်အတွက် လျှပ်တစ်ပြက်သုံးစွဲရသော ကုန်ကျငွေကို ထိန်းသိမ်းရာရောက်စေ၍ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ စီမံဆောင်ရွက်မှု လျာထားချက်ကိုလည်း လုပ်ငန်းစဉ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။ ဘုရင့်နောင်ဘက်ခြမ်းတံတားအဆင်း တံတားနှင့်ချဉ်းကပ်လမ်း ထိစပ်နေသောနေရာတွင် အောက်ခံကျောက်သားပေါ်နေသော ကတ္တရာလမ်းပေါက်နေသည့် အပေါက်တစ်ခုရှိပြီး မြစ်ကူးတံတားကြီးလေးစင်းတွင် ဘုရင့်နောင်အမှတ်(၁)တံတား၏ အတက်၊ အဆင်း ကတ္တရာလမ်းသည် ယာဉ်များသွားလာရာ အကောင်းဆုံးလမ်းအဖြစ် ယနေ့တိုင် အများပြည်သူဖြတ်သန်းသွားလာနေကြလျက် တံတားပေါ် ယာဉ်တိုက်မှုအနည်းဆုံးဖြစ်ပွားသော တံတားလည်းဖြစ်သည်။ ရဲတပ်ရင်း ၁၅ မှ လှိုင်သာယာဘက်ခြမ်းတွင် တံတားလုံခြုံရေးကင်းတဲတစ်ခု စောင့်ကြပ်လျက်ရှိသည်။ တံတားသက်တမ်းတစ်လျှောက် ခိုင်ခံ့စေရန် စောင့်ကြပ်စစ်ဆေးမှုများ ဆောင်ရွက်ရန်လိုအပ်နေသောတံတားတစ်စင်းလည်း ဖြစ်သည်။

အောင်ဇေယျကြိုးတံတား

အောင်ဇေယျကြိုးတံတားကို ဘုရင့်နောင်အမှတ်(၁) တံတားတည်ဆောက်ပြီးနောက်ပိုင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ထိုတံတားသည်လည်း ကွန်တိန်နာနှင့် ယာဉ်မျိုးစုံ နေ့စဉ်ဖြတ်သန်းသွားလာနေကြလျက်ရှိသည်။ တည်ဆောက်ပြီးမကြာမီ တံတားအတက်၊ အဆင်း လူလျှောက်လမ်းများ ကွဲအက်ပျက်စီးခဲ့သော တံတားဖြစ်ပြီး နှစ်များစွာကြာမှ အနည်းငယ်ပြုပြင်ခဲ့၍ ယနေ့တိုင်ပျက်စီးကွဲအက်နေသော အရာများကို တံတားအတက်၊ အဆင်း လူလျှောက်လမ်းအကာ ကွန်ကရစ်နံရံတွင် တွေ့မြင်ရမည်ဖြစ်သည်။ တံတားလေးစင်းတွင် ယာဉ်အများဆုံးဖြတ်သန်းသော တံတားနှစ်စင်းတွင် တစ်စင်းအပါအဝင်ဖြစ်သည်။ တံတားအရှည်မှာ ၃၇၈၆ ဒသမ ၂၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၅၂ ဒသမ ၅ ပေနှင့် လူသွားလမ်းအကျယ်ကို ခြောက်ပေစီထားရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေအား အကျယ် ၉၂၂ ပေထားရှိပြီး မြစ်ရေအတက်ဆုံးအချိန်တွင် အမြင့် ၄၅ ပေ ထားရှိသောကြောင့် သင်္ဘောများ ဖြတ်သန်းသွားလာနေကြလျက်ရှိသည်။ တံတားအမျိုးအစားမှာ အပေါ်ထည်ကို လေးလမ်းသွား သံမဏိကြိုးဆိုင်းတံတားနှင့် သံအားဖြည့်ကွန်ကရစ်တံတားအဖြစ်လည်းကောင်း၊ အောက်ထည်ကို ဘိုးပိုင်အာစီရ်ဒီဘိုးပိုင်နှင့် သံအားဖြည့်ကွန်ကရစ်ပိုင်တိုင်အုတ်မြစ်ဖြင့်တည်ဆောက်ထားခြင်းဖြစ်သည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန်မှာ တန် ၆၀ ဖြစ်သည်။ တံတားဖြတ်သန်းခကောက်ခံရေးဂိတ်များရှိစဉ်က တန်ပိုဖြတ်သန်းသောယာဉ်များနှင့် တံတားအတက်၊ အဆင်း မတ်သောကြောင့် မကြာခဏ ယာဉ်ကြီးများ နောက်ပြန်လိမ့်မှုဖြစ်ပွားသော တံတားတစ်စင်းဖြစ်ခဲ့ပြီး စက်ဘီးများတွန်းတက်ရသောတံတားဖြစ်သည်။ တံတားနှစ်ဖက်၏ အတက်၊ အဆင်းနေရာတို့တွင် ကတ္တရာလမ်းများ ဖယောင်းစက်များကဲ့သို့တင်ကျန်နေ၍ ယာဉ်များ သွားလာရေးခက်မဲမှုကြုံရသော တံတားသုံးစင်းတွင် တစ်စင်းအပါအဝင်ဖြစ်သည်။ လှိုင်သာယာဘက်ခြမ်းတံတားအတက်တွင် တံတားလုံခြုံရေးရဲတပ်ရင်းအမှတ်(၁၅)အဖွဲ့မှ တံတားလေးစင်းကို လုံခြုံရေးဆောင်ရွက်လျက်ရှိသည်။ တစ်ဦးလျှင် လေးနာရီဖြင့် ၂၄ နာရီတာဝန်ချထားသည်ဟုသိရပြီး နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ တာဝန်ထမ်းဆောင်သည်ကို အများဆုံးတွေ့ရတတ်သည်။ အောင်ဇေယျကြိုးတံတား၏ အတက်၊ အဆင်း လူလျှောက်လမ်းမှာ လှိုင်သာယာဘက်ခြမ်းတွင် အများဆုံးပျက်စီးနေသည်ကိုတွေ့ရပြီး ယာဉ်ဖြတ်သန်းမှုများခြင်းထက် တံတားအဆင်း ယာဉ်ကြောပိတ်ဆို့မှုကြောင့် တံတားပေါ်တွင် နံနက်ပိုင်းနှင့် ညနေပိုင်းတို့၌ ယာဉ်ကြောပိတ်တတ်သည်မှာ ယနေ့ထိဖြစ်သည်။ ကြိုးတံတား၏ သတ်မှတ်သက်တမ်းနှင့် ခံနိုင်ဝန်ကိုထိခိုက်စေနိုင်ပြီး အထူးသဖြင့် တံတားနှင့်အနီးတွင် ကွန်ကရစ်ဖျော်သောလုပ်ငန်းကြီးတစ်ခု လည်ပတ်လုပ်ဆောင်နေသည်မှာ ဆယ်စုနှစ်ကျော်ကြာခဲ့ပြီး ထိုစက်များ၏တုန်ခါမှု၊ တံတားပေါ်ယာဉ်များ ရပ်တန့်စောင့်ဆိုင်းနေရမှုတို့ကြောင့် ကြိုးတံတားတိုင်ခြေများ ယိုင်နဲ့ခြင်း၊ တံတားတိုင်မြေသားများ ကွဲအက်နိုင်ခြင်းတို့ကြောင့် အောင်ဇေယျကြိုးတံတားကြီးအနီးတွင် မည်သည့်စက်မှုလုပ်ငန်းမှ လုပ်ဆောင်ခွင့်မပြုခြင်း၊ သင်္ဘောကျင်းလုပ်ငန်းနှင့် သဲ၊ ကျောက်လုပ်ငန်းများ ကင်းဝေးစေခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်ကို ကြိုတင်ကာကွယ်ရာ ရောက်စေမည်ဖြစ်သည်။ စီးပွားရေးကိုသာကြည့်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက တံတားအတွက် မထင်မှတ်သောအန္တရာယ်များ ကြုံတွေ့ရပါလျှင်

အချပ်ပို (ဂ) သို့

အောင်ဇေယျကြိုးတံတားနံဘေးရှိ ကုမ္ပဏီတစ်ခုမှ လုပ်ကိုင်နေသည့် ကွန်ကရစ်ဖျော်စက်လုပ်ငန်းကိုတွေ့ရစဉ်။

ရွှေပြည်သာတံတားအဆင်းကို တွေ့ရစဉ်။

ရန်ကုန်မြို့၏ ကုန်စိမ်းသီးနှံ ဖြန့်ဖြူးရာ အဓိကဈေးကြီးအဖြစ် တညင်းကုန်း သီးနှံလက်ကားဈေးကြီးကို မြင်တွေ့လို ...

သန်းထိုက် (လှိုင်သာယာ)

ရန်ကုန်မြို့တွင် ကုန်စိမ်းသီးနှံများ ဝင်ရောက်ရာ သီရိမင်္ဂလာဈေးကြီးရှိသကဲ့သို့ တညင်းကုန်းဘူတာအနီးရှိ တညင်းကုန်း ကုန်စိမ်းဈေးကြီးတစ်ခုလည်းရှိသည်။ ထိုဈေးကို ၂၀၀၃ ခုနှစ်တွင် စည်ပင်သာယာဈေးအဖြစ် စည်ကားစွာရောင်းချခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ကုန်စိမ်းဈေးနှင့်အတူ ဘူတာဈေးအဖြစ်လည်း လူသိများပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများနှင့် ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင်များ ဟင်းသီးဟင်းရွက်၊ သီးနှံလိုအပ်ချက်ကို သီရိမင်္ဂလာဈေးနည်းတူ ဤတညင်းကုန်း ကုန်စိမ်းဈေးမှ ဖြည့်ဆည်းပေးလျက်ရှိသည်။ တညင်းကုန်းစည်ပင်သာယာ ကုန်စိမ်းဈေးကြီးနှင့် ကပ်လျက်တွင် လုပခေတ်မီစွာဆောက်လုပ်ထားသော တညင်းကုန်းသီးနှံ လက်ကားဈေးကြီးကို တွေ့မြင်ရမည်ဖြစ်သည်။ ထိုလက်ကားဈေးကြီးမှာ ကျယ်ဝန်းစွာဆောက်လုပ်ထားပြီး ယာဉ်များ ဝင်ရောက်ရပ်နားရန်၊ သီးနှံများရောင်းချရန် ဆောက်လုပ်ထားသော်လည်း အရောင်းအဝယ်မကောင်းသောကြောင့် မူလရောင်းချရာ တညင်းကုန်းစည်ပင်သာယာကုန်စိမ်းဈေးကြီး၌သာ ဆက်လက်ရောင်းချကြလျက်ရှိနေသည်။ တညင်းကုန်း သီးနှံလက်ကားဈေးကြီးတွင် နံနက် ၂ နာရီ အရုဏ်ဈေးအဖြစ် တစ်ချိန်သာစည်ကားပြီး ကျန်သောအချိန်တွင် ကုန်စိမ်းများ ဝင်ရောက်ဖြန့်ချိရာ၌ တညင်းကုန်းကုန်စိမ်းဈေး၌သာ တစ်နေကုန် စည်ကားလျက်ရှိသည်။

ဓာတ်ပုံ - သစ္စာ

တညင်းကုန်းဘူတာနှင့်ကပ်လျက်ရှိသောကြောင့် ပြည်နှင့် မော်ဘီ၊ တိုက်ကြီးမှ သီးနှံမျိုးစုံ ရထားဖြင့် ဝင်ရောက်သည့်အပြင် ညောင်တုန်း၊ ထန်းတပင်၊ ညောင်နှစ်ပင်၊ မင်္ဂလာဒုံ၊ ထောက်ကြန့် တို့မှလည်း ကားများဖြင့် ဟင်းသီးဟင်းရွက်၊ သီးနှံများ ဝင်ရောက်ဖြန့်ချိရာ ဈေးကြီးအဖြစ် စည်ကားလျက်ရှိသည်။ ဟင်းသီးဟင်းရွက်အများဆုံးဝင်ရောက်ဖြန့်ချိရာဈေးဖြစ်သော်လည်း ဈေးအင်္ဂါနှင့်မညီတော့သည့်တိုင် အရောင်းအဝယ်ပြုကြလျက်ရှိသည်။ ဈေးအတွင်း၌ ကုန်စိမ်းများရောင်းချသည့်နည်းတူ အသားတန်း၊ ငါးတန်းနှင့် ကုန်ခြောက်တန်းများလည်းရှိ၍ ယခုလိုနွေရာသီ၌ပင် ဈေးမှာသန့်ရှင်းမှုအားနည်း၍ မိုးရာသီတွင်လည်း ဈေးလမ်းမှာ ရေနစ်မြုပ်လေ့ရှိကြောင်း သိရသည်။ ယမန်နှစ်မိုးတွင်း၌ တညင်းကုန်း ကုန်စိမ်းဈေးမှာ ရေဖောင်ဖောင်နှင့် ဈေးရောင်းခဲ့ကြရသည်ဟု ဆိုသည်။ ရေစီးရေလာပိတ်နေသောထိုဈေးတွင် ရောင်းချလျက်ရှိသော ကုန်စိမ်းများ ကျန်းမာရေးနှင့် ညီညွတ်ရန်လိုအပ်နေသည်မှာ အမှန်ပင်ဖြစ်သည်။ ကုန်စိမ်းနှင့် သီးနှံများဝင်ရောက်ရာ သီရိမင်္ဂလာဈေးတွင်လည်း ကျန်းမာရေးနှင့်ညီညွတ်စွာထားသို့ ရောင်းချခြင်းဖြင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းစွာ စားသုံးနိုင်မည်ဖြစ်သည်။ ကုန်စိမ်းသီးနှံများ ဖြန့်ချိရောင်းချရာ၌ ကုန်စိမ်းဒိုင်များတွင် ထားသိုရာနေရာသည် အရေးကြီးပြီး သန့်ရှင်းရန် အထူးပင်လိုအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် နေထိုင်ကြသော စားသုံးသူပြည်သူများ နေ့စဉ် အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များကို ကုန်စိမ်းဈေးကြီး သုံးခုမှ စားသုံးနေကြရခြင်းဖြစ်သည်။

ပြန်လည်စည်ကားလျက်ရှိ

တညင်းကုန်းကုန်စိမ်းဈေးမှာ သင်္ကြန်ကာလအပြီးတွင် ပြန်လည်စည်ကားလျက်ရှိပြီး နံနက် ၉ နာရီတွင် လူများ၊ ယာဉ်များဖြင့် ကုန်စိမ်းသယ်ယူပို့ဆောင်သူတို့ဖြင့် လှုပ်လှုပ်ရှားရှား သွားလာလျက်ရှိသည်။ ဈေးဝင်ပေါက်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနဈေးရုံရှေ့တွင် ယာဉ်များ အဝင်၊ အထွက်ပိတ်တတ်သောကြောင့် ဈေးဝန်ထမ်းတို့က လမ်းရှင်းလျက်ရှိသည်။ ဈေးရုံခေါင်းရင်းဘက်တွင် ကုန်စိမ်းယာဉ်များ ရပ်နားလျက်ရှိပြီး မိုးရာသီတွင် ထိုနေရာ၌ ရေဝပ်သောကြောင့် ယာဉ်များ ဈေးအပြင်ဘက်တွင် ရပ်နားလေ့ရှိသည်။ ဈေးရုံမျက်နှာချင်းဆိုင်တွင် ပျံကျဈေးတန်းနှင့် ကပ်လျက်တွင် ဈေးရုံများရှိသည်။ ထိုနှစ်ခုကြားတွင် ရေမြောင်းငယ်တစ်ခုရှိ၍ ထိုရေမြောင်းမှာ ဘူတာ၊ လူနေရပ်ကွက်မှစီးလာသော ရေမြောင်းဖြစ်ပြီး မိုးရာသီတွင် ထိုရေမြောင်းမှ ရေဝပ်ရေလျှံဖြစ်သောကြောင့် ဈေးလာပြည်သူများ ဈေးရုံလမ်းတစ်လျှောက် ရေဆိုးများကို ကျော်ဖြတ်၍ ဈေးဝယ်ရလေ့ရှိသည်။ ယခုအချိန်တွင် ရေဆိုးများ အစီးအဆင်းမဲ့လျက်ရှိသည်။

တညင်းကုန်းဘူတာဈေးအဖြစ် လူသိများ

ရန်ကုန်မြို့ရှိ မြို့နယ်တိုင်းတွင် ကြုံတွေ့နေရသည့် ပုံစံအတိုင်း ရေစီးရေလာမကောင်းသည်ကို တွေ့ရသည်။ ဈေးဗမ္ဗာရုံနှင့် သန့်စင်ခန်းလမ်းရေမြုပ်သောကြောင့် မိုးရာသီတွင် တညင်းကုန်းကုန်စိမ်းဈေးသည် ဈေးအင်္ဂါနှင့်ညီညွတ်မှု လုံးဝအားနည်းသောဈေးအဖြစ် ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။ ဈေးအတွင်း ခေါင်းမိုးများ ပေါက်ပြဲနေ၍ မိုးမလုံသော်လည်းဈေးသည်များမှာ ပုံမှန်အတိုင်း ရောင်းချနေဆဲဖြစ်ကြောင်း ဈေးသည်တစ်ဦးက ဆိုသည်။ ဘူတာစင်္ကြံပေါ်တွင်လည်း ဈေးသည်များပြည့်နေတတ်ပြီး တညင်းကုန်းဘူတာဈေးအဖြစ် လူသိများခြင်းဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်သီးနှံအဖြစ် ဖြန့်ချိရောင်းချသောဈေးများ ရန်ကုန်မြို့တွင် အမှန်ပင်လိုအပ်နေလျက်ရှိသည်။ တညင်းကုန်းလက်ကားဈေးကြီး လုပခေတ်မီစွာ တည်ဆောက်ထားရှိသော်လည်း အဘယ်ကြောင့် ဈေးအင်္ဂါနှင့်မညီသော တညင်းကုန်းကုန်စိမ်းဈေးတွင် စည်ကားရောင်းချနေကြပါသနည်း။ မည်သည့်အခက်အခဲများ ရှိနေပါသနည်း။ ရန်ကုန်မြို့တွင် ခေတ်မီလုပသော ကုန်စိမ်း၊ သီးနှံ

အချပ်ပို (ဃ) သို့

အချပ်ပို (ခ) မှ

ထိုစီးပွားရေးလုပ်သူများ အေးဆေးစွာဖြင့် ထွက်ခွာသွားကြမည်သာဖြစ်သည်။ ကျန်ရစ်ခဲ့သူတို့မှာ မြန်မာပြည်သူတို့နှင့် ပြန်လည်တည်ဆောက်ရေးအတွက် လုံးပန်းရတော့မည့် နိုင်ငံတော်သာဖြစ်သည်။ ထိုအောင်ဇေယျကြိုးတံတားအနီးသဲ၊ ကျောက်လုပ်ငန်း၊ ရေယာဉ်များ လွှန်းတင်ခြင်းလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းသည် မြစ်ကူးတံတားများ ၎င်းသက်တမ်းအတိုင်းခံနိုင်ရန် ခြိမ်းခြောက်နေမည်မှာ အမှန်ပင်ဖြစ်သည်။ ကြိုတင်ကာကွယ်ရန် အချိန်ရရှိနေခြင်းသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွက် အခွင့်အရေးတစ်ခု ရရှိနေဆဲဖြစ်သည်။ ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေသောတံတားများတွင် အောင်ဇေယျကြိုးတံတားလည်း ပါဝင်ပါသည်။

ရွှေပြည်သာတံတား

ရွှေပြည်သာတံတားကို ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တည်ဆောက်၍ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ ၃၀ ရက်တွင်ပြီးစီးခဲ့ကာ ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့တွင် ဖွင့်လှစ် ခဲ့သော တံတားကြီးဖြစ်သည်။ လှိုင်သာယာရွှေလင်ပန်းစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်အတွက် အထူးအရေးပါသော တံတားဖြစ်သည့်အပြင် လှိုင်သာယာအနောက်ပိုင်းတက္ကသိုလ်နှင့် အမှတ်(၄)လမ်း မင်္ဂလာဒုံစက်မှုဇုန်တို့အတွက် အရေးပါသော တံတားတစ်စင်းဖြစ်သည်။ ထိုတံတားကို ယခုနှစ်ဆန်းပိုင်းမှစ၍ လှိုင်သာယာဘက်ခြမ်းရှိ တံတားအတက်ပျက်စီးနေသော လူသွားလမ်းကို ပြုပြင်ခဲ့ပြီး အနည်းငယ်သာကျန်ရှိ၍ ကြိုဆိုပါ၏ ဆိုင်းဘုတ်အနီးတွင် ထပ်ပိုးကွန်ကရစ်လမ်းကို မေ ၂၂ ရက်နေ့တွင် ခင်းကျင်းလျက်ရှိသည်။ ပြည်သူ့အစိုးရလက်ထက်တွင် ဤတံတားကြီးလေးစင်းရှိ တံတားအချို့၏ အများပြည်သူသွားလာသောနေရာများနှင့် ပျက်စီးနေသောကားလမ်းများကို အချိန်မီပြုပြင်သောကြောင့် စိတ်အေးချမ်းသာစွာ သွားလာနိုင်သည်ကို အများပြည်သူ သတိပြုမိကြပြီဖြစ်သည်။ ထိုတံတားတွင် ကွန်တိန်နာယာဉ်နှင့် ယာဉ်မျိုးစုံဖြတ်သန်းသောကြောင့် ယာဉ်အ သွားအလာများပြီး ယာဉ်မတော်တဆမှု မကြာခဏ ဖြစ်ပွားလေ့ရှိသည်။ တံတားနှစ်ဖက်အတက်၊ အဆင်းတွင် ကတ္တရာများတွန့်ခေါက်မှုကြောင့် အနိမ့်အမြင့်များ ဖြစ်ပေါ်နေသည့်အတွက် နေ့ပိုင်းထက် ညပိုင်းတွင် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိပြီး ကားဘီးဝင်ရိုးများကျိုးခြင်း မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ ဆိုင်ကယ်နှင့် ယာဉ်တိုက်မှု မကြာခဏ ဖြစ်ပွားလေ့ရှိသည်။ ရွှေပြည်သာဘက်ခြမ်းတွင် တံတားပေါ်၌ အမှတ်(၁၅)လုံခြုံရေးရဲတပ်ရင်းမှ တံတားလုံခြုံရေးဆောင်ရွက်လျက်ရှိသည်။ လှိုင်မြစ်ကူးတံတားကြီးလေးစင်းတွင် ထိုရွှေပြည်သာတံတားတစ်စင်းသာ CCTV တပ်ဆင်ထားပြီး ထို CCTV မှာလည်း ပျက်နေသည်မှာ တစ်နှစ်ကျော်ပြီဟု လုံခြုံရေးဆောင်ရွက်နေသော တာဝန်ကျရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆိုသည်။ ရွှေပြည်သာတံတားတွင်လည်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရမည့်အရာများ ရှိနေပါသည်။

ဘုရင့်နောင်အမှတ်(၂)တံတား

လှိုင်မြစ်ကူးတံတားကြီးလေးစင်းတွင် ဘုရင့်နောင်အမှတ်(၂)တံတားကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၆ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော တံတားတစ်စင်းဖြစ်သည်။ ထိုတံတားသည် ရန်ကုန်မြို့တွင်းနှင့် အခြားမြို့နယ်များ၊ သမိုင်းလမ်းဆုံနှင့် ပြည်လမ်း၊ အင်းစိန်လမ်းမှဝင်ရောက်၍ ဧရာဝတီတိုင်းဒေသကြီးသို့ ဖြတ်သန်းသွားလာကြမည့်ယာဉ်များအတွက် အရေးပါသော တံတားတစ်စင်းဖြစ်သည့်အပြင် မြစ်ကူးတံတားကြီးလေးစင်းတွင် လုပခံ့ညားစွာဖြင့် ရန်ကုန်မြို့ပြ၏အလှနှင့် ဟန်ချက်ညီစွာ တည်ရှိနေသော တံတားကြီးတစ်စင်းအဖြစ် ရပ်တည်လျက်ရှိနေသည်။ လှိုင်သာယာမြို့ထွက် ယာဉ်များအတွက် ထိုတံတားပေါ်မှ တစ်လမ်းသွားဆောင်ရွက်ထားပြီး မြို့အဝင်ယာဉ်များအတွက် သုံးလမ်းသွားစီမံထားကာ စည်းကမ်းတကျ ယာဉ်များသွားလာနိုင်ရန် ဘလောက်တုံးများ၊ သံပန်းအကာများဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်ထားသော တံတားကြီး ဖြစ်သည်။ သို့သော် အမှတ်(၂)ဘုရင့်နောင်တံတားပေါ်တွင် တစ်လမ်းမောင်းကာရံထားသော သံပန်းအကာများ ယာဉ်တိုက်မှုကြောင့် လစဉ်ပျက်စီးလျက်ရှိပြီး ဘလောက်တုံးများကို ညပိုင်းဖယ်ရှား၍ ယာဉ်များကွေ့ခြင်း၊ ဘလောက်တုံးများကို ဖယ်ရှားခြင်း၊ တံတားအတက်၊ အဆင်း ဘလောက်တုံးများပျက်စီးနေခြင်း၊ လမ်းလယ်ကျွန်းအကာနှင့် သံပန်းအကာများ ယာဉ်မကြာခဏတိုက်မှုဖြစ်ခြင်း၊ အမှတ်(၂)တံတား ယာဉ်ကြောလမ်းမှ ဘလောက်တုံးများကို ဖယ်ရှားကာ အမှတ်(၁) တံတားအဆင်း ယာဉ်ကြောလမ်းအတွင်းသို့ မောင်းနှင်ကြခြင်းကြောင့် နံနက်ပိုင်း၊ ညနေပိုင်း တံတားပေါ် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်လျက်ရှိရာ တံတားကြံ့ခိုင်မှုကို ထိခိုက်စေမည်မှာ အမှန်ပင်ဖြစ်သည်။ ထိုတံတားပေါ်တွင် ယာဉ်များပျက်ခြင်းထက် ယာဉ်တိုက်မှု ဖြစ်ပေါ်ခြင်းသည် စည်းကမ်းမဲ့မောင်းနှင်ခြင်းနှင့် ယာဉ်သွားလမ်းအမှတ်အသားများမရှိခြင်းကြောင့်ဖြစ်သည်။ သင်္ကြန်ကာလ တစ်လမ်းသွားမောင်းနှင်သောလမ်းတွင် သံပန်းအကာများကို တိုးတိုက်ပျက်စီးခဲ့သောကြောင့် မေ ၂၂ ရက်အထိ ပျက်စီးနေသော သံပန်းအကာ ၁၅ ခုကို အစားထိုးပြင်ဆင်နိုင်ခြင်းမရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

တံတားများလုံခြုံရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရန်

တံတားများရေရှည်တည်တံ့ခိုင်ခံ့ပြီး အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ထိုတံတားကြီးလေးစင်းပေါ်တွင် CCTV ကင်မရာများတပ်ဆင်ကာ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့ဖြစ်စေ၊ ယာဉ်ထိန်းတပ်ဖွဲ့ဖြစ်စေ၊ အဆိုပါတံတားပေါ်ရှိ လုံခြုံရေးတာဝန်ဆောင်ရွက်နေသော ရဲတပ်ရင်းမှဖြစ်စေ ၂၄ နာရီမပြတ် တာဝန်နှင့်အတူ ဆောင်ရွက်နိုင်ပါက တံတားကြီးလေးစင်း၏ လုံခြုံရေးသာမက အဆိုပါတံတားများပေါ်မှ နေ့စဉ်ဖြတ်သန်းသွားလာသောယာဉ်နှင့် ပြည်သူများ ဘေးကင်းလုံခြုံမှုကို ရရှိစေမည်ဖြစ်သည်။ တံတားတစ်စင်းတည်ဆောက်ရာတွင် နိုင်ငံတော်မှ ငွေကြေးကုန်ကျသည့်အပြင် ဖြတ်သန်းသွားလာကြမည့်ပြည်သူများ အချိန်နှင့်ငွေကြေး ပို၍ကုန်ကျစေပြီး ကုန်စည်စီးဆင်းမှုသာမက စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိုပါ ထိခိုက်စေသောကြောင့် မြစ်ကူးတံတားများကြံ့ခိုင်ရန် အစဉ်စောင့်ကြည့်ရန် လိုအပ်လာပြီဖြစ်သည်။ ကြိုတင်ကာကွယ်ရေးသည် ထိရောက်သောပြင်ဆင်မှုတစ်ရပ် ဖြစ်သောကြောင့် မဖြစ်ပွားမီ ကြိုတင်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ကြီးမားသောပေးဆပ်မှုတို့ကို တားဆီးနိုင်၍ဖြစ်သည်။ ယခုအချိန်တွင် ရန်ကုန်မြို့အဝင် မြစ်ကူးတံတားများ ရေရှည်တည်တံ့ရေးကို အလေးထားဆောင်ရွက်ရန် အထူးလိုအပ်နေပြီဖြစ်ပါကြောင်းနှင့် ရန်ကုန်မြို့၏ စီးပွားဗျူဟာအရ အရေးပါလျက်ရှိသော လှိုင်မြစ်ကူးတံတားကြီးလေးစင်း ရေရှည်တည်တံ့ကာ ယာဉ်အန္တရာယ်ကင်းရှင်းလျက် အများပြည်သူစိတ်အေးချမ်းသာစွာဖြင့် ဖြတ်သန်းသွားလာနိုင်ခြင်းဖြင့် နိုင်ငံတော်မှ တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာ၌ ပြည်သူများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းလက်တွဲဆောင်ရွက်နိုင်ပါစေကြောင်း တင်ပြလိုက်ရပါသည်။ ။

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

ရန်ကုန်လိုင်စင်ချထားပေးဖို့ မျှော်တဲ့ ကားဈေးကွက်

မင်းသော်

သင်္ကြန် အပြီး ရန်ကုန်ကားဈေးကွက်မှာ သင်္ကြန်မတိုင်မီရက်များထက် ပိုမိုအေးစက်နေကြောင်း သိရသည်။ ကားသစ်တင်သွင်းမှုသည် မရှိသလောက် ရပ်တန့်နေသောကြောင့် ဈေးကွက်တွင်းမှ မော်တော်ကားများ အရောင်းအဝယ် ဖြစ်လာနိုင်သည်ဟု ခန့်မှန်းချက်များလည်း လွဲချော်လျက်ရှိနေသည်ကို မြင်တွေ့ရသည်။

ကားရောင်းချလိုသည့် ပိုင်ရှင်အများစုသည် ကားဈေးကွက်လှုပ်ခတ်လာနိုးဖြင့် စောင့်ဆိုင်းနေကြသော်လည်း ကားဈေးကွက်မှာ ဈေးနှုန်းများတန့်နေပြီး အရောင်းအဝယ်လည်း မရှိသလောက် နည်းပါးနေသည်။ သို့သော် အရောင်းအဝယ်အနည်းငယ်ရှိသည့်အတွင်း Honda Fit နှင့် Honda Inside ကဲ့သို့ အင်ဂျင်ပါဝါ ၁၃၀၀ စီစီ ကားများမှာတော့ ပုံမှန်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်နေကြသည်။

"ရာသီဥတုက ပူပြင်းလာတဲ့အတွက် ကားရွေးချယ်ရာမှာ အင်ဂျင်သိပ်မပူတဲ့ အင်ဂျင်ကောင်းတဲ့ကားတွေကို အဓိကထားရွေးချယ်ကြပါတယ်။ အဲကွန်း ကောင်းမကောင်း သတိထားဝယ်ယူနေကြပြီး အများစုက ဝယ်လက်စိတ်ကြိုက်ကားတွေ ရှာတွေ့ကြပါတယ်။ အဲဒါကလည်း ကားဈေးကွက်မှာ ရောင်းလိုသူများပြီး ဝယ်လိုသူနည်းနေတာကြောင့်ဖြစ်တယ်"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

သင်္ကြန်ပိတ်ရက်များကြောင့် ကားဈေးကွက် အရောင်းအဝယ် အေးစက်နေသော်လည်း ကားဈေးကွက်သည် လူတိုင်းနီးပါးစိတ်ပါဝင်စားသည့် ဈေးကွက်တစ်ခုဖြစ်ခြင်းကြောင့် စောင့်ကြည့်နေကြသူလည်း များပြားနေကြောင်း သိရသည်။ "ကားမူဝါဒတွေကို စောင့်ကြည့်ကြတာများတယ်၊ ဒါကြောင့် တင်သွင်းခွင့်ရလည်း ဘယ်မောင်းတင်သွင်းမှုကို စောင့်ကြည့်နေကြတာ ဖြစ်ပါတယ်၊ အခွန်ဥပဒေကလည်း ကားဈေးကွက်ကို တော်တော်လေး ငြိမ်သက်သွားစေတယ်၊ ကျွန်တော်တို့ထပ်ပြီး စောင့်ကြည့်ရမှာက ဒီနှစ်ဘတ်ဂျက်ကုန်ခါနီးမှာ ထွက်ပေါ်လာမယ့် ရန်ကုန်လိုင်စင်အတွက် YVQC စနစ်ဖြစ်ပါတယ်၊ ဒီစနစ်ကို ကားဝယ်ယူလိုတဲ့သူတွေ အဓိကမျှော်လင့်နေကြတာပါ"ဟု ကားဝယ်ရောင်းတစ်ဦးကလည်း ပြောသည်။

စလစ်ဈေးနှုန်းများတွင်လည်း စလစ်အပ်ကားများ မရှိသလောက်နည်းပါးလာနေပြီး အရောင်းအဝယ်လည်း မရှိကြောင်း၊ စလစ်ဈေးနှုန်းမှာလည်း ထွက်ပေါ်ခြင်းမရှိဘဲ ကြိုက်ရောင်းကြိုက်ဝယ် အနည်းငယ်သာရှိခြင်းကြောင့် ငွေကျပ်သိန်း ၁၀၀ ကျော်သာ ဈေးပေါက်တော့ကြောင်း သိရှိရသည်။ ကားဈေးကွက်အတွင်း ကြိုတင်ဝင်ငွေခွန်သက်သာရာရသွားသည့် အင်ဂျင်ပါဝါ ၁၅၀၀ နှင့် ၂၀၀၀ စီစီကြား ဘယ်မောင်းများ တင်သွင်းနိုင်သော်လည်း လက်ရှိအခြေအနေအရ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ် ဘယ်မောင်းတင်သွင်းမှု အားကောင်းခြင်း မရှိသေးဘဲ အမှန်တကယ်တွင်လည်း တင်သွင်းရန်မှာ မည်သို့မျှ မစဉ်းစားနိုင်သေးဘဲ ကားတန်ဖိုးအလိုက် ပြည်တွင်းဝယ်လိုအား ဈေးကွက်လည်း မရှိနိုင်သေးဟု ကားဝယ်ရောင်းများက ခန့်မှန်း သည်။

လာမည့်ဘဏ္ဍာနှစ် ၂၀၁၈-၁၉ တွင်လည်း စည်းကြပ်မှုကင်းလွတ်သည့်အပေါ် ဝင်ငွေခွန်ကောက်ခံရာတွင် ကျပ်သိန်း ၃၀၀ အောက် ၁၅ ရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀ နှင့်အထက်မှ ကျပ်သိန်း ၁၀၀၀ အထိကို ၂၀ ရာခိုင်နှုန်း၊ ကျပ်သိန်း ၁၀၀၀ အထက်မှာ ၃၀ ရာခိုင်နှုန်းဖြစ်ပြီး အထူး ကုန်စည်ခွန်မှာမူ အင်ဂျင်ပါဝါ ၁၅၀၀ မှ ၂၀၀၀ စီစီအတွင်းကို ၁၀ ရာခိုင်နှုန်း၊ ၂၀၀၀ စီစီ အထက်မှ ၄၀၀၀ စီစီအထိ ကို ၃၀ ရာခိုင်နှုန်းနှင့် ယင်းအထက်ကို ၅၀ ရာခိုင်နှုန်းကောက်ခံရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပြီဖြစ်ခြင်းကြောင့် စီးပွားရေးလောကသားအချို့မှန်းထားသမျှ အဆင်မပြေကြတော့ကြောင်း သိရသည်။ ။

ကားဈေးကွက်အတွင်း ကြိုတင်ဝင်ငွေခွန်သက်သာရာရသွားသည့် အင်ဂျင်ပါဝါ ၁၅၀၀ နှင့် ၂၀၀၀ စီစီကြား ဘယ်မောင်းများ တင်သွင်းနိုင်သော်လည်း လက်ရှိအခြေအနေအရ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ် ဘယ်မောင်းတင်သွင်းမှု အားကောင်းခြင်း မရှိသေးဘဲ အမှန်တကယ်တွင်လည်း တင်သွင်းရန်မှာ မည်သို့မျှ မစဉ်းစားနိုင်သေးဘဲ ကားတန်ဖိုးအလိုက် ပြည်တွင်းဝယ်လိုအား ဈေးကွက်လည်း မရှိနိုင်သေး

တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

ယာဉ်အမျိုးအစား	Model	လိုင်စင်	အင်ဂျင်ပါဝါ	နေရာ	ဈေးနှုန်းကျပ်သိန်း
Land Cruiser	2012	ရန်ကုန်	4600cc	အပြင်ဈေး	၂၀၀၀
Hiace	2008	ရန်ကုန်	2700cc	အပြင်ဈေး	၃၇၀
Wish	2011	ရန်ကုန်	1800cc	အပြင်ဈေး	၄၆၀
Vanguard	2012	ရန်ကုန်	2400cc	အပြင်ဈေး	၇၁၀
Axio	2014	ယာယီ	1300cc	အပြင်ဈေး	၃၁၀
Yaris	2015	ရန်ကုန်	1300cc	အပြင်ဈေး	၂၄၀
Isuzu	2003	ရန်ကုန်	3000cc	အပြင်ဈေး	၁၆၅
Fit GE6	2009	ရန်ကုန်	1300cc	အပြင်ဈေး	၁၆၂
Fit Shuttle	2011	မန္တလေး	1300cc	အပြင်ဈေး	၂၁၃
Fit GPI	2011	မန္တလေး	1300 cc	အပြင်ဈေး	၁၆၃

အမျိုးအစား၊ အရည်အသွေးနှင့် အခြားသော ကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုတွေ စည်ဝေမယ့် အနာဂတ်ရန်ကုန်.......မှ

သီလဝါအထူးစီးပွားရေးဇုန်တစ်ခုလုံး အကောင်အထည်ဖော်ပြီးရင်တော့ နိုင်ငံတကာမှ ကုမ္ပဏီ ၁၅၀ ခန့်ရှိလာမှာဖြစ်သလို ရင်းနှီးမြှုပ်နှံမှုကလည်း အမေရိကန်ဒေါ်လာ စုစုပေါင်း ၁ ဒသမ ၇ ဘီလီယံကျော်အထိ ရှိလာမယ်လို့ မျှော်မှန်းထားကြောင်း သိရပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးမှာ စီးပွားရေးလုပ်ငန်းတွေရဲ့ရင်းနှီးမြှုပ်နှံမှုပမာဏဟာ မြင့်တက်လာနေတာ ဖြစ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံးအနေနဲ့ ကြည့်မယ်ဆိုရင် လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကာလအကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၂၂ ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ပမာဏအမေရိကန်ဒေါ်လာ ၄ ဒသမ ၇၇၆ ဘီလီယံကျော်နဲ့ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၁၇ ဘီလီယံအထိ ဝင်ရောက်ခဲ့တယ်လို့ ဆိုပါတယ်။

ဒီလိုရင်းနှီးမြှုပ်နှံမှုတွေကိုကြည့်ရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အများဆုံးရှိနေတာဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းများပြားတဲ့ ရန်ကုန်မြို့ကို ရွှေ့ပြောင်းနေထိုင်မှုတွေ ပိုမိုများပြားတယ်လို့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်နဲ့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။ လောလောဆယ်အနေအထားကိုကြည့်ရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ နေထိုင်တဲ့လူဦးရေရဲ့၄၂ ဒသမ ၃ ရာခိုင်နှုန်းဟာ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှ ရွှေ့ပြောင်းအခြေချလာသူဖြစ်သလို ၂၆ ရာခိုင်နှုန်းကတော့ အလုပ်အကိုင်ပြောင်းရွှေ့လာကြတယ်လို့လည်း ဆိုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အများဆုံး ဝင်ရောက်တာဖြစ်တာမို့ အဲဒီရင်းနှီးမြှုပ်နှံမှုတွေကပေါ်ပေါက်လာတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေဟာ များပြားနေပြီး လာရောက်လုပ်ကိုင်တဲ့ ဦးရေများပြားနေခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ကျွမ်းကျင်လုပ်သားတွေမဟုတ်တဲ့အတွက် လူငယ်တွေအဖို့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ရန်ကုန်မြို့ဟာ တဖြည်းဖြည်းကြီးထွားဖွံ့ဖြိုးလာသလို ရင်းနှီးမြှုပ်နှံမှုတွေ ထပ်မံလာရောက်ကြိုးစားဦးမှာဖြစ်တာကြောင့် ရန်ကုန်မြို့ရဲ့ အနာဂတ်ဟာ တိုးတက်စည်ဝေလာဦးမှာ သေချာနေပါတယ်။ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတွေ ဆုံပြီး ပြည်ပအဓိကဝင်ပေါက်ဖြစ်တဲ့ ရန်ကုန်မြို့ဟာ ရင်းနှီးမြှုပ်နှံမှုအသစ်တွေနဲ့အတူ လင်းလက် ဝေဖြာမယ့် အနာဂတ်ကို မျှော်မှန်းကြည့်ရတော့မှာ ဖြစ်ပါတယ်။ ။

အချပ်ပို (ဂ) မှ

ဈေးကြီးတစ်ခုရှိနေပါလျက်.....။ ထို့ကြောင့် တည်းကုန်းကုန်စိမ်းဈေးအတွင်းမှ ဈေးသည်များနှင့် တွေ့ဆုံသောအခါ..။

"ဟိုဘက်ဈေးမှာ အရောင်းအဝယ်ပါးလို့ မထွက်တော့ဘူး၊ ဒီဘက်မှာပဲရောင်းတာများတယ်၊ နံနက် ၂ နာရီ အရုဏ်ဈေးတစ်ချက်တော့ အဲ့ဒီလက်ကားဈေးကြီးမှာ စည်တယ်။ နံနက် ၄ နာရီဆိုရင် ဒီတည်းကုန်းကုန်စိမ်းဈေးမှာ ပြန်စည်တယ်၊ တစ်နေကုန်ဆိုပါတော့၊ လက်ကားဈေးမှာ ၅x၅ ပေ တစ်ခန်းကို တစ်လ ငွေကျပ် ၅၁၀၀၀ ပေးရတယ်။ ဒမန်းဆိုရင် ငွေကျပ် ၁၁၀၀၀၀ ပေးရတယ်။ ရှစ်ခန်းဆိုတော့ တစ်လ ငွေကျပ် ၄၀၀၀၀၀ ကျော်ပေးရတယ်။ တည်းကုန်းကုန်စိမ်းဈေး ဒမန်းဆိုင်ခန်း ၆ x ၁၂ ပေတစ်ခန်းကို ငွေကျပ် ၄၈၀၀ ပဲပေးရတယ်၊ ၂၀၀၃ ခုနှစ်ကတည်းက ဖွင့်လာတာဆိုတော့ အခွန်ငွေကျပ်သိန်း ၁၀၀ ကျော်ပြီ ဆောင်လာတာ၊ ၂၀၀၃ ခုနှစ်က ရွှေပြည်သာမှာ ဂရန်ပေါက်မြေကွက်တစ်ကွက်ကို ငွေကျပ် ၃၀၀၀၀၀၊ ၅၀၀၀၀ ပဲရှိတယ်။ တည်းကုန်းကုန်စိမ်းဈေး ဒမန်းဆိုင်ခန်းတစ်ခန်းကို ငွေကျပ် ၃၀၀၀၀၀၊ ၅၀၀၀၀၀ ပေးရတယ်။ မြေကွက်မဝယ်ဘဲဆိုင်ခန်းဝယ်ပြီး ကုန်စိမ်းရောင်းခဲ့တာ။ ရှစ်ခန်းရှိတယ်၊ အခုဈေးသည်တွေ ဟိုပြောင်းဒီပြောင်းရမယ်ဆိုတော့ အခက်အခဲဖြစ်ပြီး အကြွေးတင်တာပေါ့၊ ဈေးသူဈေးသားတွေကတော့ စည်ပင်အခွန်အတိုင်း ရပိုင်ခွင့်ပေးမယ်ဆိုရင် ဟန်မပျက်ရောင်းနိုင်မှာ၊ လက်ကားဈေးကြီးမှာ တစ်ခန်းကို ငွေကျပ် ၅၀၀၀၀ ကျော်၊ ဒမန်းဆိုင်ခန်း ငွေကျပ် ၁၁၀၀၀၀ ဆိုရင် ရောင်းရတာ အဆင်ပြေမှာမဟုတ်ဘူး၊ ဒါကြောင့် ကိုယ့်ဈေးမှာပဲ ပြန်ပြီးရောင်းနေကြတာ၊ စည်ပင်ဈေးနဲ့ ပုဂ္ဂလိကဈေးမတူပေမယ့် အဆုံးအရှုံးခံပြီး ပြောင်းရွှေ့ဖို့ဆိုတာ မလွယ်ဘူး၊ ပြီးခဲ့တဲ့မိုးရာသီမှာ ဟိုဘက်ဈေးဆောက်တော့ ဆိုင်ပေါ်ရေမတက်ပေမယ့် လမ်းတွေရေမြုပ်တယ်၊ အသားတန်း၊ ငါးတန်းဆိုရင် ဒူးဆစ်ထိရေမြုပ်တယ်၊ သွားလာရေးအခက်အခဲကြုံကြရတယ်၊ ဒမန်းဆိုင်ခန်း ၅၀၀ ကျော်ရှိတယ်၊ ပျံကျနဲ့ဆိုရင် ဈေးသည်ထောင်ကျော်ရှိမယ်၊ သင်္ကြန်ပြီးနောက်ပိုင်း ပြန်စည်လာပါပြီ၊ ဟိုဘက်ဈေး ဒီဘက်ဈေးမပြတ်မသားဖြစ်နေသရွေ့ ဈေးသည်တွေ အခက်အခဲဖြစ်နေဦးမှာပဲ" ဟု ၁၅ နှစ်ကျော်ကြာ ကုန်စိမ်းရောင်းချနေသူ ဒေါ်ဥမ္မာချိုက ပြောသည်။

"ဟိုလက်ကားဈေးမှာ အရောင်းအဝယ်ပါးပေမယ့် သန့်ရှင်းတာတော့အမှန်ပဲ၊ ဆိုင်ခန်းခဈေးမြင့်တာနဲ့အညီ ဈေးရောင်းကောင်းရင် အဆင်ပြေမှာပါ၊ ဟိုဘက်ဈေး ဒီဘက်ဈေး ပြဿနာအမြန်ပြေလည်ဖို့တော့လိုနေပြီ၊ မိုးရာသီရောက်ရင် တည်းကုန်းကုန်စိမ်းဈေးက အဆင်မပြေဘူး၊ ကုန်စိမ်းကားဝင်ရတာလည်း အဆင်မပြေဘူး၊ ဒီမှာဆိုင်ခန်းခဈေးများတော့ ဟိုဘက်ဈေးမှာ ဒမန်းဆိုင်ခန်းတွေများများပိုင်ထားတဲ့ ဈေးသည်တွေ အခက်တွေ့တာတော့ အမှန်ပဲ၊ အမှန်ရောင်းချနေတဲ့ ဈေးသည်တွေ ဈေးရောင်းဈေးဝယ် အဆင်ပြေတဲ့ဈေးနေရာကိုပဲ အားလုံးက မျှော်လင့်နေကြတာပါ၊ သမ္မာအာဇီဝရောင်းချစားသောက်တဲ့အခါမှာလည်း ရိုးသားမှုဟာ အဓိကအရေးကြီးသလို တာဝန်ရှိတဲ့သူတွေနဲ့ ကုမ္ပဏီက ပုဂ္ဂိုလ်တွေ ပူးပေါင်းဖြေရှင်း ဆောင်ရွက်နိုင်မယ်ဆိုရင် အားလုံး အဆင်ပြေသွားမယ်လို့ ယုံကြည်ပါတယ်၊ လက်ကားဈေးမှာ ကျွန်တော်ကဆိုင်ခန်းနှစ်ခန်း ယူထားပါတယ်"ဟု ကုန်စိမ်းဖြင့် မိသားစုဘဝရပ်တည်လျက်ရှိသော ဦးမြင့်စိုးက ပြောသည်။

အဆိုပါ တည်းကုန်းကုန်စိမ်းဈေးနေရာမှာ ယခင်က ကွျဲရေကန်ကြီးဖြစ်ပြီး မြေဖို့၍ ဈေးအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ နှစ်ဆန်း ၁ ရက်နေ့တွင် တည်းကုန်း ကုန်စိမ်းဈေး ပြန်လည်အသက်ဝင်လျက်ရှိပြီး သင်္ကြန်ကာလတွင် အရောင်းအဝယ်ပါးခဲ့သော်လည်း ယခုအခါ ပုံမှန်အတိုင်းစည်ကားလျက်ရှိသည်။ ခေတ်မီလှပစွာတည်ဆောက်ထားသော တည်းကုန်းလက်ကားဈေးကြီးတွင် စည်ကားစွာရောင်းချနိုင်ပါက သီရိမင်္ဂလာဈေးထက် ပို၍သန့်ရှင်းသပ်ရပ်စွာ ရောင်းချနိုင်မည်ဖြစ်ရာ မဟာရန်ကုန်မြို့ကြီး၏ ဟင်းသီးဟင်းရွက်နှင့် သီးနှံဈေးကြီးအဖြစ် ဂုဏ်ဝင့်စွာ တွေ့မြင်နိုင်မည်ဖြစ်သည်။ နယ်စပ်ဒေသသို့ ပို့ဆောင်မည့်သီးနှံများကိုလည်း ထိုလက်ကား ဈေးကြီးတွင် ဈေးဖြတ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်ပါက မြန်မာ့သီးနှံဈေးကွက်တစ်ခုအဖြစ် စိုက်ပျိုးတောင်သူတို့အတွက် အဆင်ပြေစေနိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ အဆင့်မြင့်ဈေးကြီး တည်ဆောက်ထားပြီးဖြစ်ရာ ဈေးသည်များနှင့် စားသုံးသူများ အဆင်ပြေချောမွေ့စေလျက် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေမှုရှိသော ရန်ကုန်မြို့၏ ကုန်စိမ်းသီးနှံဖြန့်ဖြူးရာ အဓိကဈေးကြီးအဖြစ် တည်းကုန်း သီးနှံလက်ကားဈေးကြီးတစ်ခုအဖြစ်သာ အများပြည်သူများ တွေ့မြင်လိုကြသည်မှာ အမှန်ပင် ဖြစ်ပါကြောင်း။ ။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ ဧပြီ ၂၅၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

ကျေးလက်နှင့် မြို့ပြတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဦးတည်ဆောင်ရွက်ခဲ့

ဟန်နီဝင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်နှင့် မြို့ပြတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဦးတည်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"စည်ပင်သာယာနယ်နိမိတ် ပြင်ပမြို့နယ်တွေရဲ့ အခြေအနေဟာ ရန်ကုန်နဲ့ယှဉ်ပြီး ကြည့်လိုက်မယ်ဆိုရင် အင်မတန်နောက်ကျနေတယ်ဆိုတာကို တွေ့ရပါတယ်၊ စည်ပင်သာယာရဲ့အနားသက်ရေိယာတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မြို့ပြနဲ့ အချိုးညီ ဖွံ့ဖြိုးတိုးတက်စေလိုပါတယ်၊ ဒါ့ကြောင့် စည်ပင်သာယာနယ်နိမိတ် ပြင်ပဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆုံးဖြတ်ခဲ့ပါတယ်၊ ကျွန်တော်တို့ အနေနဲ့ စပြီး ပထမဦးဆုံးဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုပါ" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

အစိုးရအဖွဲ့ဘတ်ဂျက်

မြို့ပြနှင့် ကျေးလက်အချိုးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဘတ်ဂျက်တွင် ပါဝင်သည့် ခုံးကျော်တံတားတည်ဆောက်မှုအတွက် လျာထားသည့် ငွေကျပ် ၃၂ ဘီလီယံဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အဓိကတော့ ပထမဦးဆုံး တာဝန်ယူရတဲ့အချိန်မှာ တိုင်းဒေသကြီးအစိုးရရဲ့ဘတ်ဂျက်မှာ ခုံးကျော်တံတားတွေ ဆောက်ဖို့ပါတယ်၊ တံတားနှစ်စင်းလုပ်ဖို့ပါတယ်၊ ဒီတံတားနှစ်စင်းကို ဆက်မလုပ်တော့ဘူး၊ ဒီကနေရလာတဲ့ ငွေကျပ် ၃၂ ဘီလီယံရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့သည်ရေရရှိရေး လိုအပ်ချက်ဖြစ် ပေါ်လျက်ရှိရာ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးဟာ ပင်လယ်နဲ့ နီးပါတယ်၊ ပင်လယ်နဲ့နီးတဲ့အတွက် မြေအောက်ရေကို သုံးစွဲမယ်ဆိုရင် နေရာတော်တော်များများဟာ ရေမကောင်းပါဘူး၊ ရေမကောင်းတဲ့အတွက် ရေရှားပါးမှုလည်း ရှိပါတယ်၊ ရေကောင်းရေသန့် သုံးစွဲနိုင်ဖို့ အားနည်းခဲ့တာတွေ ရှိပါတယ်။

၂၃၀ -၆၆- ၁၁ ကေဗွီ ၂ × ၁၂၅ အမ်ဗွီအေ ဘုရင့်နောင်ဓာတ်အားခွဲရုံ တည်ဆောက်ထားမှုကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

ရေပိုက်လိုင်းနဲ့ ရေရနိုင်ဖို့

"မြို့တိုင်း ရေကောင်းရေသန့် ရနိုင်ဖို့ဆိုတာ လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်၊ မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ ရေနဲ့ ပတ်သက်တဲ့ အခက်အခဲရှိ နေပါတယ်၊ ဒီနေရာမှာ နှစ်ပိုင်းရှိပါတယ်၊ မြို့တော်စည်ပင်သာယာရေးရဲ့ရေပိုက်လိုင်းရေ မရသေးတာရှိသလို တစ်ဖက်ကလည်း မြို့တော်စည်ပင်သာယာရေးရဲ့ ရေပိုက်လိုင်းရေကို ရနေပေမယ့် အဲဒီမှာ ပျောက်ဆုံးနေတဲ့ ရေတွေရှိနေတာကိုလည်း ကြုံရပါတယ်၊ ဒါကြောင့် မို့ ဒီနှစ်ပိုင်းလုံးကို စနစ်တကျဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်၊ ရေမရတဲ့နေရာတွေကို ရေပိုက်လိုင်းနဲ့ ရေရနိုင်ဖို့အတွက် ကြိုးစားရမှာ ဖြစ်ပါတယ်။

"ဒလမြို့မှာ ပုဂ္ဂလိကကဏ္ဍနယ်ပယ်နဲ့ စည်ပင်သာယာရေးနဲ့ အကျိုးတူပူးပေါင်း ဆောင်ရွက်မှုလုပ်ဖို့ စဉ်းစားပါတယ်၊ ပုဂ္ဂလိက၊ အစိုးရနဲ့ ပြည်သူလူထုကြားမှာသာ ပူးပေါင်းဆောင်ရွက်ပြီး ရေရရှိရေး ကိစ္စရပ်တွေကို လုပ်မယ်ဆိုရင် ကျွန်တော်တို့အတွက် အလားအလာကောင်းများစွာရှိပါတယ်၊ ကျွန်တော်တို့မှာ ရေအရင်းအမြစ်ရှိတယ်၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေက ရေကို Treatment လုပ်ပေးချင်တယ်၊ မြို့တော်စည်ပင်သာယာရေးကနေ ပြည်သူလူထုဆီကို ရေကို စနစ်တကျပေးဝေမယ်ဆိုရင် မြို့တိုင်း မြို့တိုင်းပိုက်လိုင်းနဲ့ ရေပေးဝေနိုင်တဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။

အချပ်ပို(ခ)သို့

၂၅-၃-၂၀၁၈ ရက်က ဖွင့်လှစ်သည့် ရန်ကုန်သီလဝါဆိပ်ကမ်း အထွေထွေကုန်စည်နှင့်ကုန်သေတ္တာဆိပ်ခံတံတားသစ်ကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ ဧပြီ ၂၅၊ ၂၀၁၈

အချပ်ပို (က)မှ

"ကျွန်တော် နှစ်နှစ်တာကာလအတွင်းမှာ ဒလကို ရေအရောက်ပို့နိုင်ပြီ၊ ဒီကနေတစ်ဆင့် ဒီနွေမှာ ရေကားတွေနဲ့ ရေကိုအခမဲ့ဖြန့်ဝေပေးမယ်၊ အရင်က အမြို့မြို့အနယ်နယ်က ဒလကို ရေသွားဝေရတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်၊ အခု ဒလမှာ ပိုက်လိုင်းနဲ့ စနစ်တကျ ရေဝေဖို့ လုပ်မှာဖြစ်ပါတယ်၊ အခုပိုက်လိုင်းနဲ့ ရေမပေးနိုင်သေးခင်မှာ ရေကောင်းရေသန့်ကို ပြည်သူကို ပေးနိုင်ဖို့ ဆောင်ရွက်ထားပါတယ်"

"ကျွန်တော်တို့မှာ ရေအရင်းအမြစ်ရှိတယ်၊ ရေသုံးစွဲမယ့် ပြည်သူလည်းရှိတယ်၊ ရေသန့်စင်အောင်ပုဂ္ဂလိကအခန်းကဏ္ဍကလည်း ဆောင်ရွက်ပေးမယ်ဆိုရင် ဒီပြဿနာတွေကို ဖြေရှင်းဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

လျှပ်စစ်မီးနဲ့ပတ်သက်ပြီးလုံလောက်မှုဖြစ်လာနိုင်

ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်သုံးစွဲမှုသည် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ထုတ်လုပ်မှု၏ တစ်ဝက်ကျော်ခန့်ရှိရာ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က "ရန်ကုန်ဟာ မြန်မာနိုင်ငံလုံး လျှပ်စစ်ထုတ်လုပ်မှုရဲ့ တစ်ဝက်ကျော်လောက်ကို သုံးပါတယ်၊ ကျွန်တော်တို့သုံးနေတာ မဂ္ဂါဝပ် ၁၃၀၀ ကနေ ၁၅၀၀ ကြား ရှိပါတယ်၊ လျှပ်စစ်မီးနဲ့ပတ်သက်ပြီး လုံလောက်မှုဖြစ်လာနိုင်ဖို့အတွက်လည်း ရန်ကုန်မှာ ပြုပြင်ပြောင်းလဲမှုရှိပါတယ်၊ YESC အနေနဲ့လည်း တချို့ရှုပ်ထွေးလျှပ်စစ်တွေ လိုက်ရှင်းပေးနေတာတို့ လျှပ်စစ်မီး ပြည့်ဝစွာရရှိဖို့ ဆောင်ရွက်ပေးပါတယ်" ဟု ပြောကြားသည်။

"ရန်ကုန်မြို့မှာ မီးပုံမှန်ရနေနိုင်ဖို့ အခြေအနေတစ်ခုကိုလည်း ကြိုးစားနေပါတယ်၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုကို နည်းသွားနိုင်ဖို့ အခြေအနေတစ်ခုကိုကြိုးစားနေပါတယ်၊ ဒေါပုံမှာဆို ရှေ့ပြေးစီမံချက်တစ်ခု လုပ်နေပါတယ်၊ မီးဘယ်လောက်သုံးစွဲနေတာကို ကိုယ်ရဲ့တယ်လီဖုန်းကနေတစ်ဆင့် ကြည့်နိုင်မယ်၊ မီးကအိမ်မှာ ဖွင့်ခဲ့သလား၊ ဒီလို မီးဘေးအန္တရာယ်ကင်းစေနိုင်တဲ့ မီတာတွေကို ပြောင်းလဲတပ်ဆင်နိုင်ဖို့ ဒေါပုံမြို့နယ်မှာဆိုရင် စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်၊ လျှပ်စစ်မီးနဲ့ ပတ်သက်ရင် လျှပ်စစ်မီးထုတ်လုပ်တဲ့စရိတ်နဲ့ ပြည်သူလူထုရဲ့ သုံးစွဲမှုအပေါ်က ပြန်လည်ပေးချေတဲ့နှုန်းနဲ့ ကြည့်မယ်ဆိုရင် ဈေးနှုန်းဟာ နိုင်ငံတော်ကနေအရှုံးခံပြီး ဆောင်ရွက်ပေးနေတဲ့ အခြေအနေတွေ ရှိနေသေးတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်" ဟုလည်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းနိုင်ရန်

ဒီမိုကရေစီကူးပြောင်းရေးအတွက် ဆောင်ရွက်နေသည့် နုနယ်သည့်ကာလတစ်ခုတွင် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းနိုင်ရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် ကြိုးစားနေသကဲ့သို့ ပြည်သူ့ရည်မှန်းချက် ပြည့်မီရန်လည်း တစ်ဖက်မှ ကြိုးစားဆောင်ရွက်နေရသည့် အချိန်ဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့သစ် ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက် (NYDC) ဒါရိုက်တာအဖွဲ့တို့ ရန်ကုန်မြို့သစ်စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်နှင့် ရန်ကုန်မြို့သစ်စီမံကိန်း ပထမအဆင့် ဆောင်ရွက်မည့်မြေပုံကို တွေ့ရစဉ်။

ပြောကြားခဲ့သည်။

"တိုင်းဒေသကြီးအစိုးရအနေနဲ့ မြို့ပြစည်ပင်သန့်ရှင်းရေးကို အဓိကထားဆောင်ရွက်ခဲ့တာဆိုတော့ လူငယ်တွေဟာလည်း အမှိုက်စုပေါင်းကောက်တာစသဖြင့် လုပ်ငန်းတွေမှာ ပါဝင်လာစေတယ်၊ လူငယ်တွေရဲ့ စိတ်ဓာတ်ကို နှိုးဆွပေးလိုက်တဲ့အတွက် လူငယ်တွေဟာ သန့်ရှင်းမှု၊ စည်းကမ်းရှိမှု၊ ကျန်းမာရေးအလေးထားမှု၊ ပြည်သူလူထု အကျိုးပြုလိုမှုတွေ ပေါ်ပေါက်လာတဲ့အတွက် လူငယ်ကဏ္ဍမှာ အကျိုးကျေးဇူးတွေ အများကြီး ရှိပါတယ်" ဟု ဒေသခံ ပြည်သူတစ်ဦးဖြစ်သည့် ဦးမြင့်သိန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စက်မှုဇုန်များ အဆင့်မြှင့်တင်ရေး

"ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့သည် ရန်ကုန် အနောက်တောင်ဒေသ ဖွံ့ဖြိုးရေးအတွက် ရန်ကုန်မြို့သစ် စီမံကိန်းကို ကြည့်မြင်တိုင် တစ်ဖက်ကမ်းရှိ ကြည့်မြင်တိုင်မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ တွံတေးမြို့နယ်များ အတွင်း လယ်မြေဧက ၁၈၃၉၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်"

ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်မှုဇုန်အသစ်

"စက်မှုဇုန်အဟောင်းတွေကိုလည်း အဆင့်မြှင့်တင်ဖို့လုပ်မယ်၊ တစ်ဖက်က စက်မှုဇုန်အဟောင်းထဲမှာ ကျပ်ညပ်နေတာတွေကို စက်မှုဇုန်အသစ်တွေဆီကို ထုတ်နိုင်ဖို့ ကြိုးစားပါမယ်၊ သီလဝါ၊ ဟံသာဝတီ စီးပွားရေးစကြံပေါ်မှာရှိတဲ့ ဒဂုံလေးမြို့နယ်ကို ဖြတ်တဲ့စက်မှုဇုန်တွေကို စနစ်တကျတည်ဆောက်ပေးဖို့ ပြင်ဆင်ပါတယ်၊ သီလဝါအထူးစီးပွားရေးဇုန်ဟာ မြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေးဇုန် သုံးခုထဲမှာ အအောင်မြင်ဆုံး စက်မှုဇုန်ကြီးဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က "နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုတွေ ကျွန်တော်တို့ဆီ လာပါတယ်၊ အခုဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကလည်း ဖြေလျှော့မှုတွေ များစွာရှိပါတယ်၊ ပြည်ထောင်စုကနေ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဆိုတာရှိပြီးတော့ တိုင်းဒေသကြီးမှာတော့ တိုင်းဒေသကြီးအဆင့် ရင်းနှီးမြှုပ်နှံမှုကော်မတီကိုဖွဲ့စည်းပြီး အမေရိကန်ဒေါ်လာ ငါးသန်းလောက်ကို ဒီမှာပဲဆုံးဖြတ်ပေးနိုင်ဖို့ဆိုပြီး ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာတဲ့အချိန်မှာ ကျွန်တော်တို့ဆီက စက်ရုံ၊ အလုပ်ရုံတွေ ပေးနိုင်မလားဆိုပြီး လာပါတယ်၊ ငှားချင်ပါတယ်လို့ ပြောပါတယ်။

အချပ်ပို(ဂ)သို့

ရန်ကုန်မြို့တွင်း ပြေးဆွဲပေးလျက်ရှိသော YBS ယာဉ်တစ်စီးကို တွေ့ရစဉ်။

ရန်ကုန်မြစ်အတွင်း ပြေးဆွဲပေးလျက်ရှိသော Yangon Water Bus တစ်စီးကို တွေ့ရစဉ်။

အချပ်ပို (ခ)မှ

"ပုဂ္ဂလိကဆီက ငှားရတာက ဈေးနှုန်းရှိတယ်၊ တချို့ကျတော့ ကာလတစ်ခုမှာ ဈေးနှုန်းတိုးတောင်းလို့ သူတို့လုပ်ရတာ အခက်အခဲရှိတယ်၊ ဒါကြောင့် ကျွန်တော်တို့မှာလည်း ပေးစရာမြေနေရာ မရှိပါဘူး၊ ကျွန်တော်တို့ကို ပေးထားခဲ့စဉ်မှာ မြေနေရာတော်တော်များများက ပုဂ္ဂလိကလက်ထဲကို ရောက်နေတဲ့ အခြေအနေမျိုးဖြစ်ပါတယ်၊ ဒါကြောင့်မို့ အိမ်ရာစီမံကိန်းတွေ၊ မြို့သစ်စီမံကိန်းတွေ တစ်ဖက်က ကြိုးစားတယ်၊ တစ်ဖက်က စက်မှုဇုန်တွေကို ပြန်လည်ထူထောင်ဖို့ ကြိုးစားပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက နိုင်ငံအတွက် အရေးပါသည့် အထူးစီးပွားရေးဇုန် သုံးခုအနက်မှ အောင်မြင်မှုရရှိနေသည့် အထူးစီးပွားရေးဇုန် တစ်ခုဖြစ်သည်။

"သီလဝါ အထူးစီးပွားရေးဇုန် အောင်မြင်အောင် ကြိုးစားနေပါတယ်၊ အခုလက်ရှိ အောင်မြင်တယ်ဆိုတာကလည်း ပြီးပြည့်စုံတယ်လို့တော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဆက်လက်ပြီး ကြိုးစားပါ့မယ်။

ဒီထက်ပိုကောင်းအောင် အမြဲတမ်းဆောင်ရွက်လျက်ရှိ

"အကုန်လုံးကောင်းနေတယ်လို့ ပြောလို့ရှိရင်တော့ ရှေ့ဆက်ပြီး တိုးတက်တော့မှာ မဟုတ်ဘူး၊ ကျွန်တော်တို့ ကြိုးစားဆဲ၊ ကြိုးစားလျက်ပဲရှိပါတယ်၊ One Stop Service Centre မှာတော့ တခြားနေရာမှာ မဖြစ်သေးတဲ့ ပုံစံမျိုးကိုလုပ်ထားပါတယ်၊ ဒီပုံစံကို ရင်းနှီးမြှုပ်နှံသူ တော်တော်များများက နှစ်သက်ကြပါတယ်၊ ဒါပေမယ့်လည်း ဒါကို ဒီထက်ပိုကောင်းအောင် အမြဲတမ်းဆောင်ရွက်လျက်ရှိပါတယ်" ဟု သီလဝါအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာဆက်အောင်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူသွားလာရေးအတွက် စနစ်တကျဆောင်ရွက်ပေးရန် လိုအပ်နေသေးကြောင်းနှင့် ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းရန် လိုအပ်ချက်ရှိနေသေးကြောင်း ဒေသခံများက ပြောကြသည်။

အများပြည်သူသွားလာရေး အဆင်ပြေစေရန် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုကို စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း ရထားဘူတာရုံနှင့် ကားမှတ်တိုင်များ ချိတ်ဆက်မှု အားနည်းနေဆဲဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ရေကြောင်းကနေ Water Bus ပြေးဆွဲ

"အများပြည်သူ သယ်ယူပို့ဆောင်ရေးကို စနစ်တကျဆောင်ရွက်ပေးနိုင်ဖို့ လိုပါတယ်၊ ရထားလမ်းတွေ၊ ရေလမ်းကြောင်းတွေကို စနစ်တကျ ချိတ်ဆက်ဖို့ လိုအပ်ပါတယ်၊ မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုကိုလည်း စတင်နေပြီဖြစ်ပါတယ်၊ ဒါပေမယ့် ရထားဘူတာရုံနဲ့ ကားမှတ်တိုင်တွေ ချိတ်ဆက်မှုတွေ အားနည်းနေဆဲဖြစ်ပါတယ်၊ တစ်ဖက်က ရေကြောင်းကနေ Water Bus ပြေးဆွဲနေတယ်၊ အစပိုင်းမှာ ရန်ကုန်မြစ်အတွင်းမှာ ပြေးဆွဲနေပြီဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

ရန်ကုန်မြို့တွင် ဆိပ်ကမ်းများမှ ကွန်တိန်နာများ၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှုများကြောင့် ယာဉ်ကြောကျပ်တည်းမှုများ လျှော့ချစေရန် ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အလယ်ကျေးရွာအုပ်စုရှိ မြေဧရိယာဧက ၁၉၄ ဒသမ ၉၀ တွင် Dry Port Project ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ကျူးကျော်နေထိုင်သူများနှင့် ပတ်သက်၍လည်း ဝန်ကြီးချုပ်က "အမြို့မြို့အနယ်နယ်က တချို့ပြည်သူတွေဟာ သူတို့ရဲ့ စားဝတ်နေရေး

အချပ်ပို (ဃ) သို့

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ၊ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr.Edmund Ho Hau Wah တို့ မကာအိုနှင့်ရန်ကုန်မြို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ ဆွေးနွေးစဉ်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ ပြေးဆွဲနေသည့် ရထားတစ်စင်းကို တွေ့ရစဉ်။

သီလဝါအထူးစီးပွားရေးဇုန် (အပိုင်း-ခ) ပထမအဆင့် ဟက်တာ ၁၀၁ (ဧက ၂၅၀) အကောင် အထည်ဖော်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

"စက်မှုဇုန်အဟောင်းတွေကိုလည်း အဆင့်မြှင့်တင်ဖို့ လုပ်မယ်၊ တစ်ဖက်က စက်မှုဇုန်အဟောင်းထဲမှာ ကျပ်ညပ်နေတာတွေကို စက်မှုဇုန်အသစ်တွေဆီကို ထုတ်နိုင်ဖို့ ကြိုးစားပါမယ်၊ သီလဝါ၊ ဟံသာဝတီစီးပွားရေးစကြံပေါ်မှာရှိတဲ့ ဒဂုံလေးမြို့နယ်ကိုဖြတ်တဲ့ စက်မှုဇုန်တွေကို စနစ်တကျတည်ဆောက်ပေးဖို့ ပြင်ဆင်ပါတယ်၊ သီလဝါအထူးစီးပွားရေးဇုန်ဟာ မြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေးဇုန်သုံးခုထဲမှာ အအောင်မြင်ဆုံးစက်မှုဇုန်ကြီးဖြစ်"

အချပ်ပို (ဂ) မှ

အတွက် ပြောင်းရွှေ့လာတယ်၊ ဥပမာ နာဂစ်ပြီးတုန်းက ရောက်လာကြတယ်၊ တချို့က ရန်ကုန်မှာ အလုပ်လွယ်လို့ လာလုပ်ကြတာရှိတယ်၊ လာလုပ်ကြရင်းနဲ့ ငှားနေရင် လစဉ်ပိုက်ဆံပေးရမှာဖြစ်တော့ ကျူးကျော်တဲမှာနေတယ်၊ ကျူးကျော်တဲမှာ နေတယ်ဆိုပေမယ့် ကျူးကျော်တဲကို ရောင်းစားတဲ့သူ လက်ထဲက တစ်သိန်း၊ နှစ်သိန်း အစရှိသဖြင့်နဲ့ ဝယ်ပြီးနေတယ်၊ လစဉ်ပိုက်ဆံပေးစရာ မလိုတော့ဘူး၊ မနက်အလုပ်သွား၊ ညနေပြန်အိပ်၊ ဒီလို အလုပ်လုပ်ရင်း နေထိုင်တဲ့သူ စာရင်းကို ကြည့်လိုက်တဲ့အခါ အိမ်ထောင်စု တစ်သိန်းခွဲလောက်ရှိပါတယ်"

အိမ်ရာစီမံကိန်း

"ဒါကို SMART စနစ်နဲ့ စနစ်တကျ ကောက်ထားပါတယ်၊ Biometric ကို မှတ်တမ်းတင်ထားတဲ့ ပုံစံမျိုးဖြစ်ပါတယ်၊ အဲဒီအတွက် ဒီကျူးကျော်စာရင်းဟာ ထပ်စရာအကြောင်းမရှိဘူး၊ ပြီးတော့ ဒီ SMART ကတ်ရောင်းစားတယ်ဆိုတဲ့ သတင်းတစ်ခုလည်း ကြားပါတယ်၊ ရောင်းစားလည်း ဘာမှမထူးပါဘူး၊ အဲဒီ SMART ကတ်မှာ မှတ်တမ်းတင်ထားတဲ့ လက်ဗွေတွေ၊ မျက်နှာတွေ မပါသွားဘဲနဲ့ ဝယ်ယူထား တဲ့ သူက ဘာမှလုပ်လို့မရဘူး၊ ဒီဟာတွေကို ဘယ်လို တည်ဆောက်ပေးမလဲ စဉ်းစားပါတယ်၊ စဉ်းစားတော့ နိုင်ငံတော်ဘတ်ဂျက်နဲ့ အိမ်ရာစီမံကိန်းတွေကို မလုပ်နိုင်ပါဘူး၊ မလုပ်နိုင်တော့ ပုဂ္ဂလိကနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကြိုးစားလုပ်ဆောင်နေပါတယ်၊ JICA နဲ့ Master Plan ရေးဆွဲနေပါတယ်၊ ၂၀၄၀ ပြည့်နှစ်အထိ ဖြစ်ပါတယ်၊ ရန်ကုန်မြို့ကို စိမ်းလန်းပြီး နေချင်စဖွယ် စီးပွားရေးမြို့တော်ကြီးဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ရန်ကုန်မြို့တော်အား အစိမ်းရောင် မြို့တော်အဖြစ် နေချင်စဖွယ် ဖြစ်စေရန် ပြောင်းလဲဆောင်ရွက်လျက်ရှိရာ JICA နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစိမ်းရောင်မြို့တော်

"ရန်ကုန်ရဲ့ မြို့ပြအမွေအနှစ်တွေကို ထိန်းသိမ်းဖို့အတွက် ကျွန်တော်တို့ ပြင်ဆင်ပါတယ်၊ ရန်ကုန်မြို့ဟောင်းကို စနစ်တကျ မြို့ပြအမွေအနှစ်တွေနဲ့ထားခဲ့ပြီး ဥယျာဉ်မြို့တော် တည်ဆောက်လာမယ်ဆိုရင် အစိမ်းရောင်မြို့တော်ဖြစ်လာနိုင်ပါတယ်၊ ကျွန်တော်တို့ရဲ့ စက်မှုဇုန်တွေကလည်း အစိမ်းရောင်စီးပွားရေးပုံစံ ပြောင်းလဲပြီး ရန်ကုန်ကို စီးပွားရေးမြို့တော်အဖြစ်ပြောင်းလဲပြီး နေချင်စဖွယ်ဖြစ်အောင် JICA နဲ့ ပူးပေါင်းပြီး Master Plan လုပ်နေပါတယ်၊ KOICA နဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာလည်း ရှိပါတယ်၊ တခြားသော ကူညီပေးမယ့် နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာလည်းရှိပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

၃၀-၃-၂၀၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း သမဝါယမဘဏ်၌ ဖွင့်လှစ်ခဲ့သည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် SME Center ကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ရန်ကုန်အနောက်တောင် ဒေသဖွံ့ဖြိုးရေးအတွက် ရန်ကုန်မြို့သစ်စီမံကိန်းကို ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ကြည့်မြင်တိုင်မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ တွံတေးမြို့နယ်များအတွင်း လယ်မြေဧက ၁၈၃၉၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပြီး ရန်ကုန်မြို့ဟောင်းနှင့် ဆက်သွယ်နိုင်ရန် မြစ်ကူးတံတားများ ထည့်သွင်းတည်ဆောက်နိုင်ရန် လေ့လာဆန်းစစ်မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေ့ပြောင်းစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ ရှေ့ပြေးစီမံကိန်းအနေဖြင့် ကောက်ယူခဲ့ရာ အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်နှင့် အနောက်ပိုင်းခရိုင် ၁၂ မြို့နယ် စုစုပေါင်း ၂၆ မြို့နယ် ပြီးစီးပြီဖြစ်ကြောင်း သိရပြီး ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်အရ ကျန် ၁၉ မြို့နယ်ကို ၂၀၁၈ ခုနှစ် မေလတွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လူငယ်များအတွက် Innovation Centre ကို ပန်းဆိုးတန်း ဆိပ်ကမ်းမြေပေါ်တွင် ထူထောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အစိုးရအဖွဲ့၏ ဆောင်ရွက်မှုများအပေါ် Myanmar Youth Entrepreneurship Centre မှ ဒေါ်စိမ်းဝတ်ရည်က "အစိုးရတာဝန်ကလည်း ထမ်းဆောင်ဖို့ လွယ်ကူတဲ့ တာဝန်တော့ မဟုတ်ပါဘူး။ နိုင်ငံပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မှာ နှစ်နှစ်ဆိုတာ တိုတောင်းသေးတယ်၊ ပြည်သူလူထုကိုလည်း အစိုးရရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုတွေ အခက်အခဲတွေ ရှိနေတယ်ဆိုတာ နားထောင်စေချင်တယ်၊ အစိုးရအနေနဲ့လည်း အောက်ခြေပြည်သူတွေရဲ့စကားသံတွေကို နားထောင်စေချင်တယ်၊ ဒီလိုနားထောင်ပြီးတဲ့အခါမှာလည်း ဖြစ်စေချင်တဲ့ စေတနာတစ်ခုတည်းနဲ့လည်း မဖြစ်ဘူး၊ ဘယ်လိုကောင်းမွန်အောင် လုပ်မလဲဆိုတဲ့ နည်းလမ်းကိုလည်း ရှာဖွေဆောင်ရွက်တဲ့အခါ ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်" ဟု အကြံပြုပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်နှင့် မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဦးတည်ဆောင်ရွက်မှုနှင့်အတူ ကဏ္ဍတိုင်း ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

ပို့ကုန်သွင်းကုန်များအား အဓိက ဆောင်ရွက်ပေးနေသည့် ရန်ကုန်ဆိပ်ကမ်းကို တွေ့ရစဉ်။

"နိုင်ငံပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မှာ နှစ်နှစ်ဆိုတာတိုတောင်းသေးတယ်၊ ပြည်သူလူထုကိုလည်း အစိုးရရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုတွေ အခက်အခဲတွေရှိနေတယ်ဆိုတာ နားထောင်စေချင်တယ်၊ အစိုးရအနေနဲ့လည်း အောက်ခြေပြည်သူတွေရဲ့ စကားသံတွေကို နားထောင်စေချင်တယ်၊ ဒီလိုနားထောင်ပြီးတဲ့အခါမှာလည်း ဖြစ်စေချင်တဲ့ စေတနာတစ်ခုတည်းနဲ့လည်း မဖြစ်ဘူး၊ ဘယ်လိုကောင်းမွန်အောင် လုပ်မလဲဆိုတဲ့ နည်းလမ်းကိုလည်း ရှာဖွေဆောင်ရွက်တဲ့အခါ ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို တည်ဆောက်သွားနိုင်မှာဖြစ်"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကိုဆက်သွယ်သော သာကေတတံတားသစ်ကြီး တည်ဆောက်နေမှုကို တွေ့ရစဉ်။

ကယားပြည်နယ် အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

ရှင်မင်း

ကယား၊ ကယန်း၊ ကယော၊ ဂေခို၊ ဂေဘား၊ ယင်းဘော်၊ ယင်းတလဲ၊ မနုမနော‌နှင့် ကယန်းလထ စသည့် ကယားမျိုးနွယ်စု ကိုးစုနှင့်အတူ ရှမ်း၊ အင်းသား၊ ဗမာတို့ မှီတင်းနေထိုင်ကြရာ ကယား ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် ပြည်နယ်အစိုးရသည် ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကို ဖြတ်ကျော်ခဲ့ပြီး ဖြစ်ပါသည်။

ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအတွင်း ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးဖော်ဆောင်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းကို ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပစဉ်။

ညီအစ်မမြို့တော်

"ကျွန်တော်တို့ပြည်နယ်ကို အခုဆိုရင် နိုင်ငံခြားသားတွေ အရင်နှစ်တွေကထက် ပိုမိုပြီးတော့ ဝင်ရောက်လာပါတယ်၊ ဒါတွေကို ဒေသခံပြည်သူတွေအသိပဲ ဖြစ်ပါတယ်၊ နောက်ပိုင်းကျရင်လည်း အရှိန်အဟုန်နဲ့လာဖို့ အလားအလာတွေ အများကြီးရှိပါတယ်၊ ခရီးသွားလုပ်ငန်းကို ဇောင်းပေးဖော်ဆောင်တယ်ဆိုတော့ ပြည်နယ်အစိုးရအနေနဲ့ ဘာစလုပ်သလဲဆိုတာကို မေးစရာရှိပါတယ်၊ ဘယ်ကနေ ဘယ်လိုစလုပ်မလဲဆိုရင် နယ်စပ်ကုန်သွယ်ရေးစခန်းကို စတင်ဖွင့်လှစ်ပြီး နယ်စပ်ကုန်သွယ်ရေးကို ဖွင့်လိုက်တယ်၊ နောက်တစ်ဆင့်ကတော့ မယ်ဟောင်ဆောင်ခရိုင်နဲ့ ကယားပြည်နယ် လွိုင်ကော်မြို့ကို Sister City ညီအစ်မမြို့တော်အဖြစ် အသိအမှတ်ပြုပြီး MoU လက်မှတ်ထိုးပြီးပြီ။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့ ဖရူဆိုမြို့နယ် ဒိုးလာစောကျေးရွာ၌ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိ

"ခရီးသွားကဏ္ဍကို ပူးပေါင်းဖော်ဆောင်ခြင်းအားဖြင့် သူတို့ရဲ့ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာရမယ်ဆိုတာကို ပြည်သူတွေ သိစေချင်ပါတယ်"ဟု ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြောကြားသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ခရီးသွားကဏ္ဍမြှင့်တင်ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်လည်း ဆောင်ရွက်ခဲ့ပါသည်။

တောင်ငူ-မော်ချီး-ဒီးမော့ဆိုလမ်းကို ကတ္တရာကွန်ကရစ်ခင်းခြင်း၊ မယ်စဲ့၊ ဘောလခဲ၊ ဖားဆောင်းမြို့တွင်း လမ်းမကြီးများကို AC လမ်းအဖြစ် အဆင့်မြှင့် တည်ဆောက်ခြင်း၊ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း-ဘီပီ ၁၃ လမ်းကို ကတ္တရာလမ်းအဆင့်တိုးမြှင့် တည်ဆောက်ခြင်းနှင့် မယ်ဆည်နန်-ဟိုဂျစ်လမ်းအား ကတ္တရာလမ်းခင်းခြင်းတို့ကို ၂၀၁၇-၂၀၁၈ ခုနှစ် ဘတ်ဂျက်ဖြင့် မတ်လတွင် တည်ဆောက်ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ခတ်အားဖြန့်ဖြူးပေးနိုင်

ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လမ်းပန်းဆက်သွယ်ရေး အခန်းကဏ္ဍအပေါ် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူက "ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနရဲ့ လမ်းတွေဆိုရင် အခုချိန်မှာ ၁၀၀ ရာခိုင်နှုန်းက ကတ္တရာလမ်း ဖြစ်ပါတယ်၊ မြို့တွင်းလမ်းတွေမှာလည်း AC လမ်းခင်းပေးနေပါတယ်၊ တံတားတွေအားလုံးကလည်း ကွန်ကရစ်တံတားတွေနဲ့ လျှပ်စစ်ကဏ္ဍမှာဆိုရင် တစ်နိုင်ငံလုံးအနေနဲ့ ပျမ်းမျှက ၃၅ ရာခိုင်နှုန်း၊ ကယားပြည်နယ်မှာဆိုရင် ၇၀ ရာခိုင်နှုန်းအထိ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီး အခြေခံကောင်းတွေကို တည်ဆောက်ပေးနေပါတယ်။

"ရည်ရွယ်ချက်က ပြည်နယ်ရဲ့ အနာဂတ်နောင်လာနောက်သားတွေအတွက် ကောင်းတဲ့ အခြေခံတွေကို ချပေးနေတာဖြစ်ပါတယ်၊ ဒါဟာ အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်၊ သူတို့တွေအတွက် အခု ကျွန်တော်တို့လက်ထက်မှာ လုပ်နိုင်သလောက် ကြိုးစားပြီး လုပ်ပေးနေသလို တစ်ချိန်ကျရင် သူတို့တစ်တွေကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်၊ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသလိုပါပဲ"ဟု ပြောကြားသည်။

ရေလမ်းကြောင်း ခရီးဖော်ဆောင်

ကယားပြည်နယ်အား ပြည်တွင်း ပြည်ပ ခရီးသွားပြည်သူများ ပိုမိုဆွဲဆောင်မှု အားကောင်းစေရန် ရည်ရွယ်၍ ဖယ်ခုံ-မိုးဗြဲ-အင်းလေး ရေလမ်းကြောင်းခရီး ဖော်ဆောင်ပေးခြင်း၊ ဘီလူးချောင်းတစ်လျှောက် မော်တော်စက်လှေဖြင့် အပန်းဖြေနိုင်ခြင်း၊ နောင်ယားကန်ညဈေး ဖွင့်လှစ်ခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့က ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ဒေသအလှအပတွေ ကြည့်ရှုလို့ရ

ထိုသို့ ပြည်နယ်အစိုးရအဖွဲ့၏ ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများ ပိုမိုဆွဲဆောင်မှု အားကောင်းစေရန် ဆောင်ရွက်နေမှုအပေါ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှုထွေးက "ကယားပြည်နယ်က ပြည်သူ ပြည်သားတွေ စိတ်အပန်းဖြေနိုင်တယ်၊ တခြားခရီးသွားဧည့်သည်တွေအနေနဲ့လည်း ကျွန်တော်တို့ပြည်နယ်ရဲ့ ဒေသအလှအပတွေကိုလည်း ကြည့်ရှုလို့ရတယ်"ဟု ပြောကြားသည်။

ကယားပြည်နယ်ဝန်ကြီးချုပ်
ဦးအယ်လ်ဖောင်းရှို

ခရီးသွားတွေ ပိုပြီးလာကြ

ဒေသခံပြည်သူတစ်ဦးကလည်း "အခုလိုကိုယ့်ပြည်နယ်မှာ ဖွံ့ဖြိုးတိုးတက်လာတာ ဝမ်းသာတယ်၊ အခုနောက်ပိုင်း ကယားပြည်နယ်ကို ပြည်တွင်း ပြည်ပ ခရီးသွားတွေ ပိုပြီးလာကြတယ်၊ ပြည်နယ်အစိုးရက ကိုယ့်ပြည်နယ်က ဒေသခံတွေ အပန်းဖြေနိုင်အောင်ရော၊ ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုကောင်းလာဖို့ ခရီးသွားတွေ ပိုလာအောင်ပါ ဆောင်ရွက်နေတာ ဝမ်းသာပါတယ်"ဟု ပြောကြားသည်။ ***အချပ်ပို(စ)သို့***

၉-၃-၂၀၁၇ ရက်က ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့တို့အကြား ညီအစ်မမြို့တော် (Sister City) တည်ထောင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

၈-၅-၂၀၁၇ ရက်က ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့နှင့် အမေရိကန်သံရုံးမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ်။

အချပ်ပို(င)မှ

မြို့အဖြစ် အဆင့်မြှင့်

ပြည်နယ်အစိုးရ ဒုတိယ (၁) နှစ်တာကာလ အတွင်း လွိုင်လင်လေးနှင့် နန်းဖယ်ခုံကျေးရွာများ ကိုလည်း မြို့အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင် ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထောက်ပံ့ပူးပေါင်း

"လွိုင်လင်လေးနဲ့ နမ့်မယ်ခုံကျေးရွာမှာရှိတဲ့ ကျေးရွာသူ၊ ကျေးရွာသားတွေ အားလုံးက မြို့ အဖြစ်နဲ့ တိုးချဲ့ခြင်းကို အားရကျေနပ်ကြလိမ့်မယ် လို့ ယုံကြည်ပါတယ်၊ ကျေနပ်အားရနေရုံနဲ့ မပြီးဘူး ဆိုတာကိုလည်း ပြည်သူတွေကို ပြောချင်တယ်၊ မြို့ဖြစ်လာပြီဆိုရင် မြို့အင်္ဂါရပ်နဲ့အညီ ကျွန်တော် တို့ အစိုးရအနေနဲ့ လိုအပ်တဲ့ အတိုင်းအတာလေး ကို ထောက်ပံ့ပူးပေါင်း ဆောင်ရွက်ပေးပါမယ်။

ရေလမ်းကြောင်းတွေ ဖော်ဆောင်

"လမ်း၊ ရေ၊ မီးတွေကို ဆောင်ရွက်ပေးမယ်၊ ပြည်သူတွေဘက်ကတော့ ရေရှည်တည်တံ့ခိုင်မြဲ အောင် ထိန်းသိမ်းရမယ်၊ ခရီးသွားလုပ်ငန်းအတွက် ဘီလူးချောင်း ရေလမ်းကြောင်းတွေကို ဖော်ဆောင် ပေးနိုင်ပြီဖြစ်တဲ့အတွက် ကျေနပ်အားရမှုတစ်ခု ရခဲ့ပါတယ်၊ ဒါတွေနဲ့တင် မပြီးပြည့်စုံသေးပါဘူး၊ ရေလမ်းကြောင်းဘေးမှာ အများပြည်သူ ခရီးသွား တွေ တည်းခိုလို့ရမယ့် နေရာလေးတွေ၊ ဘန်ဂလို တွေလည်း ဆက်လက်လုပ်ဆောင်ဦးမှာ ဖြစ်ပါ တယ်"ဟု ကယားပြည်နယ် ဝန်ကြီးချုပ်က ပြောကြားသည်။

ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့ အတွက် ဒုတိယ (၁)နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှု အပေါ် ပြည်နယ်ဝန်ကြီးချုပ်က "အစိုးရအနေနဲ့ ထားခဲ့တဲ့ ရည်မှန်းချက်တွေကတော့ လမ်းပန်း ဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ရေရရှိရေးနဲ့ ဟိုတယ် ခရီးဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍတွေကိုတော့ အရှိန်အဟုန်နဲ့ ကြိုးပမ်းခဲ့တာပါ၊ ဒီလို ကြိုးပမ်းတဲ့ နေရာမှာ အားနည်းချက်တွေ၊ အားသာချက်တွေ ဒွန်တွဲပြီး ပါလာပါတယ်၊ ဒီလို ပါလာတဲ့နေရာမှာ အခုအစိုးရအနေနဲ့ကတော့ အားသာချက်တွေကို

အချပ်ပို(ဆ)သို့

❖ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနရဲ့ လမ်းတွေဆိုရင် အခုချိန်မှာ ၁၀၀ ရာခိုင်နှုန်းက ကတ္တရာလမ်းဖြစ်

❖ မြို့တွင်းလမ်းတွေမှာလည်း AC လမ်းခင်းပေးနေ

❖ တံတားတွေ အားလုံးကလည်း ကွန်ကရစ်တံတားတွေနဲ့ လျှပ်စစ်ကဏ္ဍမှာဆိုရင် တစ်နိုင်ငံလုံးအနေနဲ့ ပျမ်းမျှက ၃၅ ရာခိုင်နှုန်း၊ ကယားပြည်နယ်မှာဆိုရင် ၇၀ ရာခိုင်နှုန်းအထိ ဓာတ်အားဖြန့်ဖြူးပေးနိုင်

၂၇-၃-၂၀၁၇ ရက်က ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် ကလေးစာဖတ်ခန်း၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။

အချပ်ပို(စ)မှ

ကောင်းသထက်ကောင်းအောင် ကြိုးစားနေတယ်၊ အားနည်းချက်တွေကိုလည်း လျော့နည်းနိုင်သမျှ လျော့နည်းအောင် ကြိုးစားလျက်ရှိပါတယ်''ဟု ပြောကြားသည်။

ခရီးသွားကဏ္ဍ ဦးစားပေးမြှင့်တင်

ပြည်နယ်အစိုးရအနေဖြင့် ခရီးသွားကဏ္ဍကို ဦးစားပေးမြှင့်တင်ဆောင်ရွက်ရာတွင် ပြည်နယ်တစ်ခွင် စိမ်းလန်းစိုပြည်စေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''ပြီးခဲ့တဲ့ဆယ်စုနှစ်က ပြုန်းတီးခဲ့တဲ့ သစ်တောတွေကို ပြန်လည်စိမ်းလန်းစေဖို့ လွိုင်ကော်မြို့နယ်မှာ ကျွန်းစီးပွားရေးစိုက်ခင်းဧက ၅၀၊ ထင်းစိုက်ခင်း ၃၅ ဧကကို လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့တွေမှာ စိုက်ခဲ့ပါတယ်၊ ရှားတောနဲ့ ရွာသစ်(၂)မြို့ပဲ ကျန်ပါတယ်၊ အားရကျေနပ်မှုရှိပါတယ်၊ နေပြည်တော်မှာရှိတဲ့ ရုံးချုပ်ကတောင် ဆုပေးဖို့ အစီအစဉ်ရှိပါတယ်။

''အားနည်းချက်တစ်ခုကတော့ ဘတ်ဂျက်ရရှိမှု နည်းပါးတယ်၊ ဒေသမှာရှိတဲ့ ကျွဲ၊ နွားတွေ ဝင်ဖျက်ဆီးတာတွေရှိတယ်၊ ဒါပေမယ့် စည်းကမ်းချက်က အပင် ၁၀၀ စိုက်လို့ ၆၅ ပင်အောင်ရင် အောင်မြင်ပါတယ်''ဟု ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်က ပြောကြားသည်။

၂၁-၁၀-၂၀၁၇ ရက်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)သင်တန်းသားအိပ်ဆောင်၌ ကြည့်ရှုစစ်ဆေးစဉ်။

၁၆-၁၁-၂၀၁၇ ရက်က ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အင္ဂမပုံမှန်အစည်းအဝေး၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းများ ဆောင်ရွက်စဉ်။

အသက်မွေးဝမ်းကျောင်းပညာရပ် သင်ကြား

ပြည်နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူလူထု စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းကိုလည်း ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကျေးရွာအရောက် ပို့ချပေး

ထိုအကြောင်းကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ''ဒေသခံပြည်သူတွေ အလုပ်အကိုင်ရရှိအောင် ပညာတတ်မှ၊ ဘွဲ့ရမှမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းသင်တန်းဖြစ်တဲ့ ရက်ကန်း၊ ယိုသင်တန်း၊ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်သင်တန်း၊ စက်ချုပ်သင်တန်း၊ စက်ပြင်စက်မောင်းသင်တန်း၊ သံဂဟေဆက်သင်တန်း၊ လျှပ်စစ်သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း စတဲ့ သင်တန်းတွေကို ကျေးရွာတွေအရောက် သွားရောက်ပို့ချပေးပါတယ်။

''အလုပ်အကိုင်ရရှိအောင်လည်း ကျေးလက်နေ ပြည်သူတွေကို မျိုးပွားတိရစ္ဆာန်ဖြန့်ဖြူးရေး လက်ဆင့်ကမ်းစနစ်နဲ့ ဖြန့်ဖြူးပေးလျက်ရှိပါတယ်၊ မဖြန့်ဖြူးခင် နည်းစနစ်တွေကိုလည်း ပံ့ပိုးပေးထားပါတယ်၊ လယ်ယာထွက်ကုန်အနေနဲ့ မျိုးကောင်းမျိုးသန့်ထွက်အောင် မျိုးစေ့တွေ အမျိုးမျိုးကို ပံ့ပိုးပေးလျက်ရှိပါတယ်၊ ဈေးနှုန်းရှိတဲ့ စပါးမျိုးကိုလည်း ရှာဖွေပြီး ပံ့ပိုးပေးပါတယ်''ဟု ပြောကြားသည်။

ရေပေးဝေနိုင်ရန် ၃ ဘီလီယံ လျာထား

ကယားပြည်နယ်အတွင်းရှိ ရေရရှိရန် ခက်ခဲသည့် ကျေးရွာများအား ရေပေးဝေနိုင်ရန် ငွေကျပ် ၃ ဘီလီယံ လျာထားကာ ရေခက်ခဲမှုမရှိစေရေးအတွက် နမ့်တဘက် ချောင်း၊ ပွန်ချောင်းမှ ရေပေးဝေနိုင်ရန် ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ငါးနှစ်အတွင်း ဖော်ဆောင်

''ရတဲ့ဘတ်ဂျက်အပေါ် မူတည်ပေးရတာဖြစ်တဲ့အတွက်ကြောင့် အရှိန်အဟုန်နဲ့ မဆောင်ရွက်နိုင်သေးပါဘူး၊ ဒါပေမယ့် စပြီးတော့ ဆောင်ရွက်နေပါပြီ၊ မကြာခင် ဒီးမော့ဆို၊ ဖရူဆိုပြီးရင် လွိုင်ကော် အစွန်အဖျားနေရာအချို့က ရေအင်မတန်ခက်ခဲတဲ့ ရေရှားပါးကျေးရွာတွေကို ဒီငါးနှစ်အတွင်းမှာ ပြည်နယ်အစိုးရအနေနဲ့ ဖော်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်''ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

အချပ်ပို(ဇ)သို့

၁၉-၁၀-၂၀၁၇ ရက်က ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

ဘီလူးချောင်းတံတား(ရှမ်းပိုင်း)တံတားဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့ တံတားပေါ်၌ ဖြတ်သန်းကြည့်ရှုစဉ်။

ကျွန်တော်တို့ ပြည်နယ်ကို အခုဆိုရင် နိုင်ငံခြားသားတွေ အရင်နှစ်တွေကထက် ပိုမိုပြီးတော့ ဝင်ရောက်လာ ခရီးသွား လုပ်ငန်းကို ဖောင်းပေး ဖော်ဆောင်တယ်ဆိုတော့ ပြည်နယ်အစိုးရအနေနဲ့ ဘာစလုပ်သလဲဆိုတာကို မေးစရာရှိပါတယ်၊ ဘယ်ကနေ ဘယ်လိုစလုပ်မလဲဆိုရင် နယ်စပ်ကုန်သွယ်ရေးစခန်းကို စတင်ဖွင့်လှစ်ပြီး နယ်စပ်ကုန်သွယ်ရေးကို ဖွင့်လိုက်တယ်၊ နောက်တစ်ဆင့်ကတော့ မယ်ဟောင်ဆောင်ခရိုင်နဲ့ ကယားပြည်နယ်လွိုင်ကော်မြို့ကို Sister City ညီအစ်မမြို့တော်အဖြစ် အသိအမှတ်ပြုပြီး MoU လက်မှတ်ထိုးပြီးပြီ

အချုပ်ပို(ဆ)မှ

နောင်ယားကန်ဘေးတွင် တည်ဆောက်

ပြည်နယ်အစိုးရအနေဖြင့် ကယားတိုင်းရင်းသား မျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားများ၏ အခွင့်အရေး၊ စာပေနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍနှင့် ရိုးရာယဉ်ကျေးမှုများကို ဖော်ဆောင်ပေးနိုင်မည့် စာပေနှင့်ယဉ်ကျေးမှုရုံးကို လွိုင်ကော်မြို့ နောင်ယားကန်ဘေးတွင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

တိုင်းရင်းသားတွေနဲ့ ပူးပေါင်း

"တိုင်းရင်းသားတွေရဲ့ မွေးရာပါ ဇီဇအခွင့်အရေးကို ဆောင်ရွက်တဲ့နေရာမှာ အားပေးလာပါပြီ၊ ဒါပေမယ့် အားရတဲ့နေရာ မရှိသေးပါဘူး၊ တိုင်းရင်းသားတွေနဲ့ ပူးပေါင်းပြီး လိုအပ်ချက်တွေကို ပါဝင်လုပ်ဆောင်မယ်ဆိုရင် ပိုပြီးအားရလိမ့်မယ်လို့ ထင်ပါတယ်"ဟု ကယားစာပေနှင့် ယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး ဦးညွန့်ရယ်က ပြောကြားသည်။

သင်ရိုးညွှန်းတမ်းကို အတည်ပြုနိုင်

ကယားပြည်နယ် လွှတ်တော်မှလည်း ကယားပြည်နယ် ပြတိုက်နှင့် စာကြည့်တိုက် ဥပဒေ၊ ကယားပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ အပ်နှင်းခြင်းဆိုင်ရာ ဥပဒေနှင့် အမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ပြုစုရေးဆွဲထားသည့် သင်ရိုးညွှန်းတမ်းတို့ကို အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်း

ပြည်နယ်အစိုးရအနေဖြင့် သိမ်းဆည်းမြေများ မူလပိုင်ရှင်ထံ ပြန်လည်အပ်နှံရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာ ထိုသို့ ဆောင်ရွက်မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က "တောင်သူတွေရဲ့အကျိုး၊ အများပြည်သူရဲ့အကျိုး၊ ဝိုင်းဝန်းဖော်ဆောင်ဖို့ အင်မတန် လိုအပ်လှပါတယ်၊ သိမ်းဆည်းထားတဲ့ မြေယာတွေကို တောင်သူတွေ ပြန်လည်ရရှိဖို့အတွက် အစိုးရကစိစစ်ပြီး မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့တာ တွေလည်းရှိပါတယ်"ဟု ပြောသည်။

ဖိုခုံလောက်ဆိုင် အတူတူလုပ်

အလားတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူကလည်း "ပြည်သူတွေက ကျွန်မတို့အပေါ်ရော၊ တပ်မတော်အပေါ်ရော ယုံကြည်စေချင်တယ်၊ အပြောနဲ့တင် မဟုတ်ပါဘူး၊ လက်တွေ့ အကောင်အထည်ဖော်မယ်ဆိုရင် ပြည်သူလူထုက ပြန်ပြီးယုံကြည်မယ်လို့ ကျွန်မမြင်တယ်၊ အဲဒါမှ ပြည်သူရော၊ တပ်ရော၊ အစိုးရရော အားလုံး ဖိုခုံလောက်ဆိုင် အတူတူလုပ်မှ အောင်မြင်မှာ ဖြစ်ပါတယ်"ပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ကယားပြည်နယ်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်မှုနှင့်အတူ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး အပါအဝင် ကဏ္ဍပေါင်းစုံ ဟန်ချက်ညီ ဖွံ့ဖြိုးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အားသာချက်များကို ပိုမိုအားကောင်းခိုင်မာစေရန် ကြိုးပမ်းလျက်ရှိပြီး အားနည်းချက် နည်းနိုင်သမျှဖြင့် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကယားပြည်နယ် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်တိုးချဲ့ရန် ဖရူဆိုမြို့နယ် မော်သီဒိုကျေးရွာအနီးရှိ ထီးပရှုနုလိုဏ်ဂူသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။